www.burmeseclassic.com




# နှစ်သပြီး

နေတစ်စင်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)
အမှတ် - ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြေသုံ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုဖင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၂၅၃၂၀၈၈၊ ၀၁ ၈၅၀၀၆၉၆

၈၉၅ • ၈၃
နုတ်သမီး
နေတာစ်စင်း
ဖျူးစာပေ၊ ၂၀၁၆။
၂၅၆ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) နေတာစ်စင်း

## အခန်း (၁)

"မိမျက်ဝန်း မိမျက်ဝန်း"

"ရှင်"

"ဟဲ့ မျက်ဝန်းညို ငါခေါ်နေတာ ကြားရဲ့လား"

စူးရှရှခေါ်သံကြောင့် စာအုပ်ကို စားပွဲပေါ် ကပျာကယာတင်ပြီး မိထွေးရှိရာ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့လိုက်သည်။

"လာပါပြီ အမေ"

"ညည်း ငါခေါ်တာ မကြားဘူးလား"

"ဟုတ် ကြားပါတယ် အမေတူး"

"အေး ကြားရင် ကျယ်ကျယ်ထူးလေ၊ မယားငယ်အသံနဲ့ထူးမှတော့ ငါ့နားက ကြားမလား"

မိထွေး၏မကြားဝံ့မနာသာစကားတွေက ပတ်ဝန်းကျင်အိမ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဒိဗ်နီးနားချင်းတွေ မကြားချင်မှအဆုံး။ အရှက်တရားနှင့်ကြောက်စိတ်တို့က မျက်ဝန်းအတွက် နေသားကျသလိုတောင် ဖြစ်နေသည်မို့ ထူးပြီး ကြောက်ရွံ့အားငယ်မနေတော့။

အဖေက ပစားပေးပြီး ဖူးဖူးမှုတ်ချစ်ထားသောမိန်းမကို မျက်ဝန်းက မိထွေးပါလားဆိုသည့်စိတ်ဖြင့် ကလန်ကဆန်ပြန်လုပ်တော့ရော အဖေက ကြည်ဖြူမှာတဲ့လား။ ရှိုင်းစိုင်းတယ်ဆိုသည့် အကြောင်းပြချက်နဲ့ မျက်ဝန်းကိုပဲ ရိုက်မှာသေချာသည်မို့ မျက်ဝန်းဘဝက ဘယ်တက်ကမှ အပြစ်မလွတ်။

"ဘာခိုင်းစရာရှိလို့လဲ အမေ"

တကယ်ဆို အမေလို့ တစ်ခါခေါ်ရတိုင်း ရင်ထဲမှာ စူးခနဲနာကျင်ရတာ မျက်ဝန်းရဲ့တိတ်တဆိတ် ဝေဒနာပါ။

"ရော့ ဒီအဝတ်တွေ သွားလျှော်လိုက်"

ကျုန်ကျောင်းကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော အဝတ်ထုပ်ကို မျက်ဝန်းရှေ့ ဘုတ်ခနဲ ပစ်ချပေးလိုက်သည်မို့ ရေချိုးပြီးစ သနပ်ခါးအဖွေးသားနှင့် မျက်ဝန်း မျက်နှာလေး ရှိပ်ခနဲ ညှိုးဆင်းသွားသည်။

မိထွေး ရိပ်မိလိုက်သည် ထင်၏။

"ဟဲ့ကောင်မ မျက်နှာပျက်တာလား"

"ဟင့်အင်း မ မဟုတ်ပါဘူး အမေရယ်၊ ဟိုလေ မျက်ဝန်းစာကျက်ရဦးမှာမို့ မနက်ဖြန်မနက်မှ စောစောထလျှော်ပေးလို့ ရမလားလို့ပါ"





သိမ်ငယ်သော လေယူလေသိမ်းနှင့် စောဒကတက်ကြည့်လိုက်တာပါ။ ရတော့လည်း မျက်ဝန်းရဲ့ကံပေါ့။

ဆင်ခြေပေးအကြောင်းပြချက်သည် မိထွေးဖြစ်သူ ဒေါ်စန္ဒာထွေး၏ အညှာအတာကင်းမဲ့သောစိတ်ကို မနူးညံ့မသိမ်မွေ့နိုင်။ လိုက်လျောဖို့ဆိုတာ ဝေးလွ။

ဒါဟာလည်း မျက်ဝန်းရဲ့ကံပေါ့။

မျက်စောင်းတစ်ချက်က ဖျတ်ခနဲ ထိုးဆင်းလာပြီး

"စာကျက်မှာလား ဖုန်းတစ်လုံးနဲ့အကောင်တွေကို ချက်မှာလားဟမ်၊ တစ်နေ့တစ်နေ့ စာကျက်မယ်ဆိုပြီး အခန်းထဲအောင်း ပုံတွေအမျိုးမျိုးရိုက်ပြီး ဖေ့ဘွတ်ပေါ်ကိုတင်၊ အကောင်တွေနဲ့စာပို့ပြီး ကြူကြူ ဟွန်းကောင်မ လင်လိုချင်လို့ ရှုပိုးထပြနေတာ ငါမသိဘူးများ မှတ်နေလား။ ဟမ် သွား ခုချက်ချင်းလျှော် မနက်ဖြန် မီးပူတိုက်"

တစ်ချက်လွှတ်အမိန့်ကို အဖေ့မျက်နှာကြောင့် မလွန်ဆန်ရဲခဲ့ပါ။

မျက်ဝန်းရဲ့မေမေကတော့ မျက်ဝန်းအပေါ် မေတ္တာတွေ အပြည့်အဝပေးရုံကလွဲပြီး မျက်ဝန်းကို လေသံမာမာတောင် မဆူခဲ့ဖူးပါ။

မျက်ဝန်းကို လောကကြီးထဲမှာ ဘာလို့ တစ်ယောက်တည်းထားခဲ့ရတာလဲ မေမေရယ်။

မေမေ့ကို မျက်ဝန်း လွမ်းလိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အခန်း (၂)

"မတွေးရေ ဒီနေ့ ဝိုင်းရှိလားဟေ့"

ဖဲသမား ကိုတရုပ် ဆိုင်ကယ်တဖုတ်ဖုတ်စီးပြီး အိမ်ရှေ့မှာ အော်ဟစ်မေးသည်။

"ရှိတယ်လေ ဇင်မာမိုးတို့အိမ်မှာ ကျွန်မတောင် ရေမိုးချိုး ထမင်းစားပြီးရင် သွားမလို့"

"ညက နင်ဘယ်လောက်ကွဲသွားလဲ၊ ငါလည်း လာမလို့ပဲဟာ၊ ပွဲတစ်ခုရှိတာနဲ့ အဲဒီပွဲင်နောက်လိုက်ရင်း အိမ်ပြန်မိုးချုပ်သွားတာနဲ့ မလာတော့တာ"

ဦးတရုပ်နဲ့ဒေါ်စန္ဒာတွေးနှင့် စကားတွေပြောနေပေမယ့် ခြံထဲတွင် မြက်နုတ်ပေါင်းသင်နေသော မျက်ဝန်းဆီကို အကြည့်ရောက်နေ





သည်။

"သိပ်တော့မကွဲပါဘူး ခပ်ပါးပါးပါ၊ ဒီနေ့ ပြန်ဆော့လိုက်ရင် မနေ့ကပါသွားတာလေး ပြန်ရမှာပါ"

"ဟဲ ဟဲ အဲဒါဆို နင့်အိမ်မှာ ဝိုင်းလုပ်လိုက်လေ၊ ငါ ဒီည တစ်ညလုံး အားတယ်"

"အေး ငါလည်း အဲဒါစဉ်းစားနေတာ၊ အကောက်တစ်သောင်း နှစ်သောင်းရလည်း နည်းလား"

အိမ်မှာ ဖဲဝိုင်းလုပ်ဖို့ ကြံစည်နေကြသဖြင့် မျက်ဝန်းညို့ စိတ်ညစ်သွားသည်။ ဦးတရုပ်၏အမှိုက်လို ညစ်ပတ်နေသော အဆီပြောင်ပြောင် မျက်နှာကိုကြည့်ပြီး မျက်ဝန်းညို့ရင်ထဲမှာ အော်ဂလီဆန်စိတ် ဝင်သွားသည်။

အိမ်မှာဖဲဝိုင်းမလုပ်အောင် အမေ့ကို ပြောမှဖြစ်တော့မည်ဟု မျက်ဝန်းညို့ အရဲစွန့်ပြီး ဆုံးဖြတ်လိုက်သည်။

■ ■ ■

"အမေရယ် အမေ့ကိုပြောပါဦး။ အမေ့အပေါင်းအသင်းတွေနဲ့ အိမ်မှာ ဖဲဝိုင်းလုပ်မယ်ဆိုရင် မျက်ဝန်း ဘယ်လိုနေရမလဲ၊ ဖဲသမားတွေက မျက်ဝန်းကိုပဲ ခိုင်းတာ၊ တော်ကြာ ကွမ်းဝယ်ပေးပါဦး၊ တော်ကြာ ဆေးလိပ် တော်ကြာ ထမင်းလေးနဲ့ဟင်းလေးပုံပြီး ဖွန်းလေးတပ်ပေးပါဦးနဲ့ မျက်ဝန်းအရမ်းစိတ်ညစ်တယ် အမေ"

မျက်ဝန်းဘယ်လိုပင် သနားအောင်ပြောပြော အမေ့ပုံစံက



www.burmeseclassic.com

www.burmeseclassic.com



အမေ့မိန်းမကို နည်းနည်းလေးမှ တားမြစ်ဖို့ ဆန္ဒမရှိသလို မျက်ဝန်းကို သာ နှစ်သိမ့်အကြည့် ကြည့်ပြီး

"သမီးရယ် အမေ ခုကျမှ ဘယ်လိုပြောမလဲ၊ သူနဲ့အမေ စတွေ့တာ ဖဲဝိုင်းမှာလေ၊ အနေနီးပြီး သမီးမေမေ မဆုံးခင်ကတည်းက ငြိစွန်းခဲ့ကြတာ သမီးအသိ၊ သူက ထမင်းမစားရရင်နေနိုင်ပြီး ဖဲမရိုက်ရရင်သေမယ့်မိန်းမမျိုးမို့ ခုမှ သွားတားတော့လည်း အရာရောက်မှာမို့လား။ အမေ့ကိုပဲ ပြဿနာရှာရန်လုပ်တော့မှာပေါ့"

အဖြေကရှင်းနေပြီပဲ။ မျက်ဝန်းမှာ ဘာများပြောပိုင်ခွင့်ရှိတော့မှာလဲ။

"အင်းလေ ဒါဆိုရင်တော့ သူတို့ဝိုင်းသမျှ ဒီညမအိပ်ဘဲ ထိုင်စောင့်ရဦးတော့မှာပေါ့"

စိတ်ပျက်လက်ပျက်ဖြင့် ခပ်ညည်းညည်းပြောလိုက်သော မျက်ဝန်းကို အဖေလည်း သနားသွားသည့်ပုံပါပဲ။

"ဒါဆို ဒီနေ့ည ခင်မြတ်တို့အိမ်မှာ သွားအိပ်ပါလား၊ အဖေလည်း ဒီည ဂျူတီရှိလို့ အိမ်ပြန်လာမှာ မဟုတ်ဘူးလေ"

"ဒါဆို အန်တီခင်မြတ်နဲ့ သွားအိပ်လိုက်မယ်နော် အဖေ"

"အေး အေး ညည်းအမေ့ကိုတော့ ပြောသွားနော်"

ထွက်ပေါက်တစ်ခုရသွား၍ ပျော်သွားကာမှ နောက်ဆုံးပိတ်စကားက အားလျော့စေသည်။

"အဖေ ပြောပေးပါလား။ မျက်ဝန်း မပြောချင်ဘူး။ နောက်ပြီး





သွားအိပ်မှာကလည်း မျက်ဝန်းရဲ့အဒေါ်အိမ်မှာပဲ အဖေရယ်"

"အေးပါ ဒါဆို အဖေ ပြောလိုက်ပါမယ်"

ဒီတော့မှ မျက်ဝန်း ပြုံးနိုင်တော့သည်။ အဖေအလုပ်သွားရန် ပြင်ဆင်ဖို့အတွက် မျက်ဝန်းရှေ့မှ ထွက်သွားသည်။ မိထွေးကို အဖေ သေချာပြောလိုက်မှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒါက ဘယ်လဲ"

စာကျက်ဖို့ စာအုပ်နှင့်အဝတ်တစ်စုံကို ထည့်ထားသည့်ကြွပ်ကြွပ်အိတ်လေးကိုဆွဲပြီး ဖိနပ်စင်မှာ ဖိနပ်စီးနေတုန်း ရှိသေးသည်။ ဒေါ်စန္ဒာထွေး၏မာဆတ်ဆတ်အမေးကြောင့် မျက်ဝန်းခြေလှမ်းတွေ တွန့်ဆုတ်သွားရသည်။

"အန်တီခင်မြတ်တို့အိမ်မှာ ဒီည သွားအိပ်မလို့ပါ အမေ"

"မသွားရဘူး မရှည်နဲ့ ကိုယ့်အိမ်ကိုယ်အိပ်"

ခြေထောက်တွေ ယိုင်နဲ့သွားရလောက်အောင် စိတ်ပျက်သွားကာ

"မျက်ဝန်းအဖေ့ကို ပြောပြီးပြီလေ၊ အဖေကလည်း အမေ့ကို ပြောပြီးပြီတဲ့ သွားဆိုလို့ပါ"





"အေး ညည်းအဖေရှေ့မှာမို့ သွားနိုင်းတာ၊ ခု ညည်းအဖေ မရှိဘူး' မသွားရဘူး၊ ဒီည အိမ်မှာဝိုင်းလုပ်နေပါတယ်ဆိုမှ လိုအပ်တာ နိုင်းရအောင် အိပ်မှာအိပ်"

မျက်ဝန်း မျက်ရည်ဝဲစပြုလာသည်။ မိထွေးဆိုသည့်သဘောတရားအတိုင်း ရှေ့တစ်မျိုးကွယ်ရာတစ်မျိုးလုပ်ရပ်ဖြင့် မျက်ဝန်း၏အခွင့်အရေးတွေကို ပိတ်ပင်တားဆီး၍နေသည်။

မျက်ဝန်း ဘာမှမပြောချင်တော့၍ အိမ်ထဲကိုပဲ ပြန်ဝင်ခဲ့လိုက်သည်။ ဝမ်းနည်းခြင်းတွေ လှိုင်းတံပိုးလို ရိုက်ခတ်လာသည့်မို့ ရင်ဘတ်တွေ နိမ့်ချည်မြင့်ချည်နှင့် စိတ်ရှိတိုင်းသာ အော်ဟစ်ငိုကြွေးခွင့်ရလိုက်လျှင်ဖြင့် မျက်ဝန်း၏မျက်ရည်တွေဟာ ပင်လယ်ကြီးလောက်ရှိသွားမလားပင် မပြောတတ်တော့။

စိတ်ထဲမှာ အဖေ့ကိုပါ မုန်းချင်လာသည်။ သူ့သားယာမှုအတွက်ပဲ သူကြည့်တတ်မြဲ ကိုယ့်သားသမီးအပေါ် မိထွေး၏ဖိအားတွေဘယ်လောက် ကျနေပြီလဲဆိုတာ အဖေ သိသိကြီးနှင့် မသိချင်ဟန်ဆောင်ရက်လေခြင်း။

ရှေးလူကြီးတွေပြောဖူးတဲ့ ဆိုရိုးစကားကို မျက်ဝန်း ဖျတ်ခနဲ သတိရလိုက်ပါသည်။

"မကိုခင်မှ ဥကိုခင်မှာတဲ့"

အဖေက ခင်စရာမေမေ မရှိတော့၍ မျက်ဝန်းကိုရော ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ပါတော့မလဲ။

ထိုညက မျက်ဝန်းပါ ဖဲပိုင်းနှင့်မနီးမဝေးတွင် ထိုင်ငိုက်ရင်း သူတို့လိုအပ်ချက်တွေကို ဖြည့်ဆည်းလုပ်ပေးရသည်။

ဦးတရုပ်ကြီးနှင့်ဒေါ်စန္ဒာတွေးတို့၏ ပရောပရီ ဒူးတင်ပေါင်တင် နေပုံထိုင်ပုံတွေက အမေမြင်လျှင် ဒေါသထွက်ချင်စရာအပြင် တစ်ချက် တစ်ချက် ဖဲချပ်တွေကိုကြည့်ရင်း မျက်ဝန်းဘက်ကို ဝေ့လာတဲ့အကြည့် တွေကလည်း အော်ဂလီဆန်ချင်စရာ။

"ဟဲ့ မိမျက်ဝန်း။ ကော်ဖီခါးခါးလေး သွားဖျော်စမ်း"

မျက်ဝန်း ငိုက်မိသွား၍ မိထွေးပြောတာကို မကြားလိုက်။

"တွေ့လား ကောင်မ သောက်သုံးကို မကျဘူး။ သေဖို့ပဲတတ် တယ်"

"နေ နေ ငါထန္ဒိုးလိုက်မယ်"

ဦးတရုပ်ကြီး ဖဲချပ်တွေကို ဖြန့်ခင်းထားသော စောင်ကြမ်းပေါ် ကိုမှောက်ချပြီး မျက်ဝန်းထိုင်ငိုက်နေရာသို့ ထလာသည်။

"မျက်ဝန်း မျက်ဝန်းလေး"

နှုတ်က မျက်ဝန်းလေးဆိုပြီး လက်အစုံက မျက်ဝန်း၏ရင်ညွန့် နားကို မထိတထိ တို့နေသည်။ ကြက်သီးတွေ ဖျဉ်းခနဲ ထသွားပြီး ငိုက်မြည်းနေသော အသိစိတ်တို့ ဖျတ်ခနဲ နိုးကြားလာကာ မျက်လုံးတို့ ပွင့်လာသည်။





ထိုအချိန်တွင် ဦးတရုပ်ကြီး၏ လက်ကြမ်းကြမ်းတွေက မျက်ဝန်း ၏ဆူဖြိုးနေသော ရင်အစုံဆီသို့

"ဖြန်း"

အသိစိတ်တို့နှင့်အပြိုင် မျက်ဝန်း၏လက်က ဦးတရုပ်ကြီး၏ပါး သို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သမီးအတွက် အဖေ့အရိပ်က မလုံခြုံတော့ဘူး အဖေ"

ဒီစကားကို ပြောထွက်လာခြင်းဟာ မျက်ဝန်း၏ အရှက်တရား အချို့ကို ဖွဲ့ပြီး ပေးလိုက်ရလို့ပါ။

"အောင်မာ အဖေ့အရိပ်က မလုံခြုံတော့ဘူးလို့ ပြောရအောင် ညည်းက ဘာဖြစ်နေလို့လဲ၊ ညည်းကို ဘယ်သူက တက်လုပ်နေလို့လဲ"

ရင့်သီးရိုင်းစိုင်းပြီး အနှစ်မဲ့လိုက်သည့်စကားကို သားသမီးခြင်း မစာနာစွာ ပြောရက်သော မိထွေးကို မျက်ဝန်းစိတ်ထဲမှာ အကြိမ်ကြိမ် ထုနှက်ရိုက်ပုတ်နေမိသည်။

အဖေကတော့ ဘာဆိုဘာမှ မပြော။ ဆေးလိပ်တစ်လိပ်ကို အစိပ္ပာယ်မဲ့ ဖွာရှိုက်ပြီး လမ်းမဘက်ကို ငေးနေသည်။

သမီးဖြစ်သူ ဒီလောက်အစော်ကားခံရတာတောင် အဖေ့ ဒေါသတွေဘာကြောင့် ထွက်မလာတာလဲ၊ တကယ်ဆို မင်းကြောင့် ငါ့





သမီးလေး သူများရဲ့ထိကပါး ရိကပါး လုပ်ခံရတာဆိုပြီး ရိုက်နှက်ရမှာ မဟုတ်ဘူးလား"

"ခုတက်မလုပ်သေးပေမယ့် နောက်ဆိုရင် ဒီအဆင့်ရောက် တော့မှာ မဟုတ်ဘူးလား"

မျက်ဝန်း ခေါင်းငုံ့ခံမနေတော့ပါ။ ရင့်ရင့်သီးသီးပင် ပြန်၍ ပြောလိုက်သည်။

"ကိုနိုင် ရှင့်သမီး ကျွန်မကို ပြန်ပက်နေပြီ ရှင်ကြားလား"

"ပြန်ပက်တာမဟုတ်ဘူး မှန်တာကိုပြောတာ၊ အမေ ယောကျ်ား တွေနဲ့ ဒူးတင်ပေါင်တင် ဘယ်လိုပဲလုပ်နေနေ မျက်ဝန်းစိတ်မဝင်စားဘူး။ အဖေ့ကိုယ်စား မနာလိုလည်းမဖြစ်ဘူး။ အဖေ့ကို ပြောပြရင်လည်း သူက ဒီစရိုက်ပဲ နေချင်သလိုနေပါစေလို့ပဲ ပြောမှာ၊ ဒါပေမဲ့ မျက်ဝန်းက ဒီ စရိုက်မဟုတ်ဘူး။ မျက်ဝန်းအမေက အမျိုးကောင်းသမီးမို့ မျက်ဝန်းလည်း အမျိုးကောင်းသမီးတစ်ယောက်ပါ အမေ"

မထူးတော့ပြီမို့ ရင်ထဲမှာ အောင်းထားတာတွေကို ဖွင့်ချပြ လိုက်သည်။ ဒေါ်စန္ဒာထွေး၏ ဘာဆိုသော အသံဟိန်းဟိန်းကြီးနှင့်အတူ မျက်ဝန်းနားကို ဖွေ့ခနဲ ခုန်ဝင်လာသည်။

"ဖြန်း ဖြန်း"

မျက်ဝန်းပါးနှစ်ဖက် လည်ထွက်သွားသည်။ ပြောလိုက်သော စကားက သူ့ရင်ကို တည့်တည့်မှန်သွား၍ ဒေါသထွက်မည်မှာ မဆန်း။

"ရိုက် သေအောင်ရိုက် သေသွားတာကမှ မျက်ဝန်းဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသွားမှာ"

"စန္ဒာ တော်တော့"

အဖေ့အသံ ခုမှ ထွက်လာသည်။

"မတော်နိုင်ဘူး ရှင့်သမီး ကျုပ်ကိုပြောနေတာကို ကျုပ်က ဒီအတိုင်းငြိမ်ခံနေရမှာလား။ ဘာလဲ ရှင်ကပါ ကျုပ်မှားတယ်လို့ ဆိုလို ချင်တာလား။ ဟမ် ဦးတရုပ် သူ့ရင်ဘတ်ကိုကိုင်တာ ကျုပ်က ကိုင်နိုင် တာမှမဟုတ်တာ၊ သူ အနေအထိုင်မတတ်လို့ အကိုင်ခံရတာလေ"

ဒီတစ်ခါ အဖေ့စိတ်ထဲမှာ ဘယ်သူ့ဘက်ကို အမှန်တရားဟု ထင်နေသလဲ မျက်ဝန်း သိချင်ပါသည်။

"မင်း ဖဲဝိုင်းမလုပ်နဲ့တော့"

"ဘာလဲ ဘာဆိုင်လဲ ကျုပ်ဖဲဝိုင်းလုပ်တာ မလုပ်တာ ကျုပ် အပိုင်း။ ရှင့်မှာ ဘာမှပြောပိုင်ခွင့်မရှိဘူး မှတ်ထား။ စန္ဒာထွေးဆိုတဲ့ ကောင်မကို ဘယ်သူမှလာကြောလို့ မရဘူး။ ရှင်က မလုပ်နဲ့လို့ပြောလေ ကျုပ်က နေ့ရောညရော ဖဲဝိုင်းလုပ်မယ်၊ ဒါကိုမှ ရှင်မကျေနပ်ရင် ကျုပ် ကိုမပေါင်းနဲ့ ဒါပဲ"

မိန်းမတို့သဘာဝအရ အညှာကို ကိုင်လိုက်နိုင်ပြီမို့ အမေ ‹‹..ာ်နှာ ညိုမှောင်ကာ ထိုင်ရာမှ ထသွားသည်။

အိမ်ပေါ်မှ ဆင်းသွားသော အဖေ့နောက်ကျောပြင်ကို မျက်ရည် တွေကြားထဲမှ နာကျင်စွာငေးမောရင်း ရင်ထဲမှာ ဒဏ်ရာတွေ အသစ် အသစ်ထပ်ဖြစ်လာသည်။





မိထွေးကို ကျွှာမကြေမှုန်းသလို အဖေ့ကိုလည်း တာဝန်မကြေ၍ မုန်းပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘာ ရှင်က မျက်ဝန်းညိုကို လက်ထပ်ချင်တယ် ဟုတ်လား"

မတန်မရာကိုမှ ပြောရက်သော ဦးတရုပ်စကားကြောင့် ဒေါ်စန္ဒာထွေး ခပ်မှဲ့မှဲ့ လှောင်ရယ်လိုက်သည်။

"ငါ ငါမွေးရင် ငါ့သမီးလောက်ရှိလို့ ငါနဲ့မတန်မှန်း ငါသိပါတယ်ဟာ၊ ဒါပေမဲ့ ငါ သူ့ကိုအရမ်းလက်ထပ်ချင်တယ်၊ အဟဲ နင် မနစ်နာစေရပါဘူး"

"မနစ်နာစေရဘူး ဟုတ်လား"

"ဟုတ် ဟုတ်တယ်လေ နင်သာ ငါ့ဆန္ဒတွေကိုကူညီမယ်ဆိုရင် ငါ့မှာ အိမ်လေးလုံးရှိတယ်၊ နင်ကြိုက်တဲ့တစ်အိမ်ကိုယူ၊ စာချုပ်စာတမ်းနဲ့အပြီးလွှဲပေးမယ်"

ဒေါ်စန္ဒာထွေး မျက်နှာပေါ် လောဘအလင်းတွေဖြင့် ထိန်





တောက်သွားသည်။

"ရှင် တကယ်ပြောနေတာလား"

"တကယ်ပေါ့ဟ၊ ငါ့အတွက်အိမ်တစ်လုံးရဲ့တန်ဖိုးက မျက်ဝန်းလေးနဲ့ယှဉ်ရင် ဘာမှမပြောပလောက်ဘူး"

ဒေါ်စန္ဒာထွေး ဦးတရုပ်ကြီး၏ပိုင်ဆိုင်သောအိမ်နှင့်နေရာအကွက်အကွင်းတွေကို ချေးဖြတ်ကြည့်သည်။ လမ်းမတန်းက နှစ်ထပ်အိမ်လောက်ဆိုရင်မဆိုးဘူး။ ကာလပေါက်ဈေး သိန်းတစ်ထောင်အထက်မှာရှိတယ်။ ဒီလိုအိမ်မျိုးကို အလကားပိုင်ဆိုင်ရမယ်ဆိုရင် မေမျက်ဝန်းဆိုတဲ့ ကောင်မကို ဦးတရုပ်လက်ထဲ မထည့်ပေးရဲစရာမရှိ။ ငါ့ကိုအာခံတဲ့ကောင်မတစ်သက်လုံး ဒီလင်အိုကြီးနဲ့ ဘဝဆုံးအောင်လုပ်ရမယ်ဟု စိတ်ထဲကနေ ကြိမ်းဝါးလိုက်ပြီး

"ကျုပ်က လမ်းမတန်းက နှစ်ထပ်အိမ်ကိုပေးဆိုရင်ရော"

"အယ် အဲ အဲဒါက ငါ့မိန်းမအိမ်ဟ သူ့နာမည်နဲ့ဝယ်ထားခဲ့တာ၊ အခု သူသေသွားပြီဆိုတော့ ငါ့သားဖွဲ့မြတ် နာမည်နဲ့လွှဲပေးထားတာ၊ အဲ အဲဒီအိမ်ကလွဲလို့ တောင်းဟော ဟိုလေ စိန့်ခြယ်လမ်းထဲက အိမ်ရော"

"ယိုင်နေပြီ"

"ဒါဆို နှင်းဆီလမ်းထဲက အိမ်ရော၊ ပြင်ထားတာ မကြာသေးဘူး။ အိမ်ငှားတင်ထားတာတောင် နှစ်ထပ်အိမ်မို့ တစ်လ တစ်သိန်းရတယ်"

မျက်လုံးထဲတွင် မိုးပြာရောင်နှစ်ထပ်တိုက်ကလေးကို မြေးမြင်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ လမ်းသွယ်ထဲမှာဆိုပေမယ့် ကာလပေါက်ဈေး သိန်းငါးရာလောက် တော့ရသည့်အိမ်မျိုး။ ကိုယ့်အရင်းမစိုက်ရဘဲ အလကားရမှာဆိုတော့ ဒီလောက်လေးနဲ့ပဲ ရောင့်ရဲရတော့မှာပေါ့။

"အင်းလေ ဒါဆိုရင်တော့ မဆိုးပါဘူး။ ဒီတော့ ကျုပ်က ဘယ်လိုကူညီရမှာလဲ၊ ရှင်က လက်ထပ်ချင်တယ်ဆိုတာကို သူ့အဖေဆီမှာ ဖွင့်ပြောပေးရမှာလား"

"ဟာ နိုင်ထွန်းကို ဖွင့်ပြောလိုက်ရင် ဒီကောင် ငါ့ကိုလာသတ်မှာပေါ့ဟ"

"ဒါဆို ကျုပ်က ဘယ်လိုကူညီရမှာလဲ"

"နင်တို့အိမ်မှာ ဖဲဝိုင်းလာလုပ်တဲ့ညမှာ ငါ သူ့ကိုလေ အဟဲဟဲ နင် သဘောပေါက်ပါတယ်"

ဦးတရုပ်ကြီး ကိုယ့်တွက်ကိန်းနှင့်ကိုယ် အကွက်ချနေသည်။ ဒေါ်စန္ဒာထွေးကလည်း အိမ်တစ်လုံးပိုင်ရတော့မည်မို့ လောဘတွေတက်နေကာ ဖွဲ့မြွတ် တက်လာသည်ကိုမမြင်ကြ။

ဖွဲ့မြွတ်မှာသာ မျက်ဝန်းညို့အပေါ် မကြံကောင်းမစည်ရာတွေ ကြံနေကြသော အဖေနှင့်ဒေါ်စန္ဒာထွေး၏အကြံကို နားထောင်ပြီး မျက်ဝန်းညို့အတွက် စိုးရိမ်သွားသည်။

မျက်ဝန်းညို့ဆိုတာ ဖွဲ့မြွတ် စွဲလန်းနေသော ချစ်သူလေး မျက်ဝန်းကလည်း ဖွဲ့မြွတ်ကို ခင်သည်။ အဖေနှင့်ဒေါ်စန္ဒာထွေး ဖဲရိုက်ဖော်တွေဖြစ်သွားပြီးနောက်ပိုင်းမှသာ ခပ်တန်းတန်းနေသွားခြင်း ဖြစ်





သည်။

ဒီတော့ အဖေ့အကြံပက်စက်မှုကို မျက်ဝန်း မခံရအောင် ဖွဲ့မြွတ် တစ်ခုခုကြံမှရတော့မည်။

ထို့ကြောင့် ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ယူပြီး ဆက်လက်ထိုင်ပင်ဆဲဖြစ်သော မျက်ဝန်းကိုကြံဖို့အကြောင်းတွေကို အသံဖြင့်ဖမ်းယူလိုက်လေသည်။

ဖွဲ့မြွတ်ဆိုတဲ့ကောင်ဟာ အဲဖေ့သွေးပါသူမဟုတ်။ အမှန်တရားကို တရားလိုကိုးကွယ်ချင်တဲ့သူမို့ အဖေ့ရဲ့ယုတ်မာသောအကြံအစည်ကို ဘယ်လိုနည်းနဲ့မှ မသိကျိုးကျွံမပြုနိုင်ပါ။

အထူးသဖြင့် မျက်ဝန်းကို ဘယ်လိုအရှက်သိက္ခာမျိုးမှ မကျဆင်းစေရ။ မျက်ဝန်းဘဝ မှဲ့တစ်ပေါက်မစွန်းဖို့အရေး ဖွဲ့မြွတ် ကာကွယ်ပေးမည်။

ထို့ကြောင့် ဒီကိစ္စကို မျက်ဝန်းအဖေသိအောင် လုပ်ရမည်။

"ဟဲ့ ဖွဲ့မြွတ် နင်ရောက်နေတာ ကြာပြီလား"

အိမ်ပေါက်ဝကိုကျောပေးရပ်ပြီး ဟိုလိုလို ဒီလိုလိုလုပ်နေသော ဖွဲ့မြွတ်ကို ဒေါ်စန္ဒာထွေး တွေ့သွား၍ မလုံမလဲ လှမ်းမေးသည်။

"ခုပဲ ရောက်တာ"

"ဩော် အေး ဒီမှာလေ နင့်အဖေ သွားအိုမြက်နုကြိုက်ကြီးက မိန်းမယူချင်သတဲ့တော်၊ နင်တော့ မကြာခင် မေမေလေး ရတော့မယ် သာ့"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ဖွာသော ဒေါ်စန္ဒာထွေးဏ်စကားကို ဖွဲ့ပြတ် ဘယ်လို ပြန်ပြီး မတွေ့ပြန် စိတ်မဝင်စားသလိုဖြင့် အိမ်ထဲဝင်ခဲ့လိုက်သည်။

■ ■ ■



## အခန်း (၆)

ကျောင်းမှပြန်လာသော မျက်ဝန်းညို့ ကိုယ့်အတွေးနှင့်ကိုယ် ဖြည်းဖြည်းချင်း လျှောက်နေစဉ် ဖိမ်ခံကားတစ်စီး မျက်ဝန်းနားမှာ ထိုး ရပ်လိုက်သည်။

"ဒီမှာ ညီမရေ ဒါ အေးသာယာ ရပ်ကွက်လား"

ရည်မွန်ပြီး သန့်ပြန့်ချောမောသော ယောကျ်ားတစ်ယောက် အသက်အားဖြင့် သုံးဆယ်ကျော်လောက်တော့ ရှိမည်ဟု ခန့်မှန်းရသည်။

မျက်ဝန်းဘဝမှာ ထိုမျှရုပ်ရည်သန့်ပြန့်သော ယောကျ်ားမျိုး မျက်မြင်ကိုယ်တွေ့ မဆုံဖူးပါ။

"ဟုတ်ကဲ့ ဟုတ်ပါတယ်"

"ဒါဆိုရင် ဒီရပ်ကွက်ထဲမှာနေတဲ့ ဒေါ်မြကျင်ဆိုတဲ့ အန်တီကို များ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ခေါ်မြကျင် ဟုတ်လား၊ လမ်းကရော ဘယ်လမ်းမှာနေတာလဲ"

"လမ်းကိုတော့ အစ်ကို မမှတ်မိတော့ဘူးကွ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က လာဖူးတာဆိုတော့ အိမ်ကိုသိပ်မမှတ်မိတော့ဘူး၊ သူ့အမျိုးသားက ဗေဒင်ဆရာဆိုလားပဲ"

ဗေဒင်ဆရာဆို၍ ဒီရပ်ကွက်ထဲမှာ သိပ်များများစားစား မရှိ။ နှစ်ဦးထဲသာရှိသည်။ တစ်ဦးက အသက်ရှစ်ဆယ်ကျော် အဘိုးကြီး ဦးပန်ဖြစ်သည်။ နောက်တစ်ဦးက အသက်ငါးဆယ်ကျော် သူ့မိန်းမကို အန်တီကျင်လို့ အများက ခေါ်ကြသည်။ အန်တီကျင့်မေးစေ့တွင် မှဲ့နက်ကြီးတစ်ခုရှိသည်။

"အဲဒီအန်တီမျက်နှာမှာ မှဲ့နက်တစ်လုံးရှိတယ် မဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် မေးစေ့မှာရှိတယ်လေ"

"ဒြော် ဒါဆိုရင် မျက်ဝန်းသိတာပေါ့၊ အထဲကို တော်တော်တော့ ဝင်ရတယ်"

"ဘယ်လိုသွားရမလဲ အစ်ကို့ကို ညွှန်ပါဦး၊ ဒါမှမဟုတ် ညီမ အစ်ကို့ကားနဲ့ လိုက်ခဲ့ပါလား"

"ရှင်"

အဓိပ္ပာယ်တစ်မျိုး ကောက်မိသွားသဖြင့် မျက်ဝန်း မျက်လုံးအပြူးသားလေး ဖြစ်သွားသည်။

"ဒြော် ဒီလိုပါ အဲဒီအိမ်က နည်းနည်းဝေးနေရင် အစ်ကို့ကားနဲ့လိုက်ပြီး ညီမက လမ်းလျှောက်ပြီး လိုက်ပြဖို့ ညီမအတွက် အဆင်ပြေပါ့မလားလို့ ဒါကြောင့် အစ်ကို့ကားနဲ့ တစ်ခါတည်းလိုက်ခဲ့ဖို့ ခေါ်တာပါ"





သေချာပြန်ရှင်းပြတော့မှ ရင်ခုန်သွားသော ကိုယ့်အတွေးကိုယ်ပြန်ပြီး ဟာသလုပ်မိသည်။

"ဖြစ်တယ်မဟုတ်လား"

မဖြစ်ဘူးဟုလည်း ပြော၍မှမရတာ၊ ရပ်ကွက်အတွင်း လမ်းတွေက အချိုးအကွေ့များတော့ မျက်ဝန်းလည်း သူ နားလည်အောင် ညွှန်ပြတတ်။

ထိုစဉ် ဖွဲ့မြတ်ကို ကွမ်းယာဆိုင်တွင် ကွမ်းဝယ်နေသည်ကို ရုတ်ခနဲ လှမ်းတွေ့လိုက်သည်။

"ဖွဲ့မြတ်"

ဦးတရုတ်ကြီးကို ရှုံရှာစက်ဆုပ်ပေမယ့် ဖွဲ့မြတ်က စိတ်ထားကောင်းပြီး ရိုးသားသော လူငယ်ဖြစ်သည်။ ကျောင်းနေဖက်သူငယ်ချင်းသည်းဖြစ်တာမို့ ခင်မြဲတိုင်းခင်နေသေးသည်။

"ဘာလဲ မျက်ဝန်း ငါ ဘာလုပ်ပေးရမလဲ"

ဖွဲ့မြတ်အကြည့်တွေက ကားပေါ်မှ ကိုလူခန့်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်နေသည်။

"ဒီကအစ်ကိုက အန်တီကျင်တို့အိမ် လိုက်ရှာနေတာလေ၊ အဲဒါနင်အားရင် အစ်ကို့ကားနဲ့ လိုက်သွားပြီး ပို့ပေးလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ညော် အေး ရတယ်လေ၊ ကျွန်တော် လိုက်ပြပေးမယ်အစ်ကို"

"ကျေးဇူးပဲ ညီ"

ဖွဲ့မြတ် ဖော်ဖော်ရွေရွေ ပြုံးပြပြောဆိုပြီး ကားပေါ်ကိုတက်လိုက်သည်။

"ညီမ ကျေးဇူးပဲနော်"

"ရပါတယ်ရှင့်"

လက်ပြနှုတ်ဆက်သွားသော ကိုလူခန့်ကို ငေးကြည့်ကျန်ရစ်ခဲ့သူက မျက်ဝန်းပါ။

အနန်တီကျောင့်အိမ်ကို မျက်ဝန်းကိုယ်တိုင် လိုက်ပို့ချင်ပေမယ့် ပတ်ဝန်းကျင်က မျက်ဝန်းကို တစ်မျိုးမြင်ကြဦးမည်။

ဖွဲ့မြတ်ကို ကျေးဇူးတင်ရမည်။

■ ■ ■

"အနန်တီကျောင် အနန်တီကျောင်ရေ"

ဖွဲ့မြတ် ကားပေါ်မှဆင်းပြီး ဒေါ်မြကျင်၏အိမ်ရှေ့မှာရပ်ကာ အိမ်ထဲကိုအော်ခေါ်လိုက်သည်။

"ဟော ဘယ်သူတုန်း"

"ကျွန်တော် ဖွဲ့မြတ်ပါ"

ဒေါ်မြကျင် ထွက်လာပြီး တအံ့တဩ မျက်နှာဖြင့်

"ဟယ် သူဌေးလေးပါလား။ ဒီကိုဘာကိစ္စလဲ"

"မာမီ လွှတ်လိုက်လို့ပါ"





"ညော် မမကြီးလွှတ်လိုက်တာလား။ ကျေနှု အိမ်ဖော်လိုပြန် ပြီထင်တယ်၊ လာလေ သူဌေးလေး ဝင်ပါဦး အထဲကို"

ပျာပျာသလဲဖြင့် အိမ်ထဲခေါ်နေသူ ဒေါ်မြကျင်က အိမ်ဖော် ပွဲစား အိမ်ပွဲစားလည်းလုပ်သည်။

"ကျွန်တော် မဝင်တော့ပါဘူး။ ကျွန်တော့်မင်္ဂလာကိစ္စအတွက် လုပ်စရာရှိတာလေးတွေ လုပ်ရဦးမှာမို့ပါ"

"အို သူဌေးလေးတောင် မင်္ဂလာဆောင်တော့မယ်ပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

"အို ဂုဏ် ဂုဏ်ချင်းထပ်ကြမယ့်ပွဲကို မှန်းကြည့်တာနဲ့တင် ပီတိဖြစ်ရပါတယ်ကွယ်၊ မမကြီးကို ပြောလိုက်ပါ ဒီနေ့တော့ အချိန်လင့်နေလို့ မလာတော့ဘူး။ မနက်ဖြန်တော့ ဆက်ဆက်လာခဲ့ပါ့မယ်လို့"

"ဟုတ်ကဲ့ပါ ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါ"

"ကောင်းပါပြီ သူဌေးလေး"

"ညော် ညီ ကျေးဇူးအရမ်းတင်ပါတယ်"

ဖွဲ့မြတ်လက်ကိုဆွဲပြီး ကျေးဇူးတင်စကား လေးလေးနက်နက် ပြောသည်။

"ရပါတယ် အစ်ကိုရာ၊ ကျွန်တော်တို့က ကိုယ့်ရပ်ကွက်ကိုလာတဲ့ဧည့်သည်ကို ကူညီပေးရမှာပေါ့"

"ကောင်းပါပြီ ကိုယ့်နာမည် ဘုန်းထွဋ်ခေါင်ပါ"

"ဟုတ်ကဲ့ ကျွန်တော်က ဖွဲ့မြတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် မိတ်ဆွေရင်းတွေလို လက်ဆွဲနှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြသည်။

"ကောင်းပါပြီ ကိုယ့်နာမည် ဘုန်းထွဋ်ခေါင်ပါ"

"ဟုတ်ကဲ့ ကျွန်တော်က ဖွဲ့မြတ်ပါ"

တစ်ယောက်ကိုတစ်ယောက် မိတ်ဆွေရင်းတွေလို လက်ဆွဲနှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြသည်။

မင်္ဂလာဆောင်တော့မည့် သတို့သားလောင်းဆိုသည်ကို သိလိုက်ရပြီး ဖွဲ့မြတ် အားကျစိတ်ဝင်သွားသည်။ မျက်ဝန်းကိုလည်း သတိရပြီး လက်ထပ်ချင်စိတ် ဖြစ်သွားသည်။

မျက်စိထဲ မျက်ဝန်းနှင့်မင်္ဂလာဆောင်ကြသည့် မြင်ကွင်းကို စိတ်ကူးဖြင့် မြင်ယောင်ပြီး ရင်ထဲမှာ တလှပ်လှပ်ဖြင့် ခန္ဓာကိုယ်က လေထဲလွင့်မျောသွားသလို ခံစားလိုက်ရသည်။

ဒါဟာ အချစ်ရှာနိရသွားတာ ဖြစ်မည်။

"ဟဲ့ ဖွဲ့မြတ် လမ်းမမှာ မျက်လုံးမှိတ်ပြီး တရားမှတ်နေတာလား၊ သူဌေးလေးက သွားပြီ"

ဒေါ်မြကျင် လက်မောင်းကို လာပုတ်မှ စိတ်ကူးယဉ်အတွေးတွေ လေနှင့်အတူ သုတ်ခနဲ လန့်သွားသည်။

"ဩော် အင်း ကျွန်တော် စိတ်ကူးယဉ်နေတာ အန်တီကျင်ရ"

"ဟေ သူဌေးဖြစ်ဖို့ စိတ်ကူးယဉ်နေတာလား"

"မဟုတ်ပါဘူး မင်္ဂလာဆောင်ဖို့ စိတ်ကူးယဉ်နေတာပါ"





"ဟော့တော် ဘယ်သူနဲ့တုန်း"

ဒေါ်မြကျင် တအံ့တသြဖြင့် မေးသည်။

"ကျွန်တော် သိပ်ချစ်တဲ့ကောင်မလေးနဲ့ပေါ့"

ပြောလည်းပြော ရှက်လည်းရှက် ပြေးလည်းပြေး။

မျက်ဝန်းနဲ့ပေါ့လို့ ပြောခဲ့ချင်ပေမယ့် ကိုယ့်ခံစားမှုက တစ်ဖက်သတ်ခံစားမှုလေ။ မျက်ဝန်းတောင် သိသေးတာမဟုတ်။

သို့သော် ထိုခံစားမှုသည် အဖေ့မျက်နှာကြီး ဖျတ်ခနဲ ပြန်မြင်ယောင်မိသွား၍ ခံစားမှုတို့ လတ်ဆတ်မနေတော့ဘဲ အောက်သိုးသိုးဖြစ်သွားသည်။

အဖေမို့ မတန်မရာ မျက်ဝန်းကိုမှ မှန်းရက်လေခြင်း ဟိုမိန်းမကြီး ယုတ်မာမှုကလည်း အံ့မခန်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရှင့်သမီးကို ဟိုက တင့်တောင့်တင့်တယ် ထားမှာပါတော်"

လောဘရမ္မက်တွေ ထန်နေသော ဒေါ်စန္ဒာထွေးကို ကြည့်ပြီး ဦးနိုင်ထွန်း သက်ပြင်းခပ်လေးလေးလေးချကာ

"မျက်ဝန်းညိုသာ မင်းရဲ့ဝမ်းနဲ့လွယ်ပြီး မွေးထားတဲ့သမီးတစ်ယောက်ဖြစ်နေရင်မင်းဟာ ငွေထက်အသက်နှစ်နှစ်လောက်ကြီးတဲ့ တရုပ်ကြီးနဲ့ ပေးစားမှာလား စန္ဒာ"

ထိုအမေးကြောင့် ဒေါ်စန္ဒာထွေး ကြောင်အမ်းအမ်း ဖြစ်သွားပြီး

"ဒါပေါ့ လောကမှာ အချစ်က အရေးမကြီးဘူး၊ ငွေက အရေးကြီးတာလေ၊ ဒါကြောင့် ပေးစားသင့်ရင်ပေးစားရမှာပဲ"

"ငါကတော့ ငါ့သမီးအပျိုနုနုထွတ်ထွတ်လေးကို ဒီလို အကျင့်





စာရိတ္တမကောင်းတဲ့သူနဲ့ မပေးစားနိုင်ဘူး။ မင်း ငါ့သမီးကို ဒီအိမ်မှာ မရှိစေချင်လို့ မကြံကောင်းမစည်ရာတွေကို မကြံပါနဲ့ ငါတောင်းပန်ပါတယ်"

"ဩော် ဒါ-မကြံကောင်းမစည်ရာလား။ ရှင့်သမီး ရင်ဘတ်ကို ကိုတရုပ်ကိုင်တဲ့ကိစ္စကို ရပ်ကွက်ထဲက လူတွေအကုန်သိတယ်"

ဒီတစ်ခါ ဦးနိုင်ထွန်း ဆက်ပြီး သည်းမခံနိုင်တော့။

"ဘာ အဲဒါ ဘယ်သူပြောလို့လဲ၊ မင်းစကားတွေ လျှောက်ဖွာသို့နေမှာပေါ့"

"ကျုပ် ဖွာစရာမလိုဘူး ပုတ်ရင်ပေါ်မှာပဲလေ၊ ပေါ်မယ့်အတူတူ ပေးစားလိုက်ပေါ့၊ ပြောရမယ်ဆိုရင် ရှင့်သမီးမှာ ဒီလိုအမည်းစက်ကြီး စွဲနေသရွေ့ ဘယ်ယောကျ်ားကရော ယူမှာလဲ ဟွန်း"

တရားလက်လွတ် စကားတွေပြောနေသော ဒေါ်စန္ဒာထွေးကို ကြည့်ပြီး ဦးနိုင်ထွန်း တက်တစ်ချက်ခေါက်ကာ ထိုင်ရာမှ ဒေါသတကြီး ထွက်ခဲ့လိုက်သည်။

ရင်ထဲမှာ သမီးအတွက်အပြစ်တွေ လုပ်မိသလို ခံစားနေရ၍ ဦးနိုင်ထွန်း ကိုယ့်ကိုကိုယ်သာ ပိုးစိုးပက်စက် ဆဲရေးတိုင်းထွာလိုက်သည်။

ဖခင်တစ်ယောက်ဖြစ်ပြီး သမီးရဲ့အရှက်သိက္ခာကို မကာကွယ်နိုင်ဘူးတဲ့လား။

ဒါလား ဖခင်ကောင်းတစ်ယောက်။ တကယ်ဆို ငြိမ်းချမ်းစွာနေသော သမီးလေးရဲ့ဘဝကို သူ လုံခြုံမှုအပြည့်အဝ ပေးနိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ အဖေ လူညံ့ကြီးကို ခွင့်လွှတ်ပါ။

■ ■ ■

စိတ်ညစ်ညစ်နှင့် လက်ဖက်ရည်ဆိုင်ထွက်လာပြီး ဟိုငေးဒီငေး ဖြင့် ထောင့်ကျကျ စားပွဲတွင် ထိုင်နေသော ဦးနိုင်ထွန်းနားသို့ ဖွဲ့မြတ် ရောက်လာသည်။

"ဦးလေးထွန်း"

"ဟေ ဘာလဲကွ ဖွဲ့မြတ်ရ"

"ကျွန်တော် ဦးလေးထွန်းကို သတိပေးစရာရှိလို့ပါ"

"ဟေ ဟုတ်လား မင်းက ဘာများသတိပေးချင်တာလဲ၊ လာ ထိုင်ပါဦး"

ဦးနိုင်ထွန်း ခွေးချေပုလေးကို ဆွဲပြီး ထိုင်ခိုင်း၍ ဖွဲ့မြတ် ခပ်နွဲ့နွဲ့ ဝင်ထိုင်လိုက်သည်။

"ကဲ ပြော"

"ဟိုလေ ကျွန်တော် ပြောချင်တာက ကျွန်တော့်အဖေအ ကြောင်းပါ"

"လာပြန်ပြီ ဒီတရုပ်ကြီးအကြောင်း ခုပဲ ဒီကောင့်အကြောင်း ကို အိမ်ကမိန်းမပြောနေလို့ ငါ ဒေါ်ဖောင်းပြီး ထလာတာ"

ဖွဲ့မြတ် တအံ့တသြ ဖြစ်သွားသည်။

"ဟင် ဒါဆို ဦးလေးက သိပြီးနေပြီပေါ့"

"ဘာလဲ တရုပ်ကြီးက ငါ့သမီးကို ယူမယ့်ကိစ္စလား"





"အင်း ဟုတ် ဟုတ်တယ်လေ"

"ဒို့ မင်းကပါ မင်းအဖေ နွားအိုကြီးအတွက် ငါ့သမီးကိုလာ ပြီး ကူတောင်းပေးနေတာလား"

ဦးနိုင်ထွန်း ဝါးနေသော ကွမ်းတံတွေးကို ထွီခနဲထွေးလိုက်ပြီး ဖွဲ့မြတ်ကို ဘုတောလိုက်သည်။

ဖွဲ့မြတ် အထင်လွဲမည်စိုး၍ ခေါင်းတခါခါ လည်တခါခါ ငြင်း ဆန်ရင်း

"မဟုတ်ပါဘူး ဦးလေးထွန်းရယ် ကျွန်တော်က အဲဒီကိစ္စကို အဖေနဲ့ဒေါ်စန္ဒာကြီး တိုးတိုးတိတ်တိတ် တိုင်ပင်နေကြတာကိုကြားပြီး ဖြစ်သင့်တာ မဖြစ်ရအောင် သတိပေးချင်တာပါ"

ဖွဲ့မြတ်ဟာ သူ့ဘက်ကလူဆိုတာ သိသွား၍ ဦးထွန်းနိုင်၏တင်း နေသော မျက်နှာကြော အနည်းငယ် လျော့သွားပြီး

"ငါ့ကို ငါ့မိန်းမစန္ဒာပြောပြီးပြီ၊ ဒါပေမဲ့ ငါလက်မခံနိုင်ဘူး။ ဒါဟာ ငါ့သမီးကို အရှင်လတ်လတ် ငရဲပို့တာနဲ့ အတူတူပဲ"

"ဒေါ်စန္ဒာကြီးနဲ့အဖေ့ကြားထဲမှာရှိတဲ့ အပေးအယူကိုရော ဦးလေးထွန်းကို ဒေါ်စန္ဒာ ပြောပြလား"

ရေနွေးကြမ်းသောက်နေသော ဦးထွန်းနိုင်အကြည့်တွေ ဖွဲ့မြတ် ဆီရောက်လာသည်။

"ဘာ အပေးအယူ ဟုတ်လား"

"ဟုတ်တယ် ဦးလေးထွန်း မျက်ဝန်းကို လက်ထပ်ဖြစ်ခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



အဖေက ဒေါ်စန္ဒာကို နှင်းဆီလမ်းထဲက တိုက်တစ်လုံးကို အပြီးအပိုင် စာချုပ်စာတမ်းနဲ့လွှဲပေးလိမ့်မယ်၊ ဒေါ်စန္ဒာက သူသာ အဲဒီကိစ္စကို မဖြစ်ဖြစ်အောင်လုပ်ပေးနိုင်ရင် အိမ်ပိုင်ရတော့မယ်ဆိုတဲ့လောဘကြောင့် အဖေနဲ့မျက်ဝန်းကို နီးစပ်အောင် မသမာတဲ့နည်းနဲ့ ကြံစည်လိမ့်မယ်"

ရင်ထဲမှာ သမီးအတွက် ပူခနဲ ဖြစ်သွားသည်။ အကြံပက်စက်လိုက်ကြတာ။

"မင်း မင်းကရော ဒီအကြောင်းတွေ ဘယ်လိုသိလဲ ဒါဟာ သေချာလား"

"သိပ်သေချာတာပေါ့၊ ကျွန်တော့်မှာ ခိုင်လုံတဲ့သက်သေ ရှိတယ်"

အကျီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ကာ အသံသွင်းထားသော ဖိုင်ကို ဖွင့်ပြလိုက်သည်။

ဖုန်းထဲမှ ထွက်လာသော အဖေနှင့်ဒေါ်စန္ဒာတို့၏စကားသံတွေကိုကြားပြီး ဦးနိုင်ထွန်း အသားတွေ တဆတ်ဆတ် တုန်လာသည်။

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ

"အကြံပက်စက်ယုတ်မာလိုက်ကြတာကွာ"

"ကျွန်တော်လည်း ဦးလေးထွန်းလိုပဲ မျက်ဝန်းအတွက် ဒေါသ ဖြစ်မိတယ်ဗျာ"

"ဒီကိစ္စကို ငါအပြတ်ရှင်းရမယ်"

ဒီမိန်းမ မပေါင်းရလည်းနေတော့။ ငါ့သမီးအပေါ် ယုတ်မာပ





တော်ပုံကိုတော့ ခေါင်းငုံ့မခံနိုင်။ ဒါ့အပြင် ယခုနေသောအိမ်ကိုပါ သမီးအတွက်ကြိုပြီး လွှဲပေးထားမှဟု စိတ်ထဲမှာ အတွေးပေါက်သွားသည်။

"ကျွန်တော် ဦးလေးကို တရိုတသေနဲ့ ပြောစရာရှိပါတယ်"

အတွေးတို့တွေးရင်းမှ ဖွဲ့မြတ်ကိုကြည့်သည်။ ဘာပြောမှာလဲ ဆိုသည့်သဘော။

"ကျွန်တော် မျက်ဝန်းကို ချစ်တယ်၊ လက်ထပ်ပါရစေ"

"ဟေ"

ဦးထွန်းနိုင် မျက်နှာပူမိတာတော့ အမှန်ပင်။

"ဟုတ်ပါတယ် ပွဲလန့်တုန်းဖျာခင်းတာတော့ မဟုတ်ပါဘူး။ ကျွန်တော် မျက်ဝန်းကို အရင်ကတည်းက မေတ္တာမျှနေတာပါ၊ ဒါကြောင့် ကျွန်တော်ချစ်တဲ့မျက်ဝန်းကို အဖေ့မယားတော့ အဖြစ်မခံနိုင်ဘူး"

ဦးထွန်းနိုင် တွေဝေသွားသည်။ ပြီးမှ

"ငါ့သမီးကို မင်းနဲ့လည်း သဘောမတူဘူးကွ"

"ကျွန်တော် မျက်ဝန်းကို တကယ်ချစ်တာပါ"

"မင်းလည်း တရုပ်ကြီးသားပဲ၊ တရုပ်ကြီးလို အောက်တန်းစား ဖြစ်မှာပဲလေ"

အဖေကြံစည်မှာစိုး၍ သားနှင့်ပေးစားတော့ရော ကိုယ့်သမီးဘဝ ပြီးသွားမှာမို့လား။ ပို၍တောင် အန္တရာယ်များဦးမည်။

"ကျွန်တော်က အဖေ့သားပေမယ့် အဖေ့လို အောက်တန်းစား မရှိပါဘူး ဦးလေးထွန်း၊ အဖေ ဖဲရိုက်တယ်၊ ဂျင်ဆော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးသုံးလုံးထိုးတယ်၊ ကျွန်တော် အဲဒါတွေကို ကျွန်တော့်တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှမလုပ်ဖူးဘူး။ အဖေအရက်ကြိုက်တယ်၊ ကျွန်တော် အရက်နံ့တောင် မခံနိုင်ဘူး။ ဆေးလိပ်ဆိုရင်တော့ ဝေးပေါ့၊ ဦးလေးထွန်း နဲ့ ကျွန်တော်က တစ်ရပ်ကွက်ထဲသားပါ၊ ကျွန်တော့်အကျင့်စာရိတ္တကို ကျွန်တော်ကိုယ်တိုင် အမွှန်းတင်စရာ မလိုအောင် ဦးလေး သိပြီးသား ဖြစ်မှာပါ"

ဖွဲ့မြတ်စကားကြောင့် ဦးထွန်းနိုင် တွေဝေသွားသည်။

ဖွဲ့မြတ် လူရိုးလူအေးလေးဆိုတာ ဦးထွန်းနိုင် မသိဘဲရှိပါ့မလား သိတာပေါ့။ သို့သော် ခုချိန်မှာ ဖွဲ့မြတ်၏ရိုးသားမှုတွေကိုလည်း အသိအ မှတ် မပြုချင်တော့။

■ ■ ■



## အခန်း (၈)

ဦးထွန်းနိုင် တစ်ညလုံး အိပ်မပျော်။ အိပ်ပစ်ဖို့ကြိုးစားကြည့်ပေ သည့် မျက်လုံးတွေက ကြောင်စီ၍နေသည်။

ဘေးမှ တရှူးရှူးနှင့်အိပ်ပျော်နေသော ဒေါ်စန္ဒာတွေးကိုလည်း စိတ်ထဲမှာ မကျေနပ်။ တရုပ်ကြီးဆိုတဲ့ကောင်ကို ပိုတောင်မှ သတ်ပစ် ချင်သေးသည်။ ဒင်းတို့က မတန်မရာ မျက်ဝန်းလေးကိုမှ ကြံစည်ရသ သား။

ဒီနေ့ ဖွဲ့မြတ်ပြောတဲ့စကားကလည်း အလေးအနက်ထား စဉ်း စားချင်စရာ၊ သမီးကပါ ဖွဲ့မြတ်ကို လက်ခံနိုင်တယ်ဆိုရင်တော့ သဘော ထားစရာမရှိ။

ဟိုကောင် တရုပ်ကြီးကြောင့်သာ သဘောတူချင်စိတ် မရှိတာ။ သမီးလုံခြုံဖို့အတွက် ဘယ်လိုလုပ်ရမလဲ စဉ်းစားလေ အဖြေက



www.burmeseclassic.com

www.burmeseclassic.com



မထွက်လေမို့ ငုတ်တုတ်ထထိုင်လိုက်သည်။

"ဟင် ကိုထွန်း ရှင် မအိပ်သေးဘူးလား"

ဒေါ်စန္ဒာထွေးပါ အိပ်ပျော်နေရာမှ တစ်ရေးနိုးလာသည်။

မင်းတို့ရဲ့အကြောင်းကို ငါသိသွားလို့ အိပ်မပျော်နိုင်သေးတာပေါ့လို့ ပြောလိုက်ချင်ပေမယ့် တကယ်တမ်း ပြောဖို့ကျတော့ နှုတ်ကမထွက်။

"ဟုတ်တယ် မျက်လုံးတွေကြောင်နေတယ်"

"ရှင် ဘာတွေတွေးနေတာလဲ မဟုတ်မှလွဲရော ကျွန်မ မနက်က ပြောတဲ့ကိစ္စကြောင့် အတွေးနယ်ချဲ့ပြီး အိပ်မပျော်တာလား။ စိတ်ကူး မလွဲစမ်းပါနဲ့တော် အသက်ကလေးကြီးပြီး မုဆိုးဖိုဖြစ်တာကလွဲရင် အထုပ် ရှိတယ်၊ သူ့မှာ အိမ်လေးလုံးအပြင် သူ့မိန်းမထားသွားတဲ့ ရွှေချိန်ကပဲ နှစ်ပိဿာလောက်ရှိတယ်၊ အလှမိန်းယံဆိုင်လည်း ဖွင့်ထားတယ်၊ တက္ကစီ လည်း နှစ်စီးထောင်ထားတယ်"

မက်လုံးတွေကို ထပ်ရှစ်ပြနေသော ဒေါ်စန္ဒာထွေးကို မကျေ မနပ်စွေကြည့်လိုက်ပြီး

"တော်စမ်း မင်း သောက်ပါးစပ်ပိတ် ငါ့သမီးသာ ဒီလိုလူယုတ် မာနဲ့ ယူသွားရင် မင်းကိုရော အဲဒီလူယုတ်မာကိုရော ငါ လူ့ပြည်မှာ အရှင်မထားဘူး"

တစ်ခါမှ ရင့်သီးစွာ မပြောဘူးသော ဦးထွန်းနိုင်ကိုကြည့်ပြီး ဒေါ်စန္ဒာထွေး မျက်လုံးတွေပါ ကျယ်သွားသည်။

"ရှင့်သမီးကိုမြင့်စေချင်လို့ အမြင့်ကိုတင်ပေးတာ၊ စေတနာကို





မစော်ကားနဲ့"

"ထွီ တော်စမ်းပါ အဲဒါ စေတနာမဟုတ်ဘူး။ ငါ့သမီးနဲ့ သူ ပေးမယ့်အိမ်ကို အလဲအလှယ်လုပ်တာလေ၊ ငါမသိဘဲရှိမလား။ မင်း အဲလောက် သူ့အိမ်ကိုလိုချင်ရင် ငါနဲ့ကွာပြီး သူနဲ့သွားပေါင်းလိုက်"

ကြည့်နေလို့ အကောင်းအောက်မေ့နေသလားဟု ဆိုရလောက် အောင် ဒီမိန်းမကို လွှတ်ထား၍မဖြစ်တော့။ မိထွေးပီပီ မိထွေးစိတ်ပဲ မွေးမည့်အတန်းအစားက စေတနာတဲ့လား။

"ရှင် ရှင်နော် လူခြေတိတ်မှ ပြဿနာမရှာနဲ့ ကျုပ်က အချိန် မရွေးဘူး၊ ကျုပ်ဒေါသကို သိတယ်မဟုတ်လား"

"ငါက မင်းဒေါသကို ဘာလုပ်ရမှာလဲ၊ မင်းတောင် သိက္ခာမရှိ ယုတ်မာပက်စက်သေးတာ၊ ငါက လူသိအောင် ပြဿနာဖြစ်ကြလည်း ကိုယ့်သမီးကိုယ် ကာကွယ်တာ၊ ငါ့ကိုတယ်သူမှ မေးမငေါ့ဘူး။ ဒါကြောင့် ဖြစ်ကြည့်လိုက်လေ ဟိုးတုန်းကလိုတော့ ငြိမ်ခံနေလိမ့်မယ်လို့ မထင်နဲ့ မင်းရော မင်းရဲ့တရုပ်ကြီးကိုရော အသေသတ်ပစ်မယ် ကြားလား"

ဒေါသတကြီးပြောပြီး ခြင်ထောင်ကြိုးတွေကို ဆွဲဖြုတ်ပြီး အခန်း ထဲမှထွက်သွားသော ဦးထွန်းနိုင်ကိုကြည့်ပြီး ဒေါ်စန္ဒာထွေး မျက်လုံးပြူး ကြီးဖြင့် ကျန်ခဲ့သည်။

ထွန်းနိုင်ဆိုတဲ့လူကြီး ဘယ်သူ့အားကိုးနဲ့ အာခံနေတာလဲ။ သူ့ သမီးအားကိုးနဲ့လား။ ဒီလောက်တောင် တင်းမာနေမှတော့ စန္ဒာထွေး ဆိုတာကလည်း ခေသူမှမဟုတ်တာ။ ရက်စက်မှုတွေကို ကြံနိုင်သီပြီး



www.burmeseclassic.com

www.burmeseclassic.com



သရုပ္ပ အဖြစ်ဆောင်းရလည်း ဆောင်းရစေတော့ မှုစရာမရှိ။

လူဆိုတာ မွေးကတည်းက ကိုယ့်အတ္တကို ကိုယ်ဖြည့်ဆည်းဖို့ အသက်ရှင်ရပ်တည်နေကြရတာပဲ။

စိတ်ချ ကိုထွန်းနိုင် ရှင့်သမီး တရုပ်ကြီးနဲ့ယူမှကို ယူရစေမယ်။ စော်ကို အစော်ကားခံရစေမယ်။

■ ■ ■



## အခန်း (၉)

"ဟဲ့ ဖွဲ့မြတ် နင်က ငါ့ကို ဖုန်းဆက်ပြီး ဘာလို့ခေါ်တာလဲ"

အအေးဆိုင်ကလေးထဲ ဝင်လာသော မျက်ဝန်းနှင့်အတူ သနပ်ခါးနံ့သင်းသင်းလေးကို မြတ်နိုးစွာ ခိုးရှိုက်လိုက်ပြီး

"နင့်ကို အလေးအနက်ထားပြီး ပြောစရာရှိလို့ပေါ့"

"အံမယ် ကြီးကြီးကျယ်ကျယ် ဘာလဲ၊ နင့်ရဲ့အလှူမီနီယံဆိုင်ကြီးရဲ့ ရောင်းအားတက်မှုကြောင့် နောက်ထပ်ဆိုင်ခွဲဖွင့်ဖို့ ငါ့ကိုခေါ်ကြွားတာလား"

"ဟာ အဲဒါက ကြွားစရာလား။ ငါ့အတွက် ဒါက အရေးမကြီးဘူး"

"ဟင် ဒါဆို ဘာကအရေးကြီးတာလဲဟ"

မျက်ဝန်း ဖွဲ့မြတ်နှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့"

ရွှေဘူးဟုထင်ရသော ဘူးအဝိုင်းလေးကို မျက်ဝန်းရှေ့ထိုးပေးနေသည်မို့

"ဒါက ဘာလဲ"

"လက်ထပ်ခွင့်တောင်းတာလေ"

"ဟင် ဘယ်လို လက်ထပ်ခွင့် ဟုတ်လား"

ရှက်အမ်းအမ်းလေးဖြစ်သွားသော မျက်ဝန်း၏မျက်နှာလေးကို တချိုက်မက်မက် ငေးမောရင်း

"ဟုတ်တယ် မျက်ဝန်း ငါ နင့်ကိုချစ်တယ်၊ ချစ်တာမှ မြတ်မြတ်နိုးနိုးကိုတန်ဖိုးထားတာပါ"

"အို နင်ဘာတွေလာပြောနေတာလဲ၊ ငါ ဒါတွေစိတ်မဝင်စားဘူး။ နောက်ပြီး နင်နဲ့ငါက သူငယ်ချင်းတွေ၊ အဲဒီလို ဘယ်တော့မှ မဖြစ်နိုင်ဘူး"

"ကျေးဇူးပြုပြီး မငြင်းပါနဲ့ မျက်ဝန်းရယ်၊ ငါ နင့်ကို ချစ်လို့ပါ၊ နောက်ပြီး ဦးလေးထွန်းကိုလည်း ဖွင့်ပြောပြီးပါပြီ"

"ဘာ အ အဖေ့ကို ပြောပြီးပြီ ဟုတ်လား။ ဟာ နင် နင် ဘာတွေလျှောက်လုပ်နေတာလဲ ဒုက္ခပါပဲ ငါ့ကိုတစ်မျိုးထင်တော့မှာပဲ"

ငိုမဲ့မဲ့လေးဖြစ်သွားသော မျက်ဝန်းကိုကြည့်ကာ ကြည်စယ်လိုစိတ်ဖြင့်

"ဟုတ်တယ် ငါက နင့်ကိုချစ်နေပါပြီလို့ ဒါကြောင့်လက်ထပ်





ချင်ပါတယ်လို့ ခွင့်တောင်းလိုက်တာပေါ့။ ဦးလေးထွန်းက ငါ့သမီးသဘောတဲ့"

မျက်ဝန်း ရှက်လွန်း၍ ဆက်ပင်မထိုင်ရဲတော့။

"နင် တော်တော်ပိုင်စိုးပိုင်နင်း နိုင်တာပဲဟယ်၊ ငါက နင့်ကိုချစ်တယ်လို့ ပြောဖူးသလို နင်ကရော ချစ်တယ်လို့ ပြောဖူးလို့လား"

"ခုပြောပြီလေ"

"အေး ဒါပေမဲ့ ငါမှ နင့်ကိုမချစ်နိုင်တာဟဲ့"

"ရတယ် မချစ်နဲ့၊ နင့်အချစ်ကို ငါ ဖွတ်အတင်းမတောင်းခံဘူး။ ငါကချစ်နေရရင် ကျေနပ်နေတဲ့သူပါ၊ နောက်ပြီး နင့်ဘဝကို ဘယ်လိုအန္တရာယ်မှမကျရောက်အောင် ငါ ကာကွယ်ပေးချင်တယ်ဟာ၊ နင့်ဘဝလုံခြုံဖို့ နင့်ဘေးမှာ ငါရှိမှဖြစ်မယ်"

ဖွဲမြတ် စကားကြောင့် မျက်ဝန်း နာနာကျင်ကျင် မဲ့လိုက်ပြီး

"နင့်အဖေက ဗိုလ်နဲ့လေ၊ ငါက နင့်ကိုလက်ထပ်ရင် လုံခြုံမယ်ဟုတ်လား။ သွားစမ်းပါ ဖွဲမြတ်ရယ် ငါကလေ နင့်ကိုသူငယ်ချင်းမို့အေးထူးခေါ်ပြောလုပ်နေတာ၊ နင့်အဖေကိုတော့ ငါ သေလောက်အောင်မုန်းတယ်"

"ရှုံပါ နင် ရှုံသင့်ပါတယ်၊ အဲဒီအတွက်လည်း ငါက နင့်ကိုကာကွယ်ပေးတယ်ဟာ၊ နင်သာ ငါ့ကိုလက်ခံရင် ငါ့အဖေအရိပ်အောက်ကထွက်မယ်၊ နင်နဲ့အဖေ လုံးဝမပတ်သက်စေရဘူး။ ငါတို့ တခြားနေရာမှာ နေကြမယ်၊ နင့်အရှေ့ကို ငါ့အဖေ ဘယ်တော့မှ ပေါ်မလာစေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက နှင့်စိမ်ကိန်းပဲ၊ ငါ စိတ်မဝင်စားဘူး၊ ကဲပါ နှင် ငါနဲ့ အချိန်ကုန်နေမယ့်အစား ဒီလက်ထပ်ခွင့်တောင်းထားတဲ့ ရတနာဘူးကို ကိုင်ပြီး တခြားမိန်းကလေးကို လိုက်ရှာလိုက်ဦး၊ ဟုတ်ပြီလား၊ ငါကတော့ နိုးပဲ"

မျက်ဝန်း ဆက်မထိုင်ချင်တော့သဖြင့် ထထွက်လာခဲ့လိုက်သည်။

■ ■ ■

"ညည်း ဘယ်ကပြန်လာတာလဲ"

"ကျူရှင် သွားအပ်တာပါ"

"အမလေး ဒုတိယနှစ်ကျောင်းသူမို့လို့ပဲ အပ်လိုက်ရတဲ့ကျူရှင် ပိုက်ဆံတွေပေါ်နေတယ်၊ ဖအေကြီးမှာတော့ ရှာလိုက်ရတာ ခါးကိုချိုးနေတာပဲ"

မိထွေးပီပီ ဆီလိုအပေါက်ရှာပြောနေသော ဒေါ်စန္ဒာကို ဘာ စောဒကမှ တက်မနေတော့ဘဲ အခန်းထဲဝင်ခဲ့လိုက်သည်။

ဒေါ်စန္ဒာ အခန်းထဲအထိ လိုက်လာပြီး.

"ညည်းကို ပြောစရာရှိတယ်"

"ရှင်"

"ဟုတ်တယ် ငါပြောမှာကို ညည်း လေးလေးနက်နက် နား ထောင်"

ဘာပြောမှာမို့ ဒီလောက် စကားနိဒါန်းတွေ ခံနေရသလဲဟု ခေဝေဝါ တွေးမိကာ





"ဘာ ဘာပြောမှာလဲ အမေ"

"ညည်းကို တင့်တောင့်တင့်တယ် တောင်းရမ်းလက်ထပ်မယ့် သူရှိတယ်"

"ရှင်"

လာပြန်ပြီ တစ်ယောက်။ ခုပဲ ဖွဲ့မြတ်ကလည်း လက်ထပ်ခွင့် တောင်းလိုက်သည်မို့ စိတ်အနှောင့်အယှက်ဖြစ်စွာ ပြန်လာသည်မို့ သူက များ မိထွေးကို အပူကပ်လိုက်ပြန်ပြီလားဆိုပြီး ဒေါသတို့ ထောင်းခနဲ ထသွားပြန်သည်။

"မျက်ဝန်း ဘယ်သူ့ကိုမှ လက်မထပ်ချင်ဘူး အမေ၊ ဘွဲ့ တောင်မရသေးဘူး။ နောက်ပြီး ဒီကိစ္စကို စိတ်မဝင်စားဘူး"

ဖွဲ့မြတ်ကို ငြင်းခဲ့သလိုပင် ငြင်းလိုက်သည်။

"ဟိုက ညည်းကို သူ့ပိုင်ဆိုင်မှုတွေအားလုံး တင်တောင်းမှာ"

"မျက်ဝန်း ဘာပိုင်ဆိုင်မှုမှ မမက်ဘူး အမေ"

"ညည်း ခေါင်းမမာနဲ့၊ ခုတောင် ညည်းကို ရပ်ကွက်ထဲမှာ တရုပ်ကြီးနဲ့ ဘာဘာညာညာ ပြောနေကြလို့ သတင်းတွေက အမျိုးမျိုး ထွက်နေတာ၊ အရှင်းဆုံးပြောရရင် ယူမယ့်ယောကျ်ားရှိမှာမဟုတ်ဘူး"

တရုပ်ကြီး၏ယုတ်မာမှုကို သတင်းလွှင့်သူက သူပဲဆိုတာ မျက်ဝန်းမသိဘဲ နေပါ့မလား။

"ဒါကြောင့် အမူပိုမနေနဲ့ ညည်း လက်ခံပါ"

"မျက်ဝန်းကို အတင်းအကြပ် မစီစဉ်ပါနဲ့၊ လုံးဝလက်မခံဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်၊ အတင်းအကြပ်စီစဉ်လာရင် မျက်ဝန်း အိမ်မှာမနေတော့ဘူး"

"အမလေး ဝမ်းသာတယ် ဒါဆိုလည်း မြန်မြန်ကြလိုက်တော့ ငါ့စေတနာနဲ့ညည်းနဲ့ တန်မှမတန်တာ"

သူမှန်သည်ထင်ပြီး အထက်စီးနင်းကပြောနေသော မိထွေး စကားတွေကူ ခံပြင်းစရာကောင်းလွန်းနေသည်။

ထိုအချိန်တွင် အဖေ ရောက်လာသည်။ ဒေါ်စန္ဒာထွေး ပြောနေသမျှကို အိမ်အပြင်ကနေ နားထောင်နေပုံလည်းရသည်။

"ဘာစေတနာလဲ စန္ဒာ မင်း ငါ့ကိုစည်းရုံးလို့မရလို့ ငါ့သမီးကို ထပ်ပြီး မက်လုံးတွေပေး၊ အကျပ်ကိုင်နေတာမဟုတ်လား"

ဒီတစ်ခါ မျက်ဝန်းရှေ့မှ မားမားရပ်ပေးသော အဖေ့ရဲ့တာဝန်ယူမှုတွေကြောင့် မျက်ဝန်း မျက်ရည်ဝေ့ရလောက်အောင်ကို ကျေနပ်အားတက်မိသွားသည်။

"ရှင်တို့သားအဖက ကျွန်မစေတနာကိုမှ နားမလည်ဘဲ"

"မလိုပါဘူး ဒီမှာ ငါ အရှင်းဆုံးပြောမယ်၊ ငါ့သမီးကို ငါကိုယ်တိုင် သဘောတူပြီးပေးစားမယ့်သူရှိတယ်၊ ဒါကြောင့် မင်းအကြံတွေကို လုံးဝ စွန့်လွှတ်လိုက်တော့"

အဖေက ဘယ်သူနဲ့ပေးစားဦးမလို့ပါလိမ့်။ မျက်ဝန်းစိတ်တွေထပ်ပြီး ရှုပ်ထွေးသွားရပြန်သည်။

ဘာအနှောင်အဖွဲ့ ဘာခံစားချက်မှ မရှိသေးတဲ့မျက်ဝန်းကိုမှ ဘာကြောင့် အိမ်ထောင်ချပေးချင်နေကြတာလဲ။

■ ■ ■



## အခန်း (၁၀)

"ဟာ နင်ကလည်း သူ့အဖေကို အဲလိုပေါ်တင်သွားဖွင့်ပြော ဦး ဘယ်လိုဖြစ်မှာလဲဟ၊ ငါ့ကိုတောင်းနဲ့လာမခုတ်တာပဲ ကျေးဇူးတင်"

"ဟဲ့ ငါက အဲလိုပေါ်တင်မပြောလို့ ဘယ်လိုပြောမလဲ၊ မျက်ဝန်းက အရုပ်ကလေးဆိုရင်တော့ ငါ နိုးလာပေးလို့ရတယ်၊ ခုဟာက ...တဲ့ လူ လူ"

ဦးတရုပ်ကြီး အပြစ်ပြောသလို ဒေါ်စန္ဒာထွေးကလည်း အကြောင်းပြချက်ပြန်ပေးသည်။

"သူတို့ဆီက ခေါင်းညိတ်လက်ခံတဲ့အဖြေကို စောင့်နေလို့ကတော့ ငါ ဒီတစ်သက် မျက်ဝန်းလေးကို ပိုင်ဆိုင်ရမှာ မဟုတ်တော့ဘူး"

စိတ်ပျက်လက်ပျက်ပြောနေသော ဦးတရုပ်ကြီးလိုပင် ဒေါ်စန္ဒာထွေးမှာလည်း အလကားရမည့်အိမ်တစ်လုံး မပိုင်ဆိုင်ရမှာကို တွေးပူပြီး



www.burmeseclassic.com

www.burmeseclassic.com



လောဘတက်မိသည်။

"ရှင်က ဘယ်လိုဖြစ်ချင်တာလဲ ,ရှင့်ဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောလေ၊ မိန်းမငယ်ငယ်လေးလည်း ယူချင်သေးတယ်၊ ဘာအကြံဉာဏ် မှလည်း ထုတ်မသုံးဘူး။ သူများက စီစဉ်တော့လည်း အပြစ်ပြောတယ်"

"အေးပါဟာ ငါကလည်း နင်ဘယ်လိုများ စီစဉ်ပေးမလဲဆိုပြီး စောင့်ကြည့်နေတာ၊ ဒီလိုလုပ်ဟာ ဒီည နင့်အိမ်မှာ ဝိုင်းလုပ်လိုက်"

"ငါ့ယောက်ျားက ဝိုင်းမလုပ်ရဘူးတဲ့"

"အောင်မလေး ခုကျမှ ယောက်ျားကိုကြောက်နေပြန်သေး တယ်၊ ဒါဆို ငါ့အိမ်လာလုပ်လေ အဲ ဒါပေမဲ့ မျက်ဝန်းပါ ခေါ်ခဲ့လေ"

"ဟာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ လုံးဝ မဖြစ်ဘူး၊ ငါ ခေါ်လာချင်ပေမယ့် အဲဒီကောင်မက လိုက်မှာမဟုတ်ဘူး။ ခုတလော ဖအေရော သမီးရော ဘာတွေမာန်တက်နေကြသလဲ မသိဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"နေပါဦး ငါ့အိမ်ကဟာကြီးက ဒီနေ့ညပိုင်းဂျူတီကျတယ် တော့ သူမသိအောင် တိတ်တိတ်လေး လုပ်မှရမယ်"

"တိတ်တိတ်ပဲလုပ်လုပ် ပေါ်တင်ပဲလုပ်လုပ် အဓိကက မျက် လေးနဲ့ ညားဖို့ပဲ"

"ဟွန်း နှာဘူးကြီး"

ဒေါ်စန္ဒာထွေး ထိုသို့ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သော်လည်း ဦ တရုပ်ကြီး စိတ်မဆိုးဘဲ တဟီးဟီးဖြင့် မြင်းဟီသလို ရယ်လေသည်





"နင်ကရော ဒေါ်လောဘ မဟုတ်လား၊ ငါက နှာဘူး နင်က ဥစ္စာရှူး"

ပြောရင်းဖြင့် အသံကျယ်ကြီးဖြင့် အော်ရယ်ပြန်သည်။ အော် ရယ်ရင်းနှင့် အင်္ကျီအိတ်ကပ်ထဲမှ ကော်ဖီမစ်တစ်ထုပ်ကို ထုတ်ယူကာ ပေးသည်။

"ဒါက ဘာလဲ"

"ကော်ဖီမစ်လေ"

"အေးလေ ဘာကော်ဖီမစ်ယဲလို့"

"စိတ်ကြွဆေးပါတဲ့ ကော်ဖီမစ်"

"ဟင် အဲဒါ ကျုပ်ကို လာပေးစရာလား"

"ဟာ နင်သောက်ဖို့မဟုတ်ဘူး၊ မျက်ဝန်းကိုတိုက်ဖို့ ဒီည ဒါကို တိုက်ထားလိုက်၊ ကျန်တာ ငါ့ကိုစွ"

"အေးလေ ပြီးရော"

ဒေါ်စန္ဒာထွေး ကော်ဖီမစ်ထုပ်ကို ကြည့်ပြီး ခပ်မဲ့မဲ့ ရယ်လိုက် သည်။

"ဒီည နင့်ရဲ့အပျိုစင်ဘဝ ကုန်ဆုံးမယ့်ညပဲ၊ မျက်ဝန်းညိုရေ"

ကောက်ကျစ်စဉ်းလဲသော အတွေးတွေက မျက်ဝန်း၏ဖြူစင် သော ဘဝကို တစ်စစီ ရိုက်ချိုးပစ်ဖို့ မာန်ဖီနေလေ၏။

■ ■ ■

"ဖွဲမြတ်ရာ ငါတော့ မင်းလိုသားမျိုး တစ်ခါမှ မမြင်ဖူးဘူး"

www.burmeseclassic.com



"ဘာဖြစ်လို့လဲဗျ"

နယ်ထိန်း ကိုသာမြင့်ဓါးစကားကြောင့် ဖွံ့မြုတ် ဘာကိုဆိုလိုတာ ကို သိပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်ပြီး မေးလိုက်သည်။

"ဟ ဘာဖြစ်ရမှာလဲ၊ မင်းအဖေရဲ့ဖဲဝိုင်းကိုလာဖမ်းဖို့ လက် ထောက်ချတာ မင်းကိုယ်တိုင်ဖြစ်နေလို့ပေါ့"

"ကျွန်တော်လည်း ဘယ်လုပ်ချင်ပါ့မလဲဗျာ၊ ဒါပေမဲ့ ကိုယ့် အဖေရော သူ့အပေါင်းအသင်းတွေကိုပါ လောင်းကစားသမားတွေ မဖြစ် စေချင်တော့ဘူး။ အထူးသဖြင့် ကျွန်တော့်အဖေဟာ လိုင်းစုံနေပြီဗျာ ဒါကြောင့် ပညာပေးချင်တယ်၊ အဓိကကတော့ နောက်မမှားရဲအောင် ပေါ့"

"အေးပါ မင်းကတောင် သတင်းလာပို့မှတော့ ငါကရော ဘာ လာမဖမ်းနိုင်ရမှာလဲ"

မျက်ဝန်း၏အရှက်တရားတွေကို ဝါးမြိုဖို့ စိတ်ကြွကော်ဖီမစ် တစ်ထုပ်နှင့် ကြံရွယ်နေသော ဒေါ်စန္ဒာထွေးနှင့် အဖေ့အကြံတွေ ဒီည လုံးဝမအောင်မြင်စေရဘူး။

မျက်ဝန်းကို ကာကွယ်ရမယ်။ မျက်ဝန်းဘဝ မွဲတစ်ပေါက် တောင် အစွန်းမခံနိုင်ဘူး မျက်ဝန်းရာ။ ငါ အဲဒီလောက် နင့်ကိုချစ်တာ

"ရော့ အဲဒီကော်ဖီမစ် သွားဖျော်ပေးစမ်း"

ဒီအတိုင်း ဖျော်သောက်လိုက်ဟုပေးလျှင် သောက်ချင်မှသောက် မည်မို့ အရင်ဆုံး ဖျော်နိုင်းပြီးမှ သူသောက်ရဖို့ တစ်မျိုးကြံရမည်။





"ပလိန်းဖျော်ရမလား သကြားထည့်ဖျော်ပေးရမလား အမေ"

"ပလိန်းပဲဖျော် ဒါ အားဆေးပါတဲ့ ကော်ဖီမစ်၊ ဈေးကြီးတယ်"

"ဟုတ်ကဲ့"

ဖဲဝိုင်းနားတွင် ကြာကြာမထိုင်လို၍ ကော်ဖီမစ်ယူကာ မီးဖိုခန်း ဆီခပ်သွက်သွက် ထွက်ခဲ့လိုက်သည်။

ဒီမိန်းမကြီး ဖဲရိုက်ဝါသနာကြီးပုံကတော့ ဆရာမနိုင်နှစ်ဆောင် မြှင်လောက်သည်။ အဖေလည်း ဘယ်လိုမှ မဟန့်တားနိုင်တော့။ မဆီမ ဆိုင် ခုနေ ဖဲဝိုင်းကို ရဲလာဖမ်းလျှင် ဘယ်လောက်ကောင်းလိမ့်မလဲဟု တွေးမိသေးသည်။

ဒါမှမဟုတ် တစ်နေ့နေ့ တစ်ချိန်ချိန်တော့ မျက်ဝန်းကိုယ်တိုင် ကို တိုင်မည်ဟု တွေးထားလိုက်သည်။

"ဟဲ့ ကော်ဖီဖျော်တာ ကြာလှချည်လား"

"ပြီးပါပြီ"

အတွေးတွေကို အမြန်လက်စသပ်ပြီး ကော်ဖီ ကမန်းကတန်း ဖျော်ကာ ဖဲဝိုင်းရှိရာအိပ်ခန်းထဲသို့ ခပ်သုတ်သုတ် ပြန်ဝင်လာခဲ့လိုက် သည်။

"အမလေး ကော်ဖီဖျော်လာတာတဲ့ နောက်ဖေးကျောက်ဆည် ထဲမှာ ရေရောကျန်သေးရဲ့လား ကြည့်စမ်းပါဦး၊ ကျဲတောက်နေတာပဲ"

ဒေါ်စန္ဒာထွေး ဆီလိုအပေါက်ရှာ ဆူဖို့အကွက်ရှေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတရုပ်ကြီး ဖဲချပ်တွေကိုင်ပြီး ဟိုပြောင်း ဒီပြောင်းလုပ်နေရင်းမှ မျက်ဝန်းကို မသိမသာ ခိုးကြည့်သည်။

ဒီနေ့ညကျမှ မျက်ဝန်းလေးရဲ့အလှက ပိုပြီးတောက်ပနေသလို အချိုးအဆစ်ကျသော ခန္ဓာကိုယ်ပြည့်တင်းတင်းလေးက သွေးဆာနေသော ဦးတရုပ်ကြီး၏ ရာဂစိတ်တွေကို မြှူဆွယ်နေသလိုလို။

သူ့ဆန္ဒတွေ နာရီပိုင်းအတွင်း ပြည့်ဝတော့မှာမို့ စိတ်မထိန်းနိုင်ဘဲ တံတွေးကို ဂလုခနဲ မျိုချလိုက်သည်။ မျက်ဝန်းလေးရဲ့အလှကို အိမ်တစ်လုံးနဲ့လဲရတာ တန်ပါတယ်။

ဖဲပိုင်းမစခင်ကပဲ အိမ်အရောင်းအဝယ်ဆန်သော စာချုပ်တစ်ခုကို စရံသဘောနဲ့ လွှဲပေးထားပြီး မျက်ဝန်းလေး၏ဘဝကို အပိုင်သိမ်းနိုင်ပြီဆိုမှ အပြီးအပိုင် လွှဲပြောင်းပေးရမှာဖြစ်သည်။

"ရော့ အမေ မသောက်တော့ဘူး၊ သွန်ပစ်ရင်လည်း နှမြောစရာမို့ ညည်းပဲသောက်လိုက်တော့"

"ဟင့်အင်း မျက်ဝန်းမှ ကော်ဖီမကြိုက်တာ"

ချော့ပြောနေလို့ ကန်းတက်နေတာလားဟူသော အကြည့်မျိုးဖြင့် စွေကြည့်ပြီး

"ဒီမှာ မိမျက်ဝန်း ညည်းကော်ဖီမကြိုက်မှန်းလည်း သိတယ် ဒါပေမဲ့ ဒီကော်ဖီက အင်အားဖြစ်တဲ့ကော်ဖီ တစ်ထုပ်ကို သုံးထောင့်ငါးရာ တောင်ပေးရတာ၊ သွန်ပစ်ရင် နှမြောစရာကောင်းလို့ သောက်ခိုင်းတာ ရော့ သောက် ခုသောက်လိုက် ငါ့ရှေ့မှာ တစ်ခါတည်းသောက်"





မျက်ဝန်း ဘယ်လိုမှ ငြင်းဆန်၍မရ။ ဆက်ငြင်းနေလျှင်လည်း ...သားတွေရှေ့မှာ မကြားဝံ့မနာသာ စကားလုံးရိုင်းရိုင်းတွေနှင့် အရှက် ...ခံရဦးမည်။

ထို့ကြောင့် မြန်မြန်သောက်လိုက်တော့သည်။ ဒေါ်စန္ဒာထွေး ...ကိ်နှာ ကျေနပ်သွားဟန်ဖြင့်

"လူကြီးက ကောင်းမယ်ထင်လို့ တိုက်တာ ငြိမ်ငြိမ်သောက်ပေါ့ ... ပြီ သွား အိပ်ချင်အိပ်တော့၊ ငါတို့ဖဲဝိုင်းနား မလာလည်းရတယ်၊ ...ညည်းကို ဘာမှမခိုင်းတော့ဘူး"

ချက်ချင်း စိတ်ကောင်းဝင်သွားသော မိထွေးကိုကြည့်ပြီး ...ျက်ဝန်း အံ့ဩမိတာတော့ အမှန်ပါ။ အရင်ကဆိုလျှင် သွားအိပ်နိုင်းဖို့ ...ပြောနှင့် ဖဲဝိုင်းနှင့်ခပ်လှမ်းလှမ်းနားတွင် ထိုင်ငိုက်နေတာကိုတောင် ...ကြိုက်တာမဟုတ်။

"ဒါဆို မျက်ဝန်း သွားအိပ်တော့မယ်နော်"

"ကြွ ကြွ မနက်ကျရင်သာ စောစောထ"

"ဟုတ်ကဲ့ပါ"

ဖဲဝိုင်းနားတွင် တောက်တိုမယ်ရ အခိုင်းခံရဖို့ ထိုင်စောင့်နေရ ...သာဒုက္ခမှ လွတ်လာသော အခွင့်အရေးကို မျက်ဝန်း ဆုံးရှုံးလို့ မဖြစ်။ ... စိတ်ပြောင်းသွားမည်စိုး၍ ခပ်သွက်သွက် ထလာလိုက်သည်။

စိတ်ထဲမှာ ပျော်သလိုလို ပီတိဖြစ်နေသလိုလို ရင်တွေခုန်နေ...သလိုလို တစ်စုံတစ်ခုကို မျှော်လင့်တောင့်တနေသလိုလို ခန္ဓာကိုယ်...တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး လေထဲမှာ ခုန်ပေါက်ပြေးလွှားနေသလိုလို။

ခံစားမှုတွေကို ရုပ်လုံးမဖော်တတ်။ ခြေလှမ်းတွေကို အိပ်ခန်းဆီသို့။

■ ■ ■



## အခန်း (၁၁)

"ဟေ့ ကိုတရုပ်၊ ခင်ဗျားက တော်ပြီလား"

သုံးလေးငါးကြိမ်ဆက်ပြီး ဒေါင်းနေသော ကိုတရုပ်ကို ဖဲသမား ကိုမြင့်ဝေက မကျေမနပ် မေးသည်။ ဒီနေ့ညကျမှ ဦးတရုပ် ဖဲလာဘ်က လည်းရှင်မှရှင် ဖဲကစားလာသည့်သက်တမ်း လူပျိုဘဝကတည်းက ခု အသက်အရွယ်ထိ ငါးကြိမ်ခြောက်ကြိမ်ဆက်တိုက် တစ်ခါမှမဒေါင်းဖူး ဘူး။ ဒီည မျက်ဝန်းလေးကို ပိုင်ဆိုင်ရတော့မည့်ညကျမှပဲ ကံက စွတ်ပြီး ကောင်းတော့တာပဲ။

"အေးလေ ကိုတရုပ်တို့ ဒီညကျမှ အရင်ရှုံးထားခဲ့တာတွေကို သွဲ့ပြီး ယူနေတယ်၊ ခု အနိုင်ပိုင်းပြီး ထတော့မယ်ပေါ့"

ဖဲသမား ဇင်မာမိုးကပါ အာပေါင်အာရင်းသန်သန်ဖြင့် ဝင်ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်ကလာ ထရမှာလဲ၊ နောက်ဖေးမှာ အိမ်သာသွားတက်မလို့ဟ၊ စိတ်ချ ငါ ဒီည ညလုံးပေါက်ထိုင်ပြီး နင်တို့မှာပါသမျှငွေတင်မဟုတ်ဘူး နင်တို့မှာ ဝတ်ထားတဲ့ရွှေတွေကိုပါ အပြုတ်ဖြုတ်မှာ"

"အမလေး ကြိမ်းဝါးနေလိုက်တာ မကောင်းဆိုးဝါးကြီးတစ်ကောင်လိုပဲ သတိလည်းထားဦး အီးတစ်နေဦးမယ်"

ဒေါ်စန္ဒာထွေး စကားကြောင့် ဖဲဝိုင်းတစ်ဝိုင်းလုံး ဝိုင်းရယ်ကြသည်။ ဦးတရုပ် ဂရုမစိုက်အားတော့။ အိမ်သာတက်ချင်ဟန်ပြပြီး နောက်ဖေးခန်းကို ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်သည်။

မျက်ဝန်းအခန်းရှေ့ရောက်တော့ လိုက်ကာလေးကို ခြေတုန်လက်တုန်ဖြင့် လှပ်လိုက်သည်။

ဇာခြင်ထောင်ပါးပါးလေးထောင်အိပ်နေသော မျက်ဝန်းကို အမှောင်ရိပ်ထဲမှ ခပ်ဝါးဝါးမြင်လိုက်ရသည်။

မီးဖွင့်ချင်ပေမယ့် တခြားလူတွေရိပ်မိကုန်မည်မို့ မီးရောင်အောက်မှာ ထင်ထင်ရှားရှား မြင်တွေ့ရမည့် မျက်ဝန်း၏အတွင်းသားအလှတွေကို တစ်ဝကြီးခံစားကြည့်ရှုဖို့ အခွင့်အရေးကို လက်လွှတ်ကာ အမှောင်ထဲမှာပင် နူးညံ့သောအထိအတွေ့တို့ဖြင့် အပြည့်အဝခံစားလိုက်တော့မည်ဟု အားခဲကာ

ဇာခြင်ထောင်လေးကို လှပ်ပြီး သူပါ ခြင်ထောင်ထဲဝင်လိုက်သည်။ စောင်ခေါင်းမြီးခြုံပြီး ဘေးတစ်စောင်းလေးအိပ်နေသော မျက်ဝန်း





ဘေးမှာ အရင်ဆုံးဝင်အိပ်လိုက်သည်။

ပြီးနောက် မျက်ဝန်း၏တင်ပါးနေရာလေးကို စောင်ပေါ်ကနေအသာအယာပွတ်သပ်လိုက်သည်။ ထို့နောက် ခန္ဓာကိုယ်ကို မျက်ဝန်း၏ကိုယ်ပေါ်သို့ အုပ်မိုးလိုက်သည်။

ပြီးမှ ခြုံထားသောစောင်ကိုဖယ်ပြီး အနမ်းတွေ မနားတမ်းခြွေချပြီး မျက်ဝန်းလေးနှင့်အတူ ဆက်ဆံကြမည်။

စိတ်ကြွစေသော ကော်ဖီတွေသောက်ထား၍ ခုချိန်မှာ သူဘာလုပ်လုပ် မျက်ဝန်းလေး ငြင်းဆန်ရုန်းကန်မည်မဟုတ်။ မနက်ကျလျှင် ဒီည သူ ဘာဖြစ်ထား၍ဖြစ်ထားမှန်း သိမှာတောင်မဟုတ်တော့။

ဒီလိုနည်းကို အကြိမ်ကြိမ်အသုံးပြုလျှင်သိပ်မကြာခင်မှာ မျက်ဝန်းလေးမှာ ကိုယ်ဝန်ရှိလာနိုင်သည်။ ထိုအချိန်ကျမှ ပိုက်ဘောကို အသာလေးဖမ်းလိုက်ရုံပင်။

အကွက်ကျသော အကြံအစည်ကို တစ်ဝကြီးတွေးပြီး အချစ်ပွဲဝင်ဖို့ စိတ်တွေကို စုစည်းလိုက်သည်။

"ခွပ်"

"အောင်မလေးဗျ ဆော်တယ်"

ခပ်ပြင်းပြင်း လက်သီးချက်က မေးစေ့ကို လာထိ၍ အယောင်ယောင်အမှားမှား ထအော်လိုက်သည်။

ထိုအချိန်မှာပင် အိမ်ရှေ့မှာလည်း ဝရုန်းသုန်းကားပြေးလွှားသံ အော်သံဟစ်သံ ကြိမ်းမောင်းသံတို့ကြောင့် အိမ်မှာ သိမ့်ခနဲ သိမ့်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



တုန်၍နေသည်။

"လူယုတ်မာ ကဲကွာ"

ကိုယ်အုပ်မိုးထားသော မျက်ဝန်းခန္ဓာကိုယ်သည် ခြေတံရှည်ရှည်ဖြင့် လှမ်းကန်သည်။ မီးတို့ဖျတ်ခနဲ ပွင့်လာ၏။

"ဟင် မျက် မျက်ဝန်း မဟုတ်ပါလား"

"ငါ မျက်ဝန်းမဟုတ်ဘူး။ မျက်ဝန်းအဖေပဲ၊ မင်းနဲ့ဟိုကောင်မသောက်ကြံကို ငါသိထားလို့ ခုလို ငါ့သမီးအိပ်ရာထဲမှာ ငါစောင့်နေတာ"

"ကဲ ဒီထဲမှာရော လူရှိလား"

"ရှိတယ် ရှိတယ် ဟောဒီမှာ ဗိလိန်ဖဲသမားတစ်ကောင် ကျန်သေးတယ်"

အခန်းဝကို ရောက်လာပြီး လာမေးသော ရဲတစ်ယောက်ရှေ့ကို ဦးတရုပ်ကြီးအား တွန်းပို့လိုက်သည်။ ဦးတရုပ်ကြီး ဟပ်ထိုးလဲကျကာ ပြန်မထနိုင်။

ရဲက အသင့်ပါလာသော လက်ထိပ်ဖြင့် ဦးတရုပ်ကြီးလက်ကို ခတ်လိုက်သည်။ မထင်မှတ်ဘဲ အဖမ်းခံရ၍ ဦးတရုပ်ကြီးမျက်နှာမှာ ဇီးရွက်လောက်သာ ရှိတော့သည်။

ဒေါ်စန္ဒာထွေးမှာ ဦးတရုပ်ကြီးကို မြင်ပြီး အံ့သြသွားသည်။ သူလည်း လက်ထိပ်နှင့်ပင်။

"ဟင် ကိုထွန်း ရှင် ရှင်လက်ထောက်ချလိုက်တာပေါ့ ဟုတ်လား"





"ဟုတ်တယ် မင်းနဲ့တရုပ်ကြီး စိတ်ကြွကော်ဖီကိုအသုံးချပြီး ငါ့သမီးအပေါ် ယုတ်မာမယ့်အစီအစဉ်ကိုသိလို့ အလုပ်သွားချင်ဟန်ဆောင်ပြီး ငါ့သမီးအခန်းကနေ ကြိုစောင့်နေတာကွ"

"ဪ ရှင်က ရှင့်သမီးနဲ့ကျွန်မကို လဲလိုက်ပြီပေါ့ ဟုတ်လား။ ရတယ် ကျွန်မ ထောင်ကထွက်လာတာနဲ့ ရှင်တို့သားအဖကို ကျွန်မဒုက္ခပေးပြမယ်၊ ခုချိန်ကစပြီး ရှင်နဲ့ကျွန်မနဲ့ ဘာမှမပတ်သက်တော့ဘူး"

"ရတယ် ငါကလည်း ငါ့မျက်နှာမှမထောက် ငါ့သမီးအပေါ် ခုလို ယုတ်မာတဲ့အကြံမွေးတဲ့မင်းကို ပတ်သက်စရာအကြောင်းမရှိတော့ဘူး"

သမီးဘက်က ရပ်တည်ပေးခြင်းမရှိဘဲ မယားမျက်နှာကိုသာကြည့်ပြီး နေခဲ့သော ဦးထွန်းနိုင် ဒီတစ်ခါတော့ သမီးရှေ့ကနေမားမားရပ်ပေးနိုင်သော ဖခင်ကောင်းတစ်ယောက် ဖြစ်သွားပြီမို့ ဒီမိန်းမနှင့်ပေါင်းရလည်း ကျေနပ်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဦးတရုပ်ကြီး၏အစော်ကားခံရဖို့အခြေအနေတစ်ခုထဲမှ ဖွဲ့မြတ်ကြောင့် လွတ်မြောက်လာရ၍ မျက်ဝန်းမှာ ဖွဲ့မြတ်၏စေတနာကို ကျောနိုင်၍ မရတော့။

"ငါ နင့်ကို ကျေးဇူးတင်တယ် ဖွဲ့မြတ်၊ ရင်ထဲကကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တာပါ"

"ဟာ ငါကတောင် နင့်ကိုပြန်ပြီးတောင်းပန်ရမှာပါဟာ၊ ငါ့အဖေလုပ်ရပ်ကြောင့် နင့်ကိုငါ ကယ်လိုက်နိုင်ပေမယ့် ငါ့အဖေကြောင့် ငါကိုယ်တိုင် အပြစ်ရှိသူလို ခံစားနေရပြီ၊ နင့်ကိုမျက်နှာချင်းဆိုင်ရမှာ တောင် မျက်နှာပူနေရတဲ့အချိန်မှာ နင့်ရဲ့ကျေးဇူးက ငါနဲ့မတန်ပါဘူး"

အပြစ်ရှိသူလို တောင်းပန်နေသော ဖွဲ့မြတ်ကိုကြည့်ပြီး မျက်ဝန်း မျက်ရည်ဝဲခဲ့ရသည်။





"ငါလေ နင့်ကိုအထင်လွဲခဲ့တယ် ဖွဲ့မြတ်ရယ်၊ နင့်အဖေလို နင်ဟာလည်း အကျင့်စာရိတ္တမကောင်းတဲ့သူဆိုပြီး စွပ်စွဲခဲ့မိတယ်"

မျက်ဝန်း၏နောင်တစကားကြောင့် ဖွဲ့မြတ် ပြုံးသည်။

"အဲဒါ နင်မှမဟုတ်ဘူး တစ်ရပ်ကွက်လုံးက လူတွေက နင့်လိုပဲ ထင်ကြတယ်၊ အဖေ အကျင့်မကောင်းတာနဲ့ ငါကလည်းအကျင့်မကောင်းတဲ့သူ ဖြစ်ရောလားဟာ၊ ဒါကြောင့် ငါလေ လူတွေရဲ့အမြင်တွေ တယူသန်စိတ်တွေကို ဆန့်ကျင်ချင်တာနဲ့လေ ငါ့အဖေက မကောင်းတဲ့အလုပ်တွေ များများလုပ်လေ ငါက ကောင်းတာတွေများများလုပ်လေပဲ၊ မကောင်းတာ မှန်သမျှကို ငါရွံမုန်းတယ်၊ ဒါကြောင့် အရက် ဖဲ မိန်းမကိစ္စရှုပ်ဖို့နေနေ သာသာ ဆေးလိပ်တောင် ငါမသောက်ပါဘူးဟာ"

ဖွဲ့မြတ် အသောက်အစားကင်းတာ သူကိုယ်တိုင်ပြောပြမှမဟုတ် မျက်ဝန်းလည်း သိသည်။

မျက်ဝန်းကို လက်ထပ်ခွင့်တောင်းတာကို ငြင်းလိုက်ပေမယ့် သူဟာ မျက်ဝန်းအတွက် ငြင်းစရာမရှိတဲ့လူကောင်းတစ်ယောက်ဆိုတာ မျက်ဝန်းလည်း သိသည်။

"ငါလည်း နင်ရိုးသားတဲ့သူဆိုတာ သိပါတယ်၊ ငါတင်မဟုတ်ဘူး တစ်ရပ်ကွက်လုံး သိပါတယ်၊ အဖေကဆိုရင် နင့်အကြောင့် ငါ့သမီး သာ မပျက်စီးရတာဆိုပြီး တဖွဖွပြောပြီး ကျေးဇူးတင်နေတာ"

"ဒါနဲ့ နင့်အဖေ ဟိုမိန်းမကြီးကို ရှုံးချိန်းသွားမတွေ့ဘူးလား"



www.burmeseclassic.com

"ရှေ့အပတ် ရမန်ထုတ်မှ တွေ့မယ်တဲ့၊ လိုအပ်တာတွေ သွားပို့မယ်ဆိုလား။ ဒါတောင် အဖေက လုံးဝမတွေ့တော့ဘူး လုပ်နေတာ"

"အေးလေ သူလည်း သူ့အပြစ်သူခံနေရပြီပဲ၊ ငါလည်း အဖေ့ကို သွားတွေ့ရမယ်၊ အဖေ့ရှေ့နေကတော့ အချုပ်ထဲမှာ ကောင်းကောင်းမွန်မွန်နေရအောင် နည်းနည်းပါးပါး လိုင်းပူးလိုက်တယ်လေ"

"ကဲ ငါသွားတော့မယ်ဟာ၊ နင့်ကိုကျေးဇူးတင်တဲ့အကြောင်းလာပြောတာ၊ အဲဒီကျေးဇူး တစ်ချိန်ချိန်မှာ ပြန်ဆပ်ပါ့မယ်နော်"

■ ■ ■

"ရှင် အဖေက ဖွဲ့မြတ်နဲ့ မျက်ဝန်းကို လက်ထပ်ပေးမလို့ဟုတ်လား"

"ဟုတ်တယ် သမီး၊ အဖေတော့ မောင်ဖွဲ့မြတ်လိုလူရိုးလူအေးလက်ထဲ ထည့်လိုက်ရမှာကို လုံးဝမတွေဝေဘူး။ သူဟာ သမီးနဲ့အထိုက်တန်ဆုံးလူပဲ"

မျက်ဝန်းကြောင့် ဖခင်ကိုတောင် အပြစ်ပေးရဲသည့် ဖွဲ့မြတ်ဟာ အမှန်တရားဘက်မှ ရပ်တည်တတ်သော ယောကျ်ားကောင်းအမြင် မျက်ဝန်း ငြင်းစရာမရှိပေမယ့် အချစ်ဆိုတာ ဘာလဲဆိုတာကို မျက်ဝန်း သိချင်ပါသေးသည်။

မိထွေးလက်အောက်မှာ မျက်စိသူငယ် နားသူငယ်နှင့် အဖိနှိပ်ဘဝနှင့် အရွယ်ရောက်လာခဲ့သော မျက်ဝန်းမှာ အချစ်နှင့်ပတ်သက်ထိတွေ့ဖို့နေနေသာသာ ရည်းစားပင်ထားခဲ့ဖူးသူမဟုတ်။





ဖွဲ့မြတ်ကို ချစ်သလား မချစ်သလားဆိုပြီး ကိုယ့်နှလုံးသားကို မေးပြီး မဆန်းစစ်တတ်သောက်အောင်ကို မျက်ဝန်းဟာ နုံအရိုးသားလွန်းသူပါ။

"အဖေ ဘာကြောင့် ဖွဲ့မြတ် လက်ထဲ မင်းကိုအပ်ခဲ့သလဲဆိုတော့ အဖေလေ လူ့ဘောင်ကိုစွန့်ခွာပြီး သာသနာ့ဘောင်ထဲဝင်ဖို့ ဆုံးဖြတ်ထားလို့ပါပဲ"

ထိုစကားကြောင့် မျက်ဝန်း စိတ်လှုပ်ရှားသွားသည်။ စိတ်ခံစားချက်က ရုတ်ချည်းဆိုသလို ကူကယ်ရာမဲ့သလို ဖြစ်သွားရသည်။

အဖေ့ပုံစံက လူ့ဘဝကို တော်တော်လေး စိတ်ကုန်နေသဖြင့် သေသေအချာ ဆုံးဖြတ်ထားပုံပင်။ မျက်ဝန်း၏မျက်နှာပေါ်မှာ သောကရိပ်တချို့ ဖြတ်ပြေးသွားသည်။

သာသနာ့ရေးကိစ္စမို့ မျက်ဝန်း ဘယ်လိုတားရက်ပါ့မလဲ။

"အဖေက ဘုန်းကြီးဝတ်မှာဆိုတော့ ဒီအိမ်မှာ မျက်ဝန်းတစ်ယောက်ထဲ ဘယ်လိုနေခဲ့ရမှာလဲ အဖေရယ်"

ငိုမဲ့မဲ့ ပြောနေသော မျက်ဝန်းကို အဖေ ခပ်ပြုံးပြုံးကြည့်ပြီး

"ခြောက် ဝေးရန်ကော ငါ့သမီးရယ်၊ အဖေခုပဲပြောနေတာလေ၊ ဘုန်းကြီးဝတ်တော့မှာမို့ ငါ့သမီးကို ဖွဲ့မြတ်နဲ့ပေးစားပါမယ်လို့ အဖေ သာသာနာ့ဘောင်ဝင်ဖို့ နောက်ကြောင်းအေးသွားပြီ၊ အဲဒီယောက်ျားနဲ့ဆိုရင် အဖေ သမီးကိုလုံးဝ စိတ်ချတယ်"

ဖွဲ့မြတ်အပေါ်မှာ တော်တော်လေး ယုံကြည်ကိုးစားနေသော

www.burmeseclassic.com



အဖေ့ဆန္ဒတွေကို မျက်ဝန်း ဘယ်လိုငြင်းရပါ့။

"သူ့အဖေ ဦးတရုပ်ကြီးကို မျက်ဝန်း ကြောက်တယ် အဖေရဲ့"

"အဲဒီအတွက် စိတ်ချစမ်းပါ ဖွဲ့မြတ်ကိုယ်တိုင်က ပြောထားပြီးသား၊ သမီးနဲ့သာ လက်ထပ်ခွင့်ရရင် သူ့အဖေနဲ့သူ ခပ်ဝေးဝေးနေမှာပါတဲ့"

ထိုစကားကို မျက်ဝန်းကိုလည်း ပြောထားဖူးပါသည်။

"မိဘက သင့်တော်မယ်ထင်လို့ စီစဉ်တာမို့ မငြင်းပါနဲ့ သမီးရယ်၊ မောင်ဖွဲ့မြတ်လို ရိုးသားတဲ့လူငယ်ကို အဖေတော့ သားမက်တော်ချင်တယ် သမီးရယ်၊ သမီးဘဝငြိမ်းချမ်းမှာပါ"

"ဟုတ်ကဲ့ပါ အဖေရယ်၊ မျက်ဝန်း အဖေ့ဆန္ဒကို ဒီထက်ပိုပြီး မငြင်းချင်တော့ပါဘူး"

အဖေ ကျေကျေနပ်နပ်ပြုံးလိုက်ပြီး

"အေးပါ သမီးရယ် အဖေ့သမီးက လိမ္မာပြီးသားပါ"

မျက်ဝန်းရင်ထဲမှာ တစ်ခုခုကို ဆုံးရှုံးလိုက်ရသလို ဟာတာတာကြီးဖြစ်သွားသည်။

တကယ်ဆို မျက်ဝန်းက အချစ်ဆိုတာ ဘာမှန်းသိသေးတာ မဟုတ်ပါဘူး။

■ ■ ■



## အခန်း (၁၃)

"မြသားရေ မောင်တို့ဟန်းနီးမွန်းခရီးအတွက် ဒယ်ဒီက ဖူးခက်မှာရှိတဲ့ ဒယ်ဒီ့မိတ်ဆွေဟိုတယ်မှာ ဘွတ်ကင်လုပ်ပြီးပြီတဲ့"

ကိုယ်ပေါ်မှ လက်ဝတ်လက်စားတွေ တစ်ခုချင်းဖြုတ်နေသော မြသားတိမ်၏ ဆေးရောင်စုံခြယ်သထားသော မျက်နှာလှလှလေး မသိမသာ မဲ့သွားသည်။

ဘုန်းထွဋ်ခေါင် မှန်တင်ခုံရှေ့မှာထိုင်ပြီး မဲ့လိုက်သော မြသားတိမ်ကို စိတ်ပူစွာ မေးလိုက်သည်။

"ဟင် ဘာဖြစ်လို့လဲ မြသားရဲ့၊ ဘာလဲ ဖူးခက်ကို မသွားချင်ဘူးလား"

"အင်းပေါ့လို့ မြသားအတွက် ဟန်းနီးမွန်းကို နိုင်ငံခြားခရီးစဉ်လောက်မှ မသွားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဒါဆိုရင် မြန်မာပြည်တွင်းထဲက ထူးခြားတဲ့နေရာတွေကို သွားမလား"

"အင်းပေါ့ မြသားက နိုင်ငံခြားမှာပဲ အနေများလာတဲ့သူဆိုတော့ တစ်ခါတလေ ကိုယ့်မြေကိုယ့်ရေကို အပြည့်အဝ ခံစားချင်တယ်"

"ဟား ကောင်းလိုက်တဲ့စိတ်ကူးကွာ၊ ကိုယ့်မိန်းမရဲ့စိတ်ကူးက မြန်မာဆန်လိုက်တာ၊ ကဲ ပြော ဒါဆိုရင် ဘယ်ကိုသွားမလဲ"

"ပုဂံဘုရားဖူး"

"ဝါး ကောင်းလိုက်တဲ့ စိတ်ကူးကွာ"

"ကို သဘောတူတယ်ပေါ့"

"တူတာပေါ့ ကိုယ်လည်း ပုဂံမရောက်တာ တော်တော်လေးကြာပြီကွ ဒါပဲနော်၊ သိပ်မကြာခင်မှာ ကိုယ့်ကို သားသားလေးဖြစ်ဖြစ် မီးမီးလေးဖြစ်ဖြစ် မွေးပေးရမယ်နော်"

ဘုန်းထွဋ်ခေါင်၏တောင်းဆိုမှုကြောင့် မြသားတိမ် ရှက်သွားသည်။ မင်္ဂလာဦးညကိုတောင် အတူတူမကျော်ဖြတ်ရသေးဘူး သားလေးသမီးလေးတွေ တောင်းဆိုနေပြီမို့ ရှက်မျက်စောင်းလေးဝဲ့ကာ

"ကိုနော် လောဘသိပ်ကြီးတာပဲ"

"အဲဒါကို လောဘလို့မခေါ်ဘူး မြသားရဲ့ ကိုယ်တို့ရဲ့အချစ်သက်သေလို့ခေါ်တယ်၊ ကိုယ်ကတော့လေ မြသားနဲ့လက်မထပ်ခင်ကတည်းက သားသားလေးတွေ မီးမီးလေးတွေနဲ့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုလေးအဖြစ် ဖန်တီးချင်တာကွ"





"အဲ့မှာ ဒီကလည်း ဒီလိုပါပဲနော်၊ မွေးလာမယ့်ရင်သွေးလေးက မြသားနဲ့တူမလား ကိုနဲ့တူမလားဆိုပြီး သိချင်တဲ့စိတ်က အရမ်းကို ရင်ခုန်ရာကောင်းတယ်"

"ဟုတ်လား မှန်းစမ်း ရင်ခုန်သံဘယ်လောက်မြင့်ထန်သလဲ ကိုယ် သိချင်တယ်"

မြသားတိမ်၏ရင်ညွှန့်နားသို့ ဘုန်းထွဋ်ခေါင်နားကပ်ထောင်လိုက်သည်။ မြသားတိမ် အရှက်ပြေ တွန်းထုတ်လိုက်ပြီး

"ကဲပါ ဖယ်ပါ ကိုရယ်၊ မြသား သတို့သမီးဂါဝန်ကြီး လဲရဦးမယ်၊ ဒီမှာ စိတ်အိုက်နေပြီ"

"အင်း နေပါဦး မြသားရင်ခွင်ထဲမှာ သုံးမိနစ်လောက် နေချင်သေးလို့ပါကွာ"

အကဲပိုပြနေသော ဘုန်းထွဋ်ခေါင်ကိုကြည့်ပြီး မြသားတိမ် တခစ်ခစ်ဖြင့်ရယ်ရင်း

"ဟော မာမီ .အဟင်း ဒီမှာလေ မာမီ့သားကလေးဆိုးကြီး လုပ်နေတယ်"

မာမီဆိုသော ခေါ်သံနှင့် တိုင်လိုက်သောကြောင့် မြသားတိမ် ရင်ခွင်မှ ရှက်ရွံ့စွာဖြင့် ကမန်းကတန်း ခေါင်းထောင်လိုက်သည်။

"ဟင် ဘယ်မှာလဲ မာမီ၊ ဟာကွာ မြသား ကိုယ့်ကို ညာတယ်၊ ဘယ်မှာလဲ မာမီ"

"ဝင်မလာပါဘူး ကို့ကို တမင်စလိုက်တာ ကိုက အကဲပိုနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး''

''အကဲပိုတာမဟုတ်ဘူး၊ အဲဒါ ရင်ဘတ်ထဲက အချစ်တွေ ထုတ်ပြနေတာ၊ ဒီနေ့ဟာ ကိုယ့်ရဲ့နုတ်မိမယ်လေးကို ပိုင်ဆိုင်ရမယ့်နေ့''

''ကိုကလည်းလေ တစ်ယောက်ဘဝကိုတစ်ယောက် ပိုင်ဆိုင် ပြီးနေမှပဲ အီစီကလီတွေ လုပ်နေပြန်ပါပြီ ဖယ်ပါတော့''

အနာဂတ်အတွက် ပျော်ရွှင်မှုတွေ ထမ်းပိုးသယ်ဆောင်ထား သော ဇနီးမောင်နှံ၏မင်္ဂလာဦးညသည် အခါများစွာက ညတွေထ ပို့ပြီး ဝင့်ထည်တင့်တယ်၍နေသည်။

ရွှေငွေဂုဏ်ခြင်တွေ စီခြယ်ထားသော ဘဝနှစ်ခုပေါင်းစပ်မှ အချစ်တွေသည်လည်း သူ့အလိုလို သက်ဝင်လှုပ်ရှားသော စိန်စီပ ကားတစ်ချပ်နှယ်။ အဖိုးအနဂ္ဃထိုက်တန်ပြီပေါ့။

■ ■ ■

ညေ့်ခန်းထဲတွင် မြသားတိမ်နှင့် အလုပ်ရှင်အလုပ်သမားအ ထိတွေ့မိတ်ဆက်ပေးဖို့ အိမ်အကူ ဆယ်ယောက်ခန့် တန်းစီပြီး ရပ်နေ

အားလုံးကို ပြုံးပြသော မြသားတိမ်၏အပြုံးသည် နွေးထွေ ပြိမ်းချမ်းလွန်းသည်။

''အားလုံးပဲ မြသားတိမ်နဲ့အထူးမိတ်ဆက်ပေးစရာမလို ဘူးနော်၊ မြသားက ဒီကအိမ်သားတွေရဲ့တာဝန်ယူမှုအပိုင်းတွေကို သ ယောက်ဆို သိထားသင့်တယ်ထင်လို့ မိတ်ဆက်ပေးရမယ်''

''ကဲ မြသား ဒီဘက်အစွန်က အမြဲတမ်း ပြုံးနေတဲ့





ဒေါ်နန်းပေါ်တဲ့၊ ဒီအိမ်ရဲ့အလုပ်ကိစ္စတွေအားလုံးကို စီမံခန့်ခွဲတဲ့သူပေါ့''

ဒေါ်နန်းပေါ် ပြုံးကာ အရိုအသေပေးသည်။

''လိုအပ်တာမှန်သမျှ ဒေါ်နန်းကို ခိုင်းနော် မမလေး''

''ဟုတ်ကဲ့ပါ ဒေါ်နန်း''

''ဒေါ်နန်းဘေးက သုံးယောက်က ချက်ရေးပြုတ်ရေးအပိုင်း တာဝန်ယူထားရတဲ့ ညီအစ်မသုံးယောက်၊ မော်မော် သော်သော်နဲ့ နော်နော်တဲ့၊ သူတို့လည်း ဒေါ်နန်းပေါ်ရဲ့တူမတွေပဲ၊ မြသား ဘာစားချင် သလဲ၊ စိတ်ထဲမှာပေါ်လာသမျှကို စားချင်သမျှကိုပြော သူတို့က မြသားရှေ့ ကို နာရီပိုင်းအတွင်း ရောက်အောင် စီစဉ်ပေးနိုင်တယ်''

မော်မော် သော်သော်နှင့်နော်နော်ကို အလိုက်သင့်လေး ခေါင်း ညိတ်ပြလိုက်သည်။

''ဟောဟိုက မပိုင်းနဲ့ ကိုစိုင်းက လင်မယားတွေလေ၊ မပိုင်း က အိမ်သန့်ရှင်းရေးအပိုင်းကို တာဝန်ယူထားတယ်၊ ကိုစိုင်းက လိုအပ် တာမှန်သမျှ ဝယ်ပေးရတဲ့ အဝယ်တော်ပေါ့၊ အထူးသဖြင့် အိမ်အတွက် ဈေးဝယ်သီးသန့်ကို တာဝန်ယူထားတာ''

မပိုင်းနှင့်ကိုစိုင်း ခေါင်းညွှတ်ခါးကိုင်းကာ အရိုအသေပေးသည်။

''ဒီဘက်က ဦးငယ်လေးတဲ့၊ သူကတော့ ဒီအိမ်ဒီခြံရဲ့ဥယျာဉ် မှူးပေါ့၊ ကိုယ်တို့အိမ်အတွင်း အပြင်မှာရှိတဲ့ ဘွန်ဆိုင်းပင်တွေ၊ ပန်းပင် တွေနဲ့ ရေတံခွန်ပုံစံငယ်တွေအားလုံးဟာ ဦးငယ်လေးရဲ့ဖန်တီးမှုလက်ရာ တွေပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"မြသား ဒီအိမ်ရောက်ကတည်းက သဘောအကျဆုံးက ခြံ ထဲမှာ ရောင်စုံပွင့်နေကြတဲ့ ပန်းတွေပဲ၊ ပြင်ဦးလွင်ကို ရောက်နေသလား လို့တောင် ခံစားလိုက်ရတယ်"

"မမလေးက ပန်းတွေကို အရမ်းချစ်တယ်လို့ ဘော့စ်က ပြော ထားလို့ ကျွန်တော် အစွမ်းကုန် ကြိုးစားစိုက်ထားတာပါ"

ကိုယ့်အပေါ် အလေးအနက်ထားပြီး ဂရုတစိုက်ရှိသော ကိုယ့် ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။ ကိုကရှလည်း မြသား မြတ်နိုးစွာ ငုံ့ကြည့်သည်။

"သူဌေးလေး ကျွန် ကျွန်တော် ကျန်သေးတယ်လေ"

ဦးချစ်စရာလို ပုပုပြတ်ပြတ် လူရွယ်လေး သူ့ကို မိတ်မဆက် ပေးသေးသဖြင့် စိတ်မဖြောင့်သေးသူလို အားမလိုအားမရ ဝင်ပြောသည်။

ဘုန်းထွဋ်ခေါင်ရော ကျန်သူများပါ ရယ်လိုက်ကြပြီး ဘုန်းထွဋ် ခေါင်မှာ လူရွယ်လေး၏ခေါင်းကို ချစ်စနိုးပုတ်လိုက်ပြီး

"မင်းက အရပ်ပုနေတော့ ငါက မိတ်ဆက်ပေးဖို့ မေ့သွားတာ ကွ၊ အောက်ကို ငုံ့မကြည့်မိဘူးလေ"

"ဟာဗျာ ပုတော့ နတယ်ဗျ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ကဲ မြသား သူက ဒီအိမ်မှာ ရှိသမျှ လျှပ်စစ်အပိုင်းတွေနဲ့ တခြားစက်ပစ္စည်းအပိုင်းတွေကို အဲ အိမ်ကကား တွေကိုပါ ပြင်ဖို့အတွက် အထူးခန့်ထားတဲ့သူ သူ့နာမည်က မောင်မောင် ကြီးမြင့်တဲ့"





မြသားထံမှ ခစ်ခနဲ ရယ်သံထွက်သွားသည်။ မောင်မောင်ကြီး မြင့် အရှက်ပြေရယ်ရင်း

"မမလေးက ကျွန်တော့်နာမည်ကို နိုက်သွားပြီ တွေ့လား သူဌေးလေး"

မောင်မောင်ကြီးမြင့် စကားကြောင့် အားလုံးရယ်ကြသည်။

"အဲ နောက်တစ်ယောက်ကျန်သေးတယ် မြသားရဲ့၊ သူ့ကို အပြင်နိုင်းထားလို့"

"ဟော့တော် ဒီအိမ်မှာ ဝန်ထမ်းတွေ မကုန်သေးဘူးလား"

"အားလုံး ကိုးယောက်ထဲပါ။ ခုကျန်တဲ့တစ်ယောက်က မြသား ရဲ့ဝေယျာဝစ္စတွေကို အသေးစိတ်စီမံခန့်ခွဲပေးမယ့် အထူးစပါယ်ရှယ်နှစ် နာမည်က လှယဉ်ပိုတဲ့ အခု သူ မြသားအတွက်လိုအပ်တဲ့ အားဆေးတွေ အာဟာရ ဖြည့်စွက်စာတွေကို သွားဝယ်နေတာ၊ သူ့ကို အဓိကညွှန်ကြား တဲ့သူက ကိုယ်တို့ရဲ့ မိသားစုဆရာဝန် ဦးညီမင်းညိုလေ၊ မြသားရဲ့နှလုံး ရောဂါကို အနီးကပ်ပြုစုစောင့်ရှောက်ပေးဖို့ မာမီတို့က အပ်ထားပြီးသား"

"အို ကိုရယ် မြသားက လူမမာလည်းမဟုတ်ဘဲနဲ့ နှစ်မှမလို တာ၊ ကိုယ့်ဟာကိုယ် ဆေးပုံမှန်သောက်လည်း ရတာပဲ၊ မြသား နှစ် မလိုချင်ဘူး။ ပြန်ထုတ်လိုက်ပါ"

"ဒါပေမဲ့ ကိုယ်က စိတ်မချဘူး။ မြသားတိမ်ဆိုတဲ့ကလေးမလေး က ပွင့်ဖတ်လေးလို အရမ်းနူးညံ့ နုဖတ်လွန်းတဲ့ လေကြမ်းကြမ်းတောင် အတိုက်မခံတဲ့ ရွှေမင်းသမီးလေးမို့ ကိုက အရမ်းကိုဂရုစိုက်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်တောင် မဖြစ်စေရဘူး"

အချစ်ငတ်လွန်းသော မြသားတိမ်နှင့် ချစ်တတ်လွန်းသော ဘုန်းထွဋ်ခေါင်တို့၏ အချစ်ခရီးလမ်းသည် အများသူငါ အားကျရလောက်အောင်ကို အချစ်တွေ ဖိတ်လျှံ၍နေသည်။

ငယ်စဉ်ကတည်းက ငွေကြေးချမ်းသာပြည့်စုံပြီး အခြွေအရံတွေနှင့် လိုတရဘဝဖြင့်နေလာခဲ့ရပေမယ့် မိဘ၏မေတ္တာတောင် အပြည့်အဝ မရခဲ့ရှာသော မြသားတိမ်မှာ ဘုန်းထွဋ်ခေါင်၏လေးနက်ခိုင်မာသော မေတ္တာတရားတွေ ထုံမွမ်းထားသော အချစ်တွေ အပြည့်အဝ ခံစားခွင့်ရရှိခဲ့၍ သေမယ်ဆိုလျှင်တောင် သေပျော်ပါပြီ။

"ကို အဲလောက် ဂရုစိုက်နေရင် မြသား မနေတတ်တော့ဘူး ဖြစ်နိုင်ရင် မြသားကလေ ဘာအခြွေအရံမှမရှိဘဲ ကိုနဲ့ဒီအိမ်ကြီးထဲမှာ နှစ်ယောက်တည်းနေချင်တာ"

"ခုလည်း နှစ်ယောက်ထဲပဲနေရမှာပါပဲဗျာ၊ အားလုံးက ဒီအိမ်ကြီးပေါ်မှာ အိပ်ကြတာမဟုတ်ဘူး။ ဟိုဘက်ကတိုက်မှာ သူတို့ကို တိုက်ခန်းတစ်ခန်း စီစဉ်ပေးထားတယ်လေ"

"ဟုတ်တယ် မမလေးရဲ့ ဒေါ်နန်းတို့ကို ညရေးညတာ လိုအပ်လို့ ခေါ်မယ်ဆိုရင် လူခေါ်ဘဲလ်နှိပ်ရုံပဲ၊ ဒေါ်နန်းတို့ အပြေးလာခဲ့မယ် မမလေး မျက်စိမရှုပ်စေရပါဘူး"

"ဒါနဲ့ မနက်ဖြန် ဘာစားချင်သလဲ မမလေး။ မော်က မြန်မာ အစားအစာနဲ့ တိုင်းရင်းသားအစားအစာ အားလုံးချက်တတ်တယ်၊ ဆော်





သော်နဲ့ နော်နော်ကတော့ အနောက်တိုင်းအစားအစာနဲ့ ပင်လယ်စာ အားလုံးကို ချက်တတ်တယ်"

"ဟုတ်တယ် မြသား။ သူတို့သုံးယောက်က ဟိုတယ်က စားဖိုမှူးတွေလေ၊ မြသားအတွက် လိုအပ်မယ်ထင်လို့ ဒီအိမ်ကို ဂျူတီချိန်းလိုက်တာ"

"ဒါဆို ဟိုတယ်မှာရော စားဖိုမှူးရှိလား"

"ရှိတယ် နောက်ထပ် အသစ်တွေထပ်ခန့်ထားတယ်"

ဘဝမှာ လိုအပ်ချက်မရှိ ပြည့်စုံခြင်းတွေနှင့် နေထိုင်လာခဲ့ရသော မြသားတိမ်အား နောက်ထပ်ပြည့်စုံခြင်းတွေ ထပ်လောင်းပေါင်းစပ်လိုက်ပြန်တော့ လောက၏အခွင့်ထူးခံ လူတန်းစားအဖြစ် ကိုယ့်ဘဝကို ကျေနပ်ချင်သလိုလို။

မွေးကတည်းက ရောဂါတွေနှင့် အထီးကျန်လာခဲ့သမျှ မြသားဘဝ ခုတော့ အထီးမကျန်တော့ပါ။

မြသား အနားမှာ ကို ရှိနေပြီလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မျက်ဝန်း ထတော့မလို့လား။ အစောကြီးရှိသေးတာကို ပြန်အိပ်ပါဦးလား"

မင်္ဂလာဦးညကို အိုးနင်းခွက်နင်း ဖြတ်သန်းခဲ့ပြီး ယခုမနက်မှာတော့ မျက်ဝန်း ဖွဲ့မြတ်ကို မျက်နှာချင်းဆိုင်ဖို့ ရှက်နေပါသည်။

ထို့ကြောင့် ဖွဲ့မြတ် မနိုးခင် အိပ်ရာကအရင်ထပြီး မနက်ခင်းစာစားဖို့ ထစီစဉ်မည်ဟု စိတ်ကူးကာ ဖွဲ့မြတ်ဘေးမှ အသံမကြားအောင် ခပ်ဖြည်းဖြည်း ထလိုက်သည်။

ခုတင်အောက်တောင် မရောက်သေး ခါးကိုလှမ်းဖက်ကာ ပြန်အိပ်ခိုင်းနေသော ဖွဲ့မြတ်ကြောင့် မျက်ဝန်း၏ကိုယ်လေး အိပ်ရာပေါ် ပြန်လဲကျသွားပြန်သည်။

"အို မျက်ဝန်း နေမြင့်အောင် မအိပ်တတ်ဘူး၊ ဖွဲ့မြတ်ရယ်"





"ခုမှ ငါးနာရီပဲ ရှိပါသေးတယ် မိန်းမရယ်၊ ခြောက်နာရီမှထကိုယ်လည်း အတူလိုက်ထမယ်၊ ပြီးရင် မျက်ဝန်း မနက်စာအဆင်သင့်စားရအောင် ကိုယ် အားလုံးပြင်ပေးမယ်"

"ဘာ မိန်းမလဲ၊ အဲလိုကြီး မခေါ်ပါနဲ့၊ နေရထိုင်ရခက်လွန်းသို့ပါ"

"ဟောဗျာ မနေ့ကပဲ မင်္ဂလာဆောင်ပြီးတယ်၊ ညကပဲ မင်္ဂလာဦးညကို တူနှယ်တယ့်နှယ် ဆိုပြီး ရှက်ရှက်နဲ့ အတူတူ ချစ်ကြ ကြ"

"တော်ပါတော့ ဘာတွေလာပြောနေတာလဲ ပြီးပြီးသားကိစ္စကိုနွားတစ်ကောင်လို စားမြုံ့မပြန်စမ်းပါနဲ့၊ ငါ ရှက်လို့သေတော့မယ်"

မျက်နှာမဖော်ရဲလောက်အောင် ရှက်နေသော မျက်ဝန်းကိုကြည့်ပြီး ဖွဲ့မြတ် ရယ်သည်။ တကယ်ဆို ညက ဖွဲ့မြတ်လည်း ရှက်တာပါပဲ ရှက်ရှက်နှင့်ပင် ရင်ခုန်သံတွေ ဖရိုဖရဲနှင့် မင်္ဂလာဦးညကို အတူကျော်ဖြတ်ခဲ့ကြပေမယ့် ဖွဲ့မြတ် ပျော်သည်။

မျက်ဝန်းကို ပိုင်ဆိုင်လိုက်ရပြီဆိုသည့် အသိက ရှေ့ဆက်ဖို့ အင်အားတွေ တိုးလာစေသည်။ ကမ္ဘာပေါ်မှာ ဖွဲ့မြတ်သာလျှင် အပျော်ဆုံး။

"နင်ရှက်သလို ငါလည်းရှက်တာပါပဲ မျက်ဝန်းရယ်၊ ဒါပေမဲ့ငါ အဲဒီလို ခံစားမှုမျိုးကို ကျေနပ်တယ်၊ အထူးသဖြင့် ငါ့ရဲ့မင်္ဂလာဦးညကို ငါချစ်တဲ့နင်နဲ့အတူ ဖြတ်ကျော်ခွင့်ရလို့ လောကကြီးကို ငါကျေးဇူးတင်တယ်"

"ကဲ ကြည့် ဒါပဲ ထပ်ထပ်ပြောနေတာပဲ၊ တော်ပါတော့ဆိုမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း ခပ်ဆတ်ဆတ်လေး အော်လိုက်သည်။

"အရက်မူးသမားတွေက ညဘက်အရက်အလွန်အကျွံသောက်ပြီးလို့ မနက်အိပ်ရာနိုးရင် အရက်နဲ့ဖြေကြတယ်ဟ၊ အဟဲ ငါလည်း နှင့်အချစ်တွေနဲ့ ထပ်ဖြည့်ချင်သေးတယ်"

မျက်ဝန်း၏မျက်နှာကို ငုံ့မိုးနမ်းရှိုက်လိုက်သည်။

"ဟာ ဖယ်စမ်းပါဟာ၊ ငါ မျက်နှာမသစ်ရသေးဘူး။ ရွံစရာကြီး ထ နင်လည်းထတော့"

"နေပါဦးဟာ ငါ အိပ်မက်မက်နေတာလား တကယ်လားလို့ ဒွိဟဖြစ်နေတာဟ၊ ဒါကြောင့် အိပ်မက်မဟုတ်ဘူးဆိုတာ နင်ကိုယ်တိုင် သက်သေပြမှဖြစ်မယ်"

မျက်ဝန်း ကိုယ်လေးကို ဆွဲဖက်ပြီး ရင်ခွင်ထဲ နှစ်ထားလိုက်သည်။

နေခြည်နွေးတို့သည် ပြတင်းတံခါးမှ တောက်ပစွာ ဝင်နေကြပြီးကာမှ အိပ်မက်လား တကယ်လား စမ်းသပ်နေကြသော ဖွဲ့မြတ်နှင့် မျက်ဝန်းတို့နှစ်ဦးကြောင့် ရှက်သွေးဖြာကာ အရောင်ပြန်ဖျော့သွားသည်။

ပြတင်းလိုက်ကာများမှ ဖြတ်ဝင်လာသော လေကြောင့်လား အသစ်စက်စက် မင်္ဂလာဦးဇနီးမောင်နှံ၏ချစ်ရည်လူးမှုကြောင့်လား မသိ၊ ဖျတ်ဖျတ်လူးကာ ရှက်သွေးဖြာနေကြသည်။

ထို့ပြင် ကျေးငှက်တို့၏သံစဉ်နှင့် ပန်းကလေးများသည် အချစ်၏ ဘက်တော်သားများအဖြစ် စည်းချက်ညီညီ တေးဆိုယိမ်းကနေကြပြန်





သည်။

ညကရင်ခုန်သံတို့ ပြန်လည်တစ်ရေးနိုး ရှန်းထလာကြပြန်သည် မှီ နှစ်ဦးသား ကမ္ဘာလောကကြီးနှင့် ခေတ္တအဆက်အသွယ်ပြတ်လျက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒီဘူးထဲက ရွှေတွေက ငါ့အမေဝတ်သွားတဲ့ ပစ္စည်းတွေလေ"

ရှေးဆန်သော လက်ရာဒီဇိုင်းတွေဖြင့် ခန့်မှန်းရခက်လောက်အောင် များလွန်းသော ရွှေတွေကို ကြည့်ပြီး မျက်ဝန်း မအံ့သြဘဲနဲ့ မနေနိုင်။

"ဖွဲ့မြတ် အမေက တော်တော်စုဆောင်းတတ်တာပဲနော်"

"ဘာဖြစ်လို့ အဲလိုပြောရတာလဲ"

"ဒီရွှေတွေက ဖွဲ့မြတ်အမေ စုဆောင်းခဲ့တဲ့ အတွင်းပစ္စည်းတွေ မဟုတ်လား"

ထင်ကြေးစကားကြောင့် ဖွဲ့မြတ်ပြုံးပြီး ယွန်းဘူးကြီးထဲရှိ ရွှေထည်များထဲမှ အစိမ်းရောင်လောကာဘ်ပါသော ဆွဲကြိုးကိုယူကာ မျက်ဝန်း လည်ပင်းမှာ ဆွဲပေးလိုက်သည်။





"အဲဒီရွှေထည်တွေက ငါ့အမေ စုဆောင်းသွားတာ မဟုတ်ဘူး"

"ဟင် စုဆောင်းထားတာ မဟုတ်ဘူး ဟုတ်လား"

"အင်း"

"ဒါဆို ဘယ်ကရတာလဲ၊ ကောက်ရတာလား"

"ဟာ ပေါက်ကရ အဲဒါ ဘိုးဘွားပိုင်ပစ္စည်းတွေ၊ ငါ့ရဲ့အဘိုးအဘွားတွေလက်ထက်ကတည်းက လက်ဆင့်ကမ်းထိန်းသိမ်းလာတာဟ၊ အခု အမေ့အလှည့်ပြီးတော့ တို့သားအမိတွေအလှည့်ပေါ့"

"ဖွဲ့မြတ်တို့အမေက တော်တော်စည်းကမ်းရှိတာပဲနော်၊ ဒီပစ္စည်းတွေကို လျော့မသွားအောင် ထိန်းသိမ်းဖို့ဆိုတာ တော်ရုံအိမ်ရှင်မ မဖြစ်နိုင်ဘူး"

"မျက်ဝန်းထင်သလို အမေ ကောင်းကောင်းမထိန်းသိမ်းနိုင်ဘူး၊ အရင်တုန်းကဆို ရွှေထည်တွေက ဒီထက်များတယ်၊ အဖေက အမေမသိအောင် ခိုးခိုးပြီး ဖဲရိုက်ပစ်တာလေ၊ တကယ်တော့ ငါတို့ ဒီလိုအခြေအနေနဲ့နေရတာ အမေ့ဘက်က အဘိုးအဘွားတွေက စီးပွားဘောင့်တင်းတော့ အမွေတွေလည်းရ လုပ်ငန်းလုပ်ဖို့အရင်းအနှီးတွေလည်း ထုတ်ပေးခဲ့လို့ပေါ့၊ အမေနဲ့မယူခင်က အဖေက ဘာအစွမ်းအစမှမရှိသလို ယူပြီးခဲ့ပြန်တော့လည်း ဘာအစွမ်းအစမှ ထုတ်သုံးမပြဘူး"

မျက်ဝန်း မုန်းသော ဦးတရုပ်ကြီးအကြောင်းပြောနေ၍ မျက်ဝန်း မျက်နှာသိပ်မကောင်းတော့။ ဖွဲ့မြတ် ရိပ်မိသွား၍ ထင်သည်။

"ဆောရီးနော် မျက်ဝန်း၊ အမေ့အကြောင်းပြောရင်းနဲ့ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပါ ဆက်သွားတယ်၊ နင် စိတ်အနှောင့်အယှက်ဖြစ်သွားပြီလား"

"ငါ စိတ်မဝင်စားဘူး ဖွဲ့မြတ်"

"အေးပါ နောက် ငါမပြောမိအောင် နေမယ်နော်"

ကိုယ့်ကြောင့် သားအဖနှစ်ယောက်ကို သွေးမကွဲစေချင်ပါ။ ဖွဲ့မြတ် ငရဲကြီးမှာစိုး၍ဖြစ်သည်။ မျက်ဝန်းကတော့ ဖွဲ့မြတ်၏အဖေ... ပေမယ့် ယောကျ်ားတစ်ယောက်လို ဘယ်တော့မှ အသိအမှတ်မပြုနိုင်။

"ငါ့ကြောင့် နင့်အဖေကို ထောင်ဝင်စာတွေ ရုံးချိန်းတွေ... သွားတွေ့ပါ၊ အပြစ်အဖြစ်မခံပါနဲ့"

"အဲဒီကိစ္စကို ငါ့ဘော်ဒါတစ်ယောက်နဲ့ အားလုံးစီစဉ်ခိုင်းထား... ပြီးပါပြီ၊ ငါကတော့ သွားမတွေ့တော့ဘူး။ စီရင်ချက်ချတဲ့နေ့ကျမှပဲ သွား... တွေ့တော့မယ်"

ထိုစဉ် ဖွဲ့မြတ်၏ဖုန်း ဝင်လာသည်။ ဖွဲ့မြတ် မြည်နေသောဖုန်း... ကို လှမ်းယူကာ ဖုန်းထူးလိုက်သည်။

"ဟဲလို"

"ဗျာ ဟုတ်ကဲ့ ကျွန်တော်က ဦးတရုပ်ကြီးရဲ့သားပါ၊ ဘာကိစ္စ... များ အကြောင်းထူးလို့ပါလဲ"

မျက်ဝန်းစိတ်ထဲ ခုပဲ သူ့အကြောင်းပြောနေတာ သေခဲ့ပြီမ... ဟု တွေးလိုက်သည်။ သားအဖနှစ်ယောက် လွတ်လွတ်လပ်လပ် ပြော... ရန် ထိုင်ရာမှ ထလိုက်သည်။

"ဗျာ အဖေဆုံးပြီ ဟုတ်လား"





ဖွဲ့မြတ်ထံမှ ကြေကြေကွဲကွဲ အသံကြောင့် အခန်းအပြင်သို့ ...ထွက်မည့်ခြေလှမ်းတွေ တွန့်ဆုတ်သွားသည်။ ဖွဲ့မြတ်ကို လှည့်ကြည့်လိုက် ...တော့ ဘယ်လိုမှ မယုံနိုင်သည့်မျက်နှာဖြင့် တုန်လှုပ်ချောက်ချားနေသည်။

ဖုန်းပိတ်ပြီး ခေါင်းငိုက်စိုက်ချသွားသော ဖွဲ့မြတ်နားသို့ မျက်ဝန်း ...ပြန်လျှောက်သွားလိုက်သည်။

"ဖွဲ့မြတ် ဘာတဲ့လဲ နင့်အဖေ ဘာဖြစ်တာလဲ"

"အဖေ အိပ်နေရင်းနဲ့ မနက်မိုးလင်းတော့ အသက်မရှိတော့ ...ဘူးတဲ့၊ ဆရာဝန်ပြောတာတော့ ဦးနှောက်သွေးကြောပြတ်သွားတယ်လို့ ...ဆေးစစ်ချက်ထွက်တယ်တဲ့၊ အဖေ့မှာက သွေးတိုးရောဂါရှိတယ်၊ ငါ့ ...ကြောင့် ငါ့ပယောဂကြောင့် အဖေသေရတာပါဟာ၊ ဒါပေမဲ့ ငါ နောင်တ ...ရဘူး။ အဖေ မသေခင်မှာ သူလုပ်ခဲ့တဲ့အပြစ်ကြွေးတွေ ဆပ်သွားနိုင် ...ခဲ့လေ"

"ငါ စိတ်မကောင်းပါဘူး ဖွဲ့မြတ်ရယ်"

ဦးတရုပ်ကြီးကို ရှုမုန်းပေမယ့် ဖွဲ့မြတ် ခုလို ခံစားရတာကိုတော့ ...မျက်ဝန်း မကြည့်ရက်နိုင်ပါ။

"နင့်စိတ်ကို တင်းမထားနဲ့ ငိုစရာရှိရင် ငိုချလိုက်ပါလား ဖွဲ့မြတ် ...ရယ်"

အံတကြိတ်ကြိတ်နှင့် အသက်မဲ့သူလို ငြိမ်သက်နေသော ဖွဲ့... ...မြတ်၏တိတ်တဆိတ်ကြေကွဲခန်းကို မျက်ဝန်း အားပေးနှစ်သိမ့်နိုင်ရှာပေ့။

အဖေတွေကို ဆုံးရှုံးလိုက်ရတာချင်းအတူတူ မျက်ဝန်းအဖေက



www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ဘောင်ထဲ ဝင်သွားတာဖြစ်ပြီး ဖွဲမြတ်အဖေက ထောင်ထဲတွင် သေဆုံးသွားခြင်း ဖြစ်သည်။

ဖွဲမြတ်၏ခံစားမှုက ပိုရှုပ်ထွေးလာ၏။ ယခုအချိန်မှာ မျက်ဝန်း ဘယ်လိုစကားလုံးမျိုးတွေနှင့် ဖြေသိမ့်ပေးရမလဲ။

■ ■ ■



အခန်း (၁၆)

"မျက်ဝန်းရေ မျက်ဝန်း"

ခြံထဲဝင်လာပြီး တကြော်ကြော် အော်ခေါ်လာသော ဖွဲမြတ်လက်ထဲမှာ စက္ကူလက်ဆွဲအိတ် ဆိုင်းစုံကိုင်လာသည်။

"ဘာတွေဝယ်လာပြန်တာလဲ ဖွဲမြတ်ရယ်"

"အလုပ်ရုံထိပ်နားမှာ အကျီရောင်းတဲ့ဆိုင်အသစ်ဖွင့်တယ်လေ၊ ကလေးအကျီလေးတွေက ဒီဇိုင်းလေးတွေလှပြီး မိခင်လောင်းဂါဝန်လေးတွေပါတွေ့လို့ ဝယ်လာတာ၊ ဆိုင်အသစ်မို့ ဈေးလည်းသက်သာတယ် မျက်ဝန်းရ"

အထုပ်ထဲမှ မွေးကင်းစအကျီကလေးတွေကို တစ်ထည်ချင်း ထုတ်ပြပြီး အကျေနပ်ကြီး ကျေနပ်နေသော ဖွဲမြတ်ကိုကြည့်ပြီး မျက်ဝန်းပါ ခံစားမှုအသစ်တစ်မျိုးကို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့မြတ်ရယ် မျက်ဝန်းမှာကိုယ်ဝန်တောင်ရှိသေးတာ မဟုတ်ဘဲနဲ့ ဘာလို့ ဒါတွေကို ကြိုဝယ်နေရတာလဲ"

"နင်နဲ့ငါ လက်ထပ်ပြီးတာ ခြောက်လကျော်ပြီဆိုတော့ ကိုယ်ဝန်က အချိန်မရွေး ရှိလာနိုင်တာပဲ၊ ပြောလို့မရဘူး ဒီလထဲမှာတောင် ရှိလာနိုင်တယ်နော်"

ကလေးရှူးရှူးနေသော ဖွဲ့မြတ်မှာ ဖခင်တစ်ယောက်ဖြစ်ချင်သော ဆန္ဒတွေဖြင့် ကိုယ့်ဘဝထဲကို ဝင်မလာသေးသော ရင်သွေးလေးအတွက် ကြိုတင်ပြင်ဆင်နေသည်မို့ မျက်ဝန်းလည်း ဖွဲ့မြတ်အတွက် ချစ်စရာကောင်းသော ရင်သွေးလေး မွေးပေးချင်ပါသည်။

"ဒါနဲ့ ဟိုဟာရော ဒီလထဲမှာ ပြီးပြီလား"

အရင်းမရှိ အဖျားမရှိ မေးလိုက်သော အမေးကြောင့် မျက်ဝန်း မေးဆတ်ပြရင်း

"ဘာလဲ ဘာကိုပြီးရမှာလဲ ဖွဲ့မြတ်ရဲ့"

ဖွဲ့မြတ် ခေါင်းကိုကုတ်ပြီး ရယ်ကျဲကျဲရယ်ကာ

"ဟိုဟာလေ မျက်ဝန်းရဲ့၊ အဲ ဓ မွေတာကိုပြောတာ အဟဲ့"

"ဟောတော် အဲဒါ ဘာလို့မေးတာလဲ"

"ရာအိမ်မှူး ကိုသိန်းမြင့်က ပြောတယ်၊ ငါ့မိန်းမ မွေတာမလာတာ နှစ်လလောက်ရှိနေလို့ သူအိပ်တာ ခေါင်းမကျဘူးတဲ့"

"ဟင် အဲဒါ သူနဲ့ဘာဆိုင်လဲ"

"ငါလည်း အဲဒါကို မရှင်းလို့ ဘာဖြစ်လို့ ခေါင်းမကျတာလဲလို့





မေးတော့ အဲလို မွေတာနှစ်လလောက် မပေါ်ရင် ကိုယ်ဝန်ရှိနေလို့ပဲတဲ့၊ အခု အပြင်မှာက ခြောက်ယောက်၊ မွေတာမပေါ်လို့ နောက်တစ်ယောက်ဆိုရင် ခုနစ်ယောက်ဖြစ်မယ်၊ ဒါကြောင့် သူ ညညအိပ်မပျော်တာတဲ့"

ပြောရင်း ဖွဲ့မြတ် ရယ်ပြန်သည်။

"အဲဒါနဲ့ ငါကပြောလိုက်တယ်၊ ခင်ဗျားတို့ညဘက် ခြင်ဆေးလေးတော့ ထွန်းအိပ်ပေါ့ဗျာ၊ ခင်ဗျားမိန်းမ မွေတာ နှစ်လမပေါ်သေးတာ ခင်ဗျားတို့ ခြင်ဆေးထွန်းမအိပ်လို့လို့ ပြောလိုက်တာပေါ့"

ဖွဲ့မြတ် ပြောတာကို မျက်ဝန်း နားမလည်နိုင်။

"ဘာလဲဟ နင်ပြောတာတွေက ထူးဆန်းတယ်၊ ငါ နားလည်အောင်ပြောစမ်းပါ ဖွဲ့မြတ်ရယ်"

ဖွဲ့မြတ် မျက်ဝန်း၏နဖူးလေးကို လက်ညှိုးနှင့်တွန်းပြီး

"နင်လည်း တော်တော်ပိန်းတာပဲ ဟား ဟား ခြင်ဆေးထွန်းရင် ခြင်မကိုက်ဘူးလေ၊ ခြင်ဆေးမထွန်းတော့ ခြင်ကိုက်တယ်၊ ခြင်ကိုက်တော့ အိပ်မပျော်ဘူး အိပ်မပျော်တော့ ညဘက်အလုပ်တွေ ခဏခဏလုပ်ဖြစ်ရော ကဲ ဘာအလုပ်လဲလို့ ထပ်မမေးနဲ့ အဟဲ ကလေးရတဲ့အလုပ်ပေါ့ဟာ"

မျက်ဝန်း မျက်နှာလေး ရဲခနဲ ရှက်စိမ့်သွားရသည်။

"ကြည့်စမ်း နင်အတတ်ကောင်းတွေ တတ်နေတယ်၊ အဲဒါ သူတို့ကိစ္စလေ နင်နဲ့ဘာဆိုင်လဲ"

"ငါတို့လည်း ညကျရင် ခြင်ဆေးမထွန်းတော့ဘူးလေ၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



ငါ့မိန်းမ ကလေးမြန်မြန်ရအောင်လို့"

"ကြည့် ဖွဲ့မြတ်နော် ဘာတွေလာပြောနေတာလဲ ငါ ရှက်တယ်"

ကျောက်ကို တဘုန်းဘုန်းထုရင်း အရှက်သည်းစွာပြောလာသော မျက်ဝန်းစကားကြောင့် ဖွဲ့မြတ် တဟားဟားဖြင့် ရယ်တော့သည်။

ပျော်စရာကောင်းလိုက်သည့်အချိန်လေးတွေ။ ဖွဲ့မြတ်ဘဝမှာ ငယ်စဉ်ကတည်းက နင့်နင့်သီးသီး မပျော်ရွှင်ခဲ့ဖူးပါ။

ခုတော့ မျက်ဝန်းကြောင့် ပျော်ရွှင်ခဲ့ရပါပြီ။ မျက်ဝန်းကလည်း ဖွဲ့မြတ်၏အချစ်နှင့် ဂရုတစိုက် ရှိမှုတို့ကြောင့် အမြဲတမ်း ညှိုးလျော်နေသော ဘဝလေးမှာ ပြန်လည်လန်းဆန်းလာခဲ့ပါပြီ။

တကယ်ဆို မျက်ဝန်းလည်း ခမွတာမလာတာ သုံးလနီးနီးရှိပြီ မို့ ဘေးအိမ်က ဒေါ်ရွှေခင်ကြီးက ကိုယ်ဝန်ရှိနေလောက်ပြီဟု ပြောသဖြင့် ဆေးခန်းကိုသွားပြီး စစ်ဆေးရဦးမည်။

မကျိန်းသေသေး၍သာ ဖွဲ့မြတ်ကို ဘာမှမပြောသေးတာ ဖြစ်သည်။

ဟုတ်များ ဟုတ်ခဲ့လျှင် ဖွဲ့မြတ် ဘယ်လောက်ပျော်နေလိမ့်မလဲ

■ ■ ■



## အခန်း (၁၇)

"ဘယ်လို မြသားမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား"

"ဟုတ်တယ် ကို မြသားတော့ ကို့ရင်သွေးလေးကို လွယ်ခွင့်ရသွားပြီ၊ မြသားတို့မိသားစုဘဝလေး ဒီထက်ပိုပြီး ပျော်စရာကောင်းတော့မယ်နော်"

"သိပ်မှန်တာပေါ့ ကိုယ့်မိန်းမရယ်၊ ဒယ်ဒီတို့ မာမီတို့သာသိရင် သူတို့ရဲ့မြေးဦးလေး ချီရတော့မယ်ဆိုပြီး ပျော်သွားကြမှာ"

"မြသား ဖုန်းဆက်ပြောပြီးသွားပြီ ကို့ရဲ့၊ ဒယ်ဒီရော မာမီရော ဝမ်းသာနေကြတယ်"

"ကိုယ်တို့ရင်သွေးလေးက အထီးလေးလား အမလေးလား ဆိုတာ သိချင်တယ်ကွာ"

"ဟင့်အင်း မြသားကတော့ သားသားပဲဖြစ်ဖြစ် မီးမီးပဲဖြစ်ဖြစ် ချစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း မြသားလိုပါပဲ ဒါပေမဲ့ မြသားကိုတော့ စိုးရိမ်တယ်၊ မြသားရဲ့နှလုံးရောဂါကြောင့် မြသားရဲ့ကျန်းမာရေး တစ်ခုခု ချို့ယွင်းမှာကိုပေါ့"

"မြသားအတွက် ဘာမှစိတ်မပူပါနဲ့၊ ဆရာဝန်ညွှန်ကြားတဲ့ ဆေးတွေကို မြသားလည်း ဂရုတစိုက် သောက်နေတာပဲလေ၊ မြသား စိုးရိမ်တာ တစ်ခုထဲပဲရှိတယ်"

"ဘာကိုလဲ"

"မြသားလို မွေးရာပါ နှလုံးရောဂါမျိုး မြသားရင်သွေးလေးဆီမှာ ပါလာမှာကိုပေါ့"

မြသားတိမ် သတိပေးတော့မှ ဘုန်းထွဋ်ခေါင် တွေးပြီး ပူပန်သွားသည်။ သို့သော် ထိုပူပန်မှုမျိုးကို မြသား မရိပ်မိစေရန် ခပ်ပေါ့ပေါ့လေး ပြုံးကာ

"အဲလောက်လည်း တွေးပြီးပူမနေပါနဲ့ မြသားရယ်၊ ဒီခေတ်ကြီးထဲမှာ ခေတ်မီတဲ့ဆေးဝါးတွေ ကြိုတင်ကာကွယ်တဲ့နည်းတွေ ရှိနေတာပဲ၊ မြသား စိုးရိမ်သလို လုံးဝ မဖြစ်စေရဘူး"

"အင်းပါ ဟုတ်တယ် အဲလို လုံးဝမဖြစ်အောင် မြသားတို့ ကြိုးစားကြတာပေါ့နော် ကို"

"ဒါပေါ့ ကိုယ်တို့ကလေးက ကျန်းမာပြီး ဉာဏ်ရည်ထက်တဲ့ ကလေးမျိုး ဖြစ်မှာပါ"

မြသားကို အားပေးနှစ်သိမ့်နေမိသော ဘုန်းထွဋ်ခေါင်ရင်ထဲမှာ





မြသားနှင့်ထပ်တူ စိုးရိမ်စိတ်တို့ ·ကိန်းအောင်းသွားသည်။

ရင်သွေးလေး ဘေးရန်ကင်းကင်းနှင့်မွေးဖွားနိုင်ပါစေ။

■ ■ ■

"မျက်ဝန်း"

ဆေးခန်းပြရက်မို့ အပြင်သွားရန် စိုင်းပြင်းနေသော မျက်ဝန်းမှာ ခြံထဲမှ ဒေါ်စန္ဒာထွေး၏ခေါ်သံကြောင့် တအံ့တသြ လှည့်ကြည့်လိုက်ပြီး

"ဟင် အမေ"

ခြောက်လဆိုသောအချိန်သည် မျက်ဝန်းအတွက် ခဏလေးလို့ပင် ထင်ရလောက်အောင် အချုပ်ခြောက်လကျနေသော ဒေါ်စန္ဒာထွေး မျက်ဝန်းရှေ့မှာ ဘွားခနဲ ပေါ်လာသည်။

"အမေ အိမ်ကိုသွားသေးတယ်၊ သမီးအဖေရော သမီးကိုရော မတွေ့ဘူး၊ အိမ်တံခါးကြီး သော့ခတ်ထားတယ်၊ ဘေးအိမ်ကလူတွေကို မေးကြည့်တော့ ကိုထွန်း ဘုန်းကြီးဝတ်သွားတယ်လို့ ပြောတယ်၊ သမီးကတော့ ဖွဲ့မြတ်နဲ့လက်ထပ်လိုက်ပြီလို့ ပြောတယ်"

ယခင်က အထက်စီးနင်းဆက်ဆံခဲ့သော မိထွေးတစ်ယောက်၏ မောက်မာမှုမျိုးကို လုံးဝမတွေ့ရတော့သော ဒေါ်စန္ဒာထွေး၏ သိမ်ငယ်နေသော အမူအရာကိုကြည့်ပြီး မကျေနပ်စိတ်ဖြင့် ပြောချင်သောစကားလုံးတွေက နှုတ်မှထွက်မလာ။ ပြန်လည် အနိုင်ယူချင်စိတ် မရှိတော့။

"ဟုတ်တယ် ဦးတရုပ်ကြီး ယုတ်မာခဲ့ပေမယ့် ဖွဲ့မြတ်က လူကောင်းလေ၊ မကောင်းတဲ့သူက မကောင်းသလို ခံရမှာပဲ၊ ခု ဦးတရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း သေပြီ''

ဒေါ်စန္ဒာထွေး အံ့သြသွားသည်။

''ဟင် ကိုတရုပ်ကြီး သေပြီဟုတ်လား။ ထောင်ထဲမှာသေတာ လား ဘာဖြစ်လို့လဲ''

''ထောင်ထဲမှာ သေတာ၊ ဦးနှောက်သွေးကြောပြတ်သွားတယ် လို့တော့ အကြောင်းကြားလာတာပဲ၊ သူ့အတွက် ကောင်းမှုကုသိုလ်လေး တော့ လုပ်ပြီးသွားပါပြီ''

''အေးလေ စောစောက သမီးပြောသလိုပေါ့၊ မကောင်းတာ လုပ်တဲ့သူက မကောင်းတဲ့ကြမ္မာဆိုးတွေကိုပဲ ကြုံရမှာပေါ့၊ အမေလည်း သမီးအပေါ်မှာ မကောင်းကြံခဲ့မှုတော့ အမေ့ဘဝလည်း ဘယ်လိုစတင် သိမ်းမလဲ မသိပါဘူးကွယ်''

''ပြီးပြီးသားကိစ္စတွေကို ပြောမနေပါနဲ့တော့ အမေ''

''အေးပါကွယ် ဒါနဲ့ သမီးက ဒီမှာနေတာဆိုတော့ ဟိုအိမ်မှာ အမေတစ်ယောက်ထဲနေရတော့မှာပေါ့ အင်းလေ ကံကြမ္မာက အိမ်လေး တစ်လုံးတော့ချန်ခဲ့ပေးသေးတာပဲ၊ ဒီလောက်နဲ့ပဲ ရောင့်ရဲရတော့မှာပေါ့''

''ရှင် ဘာပြောတာလဲ အမေ''

နားလည်ပေမယ့် တမင်ပင် နားမလည်ချင်ဟန်ဆောင်ပြီး မေး ခြင်းဖြစ်သည်။ မိထွေး ဘယ်လိုအကွက်ရွှေ့မလဲဆိုတာ မျက်ဝန်းမသိ နေပါ့မလား။

''သြော် သမီးအဖေက လူ့ဘောင်ကိုစွန့်ခွာသွားပေမယ့် အမေ့





အတွက် အိမ်လေးတစ်လုံးတော့ ထားခဲ့သေးသားပဲ၊ ဘာပဲဖြစ်ဖြစ် အမေ ကျေနပ်ပါတယ်၊ ဒီအိမ်ရဲ့ပေါက်ဈေးက ခုဆို လေးငါးရာရှိနေပြီဆိုတော့ အမေ့အတွက် ဒီအိမ်လေးကို ရောင်းပြီး နောက်ထပ်အိမ်သေးလေးဝယ် ပိုတဲ့ငွေနဲ့ စီးပွားရေးတစ်ခုခုလုပ်ရတော့မှာပေါ့''

''အဲဒီအိမ်က အခု လူငှားတင်ထားတယ် အမေ၊ ရောင်းလို့ မရဘူး''

''သြော် လူငှားတင်ထားလည်း ဖယ်ပေးနိုင်းရမှာပဲလေ၊ အိမ် ပိုင်ရှင်ပြန်လာပြီလို့ ပြောလိုက်ပေါ့''

''ပြောလို့မရဘူး အမေ၊ အိမ်ပိုင်ရှင်က မျက်ဝန်းဖြစ်နေလို့ပဲ''

''ဘာရယ်''

''ဟုတ်တယ်,မျက်ဝန်းနာမည်နဲ့ အဖေက အပြီးအပိုင် လွှဲပေး ခဲ့တာလေ''

''အို သူ့မိန်းမတစ်ယောက်လုံးရှိတာပဲ၊ လင်ပစ္စည်းမယားပိုင် တာပဲ၊ ဘာကြောင့် သမီးကိုလွှဲပေးခဲ့ရတာလဲ၊ ဒါဆို ငါက ဘယ်မှာနေရ မလဲ''

''အိမ်လေးတစ်လုံး ငှားနေလိုက်ပါ အမေ၊ မျက်ဝန်း အိမ်ငှား စရိတ်တစ်နှစ်စာတော့ တာဝန်ယူပေးပါ့မယ်''

''ဘယ်လို အမေက အိမ်ငှားနေရမယ် ဟုတ်လား''

''အမေ့အတွက် ဒီထစ်နည်းပဲ ရှိတော့တာပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းစကားအဆုံး ဒေါ်စန္ဒာထွေး တဟီးဟီးဖြင့် ငိုကြွေးတော့သည်။

"သမီးရယ် အမေ အိမ်ငှားပြီးတော့ မနေနိုင်ဘူး။ အိမ်ငှားနေလို့ ရတယ်ပဲထား။ ဘယ်လိုရှာဖွေစားသောက်မလဲ၊ အမေက ဖဲရိုက်တတ်ရုံကလွဲပြီး ဘာစီးပွားရေးမှ မလုပ်တတ်ဘူး။ ဒါကြောင့် အမေ့ကို ပစ်မထားပါနဲ့ သမီးရယ်"

ဒ်သနားခံတောင်းပန်နေသော မိထွေးအပေါ် အမုန်းလက်စရှိပေမယ့် မျက်ဝန်းက စိတ်ပျော့ညံ့သူပါ။ ကိုယ့်အပေါ်မကောင်းပေမယ့် မျက်ဝန်းငယ်ငယ်ကတည်းက သူ့ အရိုက်ခံ အဆူခံ အဆဲခံပြီး သူ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့တာပဲဟူသည့် ကြဲဖန်၍ ကျေးဇူးတင်သောစိတ်ဖြင့် မျက်ဝန်း ဥပေက္ခာမပြုနိုင်။

အမြင်မှန်ကောင်းကောင်းရနေသောပုံမို့ မျက်ဝန်းနှင့်အတူ ဒေါ်ထားဖို့ စိတ်ကူးပေါက်သွားသည်။

"အင်းလေ ဒါဆိုရင်တော့ မျက်ဝန်းနဲ့နေပေါ့၊ ဒီမှာလည်း ဖွဲ့မြတ်နဲ့မျက်ဝန်း နှစ်ယောက်ထဲရှိတာ"

"ကောင်းတယ် ကောင်းတယ် အမေနဲ့သမီး မခွဲရတော့ဘူးပေါ့ သမီးကိုယ်ဝန်ကိုလည်း အမေ အနီးကပ်ပြုစုစောင့်ရှောက်လို့ရတာပေါ့ ကွယ်"

ဒေါ်စန္ဒာထွေးမျက်နှာချိုသွေးနေသလောက် မျက်ဝန်း စိတ်မအေးနိုင်ပါ။





ဝီဇဆိုးအကျင့်ပျက်တွေကို ပြင်နိုင်ပါ့မလား။ သို့ဆိုလျှင် တကယ်တမ်း စိတ်သောကရောက်ရမည့်သူက မျက်ဝန်းပင်ဖြစ်သည်။

"အမေ မျက်ဝန်းနဲ့နေမယ်ဆိုရင် ဖဲတော့မရိုက်ပါနဲ့တော့၊ ဖွဲ့မြတ်ကလည်း ကြိုက်မှာမဟုတ်ဘူးလေ"

ဒေါ်စန္ဒာထွေး မျက်နှာတစ်ချက် ပျက်သွားကာ ပြီးမှ ဟန်ဆောင်အပြုံးဖြင့်ဖုံးရင်း

"အေးပါ အမေ၊ ဒီအိမ်မှာနေသရွေ့ ဖဲဝိုင်းဘယ်တော့မှ မလုပ်ဘူး။ သမီးနဲ့သားမက်စိတ်ဆင်းရဲအောင် လုပ်ပါ့မလား အမေ သိတာပေါ့"

"ဒါဆိုရင်တော့ အမေ ဒီအိမ်မှာလွတ်လွတ်လပ်လပ် နေပါ၊ မျက်ဝန်း ဆေးခန်းသွားလိုက်ဦးမယ်"

"အေးပါ သွား သွား၊ အမေ အိမ်စောင့်ကျန်ခဲ့မယ်"

မျက်ဝန်း နှုတ်ဆက်ပြီး ထွက်သွားရာ နောက်ကျောပြင်ကို ငေးကြည့်ကျန်ရစ်သူက ဒေါ်စန္ဒာထွေး ဖြစ်သည်။ ရင်ထဲမှာ မကျေနပ်ချက်တွေနှင့်အတူ အမုန်းတရားတွေက မီးတောင်တစ်ခုလို ပွာလန်ကျဲအောင် ပေါက်ကွဲနေသည်။

"ညည်းက သိပ်ကိုကောင်းစားနေတယ်ပေါ့ ဟုတ်လား။ မိမျက်ဝန်း ညည်းကြောင့် ငါထောင်ကျခဲ့ရတာကို ငါ လုံးဝမကျေဘူး၊ ညည်းကို ငါ ကောင်းကောင်းကြီး ဒုက္ခပြန်ပေးဦးမယ်၊ ညည်းစောင့်ကြည့်နေလိုက်"

အိမ်ထဲတွင် ကျန်ခဲ့ပြီး တစ်ယောက်တည်း ကြိမ်းဝါးလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ရှင့်လင်ပါသမီးက ဦးတရုပ်ကြီးရဲ့စည်းစိမ်ဥစ္စာတွေကို အပိုင်ကြံလိုက်ပြီလေ၊ ဦးတရုပ်ကြီးမှာသာ သူ့သားနဲ့ပိုင်ဆိုင်မှုတွေကို စွန့်လွှတ်ပြီး ထောင်ထဲမှာ သေသွားရရှာတာ"

"ဒါတွေ ငါမသိဘဲနေမလား၊ ဇင်မာမိုးရယ်၊ ဒီကောင်မအရိုင်းမှာ ခိုနေတဲ့ငါက ဦးနှောက်မရှိတာမှ မဟုတ်တာ၊ ငါ သူတို့နဲ့အနီးဆုံးနေနေပေမယ့် သူတို့ကိုငါချစ်ခင်နေတယ်များ ထင်လား။ ဟွန်း ငါ သူတို့ကို သေလောက်အောင် ဒုက္ခပေးချင်တာ၊ ဒါကြောင့် ငါ့ရဲ့ဒေါသတွေမာနတွေကို ဟန်ဆောင်သကာရည်လောင်းပြီး သူတို့ရှေ့မှာ အောက်ကျို့ပြီး နေနေတာ၊ အခွင့်ကြုံတာနဲ့ ငါ့လိုဒုက္ခလှလှကြီး တွေ့အောင် လက်တုံ့ပြန်ရမယ်"





မြွေခွေးတစ်ကောင်လို ကြိမ်းဝါးမာန်ဖီနေသော ရန်ငြိုးတွေဖြင့် မျက်ဝန်းအား ဒုက္ခပေးဖို့ ကြံနေသည်ဆိုတာကို ဖွဲ့မြတ်သိလျှင် ငြိမ်ခံနိုင်မှာမဟုတ်။

"ကိုယ်လည်း အေးအေးလူလူနဲ့ မပူမပင်နေနေရတာပဲ မဟုတ်ဘူး မထွေးရယ်၊ စိတ်သစ်လူသစ်နဲ့ သူတို့ရဲ့အမေနေရာမှာ နေလိုက်ပါလားလား"

ဖဲသမားချင်းအတူတူ ဇင်မာမိုးက အမှားအမှန်ကို ဝေဖန်ပိုင်းခြားတာ အကောင်းဆုံးအကြံပေးသည်။

"ငါ့ရင်နဲ့လွယ်ပြီး မွေးထားရတာမှမဟုတ်တာ၊ ငါက သူတို့အမေနေရာမှာရပ်မပေးနိုင်ပါဘူး။ နောက်ပြီး ဟိုလူ ကိုထွန်းကရော ငါ ထောင်ကျနေတာ ငါ့ကိုတစ်ချက်တောင် ထောင်ဝင်စာလာမတွေ့ဘူး။ သူက ငါ့ကိုပြတ်တယ်ဆိုပြီး ဘုန်းကြီးတောင် ဝတ်ပြလိုက်သေးတယ်၊ ငါနဲ့နှစ်ပေါင်းအကြာကြီးပေါင်းလာတဲ့မျက်နှာမှမထောက် ငါ့အတွက်အကျိုးခံစားခွင့်ရှိသမျှ သူ့သမီးကို အကုန်လွှဲပေးခဲ့တယ်၊ ဒီအိမ်ပေါ်မှာသာ ငါ ခိုကပ်ကူပြီးတက်မနေရင် ခုလောက်ဆိုရင် ငါလမ်းဘေးရောက်နေပြီ"

ထိုစဉ် ဖွဲ့မြတ်နှင့်မျက်ဝန်း အပြင်မှပြန်လာကြ၍ အိမ်ရှေ့သို့ရောက်လာသည်။ တင်းမာနေသော မျက်နှာအမူအရာတို့သည် ရုတ်ချည်းဆိုသလို ပျော့ပျောင်းနူးညံ့သွားပြီး

"ဟော သားနဲ့သမီး ပြန်လာကြပြီ၊ ပေး ပေး အမေ့ကိုအထုပ်အပိုးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အမေ"

"အို မဟုတ်တာ သမီးရယ်၊ အမေ့သမီးက မပေါ့မပါးနဲ့
မှ သယ်စရာမလိုပါဘူး။ မောင်ဖွဲ့မြတ်လက်ထဲမှာလည်း မနိုင်မနိုင်
ဘာတွေဝယ်လာကြတာလဲ"

"မွေးဖို့ဖွားဖို့ရက်က နီးနေပြီမို့ လိုအပ်မယ့်အသုံးအဆောင်တွေ
သွားဝယ်တာ၊ ကျွန်တော်တို့ အဒေါ်အတွက်ပါ လိုအပ်မယ်ထင်တာ
တွေ ဝယ်လာတယ်"

"ဟုတ်တယ် အမေ၊ မျက်ဝန်း အမေ့အတွက် အဝတ်အစား
တွေ တစ်ခါထဲ ဝယ်လာတယ်"

စေတနာတွေအပြည့်အဝပေးနေသော မျက်ဝန်းနှင့်ဖွဲ့မြတ်
ဖြူစင်သောအပြုအမူ အပြောအဆိုတွေကြောင့် ဇင်မာမိုး ဒေါ်စန္ဒာထွေး
ကိုလှမ်းကြည့်သည်။

ရှင်ကသာ ရန်ငြိုးတွေဖွဲ့ အကောက်ကြံနေတာ လူငယ်တွေ
ရှင့်အပေါ် ကောင်းနေသားပဲဟူသောအကြည့်ဖြင့် ကြည့်သည်။ ဒေါ်စ
ထွေး ထိုအကြည့်ကို မသိကျိုးကျွံပြုကာ

"အမေ့အတွက် အဝတ်အစားက သိပ်မလိုအပ်တော့ပါ
ကွယ်၊ နောက်ဝယ်မလာပါနဲ့တော့"

"ဘယ်ဟုတ်ပါ့မလဲ အမေရယ်၊ အဖေက အမေ့ကို စိတ်
ပြီး အမေ့အဝတ်အစားတွေ သူများပေးလိုက်တော့ အမေ့မှာ ဝတ်
ဘယ်မှာပေါပေါများများရှိတော့လို့လဲ"





မျက်ဝန်း၏စေတနာတွေ့သည် မိခင်အရင်းအပေါ်မှာ ထား
သည့် စေတနာမျိုး။ အတိတ်က နာကျင်ရိပ်တွေ တစိုးတစိမျှမတွေ့ရ။

"အမေ့မှာ သွားစရာလည်း သိပ်မရှိပါဘူးကွယ်၊ နောက်တစ်ခါ
ယ်မလာပါနဲ့"

လောဘနည်းချင်ဟန်ဆောင်လိုက်တာပါ။ တကယ်လိုချင်နေ
တာက မျက်ဝန်း၏ပျော်ရွှင်ပြည့်စုံစေသည့် အရာအားလုံးကိုဖြစ်သည်။

ဒေါ်စန္ဒာထွေးဆိုတာက ငါးမရလျှင် ရေချိုးပြန်မည့်လူစားမျိုး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟင် ဖွဲ့မြတ် ဘာလို့အစောကြီး ထနေရတာလဲ၊ ခုမှ မနက် လေးနာရီပဲ ရှိသေးတယ်၊ နင့်အမေရွာကို သွားဖို့ ကားလက်မှတ်ဖြတ် ထားတာ နေ့လယ်တစ်နာရီမှလေ ပြန်အိပ်"

မျက်ဝန်းပါ အိပ်နေရာမှ လေးပင်စွာ ထလိုက်ပြီး ဖွဲ့မြတ်ပ ကိုဆွဲကိုင်ပြီး ပြန်အိပ်ခိုင်းသည်။

"ငါ တစ်ညလုံး အိပ်မပျော်ဘူး မျက်ဝန်း"

"ဟင် ဘာဖြစ်လို့လဲ၊ နင် နေမကောင်းဘူးလား"

ခုတင်ခေါင်းရင်းတွင်ရှိသော မီးခလုပ်ကြိုးကို လှမ်းဆွဲပြီး ဖ လိုက်သည်။ အခန်းမီး ဖျတ်ခနဲ လင်းထိန်သွားသည်။

ချွေးတွေစို့နေသော ဖွဲ့မြတ်ကိုကြည့်ပြီး မျက်ဝန်း စိတ်ပူသ





သည်။ နဖူးကိုလက်ဖြင့် အသာစမ်းကြည့်သည်။

"ကိုယ်လည်းမပူပါဘူး။ ရင်ထဲမှာ မကောင်းလို့လားဟင်"

မျက်ဝန်းအမေးကို မဖြေသေးဘဲ မျက်ဝန်းကိုငေးကြည့်နေ၏။ ဖွဲ့မြတ် ဘာတွေဖြစ်နေသည်ဆိုတာ မျက်ဝန်း နားမလည်နိုင်တော့။

"ငါ ဒီနေ့ ရွာကိုမသွားတော့ဘူးဟာ"

"ဟော့တော် ဘယ်လိုဖြစ်ရတာလဲ၊ နင်ပဲ အမေ့ဆီပြန်ပြီး ခရုပ်တစ်ခုလျှုချင်တယ်ဆို၊ ရွာက ဘုန်းကြီးကိုလည်း လျှောက်ပြီးလို့ ဒီနေ့ နင်လာမှာကို မျှော်နေကြမှာပေါ့"

*"ဒါပေမဲ့ နင်မွေးမယ့်ရက်ကလည်း ဒီရက်ထဲမှာလေ မွေးခါနီး* အချိန်မှာ ငါမရှိရင် ဘယ်လိုလုပ်မလဲ"

"အမေရှိတာပဲဟာ နင်လည်း ဟိုမှာရက်အကြာကြီးနေမှာမ ဟုတ်တာ၊ တစ်ပတ်လောက်ပဲကြာမှာပဲ၊ ငါ့အတွက်ရော ကလေးအတွက် ရော စိတ်မပူပါနဲ့"

"ဒါဆို ငါ ရွာကိုသွားမယ်နော် ငါပြန်လာရင် နင့်ကိုအန္တရာယ် ကင်းကင်းနဲ့ မြင်ချင်တယ်ဟာ"

"သြော် ဖွဲ့မြတ်ရယ် နင်ကလည်း စိုးရိမ်စရာမရှိတာကို စိုးရိမ် နေပြန်ပါပြီဟယ်၊ မသိရင် နင် ရွာခဏပြန်တဲ့အချိန်မှာ ငါက သေသွား မှာကျနေတာပဲ"

"ဒါပေမဲ့ ငါမရှိတဲ့အချိန် နင်နဲ့ကလေးအတွက် ငါစိတ်ထင့်နေ သို့ဟာ၊ ဒါကြောင့် ငါမသွားဘူးလို့ ဆုံးဖြတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ကြီးလွန်းသော ဖွဲမြတ်ကိုကြည့်ပြီး မျက်ဝန်း စိတ်ထဲမှာ ပီတိဖြစ်လိုက်သည်။ အချစ်ကြီးလွန်းသော ဖွဲမြတ်၏ဇနီးတစ်ယောက်ဖြစ်ရတာ မျက်ဝန်း ဘယ်လောက်ကံကောင်းလိုက်ပါသလဲ။

စိတ်ချပါ ဖွဲမြတ်ရယ် ငါရော ကလေးရော နင်ပြန်အလာကို ကျန်းကျန်းမာမာနဲ့စောင့်ပြီး ကြိုမှာပါ။

နင် ပြန်လာမှ ငါမွေးဖြစ်မှာပါ။ နင့်စိတ်က သိနေတယ်။

■ ■ ■

"အား ကျွတ် ကျွတ်"

"ဘာဖြစ်တာလဲ မျက်ဝန်း၊ မွေးချင်လို့ ဗိုက်နာတာလား"

ခါးထဲမှ ဆစ်ခနဲ နာကျင်သွားသော ဝေဒနာကြောင့် ခပ်တိုးတိုး ညည်းတွားလိုက်သည်။ ဒေါ်စန္ဒာထွေး စိုးရိမ်တကြီး အနားရောက်လာပြီး မေးသည်။

"ဟုတ်မယ်တော့ မထင်ဘူး အမေ၊ တစ်ချက်တစ်ချက်မှ နာတာပါ"

"ဩော် ဒါဆိုရင် မွေးချင်ဖွားချင်လို့ ကိုယ်လက်လှည့်တာပါ ဒီလိုပဲ အိမ်ထဲအောင်းမနေရဘူး သမီးရဲ့၊ လမ်းလေးဘာလေး လျှောက်ရတယ် သမီးရဲ့၊ ဩော် အမေလေ ချစ်ထူးတို့အုန်းပင်က အုန်းစိမ်းခူးလာတယ်၊ တစ်လက်စထဲ သူတို့ကို အကူအညီတောင်းပြီး ခွဲခိုင်းလိုက်တယ်လေ၊ သမီး အုန်းစိမ်းရည်သောက်ရင် မွေးရဖွားရလွယ်ကူတယ် သမီးရဲ့၊ ကဲ ရော့ ဒါလေး သောက်လိုက်"





အဝလှပ်ထားသော အုန်းသီးစိမ်းထဲ ပိုက်ထိုးထည့်ပြီး ကမ်း[illegible]လာသည်မို့ မျက်ဝန်း ယူသောက်လိုက်သည်။

"ကုန်အောင်သောက်နော် သမီး"

"ဟုတ်ကဲ့ပါ အမေ"

"ဒါနဲ့ ဖွဲမြတ်က သူ့အမေရွာသွားပြီး ဇရပ်ဆောက်ဖို့ မြေနေရာ[illegible]ယ်တာ ဘယ်လောက်ကြာမှာလဲ"

"တစ်ပတ်လောက်ကြာမှာ အမေ"

"ဒီကြားထဲမှာမွေးရင် သူမရှိဘူးပေါ့၊ မွေးဖို့ရက်ကနီးနေပြီမို့[illegible]"

"ဒီရက်ထဲမှာ မွေးမယ်ထင်တယ် အမေ၊ မျက်ဝန်းကတော့ [illegible] ပြန်လာမှ မွေးချင်တာ၊ ဒါမှ မွေးရတာ အားဖြစ်မှာ"

"အမလေး သမီးရယ်၊ အမေတစ်ယောက်လုံးရှိတာပဲ၊ ဘာမှ [illegible]ပြီး ပူမနေပါနဲ့၊ ဩော် ဒါနဲ့ တန်ဖိုးရှိတဲ့ရွှေငွေပစ္စည်းတွေ လုံလုံ[illegible]သိမ်းထားရဲ့လား၊ တော်ကြာ သမီးကလေးမွေးတဲ့အချိန် ဒီအိမ်ကို [illegible]သွားရမှာမို့လား၊ မတော် သူခိုးသူဝှက်ရန်ကလည်း ရှိသေးတယ်မို့[illegible]"

"မျက်ဝန်းတို့အခန်းထဲက ကျွန်းဗီရိုကြီးရဲ့အံဝှက်ထဲမှာ ရှိတယ် [illegible] မျက်ဝန်းကလေးမွေးနေတဲ့အချိန် အရေးအကြောင်း မီးရေးထင်း[illegible]ရင် အဲဒီထဲမှာရှိတာသိတော့ အမေ ကာကွယ်ပေးလို့ရတာပေါ့"

"အေးပေါ့ သမီးရယ် အမေ့သားသမီးပစ္စည်းကို အမေ့အသက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရမှာပေါ့၊ အမေလေ ဟိုတုန်းက သမီး အပေါ်မှာ အနိုင်ယူခဲ့မိတာတွေကို ပြန်တွေးမိတိုင်း ရင်ထဲမှာမကောင်းဘူး ကိုယ့်ကိုကိုယ် အပြစ်ရှိသူလို ခံစားရတယ်”

ဒေါ်စန္ဒာထွေး မျက်ရည်ဝဲပြသည်။ မျက်ဝန်း စိတ်ထဲမှာလည်း တကယ်နောင်တရနေပြီဟုထင်ပြီး ခွင့်လွှတ်နားလည်စိတ် ဖြစ်မိသည်။

“အတိတ်က ဝဋ်ကြွေးပါလို့ ပြန်ဆပ်ရတယ်လို့ပဲ မျက်ဝန်း သဘောထားပါတယ် အမေ၊ ခုလည်း အဲဒီဝဋ်ကြွေးတွေကုန်မှမရှိတော့တာ အမေရော မျက်ဝန်းရော တကယ့်သားအမိရင်းလို တစ်ယောက်ကိုတစ် ယောက် မေတ္တာထားနေကြပြီပဲ၊ ပြီးခဲ့တဲ့ ကိစ္စတွေကို ပြန်တွေးပြီး စိတ်မကောင်းမဖြစ်ပါနဲ့တော့”

ရင်ထဲက ဆန္ဒအမှန်ဖြင့် ဖြေသိမ့်ပေးသော မျက်ဝန်း၏စေတနာ ကို ဟန်ဆောင်ပီတိဖြင့် ကျေကျေနပ်နပ်ကြီး လက်ခံပြနေသော ဒေါ်စန္ဒာ ထွေး၏ရင်ထဲမှာ လောဘတွေသာ တရှိန်ရှိန် တောက်လောင်၍နေသည်။

နင် ဘယ်လောက်ပဲ ငါ့ကို နင့်ရဲ့အမေတစ်ယောက်လို ဆက်ဆံ ပါစေ ငါကတော့ နင့်အပေါ် မိထွေးစိတ်ပဲထားမှာပဲဟု စိတ်ထဲက ကြိမ်းဝါးနေသည်ဆိုတာ မျက်ဝန်းကတော့ မသိနိုင်။

“အေးပါ သမီးရယ် အမေ မပြောတော့ပါဘူး။ ကဲ ထ အခု ရည်လည်းသောက်ပြီးသွားပြီဆိုတော့ ခြံထဲလမ်းဆင်းလျှောက်ရအောင် ဒါမှ ဗိုက်ပိုချောင်ပြီး အမေ့မြေးလေးလည်း ဗိုက်ထဲမှာ သက်သောင့် သက်သာနေရမှာ”





မျက်ဝန်းကို တွဲထူလိုက်သည်။ အိမ်ပတ်ဝန်းကျင်တစ်ခွင်လုံး စိမ်းစိုတင့်တယ်သော သစ်ပင်ပန်းပင်တွေကြောင့် မျက်ဝန်းစိတ်တွေ ပို၍ လတ်ဆတ်ရွှင်လန်း၍နေသည်။

ဘေးကနေ တွဲပြီးလမ်းလျှောက်ပေးနေသော အမေနှင့်မျက်ဝန်း တို့၏ရင်းနှီးနွေးထွေးမှုတွေကို အဖေသာမြင်လျှင် မျက်ဝန်းကို အပြစ်တင် မည်ဟုတော့ မထင်။

နောင်တဆိုတာ အမှားတွေကျူးလွန်ပြီးမှ ဖြစ်ပေါ်လာတဲ့အကျိုး ရလဒ်တစ်ခုပါ အဖေ။ ခုတော့ အမေဟာ တကယ့်ကို နောင်တရနေပါပြီ။

အဖေ့ကို ပြောပြချင်ပေမယ့် လောကီအရေးတွေကို မရှုပ်ထွေး စေချင်တော့တဲ့ မျက်ဝန်းရဲ့စေတနာကြောင့် ပြောမပြတော့ပါဘူး အဖေ ရယ်။

လမ်းလျှောက်နေရင်းမှ အဖေနှင့်စိတ်ထဲမှာ စကားတွေအများ ကြီး ပြောဖြစ်လိုက်သည်။

လောကဓံဆိုးတွေ မျက်ဝန်းဆီ မလာလောက်တော့ဘူးလို့ ထင် တယ် အဖေ။ အဖေလည်း တရားဘောင်ထဲမှာ စိတ်အေးအေးနဲ့ ငြိမ်း ချမ်းစွာ တရားအားထုတ်ပါတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒါ ဘာလုပ်ဖို့လဲ သမီး"

"လက်ဝတ်လက်စား တစ်ကိုယ်စာထည့်ထားသော ရွှေဘူးကို ကြည့်ပြီး လောဘငြိမ်းဟန်ဖြင့် ဟန်ဆောင်မေးလာသော ဒေါ်စန္ဒာထွေး အမေးကြောင့် မျက်ဝန်း ငြိမ်းချမ်းသောအပြုံးဖြင့် ရွှန်းရွှန်းစားစား ကြည့်ကာ

"အမေဝတ်ဖို့ မျက်ဝန်းအပိုင်ပေးတာပါ"

ဒေါ်စန္ဒာထွေး ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားပေမယ့် မျက်နှာ ပေါ်မှာ လောဘရိပ်တွေ ဆန်မတက်အောင်ထိန်းရင်း

"အို အမေက အသက်ကြီးပြီ၊ ဒါတွေမလိုတော့ပါဘူး သမီး သမီးအနေနဲ့ ကိုယ့်အမေလို ပြန်အသိအမှတ်ပြုပြီး အရိပ်မိုခွင့်ပေးတာ ကိုပဲ အမေ ကျေနပ်ပါပြီ၊ အဲဒီကျေနပ်ပီတိကို အမေ ဒါတွေနဲ့ မလဲနိုင်





ဘူး"

တကာယ်ကို ခါးခါးသီးသီး ငြင်းဆန်ဟန်အပြည့်ဖြင့် ယုံအောင် ပြောလိုက်သည်။

"မနက်ဖြန် မင်္ဂလာဆောင် တစ်ခုကို မျက်ဝန်းကိုယ်စား အမေ သွားပေးရမှာလေ၊ အမေ့မှာ ထိုက်ထိုက်တန်တန်လေး ဝတ်ထားစားထားမှ ညီ၊ ဒါကြောင့် ခဏငှားတာမဟုတ်ဘဲ အပိုင်ပေးတာပါ၊ အမေ အမြဲ ဆွဲဝတ်ထားတော့နော်"

"အို ဖွဲ့မြတ်ရဲ့ဘိုးဘွားပိုင်အမွေက သမီးနဲ့ပဲ ဆိုင်တာပါ၊ အမေ ဝတ်ထားလို့ မသင့်တော်ပါဘူး"

ဒေါ်စန္ဒာထွေး၏အကာယ်ဒမီရှော့ခ်က မင်းသမီးတောင် ထိုင်ငို ရလောက်သည်။

စိတ်ထဲမှာတော့ ထိုမျှလောက်ကလေးနှင့် တင်းတိမ်ကျေနပ်ရ မလားတဲ့လား။

■ ■ ■

ထိုနေ့သည် မျက်ဝန်းဘဝကို ကံကြမ္မာလှိုင်းတံပိုး ပြန်လည် ရိုက်ခတ်လာသောနေ့တစ်နေ့ဆိုတာ မျက်ဝန်း ကြိုမသိခဲ့ပါ။

မျက်ဝန်း ရေချိုးနေခိုက် ရှာမှ ဖုန်းဝင်လာသည်။ ရေချိုးနေ သည်မို့ မျက်ဝန်းဖုန်းသံကိုမကြား။ ဒေါ်စန္ဒာထွေးပဲ ဖုန်းကိုင်လိုက်သည်။

"ဟဲလို ဟုတ်ပါတယ် ဖွဲ့မြတ်တို့အိမ်ကပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှပြောလာသော အကြောင်းအရာကြောင့် ဒေါ်စန္ဒာ ထွေး မျက်နှာမှာ အရောင်တောက်သွားသည်။

"ရှင် ဖွဲ့ ဖွဲ့မြတ် ပိုးထိပြီး ဆုံးတယ်ဟုတ်လား။ ဘုရား ဘုရား"

လှူကြားကောင်းအောင် ဘုရားတလိုက်မိခြင်းပါ။

ဖွဲ့မြတ်ဆုံးပြီး ရွာကိုအမြန်လိုက်ခဲ့ပါဟု ပြောပြီး ဖုန်းချသွား သည်။ ထိုအခြေအနေကို ဘယ်လိုအမြတ်ထုတ်ရမလဲဟု အပြေးအလွှား စဉ်းစားမိလိုက်သည်။

မျက်ဝန်းရှိရာသို့ သွားပြောမည်ဟု စိတ်ကူးနေတုန်း

"အမေ အမေရေ"

နာကျင်စွာ ညည်းတွားရင်း ခေါ်လိုက်သော မျက်ဝန်းအသံ ကြောင့် ရေချိုးခန်းသို့ ခပ်သွက်သွက် ဝင်လာလိုက်သည်။

"ဟော ဘာလဲ သမီး"

"အား ဗိုက် ဗိုက်နာလာတယ် အမေ"

"ဟင် ဟုတ်လား၊ ဒါဆို မွေးတော့မယ်နဲ့တူတယ် လာ လာ သမီး အမေတို့ဆေးရုံသွားကြမယ်၊ အဝတ်အစား မြန်မြန်လဲ"

ဘာနှင့်မှ ခံစားလို့မရအောင် နာကျင်လွန်းသော ဝေဒနာ လောကကြီးထဲက ထွက်သွားရတော့မည့်အတိုင်းပင်။

မွေးရက်နီးနေ၍ အဆင်သင့်ထုပ်ပိုးထားသော အသုံးအဆော ပစ္စည်းများကိုယူကာ ဆေးရုံသို့ ကားငှားပြီး ထွက်ခဲ့ကြသည်။

လမ်းတစ်လျှောက် အော်ဟစ်ညည်းတွားရင်း လိုက်ပါလာသော





မျက်ဝန်းကို ဖေးမအားပေးရင်း ဖွဲ့မြတ် သေပြီဆိုသည့်အကြောင်းပြော ရန် အချိန်ယူနေသည်က ဒေါ်စန္ဒာထွေးပင်။

"အ အမေ ဖွဲ့မြတ်ဆီ ဖုန်းဆက်ရဦးမယ်"

"ဆက်ရမှာပေါ့ သမီးရယ်၊ ဖုန်းက ဟိုတက်အိတ်ထဲမှာ ဆေးရုံ ရောက်မှ ဆက်ကြမယ်လေ"

"အား နာလိုက်တာ အမေရယ်၊ မျက်ဝန်း မွေးနိုင်ပါ့မလား"

"အို ဘာလို့ မဦးမချွတ်စကားတွေပြောရတာလဲ သမီးရယ်၊ ဗိုက်နာတာ သဘာဝပဲ သမီးရဲ့၊ အဲဒါကို ကမ္ဘာနာလို့ခေါ်တယ်၊ မိခင်တိုင်း အဲလို နာနာကျင်ကျင် ခံစားပြီးမှ ကလေးမွေးကြရတာ"

"အမလေး သေလောက်အောင် နာတယ် အမေရယ်၊ မျက်ဝန်းကို ကယ်ပါဦး၊ မျက်ဝန်းကြောက်တယ်"

အားကိုးတကြီး တိုင်တည်နေသော မျက်ဝန်းကို ချွေးသိပ်နေ သော ဒေါ်စန္ဒာထွေးမှာ မျက်ဝန်းဘဝ မှဆိုးမဖြစ်ပြီဆိုသည့် အသိက ဆွဲဆွဲ့ခုန်မတတ်ကို ပျော်ရွှင်နေသည်။

ဖွဲ့မြတ် သေသည့်ကိစ္စကို ခုနေမပြောသေး မွေးခန်းထဲရောက်ခါ နီးမှ တစ်ခါထဲပြောလိုက်တော့မည်။ ဒါမှ အဲဒီစိတ်ကြောင့် ကလေးမမွေး နိုင်ဘဲ ရှော့ခ်ဖြစ်သွားမည်။

နင် ပြန်ခံရမယ့်အလှည့်ရောက်ပြီ မျက်ဝန်းရေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဒေါက်တာ ကျွန်တော့်အမျိုးသမီးအခြေအနေ ဘယ်လိုရှိသလဲ"

အိုဂျီ ဒေါ်ခင်ဆွေလဲ့ သက်မတစ်ခုကို ခပ်ဖွဖွချပြီး

"ကလေးက မွေးဖို့ဒိတ်လိုနေသေးတယ်၊ ဒါပေမဲ့ နှလုံးခုန်သံတွေက မှုမမှန်တော့ အမြန်ဆုံးခွဲထုတ်မှရမယ့်အခြေအနေမျိုး ဖြစ်နေတယ်လေ"

"ဟုတ်ပါပြီ အဲဒီအတွက် မြသားရော ကလေးအတွက်ပါ အန္တရာယ်ရှိနိုင်လား"

ဘုန်းထွဋ်ခေါင် စိတ်တွေလှုပ်ရှားနေသည်။ ကိုယ်ဝန်လရင့်လာလေ မြသား၏ကျန်းမာရေးက ချို့ယွင်းလာလေမို့ မြသား တစ်ခုခုဖြစ်သွားမှာကို သေလောက်အောင် ကြောက်နေရသည်။





"လူကြီးအတွက်တော့ အကောင်းဆုံးခွဲစိတ်မှုပြုလုပ်နိုင်တယ်ဆိုပေမယ့် ကလေးအတွက်ကိုတော့ ကျွန်မတို့ အတတ်ပြောလို့ မရပါဘူး။ ကလေးရဲ့နှလုံးက ပုံမှန်ကလေးတွေလို ရှုဝ်သန်နှိုးကြားမှုအားနည်းတော့ ကလေးရဲ့ကုသိုလ်ကံက နှစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ သူ့ဘက်ပါတာပါ"

"ဗျာ"

မျှော်လင့်ချက်တွေ ဝုန်းခနဲ ပြိုကျသွားသလို အိုဂျီရှေ့မှာ မတ်မတ်ပင်မရပ်နိုင်တော့။ မြသားရော သူပါ မျှော်လင့်နေရသော ရင်သွေးလေး၏ ကံကြမ္မာက ဆိုးဝါးလွန်းနေသည်မို့ ကြေကွဲမှုတွေ ဖြေမဆည်နိုင်။

မြသားသာ ဒီကိစ္စကို သိနေလျှင် တစ်ခါတည်း အသက်ပါသွားနိုင်သည်။ ထို့ကြောင့် မြသားသိ၍မဖြစ်။

"ကျွန်တော် တောင်းပန်ပါတယ် ဒေါက်တာရယ်၊ ဖြစ်နိုင်ရင် သူကြီးရော ကလေးရော ဘာမှမဖြစ်စေချင်ပါဘူး။ ကလေးကို ကယ်တင်ပေးပါ၊ အသက်ရှင်ဖို့ပါပဲ၊ ကလေးမှာ မွေးရာပါ ဘာရောဂါပဲပါလာပါလာ ကျွန်တော်တို့စည်းစိမ်ချမ်းသာတွေ ပြုတ်အောင်ကုမယ်"

ကလေးအတွက် သွေးရူးသွေးတန်းဖြစ်နေသော ဘုန်းထွဋ်ခေါင်ကိုကြည့်ပြီး အိုဂျီလည်း ဘယ်လိုနှစ်သိမ့်ရမှန်းပင် မသိတော့။

"ကျွန်မတို့ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ် ဦးဘုန်းထွဋ်ခေါင်"

ထိုမျှသာ ပြောနိုင်တော့သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်တော့်ဇနီးရဲ့အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



မှု မရှင်မှုဟာလည်း ကျွန်တော်တို့ရင်သွေးလေးပေါ်မှာ မူတည်နေလို့ပါဗျာ"

အရှုံးမီးဝိုင်းနေသော ဖခင်တစ်ယောက်၏မေတ္တာသည် ကိုယ်တကာယ်ခံစားဖူးမှပင် သိတော့သည်။

ခုချိန်မှာ သူ့အတွက်တော့ ကမ္ဘာကြီးပြိုကျလာသလိုပါပဲ။ မြသားကိုလည်း ရင်မဆိုင်ရဲ၊ အောက်ဆီဂျင်ပေးထားရသော မြသား၏ ဝေဒနာမျက်နှာကိုလည်း မကြည့်ရက်ပြန်။

မနက်ဖြန်မနက် ခွဲစိတ်ရမည့်မို့ အစာဖြတ်ထားခံရသော မြသား မျက်နှာလေးသည် ဝေဒနာနှင့်သောကတို့ကြောင့် ဖြူရော်၍နေသည်။

ဝေဒနာကိုမျှဝေခံစားပေးလို့ရလျှင် ကိုယ်ပဲအားလုံးကို ခံစားချင်ပါတယ် မြသားရယ်။

■ ■ ■

အမှောင်ထုထဲတွင် သမီးလေး၏ငိုသံကို မြသား ကြားနေရသည်။ မြသား တွေးမွေ့ထားသော သမီးလေးက မြသားရင်ခွင်ထဲမှာမရှိဘဲ ဘယ်နှယ့်ကြောင့် အဝေးကိုရောက်သွားရတာလဲ။

တစာစာ အော်ဟစ်ငိုကြွေးနေသော သမီးလေး၏အသံသည် အဝေးကြီးရောက်သွားသလိုလို နီးနီးလေးရောက်လာသလိုလိုနှင့် မြသား၏အကြားအာရုံတွေ ဝေဝါးထွေပြား၍နေသည်။

"သမီးလေး သမီးလေးရေ"

မြသား ခုတင်ထက်မှ ဆတ်ခနဲ ထပြီး သမီးလေးကို အော်ခေါ်လိုက်သည်။ ဝတ်ရုံအနက်ဝတ်ထားသော အမျိုးသမီးတစ်ဦးလက်ထဲတွင်







သမီးလေးဟာ ယက်ကန်ယက်ကန်ဖြင့် အော်ဟစ်ငိုကြွေးနေသည်။

"ရှင် ဘယ်သူလဲ၊ အဲဒါ မြသားရဲ့သမီးလေး ပြန်ပေးပါ"

မြသား ခုတင်ထက်မှ ဝရုန်းသုန်းကားဆင်းပြီး သမီးလေးကို အငမ်းမရ တောင်းလိုက်သည်။ ထိုအမျိုးသမီး မြသားကို မပေးဘဲ သမီးလေးကိုခေါ်ပြီး အမှောင်ထဲ ဝင်သွားသည်။

"ဟင့်အင်း ခေါ်မသွားနဲ့ ခေါ်မသွားရဘူး သမီး။ သမီးလေးကို ပြန်ပေးပါ၊ မြသား တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်ရှင်"

အမှောင်ထဲမှာ ဘာဆိုဘာမှ သဲကွဲစွာ မမြင်ရဘဲနှင့် မြသား နောက်ကနေဖွတ်လိုက်သည်။ သမီးလေး အော်ငိုသံတွေကို ကြားနေရသည်။

သမီးငိုသံသည် မြသား၏အသည်းနှလုံးတွေကို ဓားတွေဖြင့် အကြိမ်ကြိမ်မွှမ်းနေသလို နာကျင်ရသည်။ မြသားသမီးလေးကို အဆုံးအရှုံးမခံနိုင်ပါ။ မြသားဘဝမှာ သမီးလေးမရှိလျှင် မြသားဆိုတာလည်း မရှိနိုင်တော့။

"သမီးလေး သမီးရေ"

အမှောင်ထဲမှာပင် သမီးလေး ငိုသံကြားရာတွေဘက်သို့ မှန်းပြီး ထွက်သည်။ သမီးလေး ငိုသံတို့သည် ဟိုနေရာမှာပေါ်လာသလိုလို ဒီဘက်နေရာမှပေါ်လာသလိုလို မြသားနှင့်ဆန့်ကျင်ဘက် အမှောင်ထုကြီးတွေဆီမှ ပေါ်လာသလိုလိုနှင့် ငိုသံတွေက ရောယှက်ရှုပ်ထွေးကာ သမီးလေး ရှိသောနေရာကို ဘယ်လိုမှ မခန့်မှန်းနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"မြသား တောင်းပန်ပါတယ်၊ လိုချင်တာမှန်သမျှပေးပါ့မ
မြသားရဲ့သမီးလေးကို ပြန်ပေးပါ"

ရှိက်ကြီးတငင်ငိုကြွေးရင်း တောင်းပန်သည်။ အပေးအယူ
ကြသည်။ အမှောင်ထဲမှာ အပ်ကျသံမျှပင် မကြားရလောက်အော
မြသား အပေးအယူကိုတုန့်ပြန်သောအသံ တစုံတစ်မှ ထွက်မလာ

မြသား ပြေးလိုက်ရ၍ မောဟိုက်လာသည်။ အသက်ရှူ
ကျပ်လာသည်။

ရင်ဘတ်ထဲမှ နာကျင်စူးရှ ဝေဒနာက ပို၍ ပို၍ တိုးလာသ
မြသား သမီးလေးငိုသံကိုပင် မကြားရတော့။ ဝမ်းနည်းကြေကွဲခြင်း
လှိုက်ဖိုတက်လာကာ အသက်ရှူတွေပါ ကျပ်တက်လာသည်။

သွားပြီ မြသား ဒီလောကကြီးထဲမှာ ရှင်သန်ခွင့်သက်တ
ကုန်ဆုံးသွားပြီ ထင်သည်။

"သမီး သမီးလေးရေ"

အာခေါင်ခြစ်ကာ အော်ခေါ်လိုက်ပေမယ့် အသံတို့သည်အ
သို့ ထွက်မလာဘဲ လည်ချောင်းထဲမှ တစ်ဆို့ပိတ်ခဲနေသည်။ မြ
အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ
လွင့်သလို ပေါ့ပါးနေသည်။

"ကို ကိုရေ သမီးလေးကို လာကယ်ပါဦး"

■ ■ ■

"မြသား. သတိထားလေ မြသား"





အောက်ဆီဂျင်ကို ရှန်းကန်ဖယ်ရှားပြီး ကယောင်ကတမ်း
အော်ဟစ်နေသော မြသားကိုကြည့်ပြီး ဘုန်းထွဋ်ခေါင်ရင်ထဲ ဖြေမဆယ်
နိုင်။

ခွဲခန်းထဲမှ ထွက်လာကတည်းက သုံးရက်ခန့် သတိလစ်နေတာ
ခုမှပင် သတိပြန်ရလာခြင်းဖြစ်သည်။ မြသား သတိပြန်ရလာတာနှင့်
သမီးလေးကို အငမ်းမရ မေးတော့မည်။ သမီးလေးရဲ့ခွဲစိတ်မှုအောင်မြင်
ပေမယ့် ပြင်ပလောကကိုရောက်ပြီး သမီးလေးဟာ ငါးနာရီသာခံသည်။
သူ့လောကကြီးထဲကနေ ပြန်ထွက်သွားရသည်။

— မြသားကလည်း သတိပြန်မလည်သေး။ သမီးလေးကလည်း
ဆုံးဆိုတော့ ဘုန်းထွဋ်ခေါင် အရူးမီးဝိုင်းနေသလိုပါပဲ။ ယခု မြသား
သတိပြန်ရလာလို့ ငမ်းသာရပေမယ့် သမီးလေး မရှိတော့ဘူးဟု ပြော
လိုက်ပြန်လျှင် မြသား လောကကြီးထဲကနေ အပြီးထွက်သွားနိုင်သည်။

"ကို ကို သမီးလေး သမီးလေးကို ကယ်ပါဦး ကိုရယ်၊ မြသားရဲ့
သမီးလေးကိုလေ မိန်း မိန်းမတစ်ယောက်ခေါ်သွားတယ်"

မောဟိုက်သော လေသံကြီးဖြင့် ထစ်ငေါ့စွာပြောနေသော မြသား
စကားတွေက အံ့ဩစရာကောင်းလွန်းလှသည်။ မိခင်မေတ္တာသည် ထိုမျှ
ထိ နက်နဲလွန်းသည်ဆိုတာ ယခု လက်တွေ့။

သားသမီးအတွက် အိပ်မက်နိမိတ်ပုံသည် မြသား၏မေတ္တာ
အရာကို ဖော်ကြူးနေသလို သမီးလေး၏နောက်ဘဝ ကတိပုံရိပ်တွေကို
မြင်နိုင်သော အစွမ်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ကယ်ပါ၊ သမီးလေးကို သွားကယ်ပေးပါ"

"သမီးလေးရှိပါတယ် မြသားရဲ့"

လိမ်ဖို့ လုံးဝမရည်ရွယ်ထားပေမယ့် တကယ်တမ်း ထွက်လာ

သည့် နှုတ်ထွက်စကားဟာ မြသား၏သောကတွေကို တခဏတော့ ငြိမ်း

နိုင်မှာပါ။

"ဟင် သ သမီးလေးရှိတယ် ဟုတ်လား ဒါဆို သမီးလေး

ဘာမှမဖြစ်ဘူးပေါ့"

"အင်း ဟုတ်တယ် သမီးလေး ဘာမှမဖြစ်ဘူး၊ အဲ ဒါပေမဲ့

သမီးလေးမှာ နှလုံးရောဂါပါလာလို့ ဆရာဝန်ကြီးတွေက အထူးကြပ်မ

ဆောင်ကို ပို့ထားတယ်"

"ဟင် စိုးရိမ်ရလား ကိုရယ်၊ မြသား ရင်တွေပူလိုက်တာ"

"မစိုးရိမ်ရပါဘူး ဒါပေမဲ့ မိဘတွေနဲ့တော့ တွေ့ခွင့်မရသေး

သမီးလေးက အရမ်းနုတော့ မလိုလားအပ်တဲ့ ပိုးရုပ်စ်တွေ မဝင်

အောင် သီးသန့်မှန်ပေါင်းချောင်ထဲ ထည့်ထားရတယ်"

"ဟင် ဟုတ်လား ဒါဆို အဝေးကရော ကြည့်လို့မရဘူးလား"

အခက်တွေ့ချေပြီ၊ အဝေးကနေ တွေ့ချင်တယ်ဆိုတော့ ဘ

လို စီစဉ်ပေးရမလဲ။ ကလေးအထူးကြပ်မတ်ဆောင်မှာ ကလေးတွေ

မှန်ပေါင်းချောင်လေးထဲ ထည့်ထားတာဆိုတော့ ဘယ်သူ့ကလေးဖြစ်

အဝေးကနေ ဒါကိုယ်တို့ကလေးပါဟု ပြလိုက်၍ရပေမယ့် မြသား ယုံ

မလာ။ ဖြေရှင်းစရာ ဒီတစ်နည်းပဲရှိသည်မို့ မြသားကို ဆက်လိမ်ရ





သင်။

မြသား လောကကြီးထဲမှာ ဆက်လက်အသက်ရှင်ဖို့အတွက်

နည်းလမ်းတွေ စဉ်းစားကြည့်ရတော့မှာပေါ့။

"ရ ရရမှာပေါ့ မြသားရယ်၊ ခုတော့ မြသား ထလို့မရသေးဘူး၊

ကိုယ် မြသား သတိပြန်ရလာပြီဆိုတာကို ဆရာဝန်ကြီးတွေကို သွား

အကြောင်းကြားလိုက်ဦးမယ်နော်"

"အင်း ဒါဆို သူတို့စမ်းသပ်ပြီးတာနဲ့ မြသားလည်း သမီးလေး

ကို အဝေးကနေ သွားကြည့်မယ်နော်"

"အိုကေ မြသား"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မွေးခန်းထဲ ဝင်ဝင်ချင်း အမေပြောလိုက်သည့်စကားက မျက်ဝန်းအတွက် ကမ္ဘာပျက်သလိုပါပဲ။

"ဖွဲ့မြတ် ရွာမှာပိုးထိလို့ ဆုံးပြီတဲ့ သမီးရယ်"

အမေ့စကားသံဟာ နားထဲမှာ ပဲ့တင်ထပ်နေသည်။ မွေးခါနီး ဖွားခါနီး မိခင်လောင်းတစ်ယောက်၏အပူသောကတွေက ကိုယ့်ကလေး လူ့လောကထဲရောက်ဖို့ ညှစ်အားပေးဖို့တောင် အင်အားမရှိတော့သလို နှယ်။

ကလေးမွေးချင်၍ နာကျင်ရသော ဝေဒနာတွေပါ ဖွဲ့မြတ်ဆုံး ဆိုသည့် စကားတစ်ခွန်းနဲ့တင် ရုတ်ချည်း ပျောက်ကွယ်သွားသလိုပဲ။

"ဟောတော် ဒီမှာ ကလေးက ခေါင်းထွက်နေပြီ ညှစ်လေ ဘာလို့ ငိုကြီးပဲ့နေတာလဲ"





မွေးခုတင်ဘေးတွင် ဝိုင်းနေသော ဆရာဝန်နှင့်နာ့စ်တွေအားလုံး မျက်ဝန်း အမြင်အာရုံထဲ ဝေဝါးနေသည်။ သူတို့တာတွေပြောနေကြသည် ဆိုတာကို မျက်ဝန်း မကြားနိုင်တော့လောက်အောင် စိတ်တွေကစဉ့်ကလျား ဖြစ်ကုန်သည်။

"ဖွဲ့မြတ် ဖွဲ့မြတ် ငါ့ဘဝထဲက ထွက်မသွားပါနဲ့၊ အမေပြောတာ ဘာမှမဟုတ်ဘူးမို့လား"

"ဟော့တော် ဒီမွေးလူနာ ကလေးမွေးရင်း စိတ်ဖောက်ပြန်သွား ပြီထင်တယ်၊ ဘာတွေပြောနေတာလဲ မသိဘူး"

"ညှစ်ပါ အားတင်းပြီး ညှစ်ပါ၊ ရှင်အဲလိုလုပ်နေရင် ကလေး ဘယ်ရောက်တော့မှာပဲ"

ဆရာဝန်တွေ နာ့စ်တွေစိတ်ပူစပြုလာကြသည်။ အားလုံးညှစ် အားမပေးဘဲနှင့် ဒီကလေးအပြင်ထွက်အောင်လုပ်ဖို့က သိပ်မလွယ်။

မျက်ဝန်း ဘာကိုမှမသိတော့ မျက်ရည်တွေသာ တွင်တွင်စီးကျ လာ၏။

"မျက်ဝန်း မျက်ဝန်း"

ဖွဲ့မြတ်၏အလောတကြီးခေါ်သံနှင့်အတူ ကိုယ့်မျက်စိရှေ့မှာ ရောက်နေသော ဖွဲ့မြတ်ကိုကြည့်ပြီး မျက်ဝန်း အသိစိတ်တွေ ပြန်ဝင်လာ သည့်နှယ်။

"ဟင် ဖွဲ့ ဖွဲ့မြတ် နင် နင်သေပြီဆို"

"ဟာ ငါမသေပါဘူး၊ နင်ကလေးမွေးနေပြီဆိုတာသိလို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ရှာကနေ အပြေးလာတာဟ"

"အို ဟုတ် ဟုတ်ပါရဲ့၊ ငါ ငါ နင့်ရင်သွေးလေးကိုမွေးဖို့ ဟုတ်တယ် အ အား နာတယ်"

နာကျင်မှုတွေက ရင်ထဲသို့ပြန်ဆန့်၍ တက်လာသည်။

"ငါရှိတယ်၊ ငါ နင့်ဘေးမှာရှိတယ်၊ မျက်ဝန်း အားတင်းပြီး ညှစ်နော်၊ တို့သမီးလေး လူ့လောကထဲရောက်တော့မယ်"

မျက်ဝန်း၏ပြောင်းလဲမှုတွေကိုကြည့်ပြီး ဆရာဝန်နှင့်နာ့စ်တွေ အားလုံး အံ့အားသင့်နေကြသည်။

"ဒီမွေးလူနာ ထူးဆန်းတယ် ဒေါက်တာ၊ စောစောက ငိုကြီး ချက်မနဲ့ ကလေးမွေးဖို့တောင်မေ့နေတဲ့ပုံပဲ၊ ခုကြည့်စမ်း တစ်ယောက် ယောက်ကိုကြည့်ပြီး စကားတွေပြောနေလိုက်တာ၊ ကလေးမွေးဖို့ ပြန် အားတက်သွားတဲ့ပုံပဲ၊ သူ့လက်က ဘယ်ကိုလှမ်းကိုင်ထားတာတုန်း ကြည့် ပါဦး တောင့်တောင့်ကြီး"

ဖွဲ့မြတ်လက်ကို ဆုပ်ကိုင်ပြီး မွေးနေသော မျက်ဝန်းကို အားလုံး သံသယအကြည့်တွေဖြင့် ထူးဆန်းစွာကြည့်နေကြသည်။

"အူဝဲ အူဝဲ"

"ဟေ့ဟာ ငါတို့သမီးလေး မွေးပြီ၊ ငါ နင့်ကိုကျေးဇူးတင်လိုက် တာ မျက်ဝန်းရယ်၊ ငါ့သမီးလေးက နင်နဲ့ရော ငါနဲ့ရောတူတယ် ချစ်စရာလေး"

ဖွဲ့မြတ်စကားတွေဖောင်ဖွဲ့အောင် ပြောနေပေမယ့် မျက်ဝန်း





မောဟိုက်ပြီး စကားမပြောနိုင်။ ဖွဲ့မြတ် မသေဘူးဆိုသည့်အသိနဲ့တင် မျက်ဝန်း ကျေနပ်နေသည်။

"ငါ သွားတော့မယ် နင် ကလေးမွေးဖို့ အခက်အခဲဖြစ်နေလို့ ငါ ခွင့်တောင်းပြီးဝင်လာတာ ဒီအခန်းထဲမှာ ငါ အကြာကြီးနေခွင့်မရှိဘူး"

ချွေးစို့နေသော နဖူးပြင်ကို ငုံ့မိုးနမ်းရှိုက်ပြီး နှုတ်ဆက်ထွက် သွားသော ဖွဲ့မြတ်ကို ခေါင်းလေးဆတ်ပြလိုက်သည်။ ဖွဲ့မြတ် မျက်ဝန်း နားမှ ထွက်သွားပြီး သမီးလေးနားသို့ လျှောက်သွားသည်။

နာ့စ်လက်ထဲမှာ သန့်ရှင်းရေးလုပ်ခြင်းခံယူနေသော သမီးလေး ၏မျက်နှာဖူးဖူးလေးကို ဖွဲ့မြတ် ငုံ့နမ်းပြီး မျက်ဝန်းကို တစ်ချက်လှည့် ကြည့်သည်။

မျက်ဝန်း အပြုံးဖျော့ဖျော့ ပြုံးပြလိုက်ပြီး မွေးခန်းထဲမှ ထွက် သွားသော ဖွဲ့မြတ်၏နောက်ကျောကို မျက်စိတဆုံး ငေးရင်း ကျန်ခဲ့သည်။

■ ■ ■

"ဟိုးအခန်းရဲ့ထောင့်ဆုံးမှန်ဘောင်ထဲက ကလေးက ကိုယ်တို့ သမီးလေးပေါ့ မြသားရဲ့"

"ဟုတ်လား ကို မြသား အနီးကပ်ကြည့်ချင်လိုက်တာ ကိုရယ်၊ ဒီအပြင်က ကြည့်တာ အားမရဘူး၊ သမီးလေးက ချစ်ဖို့ကောင်းလားဟင်"

"ဟာ မြသားအတိုင်းပဲ၊ အရမ်းချော အရမ်းချစ်ဖို့ကောင်း တယ်"

မြသား ယုံအောင် ဟန်ဆောင်လိမ်ညာနေရပေမယ့် ဘူးနိုးထွင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်း ရင်ထဲမှာ ကမ္ဘာပျက်နေသလားပင်။

ခုချိန်မှာ မြသား အသက်ရှင်ဖို့အရေးအတွက် ဘုန်းထွဋ်ခေါင် ဘယ်လိုပင် လိမ်ညာဟန်ဆောင်ရပါစေ မမှုနိုင်တော့။

"သမီးလေးက ဘယ်သူနဲ့ပိုတူသလဲဟင် ကို"

ခုချိန်မှာ မြသား အသက်ရှင်ဖို့အရေးအတွက် ဘုန်းထွဋ်ခေါင် ဘယ်လိုပင် လိမ်ညာဟန်ဆောင်ရပါစေ မမှုနိုင်တော့။

"သမီးလေးက ဘယ်သူနဲ့ပိုတူသလဲဟင် ကို"

"တကယ်ဆို သမီးလေးက မြသားနဲ့တူတာပါ"

"အဖေနဲ့လည်း တူတယ်၊ အမေနဲ့လည်း တူတယ်"

"တော်တော်လိမ္မာတဲ့ သမီးလေးပဲ ကိုရယ်"

"ဟင် ဘာဖြစ်လို့လဲ မြသားရဲ့"

"ဘာဖြစ်ရမှာလဲ ကိုရယ် မိဘတွေက ဘယ်သူနဲ့တူတယ် ဘယ်ဝါနဲ့တူတယ်ဆိုပြီး အငြင်းမပွားရအောင် နှစ်ယောက်စလုံးနဲ့ ခွဲချက်တူပေးထားတာ လိမ္မာတဲ့ကလေးမို့ပေါ့"

"အင်း ဟုတ်ပါတယ်ဗျာ၊ အဲလို လိမ္မာတာလေးကိုက မြသားနဲ့ ပိုတူတာပေါ့"

မြသားကျေနပ်အောင် ပြောလိုက်သည်မို့ မြသားထံမှ ခပ်တိုးတိုးရယ်သံ ပေါ်ထွက်လာသည်။

"ဟိုမှာ လူတွေအုံနေပါလား ကို"

မြသား ညွှန်ပြရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။





"မွေးခန်းရှေ့မှာဆိုတော့ မွေးလူနာစောင့်တွေနေမှာပေါ့"

"မဟုတ်လောက်ဘူး ကိုရဲ့၊ ဆရာဝန်တွေရော နာ့စ်တွေရော"

ခုချိန်မှာ မြသားကို စိတ်လှုပ်ရှားစရာ အကြောင်းအရာတွေကို မတွေ့စေချင် မကြုံစေချင်၍

"တစ်ခုခုဖြစ်လို့နေမှာပေါ့ မြသားရယ်၊ ကဲ လာ အခန်းပြန်ပြီး နားလိုက်ရအောင်နော်၊ မြသား လမ်းလျှောက်ရတာ မောနေမှာပေါ့"

မြသားထိုနေရာကို သွားကြည့်ချင်တယ်ဟု မပူဆာခင်မှာ မြသားကို အခန်းရှေ့သို့ တွဲခေါ်လာလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

မြသားကို အခန်းမှာ နာ့စ်နှင့်အပ်ခဲ့ပြီး လူအုံနေသော နေရာသို့ ဘုန်းထွဋ်ခေါင် ထွက်လာခဲ့လိုက်သည်။ ရုတ်တရက်ပေါ်လာသော အကြံတစ်ခုနှင့် အံ့ဝင်ခွင်ကျဖြစ်မဖြစ် လာကြည့်ခြင်း ဖြစ်သည်။

"အဒေါ်ကြီး စောစောက လူတွေအုံနေတာ ဘာဖြစ်လို့လဲ"

မွေးခန်းဝတွင် မွေးလူနာထိုင်စောင့်နေသော ဒေါ်စန္ဒာထွေးကို မေးလိုက်သည်။

"ကလေးမွေးပြီး မအေက ဆေးရုံကဆင်းသွားလို့လေ"

"ဟင် ဘာဖြစ်လို့လဲ၊ ဆေးရုံစရိတ် မတတ်နိုင်လို့လား၊"

"ဘယ်ကလာ ကလေးကို ဆေးရုံမှာ ဒီအတိုင်းပစ်သွားတာလေ ကလေးလေးက ချစ်စရာလေး။ ကစ်ကစ်ဝဝနဲ့ အသားလေးကိုဖွေးစွတ်နေတာပဲ ကံဆိုးလိုက်တဲ့ ကလေးလေး"





ဘုန်းထွဋ်ခေါင် ထိတ်ခနဲ ဝမ်းသာသွားသည်။

"ဘာ ဘာလေးလဲဟင်"

မိန်းကလေးဆိုလျှင်တော့ ဒီက ဆေးရုံအုပ်ကြီးကို ဝင်တွေ့ပြီး မွေးစားခွင့်တောင်းကာ မြသားကို လိမ်ညာထားသည့်အတိုင်း ဆုံးသွားသော သမီးလေးနေရာမှာ အစားထိုးလိုက်ရုံပင်။

"ယောကျ်ားလေးပါကွယ်"

"ဩော်"

မျက်နှာညှိုးသွားသော ဘုန်းထွဋ်ခေါင်၏အရိပ်အကဲကို ဒေါ်စန္ဒာထွေးကလည်း အလွတ်မပေး။

"ဘာဖြစ်လို့လဲ ငါ့တူရယ်"

"ဩော် ဘာရယ်မဟုတ်ပါဘူး မိန်းကလေးဆိုရင် ကျွန်တော် မွေးစားချင်လို့ပါဗျာ"

ထိုစကားသည် ဒေါ်စန္ဒာထွေး၏အာရုံထဲ အလင်းရောင်တစ်ခု လှစ်ခနဲ ဝင်လာသလို အကြံတစ်ခုရသွားသည်။

"ကလေးတွေခမျာ ဒီလိုမိဘမျိုးတွေရဲ့ဝမ်းထဲ ဝင်စားတာ ကံဆိုးပါတယ်ကွယ်၊ ဒါနဲ့ ငါ့တူက ဘာလို့ကလေးမွေးစားချင်တာလဲ"

စပ်စုနိုင်လွန်းသော ဒေါ်စန္ဒာထွေးအမေးကို ဘုန်းထွဋ်ခေါင် ဖြေရန် ဝန်လေးပါသည်။

"ဒီဆေးရုံမှာလေ ခုလိုမျိုးဆင်းရဲပြီး မွေးမယ့်သူမရှိတဲ့ကလေးမျိုးကို ကျွန်တော်မွေးစားချင်တယ် အဒေါ်ရယ်၊ အဒေါ်များ ကူညီနိုင်



www.burmeseclassic.com

www.burmeseclassic.com



မလားခင်ဗျာ၊ ကျွန်တော် စာချုပ်စာတမ်းနဲ့အပြီးမွေးစားမှာပါ၊ အဲဒီကလေးရဲ့အုပ်ထိန်းသူကိုလည်း ငွေကြေးအားဖြင့် မနစ်နာရအောင် ကျွန်တော် စီစဉ်ပေးမှာပါ၊ ဖြစ်နိုင်ရင်လေ ကျွန်တော် ဒီရက်ထဲမှာလိုချင်တယ်ဗျာ"

"မင်း အဒေါ်မေးတာကို မဖြေသေးဘူးနော်၊ ဘာကြောင့် မွေးကင်းစမိန်းကလေးကိုမှ အရေးတကြီးမွေးစားချင်ရသလဲဆိုတာကို ပြော"

အခြေအနေမှန်ကို မပြောပြ၍မရတော့သဖြင့် ဘုန်းထွဋ်ခေါင် ဒေါ်စန္ဒာထွေးကို မြသားနှင့်သမီးလေးအကြောင်း ပြောပြလိုက်ရသည်။

ထိုစဉ် မွေးခန်းထဲမှ နာ့စ်တစ်ယောက် ကလေးချီပြီးထွက်လာသည်။

"မျက်ဝန်းညို လူနာစောင့်ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်၊ ကျွန်မက အဘွားပါ"

"ရော့ မိန်းကလေး မွေးပါတယ်"

ဒေါ်စန္ဒာထွေးထိုင်ရာမှထကာ အပြေးတစ်ပိုင်းဖြင့် ကလေးကို သွားခေါ်လိုက်သည်။ ဘုန်းထွဋ်ခေါင်ရှေ့ ပြန်ခေါ်လာသဖြင့် ဘုန်းထွဋ်ခေါင် အားကျစိတ်ကလေးဖြင့် ကလေးကို ငေးမောလိုက်သည်။

"ချစ်စရာကောင်းလိုက်တာဗျာ ကျွန်တော့်သမီးလေးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ"

"အမလေး ဒါ အဒေါ့်ရဲ့မြေးဦးလေးပါကွယ်၊ ဒါပေမဲ့ မြေးလေးက ကံဆိုးရှာတယ်ကွယ်"





"ဟင် ဘာဖြစ်လို့လဲ"

"သူ့အဖေက သူမမွေးခင် နာရီပိုင်းလေးအလိုမှာ ဆုံးသွားတယ်လေ"

"ဗျာ"

လူတွေမှာ သောကကိုယ်စီရှိကြတာမှန်ပေမယ့် ဒီလောက်သေးငယ်သော ကလေးမှာလည်း ကြီးမားသောသောကက စောင့်ကြိုနေလို့ပါလား။ ကိုယ်ခံစားနေရသော ဒုက္ခနှင့် ဒီကလေးလေးမှာရှိနေသော ဒုက္ခက ဆတူနီးပါး ညီမျှနေတာကတော့ လောကကြီးသိပ်ပြီး မတရားရာကျမနေဘူးလား"

"ဒီကြားထဲ မအေလုပ်သူက မွေးခန်းထဲဝင်ခါနီးမှ ဒီကလေးအဖေသေတာကို သိသွားရှာတယ်၊ မွေးခန်းထဲက ထွက်လာရင် ဘယ်လိုပုံစံနဲ့ မြင်တွေ့ရဦးမလဲ မသိပါဘူးကွယ်"

ဒေါ်စန္ဒာထွေး ကလေးကို ငုံ့မိုးနမ်းရှိုက်ပြီး တသိမ့်သိမ့်ရှိုက်ငိုလိုက်သည်။

"မငိုပါနဲ့ အဒေါ်ရယ်၊ အဒေါ်ငိုတော့ ဒီကလေးရဲ့ကံကြမ္မာက ကောင်းလာမှာမှမဟုတ်တာ၊ ဒီကလေးကို အကောင်းဆုံးပြုစုစောင့်ရှောက်ဖို့ နည်းလမ်းကောင်းကိုပဲ စဉ်းစားရတော့မှာမို့လား၊ ကျွန်တော်လည်း ဒီ သမီးလေးအတွက် စိတ်မကောင်းပါဘူးဗျာ၊ ရော့ အဒေါ် ဒါ ကျွန်တော့်ရဲ့လိပ်စာကတ်ပါ၊ စောစောက ကျွန်တော်ပြောထားတဲ့ကိစ္စလေး အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင် ကျွန်တော့်ကို ဆက်သွယ်ပေးပါနော်၊ အဒေါ့်ကိုရော ကာယကံရှင်ကိုရော ထိုက်ထိုက်တန်တန် ပေးပါ့မယ်''

ဒေါ်စန္ဒာထွေးလိပ်စာကဒ်ကို လှမ်းယူလိုက်သည်။

''အဒေါ့်အတွက်ကတော့ မလိုပါဘူးကွယ်၊ ငါ့တူပြောသလို မွေးစားမယ့်ကလေးတွေပြီဆိုရင် အဲဒီကလေးရဲ့အုပ်ထိန်းသူတွေနဲ့ အဒေါ်ကြားထဲက ညှိပေးပါ့မယ်၊ ပြော် ဒါနဲ့ သူတို့ကို ထိုက်ထိုက်တန်တန် ပေးမယ်ဆိုတာ ဘယ်လောက်ပမာဏများလဲကွယ်၊ တစ်ခါထဲ ပြောလိုက်ရအောင်လို့ပါ''

''ကျွန်တော့်အတွက်က ငွေကြေးကအဓိက မဟုတ်ပါဘူး ကျွန်တော်တို့စိတ်ကြိုက်ကလေးမျိုးသာ ဖြစ်ခဲ့မယ်ဆိုရင် သိန်းတစ်ရာ နှစ်ရာကုန်လည်း ကျွန်တော် မမှုပါဘူးဗျာ''

လောဘတို့ ဟုန်းခနဲ တောက်သွားသူက ဒေါ်စန္ဒာထွေးပင် ဖြစ်သည်။

သူ ဘာလုပ်ရမလဲ။ တစ်ခုခုတော့ လုပ်မှဖြစ်တော့မည်။ သိန်းတစ်ရာနှစ်ရာဆိုတာ နည်းတဲ့ငွေမှမဟုတ်တာ။

■ ■ ■



## အခန်း (၂၄)

''အမေ ဖွဲမြတ်ရော''

မွေးခန်းထဲက ထွက်ထွက်ချင်း ထော်လီပေါ်ကနေ လှမ်းမေးသော မျက်ဝန်းအမေးကြောင့် ဒေါ်စန္ဒာထွေး ကြောင်သွားသည်။ သူ့ကို မွေးခန်းထဲမဝင်ခင် ပြောလိုက်ပြီးသားပဲ ဖွဲမြတ် သေသွားပါပြီလို့။

''ဖွဲမြတ် ဆုံးပြီလေ သမီးရဲ့''

''အို မဟုတ်တာပဲ အမေရယ်၊ ခုလေးတင် ဖွဲမြတ် မျက်ဝန်းထဲ သွားတယ်၊ သမီးလေးကိုတောင် သူနမ်းပြီး မွေးခန်းထဲက ထွက်သွားတာ အမေရဲ့''

ဒေါ်စန္ဒာထွေး ကရုဏာသက်ဟန်ဖြင့် ကြည့်လိုက်ပြီး

''သမီးရယ် ကိုယ့်စိတ်ကို ကိုယ်ထိန်းစေပါကွယ်၊ ဖွဲမြတ် ...က်ပဲ ရွာမှာပိုးထိလို့ ဆုံးပြီဆိုတဲ့အကြောင်း၊ ရွာကဘုန်းကြီးက အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြားလာတယ်၊ ရွာကို လိုက်ခဲ့ပါတဲ့၊ အမေရော သမီးရော ဘယ်လိုလိုက်ကြမလဲ"

"အဒေါ်ကြီး ခုမှ ကလေးမွေးပြီးတဲ့လူနာကို မသေသေအောင် သတ်နေတာလား"

ထော်လီတွန်းနေသော ဆေးရုံဝန်ထမ်းမှာ ကြားမှမနေသာတော့ သွေးနုသားနု မီးနေသည်ကို သူ့ယောက်ျားသေတယ်ဆိုတာကို မယုံ အောင် ပြောနေတာ သိပ်သဘာဝမကျတော့။

"တကယ် သေသွားလို့ သေတယ်ပြောတာပဲ ရှင်နဲ့ဘာဆိုင်လဲ"

"ဆိုင်တယ် ဒါ ကျွန်မတို့ဆေးရုံက ခုပဲ ကလေးမွေးပြီးထွက် လာတဲ့လူနာ၊ ခုလိုကိစ္စမျိုးကို ပြောချင်တယ်ဆိုရင်လည်း အခြေအနေ ခုအချိန်အခါကိုကြည့်ပြီးမှပြောလေ၊ မီးနေသည်သွေးဆောင့်ပြီး တစ်ခါ အသက်ပါသွားနိုင်တယ်၊ ရှင် ကလေးမမွေးဖူးတာလား ဒါမှမဟုတ် နေတာလား"

ဒေါ်စန္ဒာထွေး ဘာမှပြန်မချေပတော့ဘဲ ငြိမ်သွားသည်။ စိတ်လောနေတာနဲ့ သူများပြောစရာ ဖြစ်ရပြီ။

■ ■ ■

"ဖွဲ့မြတ်ရေ ဖွဲ့မြတ်"

မျက်ဝန်း စိတ်တွေ ယောက်ယက်ခတ်ကာ ဆေးရုံထဲ ပတ်ပြီး ဖွဲ့မြတ်နာမည်ကို တကြော်ကြော် အော်ခေါ်လိုက်သည်။

အမေက ဖွဲ့မြတ်ဆုံးပြီတဲ့။ ဒါ ဘယ်လိုမှမဖြစ်နိုင်ဘူး။





နံကို ဆက်ကြည့်တော့လည်း စက်ပိတ်ထားသည်တဲ့။

မွေးခန်းထဲထိ ဝင်လာပြီး မျက်ဝန်းလက်ကိုဆုပ်ကိုင်ပြီး အား ပေးခဲ့တဲ့ ဖွဲ့မြတ်က ရွာမှာပိုးထိပြီးဆုံးတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။ ဖွဲ့မြတ် ဒီဆေးရုံထဲမှာပဲ ရှိရမည်။

ဒါမှမဟုတ် မျက်ဝန်းနဲ့သမီးလေးအတွက် လိုအပ်တာတွေများ သွားဝယ်နေလို့လား။

"ဖွဲ့မြတ်ရေ"

မျက်ဝန်း ဆေးရုံအနှံ့ကို လိုက်၍အော်ခေါ်လိုက်သည်။ လူတွေ အားလုံး မျက်ဝန်းကိုဝိုင်းကြည့်ကြသည်။

မျက်ဝန်းကို အရူးလို့ထင်ချင်ထင်ကြပါစေတော့ ဖွဲ့မြတ်ရယ်။ အခုချိန်မှာ ငါ နင့်ကိုသေလောက်အောင် တွေ့ချင်နေတယ်။ ငါ နင့်ကိုမခွဲ နိုင်စေနဲ့ ငါတောင်းပန်ပါတယ်။

ငါ့ရှေ့ကို အမြန်ရောက်လာပါတော့ ဟယ်။ ငါ နင်မရှိဘဲနဲ့ မနေရဲဘူး ငါကြောက်တယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟင့်အင်း သမီးလေးကို ဆေးရုံမှာ ထားခဲ့ပြီး မြသား အိမ်
မပြန်နိုင်ဘူး ကို၊ သမီးလေးပါမှ မြသား ပြန်မှာ"

မွေးကတည်းက ခုချိန်ထိ သမီးလေးကို သေသေချာချာ မတွေ့
ရသည့်အပြင် ဆေးရုံက ဆင်းနှင့်ရမယ်ဆိုတာတော့ လုံးဝအဓိပ္ပာယ်မ

"မဟုတ်ဘူး မြသားရဲ့၊ ခုချိန်မှာ သမီးလေးထက် မြသား
ကျန်းမာနေတာလေ၊ နောက်ပြီး ဆေးရုံမှာ လူနာတွေများတော့ အခ
တွေက ပြည့်နေတာ၊ အခု မြသား ဆင်းမှ ဒီအခန်းကို နောက်လူ
တစ်ယောက် အစားထိုးထည့်ရမှာမို့ သူတို့ကလည်း မြသားကို ဆေးရုံ
ဆင်းနိုင်းတာလေ၊ ဂျစ်မကျပါနဲ့ မြသားရယ်"

"ဒါဆို သမီးလေးကို သွားတွေ့မယ်"

ဘုန်းထွဋ်ခေါင် အခက်တွေ့ရပြန်ပြီ။





"သမီးလေးကို ခုတွေ့လို့မရသေးဘူး၊ ဆရာဝန်ကြီးက ပြော
တယ် သဘာက်ခါလောက်ဆိုရင်တော့ သမီးကို ဆေးရုံကဆင်းခွင့်ပြုပြီတဲ့"

မြသားယုံအောင် ကြံဖန်၍ ရှင်းပြန်းရသည်။

"ဟင် တကယ်လား"

"တကယ်ပေါ့ ကိုယ်က မြသားကို လိမ်စရာလားကွာ"

"ဒါဆိုရင် ပြီးရော၊ မြသား အိမ်ပြန်မယ် ကဲ ဒေါ်နန်း ဆေးရုံ
က ဆင်းဖို့လုပ်တော့"

"ဟုတ်ကဲ့ပါ မမလေး"

အားလုံးက ကလေးအဖတ်မတင်တာကို သိကြပေမယ့် ဘုန်း
ထွဋ်ခေါင် ညာပြောထားသလိုပင် အလိုက်အထိုက်လေး နေကြရသည်။

"မြသား သမီးလေးကို အဝေးကနေ သွားကြည့်ချင်သေး
တယ်"

"အင်းပါ ပြီးရင် သွားကြည့်ကြတာပေါ့၊ ခုလောလောဆယ်
ဆေးရုံစရိတ် သွားရှင်းလိုက်ဦးမယ်နော် မြသား"

ဘုန်းထွဋ်ခေါင် အကြောင်းမရှိအကြောင်းရှာပြီး မြသားအနားမှ
ထွက်လာခဲ့လိုက်သည်။

အခန်းအပြင်သို့အရောက်တွင် ဒေါ်စန္ဒာထွေးနှင့်တိုက်မိမလို
ဖြစ်သွားသည်။

"ဟာ အဒေါ် ဆောရီးနော်"

ဒေါ်စန္ဒာထွေး ပွေ့ချီထားသော မျက်ဝန်းကလေးကို ငုံ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်လိုက်သည်။ ပြီးမှ မှတ်မိသွားဟန်ဖြင့်

"ဩော် ဟိုနေ့က အဒေါ်ပဲ"

"ဟုတ်ပါတယ် တူလေးရယ်၊ ဒါ အဒေါ့်မြေးလေးလေ"

"ဟုတ် အဒေါ့်မြေးလေးက မိန်းကလေးဆိုတော့ အဒေါ်ချမ်း

ပဲနော်၊ ဒါနဲ့ သူ့အမေရော နေကောင်းရဲ့လား"

လူမှုရေးအရမို့ အလိုက်အထိုက် မေးလိုက်၏။ ထိုသို့မေး

ဒေါ်စန္ဒာထွေး တရှုံ့ရှုံ့ ငိုတော့၏။

"မ မပြောချင်ပါဘူးကွယ်၊ အဒေါ့်သမီးလေး ဆုံးပြီကွယ်

သူ့ယောကျာ်းတကယ်သေသွားတာကိုသိပြီး သွေးနုသားနုနဲ့ ဆုံးရှာ

ကွယ်၊ ဒီကလေးရဲ့အကျိုးပေးကိုက မကောင်းပါဘူးကွယ်"

"ဟာဗျာ ကျွန်တော် စိတ်မကောင်းလိုက်တာ၊ ကျွန်တော်

တော့လည်း သမီးလေးအဖြစ်မတင်လို့ သောကမွေ့ရ၊ ဒီကလေးကျတော

လည်း သူ လူ့လောကရောက်မှ အဖေရောအမေရော ဆုံးရှာတာဆိုတော

ကံကြမ္မာရဲ့ထိုးနှက်ချက်က ပြင်းလိုက်တာ"

ကိုယ့်သောကထက် ဒီကလေးရဲ့သောကက ပိုပြီးကြီးလေခြ

"ဒါနဲ့ အဒေါ် ဒီကလေးကို အိမ်ပြန်ခေါ်သွားတော့မှာပေ့

"သူ့အမေရဲ့သေစာရင်းလုပ်ပြီးတာနဲ့ အဒေါ်နဲ့မြေးလေးက

ပြန်ရမယ်လေ၊ ရွာမှာကလည်း ဆွေမျိုးသားချင်းမရှိပါဘူးကွယ်၊ အဒေါ်

သူများအိမ်မှာ ကပ်နေရတာ"

မသနားတာကို သနားအောင် ကြံဖန်လီဆယ်ပြီး ပြောလို





သည်။ ဘုန်းတွင်မှုခေါင်ကလည်း ယုံသည်။ ယုံရုံတင်မဟုတ် ဒီကလေးကိုပါ

မွေးစားချင်စိတ် ပေါက်သွားသည်။

"ဒါဆိုရင် ဒီကလေးတာဝန်ကို အဒေါ်ဘယ်ထမ်းနိုင်မလဲ"

ရေငတ်တုန်း ရေတွင်းထဲကျဆိုသလိုပင် ဒီကလေးကို မွေးစား

ဖို့ တောင်းဆိုကြည့်ရန် စိတ်ကူးရသွားသည်။

"ဒါဆိုရင် အဒေါ့်ကို ကျွန်တော်ပြောထားတဲ့ကိစ္စလေးကို အ

ကောင်အထည်ဖော်ကြည့်ပါလား ဟိုလေ ပွဲလန့်တုန်းဖျာခင်းတယ်လို့

ထင်ပါနဲ့ အဒေါ်ရယ်၊ ကျွန်တော် ဒီကလေးကို ကိုယ့်သားသမီးအရင်းလို

မေတ္တာအပြည့်အဝ ပေးမှာပါ"

ထိုသို့ပြောမှ ဒေါ်စန္ဒာထွေး တဟီးဟီးဖြင့် ငိုတော့သည်။

"အဒေါ်လည်း ဒီမြေးလေးဘဝကို ဒုက္ခတွေပင်လယ်ဝေမှာကို

စိုးရိမ်မိတယ်ကွယ်၊ မိဘမဲ့ပြီး ဘွားအေနဲ့အတူ လောကဓံကို မျှဝေခံစား

ရရှာဦးမှာ"

"အင်းလေ ကျွန်တော်ကလည်း ကိုယ့်အခက်အခဲကို ဖြေရှင်း

ချင်တာနဲ့အဒေါ့်ကို မပြောသင့်တာပြောမိပြီ၊ အဒေါ် သေချာစဉ်းစားပြီးမှ

အဖြေပေးပါ၊ ရော့ အဒေါ် ခုလောလောဆယ် အဒေါ်တို့မြေးအဘွား

အသုံးလိုနေမှာပေါ့"

တစ်သောင်းတန်ခပ်ထူထူတစ်ထပ် ထုတ်ပေးလိုက်သည်။

"အားနာပါတယ် မယူပါရစေနဲ့ကွယ်"

"ကျွန်တော် မျှော်လင့်ချက်နဲ့ပေးတာ မဟုတ်ပါဘူး။ ကူညီပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ စေတနာသက်သက်ပါ"

ဘုန်းထွဋ်ခေါင် ဟန်ဆောင်ကောင်းနေသော ဒေါ်စန္ဒာမြေ လက်ထဲသို့ ဖွတ်အတင်း ထည့်ပေးလိုက်သည်။

ဘုန်းထွဋ်ခေါင် ကလေးကိုတစ်ချက်ငုံ့ကြည့်ပြီး ဒေါ်စန္ဒာမြေ ရှေ့မှ ထွက်ခဲ့သည်။

"မောင်ဘုန်းထွဋ်ခေါင်"

ခြေလှမ်း ဆယ်လှမ်းပင် မပြည့်သေးခင်မှာပင် နောက်ကျော မှ ခေါ်သံကိုကြားပြီး လှည့်ကြည့်လိုက်သည်။

"အဒေါ်က အရမ်းကိုဆင်းရဲပြီး အခြေအမြစ်မရှိတဲ့ အဘွား တစ်ယောက်ပါ၊ အဒေါ့်မြေးလေးကို မင်းတို့မိသားစုလက်ထဲကို ထည့်ပါရစေ"

"ဗျာ"

"ဟုတ် ဟုတ်ပါတယ်ကွယ်"

"ဒီလိုစကားပြောဖို့ အဒေါ့်ရင်ထဲမှာ ဆူးစူးသလို ခံစားရပါတယ် ကွယ်၊ ဒါပေမဲ့ အဒေါ့်မြေးလေး ကောင်းစားဖို့အတွက် အဒေါ်ရင်ကျိုး ရတော့မှာပေါ့"

ဘုန်းထွဋ်ခေါင် ခြေလှမ်းတို့ နောက်ကို ခပ်သွက်သွက်ပြန် လျှောက်လာပြီး

"တ တကယ်လား အဒေါ်"

"အဒေါ်တို့လို သူဆင်းရဲသားတွေက ညာပြောရဲပါ့မလားကွယ်





မင်းတို့လို သူဌေးတွေလက်ထဲကို အဒေါ့်မြေးလေးကိုသာ ထည့်ပေးလိုက် ယ်ဆိုရင် မြေးလေးဘဝ အမြဲတမ်း ကောင်းစားတော့မှာ အဒေါ်ကတော့ သမီးရော သမက်ရော သေပြီဆိုမှတော့ ရန်ကုန်မှာ အားကိုးစရာမရှိတော့ ပါဘူး။ ရွာကိုပြန်ရုံပဲပေါ့ကွယ်"

"ဒါ ဒါဆိုရင် အဒေါ်နဲ့ကျွန်တော် ခုပဲ ကျွန်တော့်ရဲ့ရှေ့နေဆီကို သွားကြမလား"

"ဟမ် ရှေ့နေဟုတ်လား ဘာလုပ်ဖို့လဲ၊ အဒေါ်က အဲဒါတွေ နားမလည်ဘူးကွယ်"

"အဒေါ်နားမလည်လည်း ရပါတယ်၊ အဒေါ်က ဒီကလေးရဲ့ အဘွားအေအနေနဲ့ ကျွန်တော်တို့ကို ဒီကလေးအမွေစားအမွေခံအဖြစ် ပေး မွေးလိုက်ကြောင်းကို လက်မှတ်ထိုးပေးရုံပါ"

"ဩော် အေးကွယ် ဒါ အဒေါ့်အတွက် မြေးလေးအတွက် နောက်ဆုံးလုပ်ပေးရမယ့် တာဝန်ပါ"

ဘုန်းထွဋ်ခေါင် ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာနေ သလောက် ဒေါ်စန္ဒာထွေးမှာ ရှိုက်ကြီးတငင်ငိုကြွေးပြနေသည်။

ရေငတ်တုန်း ရေတွင်းထဲကျသူနှင့် ဒီယုန်မြင်လို့ဒီချုံထွင်သော သူနှစ်ဦးတို့ ကိုယ့်သောကနှင့်ကိုယ့်လောဘတွေပြေဖို့အတွက် တခြား ဘာကိုမှ ငဲ့ဖို့မလိုတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဟင် သမီးလေး သမီးလေးရော"

မျက်ဝန်းဆေးရုံအနှံ့ ဖွဲ့မြတ်ကို တကြော်ကြော်အော်ခေါ်ပြီး အခန်းထဲပြန်ဝင်လာတော့ သမီးလေး သူ့ပုခက်အတွင်းမှာရှိမနေတော့။

ပုခက်အောက်များ ပြုတ်ကျနေမလားဆိုပြီး ကြမ်းပြင်အောက်တွေ ငုံ့ကြည့်သည် မရှိ။

"ဟင် ငါထွက်လာတုန်းက သမီးလေး အိပ်နေပါတယ် အမေ ရောက်လာလို့များ နေပြရအောင် အပြင်ကိုများ ခေါ်ထုတ်သွားသလား"

ဖဝေဖဝါအတွေးဖြင့် အခန်းပြတင်းကနေ ဘေးဘက်ကော်ရစ်ဒါကို ငုံ့စောင်းကြည့်လိုက်သည်။

အမေ့အရိပ်အယောင် မတွေ့ရ။ အမေ မနက်က အိမ်ပြန်ပြီး





အဝတ်အစားနှင့်လိုအပ်တာ သွားယူမည်ဆိုပြီး ထွက်သွားသာ ခုချိန်ထိ ပြန်မှမလာသေးတာ။ အမေလည်း ခေါ်သွားစရာအကြောင်းမရှိ။

"ဘုရားရေ ဖွဲ့မြတ်များ သမီးလေးကို အပြင်ခေါ်ထုတ်သွားတာလား၊ ဖွဲ့မြတ် ဘာတွေလုပ်နေတာလဲ၊ ငါ့ကို ဘာဖြစ်လို့မတွေ့ဘဲ ခုလိုလုပ်နေရတာလဲ"

တစ်ယောက်ထဲ တီးတိုးပြောရင်း အခန်းထဲမှာရပ်ပြီး ဖြစ်နိုင်ခြေရှိတာကို စဉ်းစားနေမိသည်။ ထိုစဉ် နာ့စ်အခန်းထဲဝင်လာသည်။

"ဆရာမ ကျွန်မသမီးလေးရော"

မျက်ဝန်းအမေးကြောင့် နာ့စ်ကလေး တခစ်ခစ်ရယ်သည်။ ဒီအမျိုးသမီး ရူးများနေလေသလား။ စောစောက ဆေးရုံတစ်ရုံလုံးအနှံ့ သူ့ယောကျ်ားကို တကြော်ကြော်အော်ခေါ်သည်။ လူတွေက သူ့ကိုဂေါက်နေသူဟု ထင်ကြသည်။ ယခုတဖန် သူ့ကလေးရော့တဲ့ မေးပြန်ပြီ ဟူသော အတွေးဖြင့် ခပ်လှောင်လှောင် ကြည့်သည်။

"ရှင်က အမေလေ ရှင်တောင်မသိတာ ကျွန်မက ဘယ်လိုသိမှာလဲ"

"ဒါဆို ကျွန်မကလေး ဘယ်ရောက်လဲ ဖြေ"

"ကျွတ် မသိပါဘူးဆိုမှပဲ"

"မသိလို့ မရဘူးလေ၊ ကျွန်မ အခန်းထဲက ထွက်ပြီး ကျွန်မယောကျ်ားကိုလိုက်ရှာတုန်းက သမီးလေးက အိပ်ပျော်နေတာ ကလေးက သူ့ဟာသူတော့ ပုခက်ထဲက ထွက်ပြီး လမ်းဆင်းမလျှောက်သွားတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း ဆရာမကို ပြုံးသနာစရှာပြီ။

"ဟုတ်တယ်လေ ဒါတော့ ကျွန်မလည်းသိတာပေါ့၊ ဒါပေမဲ့ ကျွန်မလည်း ခုမှ ရှင့်အခန်းကို လာတာလေ၊ ရှင်ကသာ မိခင်ဖြစ်ပြီး ကိုယ့်ကလေးဘေးမှာမနေဘဲ အရူးတစ်ယောက်လို လျှောက်အော်နေပြီး ခုမှ ကလေးရောဆိုတော့ ကျွန်မက ဘာလုပ်ပေးရမှာလဲ၊ ရှင့်ကလေး ပျောက်တာ ရှင့်ဟာရှင်ရှာပေါ့"

ထိုဆရာမ ပြောတာလည်း သဘာဝကျနေသည်မို့ မျက်ဝန်း စကားနာပြန်ထိုးမနေတော့ဘဲ သမီးလေးကို လိုက်ရှာရန် သွေးရူးသွေးတန်း ခြေလှမ်းတွေဖြင့် တကြော်ကြော်ခေါ်ရင်း အပြေးအလွှား ရှာရပြန်သည်။

"သမီးလေးရေ သမီးလေး ဖွဲမြတ် ဖွဲမြတ် နင်ကလေးကိုခေါ်ပြီး ဘယ်မှာရှိနေသလဲ"

ဒုတိယအကြိမ် ဆေးရုံထဲလှည့်ပတ်ပြီး အပြေးအလွှား အော်ဟစ်ရှာပြန်သည်။ အများအမြင်မှာတော့ မျက်ဝန်းဟာ စိတ်ဖောက်ပြန်နေသူတစ်ယောက် ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။

သို့သော် မျက်ဝန်း လုံးဝကို စိတ်ဖောက်ပြန်ခြင်း မရှိသေးပါဘူး မျက်ဝန်းဆိကို ဖွဲမြတ် လာသည်။ ပြီးတော့ ခုချိန်ထိမျက်ဝန်းရှေ့ပေါ်မလာတော့။ ဒါ့အပြင် သမီးလေးသည်လည်း ပျောက်ခြင်းမလှ ပျောက်ရပြန်သည်။

တစ်ခန်းဝင်တစ်ခန်းထွက် သမီးလေးကို မောကြီးပန်းကြီး





လိုက်ရှာနေသော မျက်ဝန်းဇောချွေးတို့ ပြန်စပြုနေသည်။

ထိုစဉ် အမျိုးသမီးငယ်တစ်ယောက် ကလေးငယ်တစ်ယောက်ကို ပွေ့ပြီး ရှေ့မှ ဖြတ်သွားသဖြင့် မျက်ဝန်း လိုက်ကြည့်ပြီး

"ဟင် ဟိုမှာ သမီးလေး သမီးလေး"

ထိုအမျိုးသမီးနောက်ကို ပြေးလိုက်သည်။

"ဟော့ ကျွန်မကလေးကို ဘယ်ခေါ်သွားမလို့လဲ ရပ်စမ်း အဲဒီမှာ ရပ်စမ်း"

ထိုအမျိုးသမီး လုံးဝမကြား။ မျက်ဝန်းခြေလှမ်းကို မြန်နိုင်သမျှ မြန်လိုက်သည်။ မိုသလောက်ရှိပြီဆိုမှ နောက်ကျောမှနေ၍ လက်မောင်းကို သိမ်းဆွဲလိုက်ပြီး

"ဒီမှာ ရှင် ကျွန်မသမီးလေးကို ခိုးသွားတာလား"

စွပ်စွဲချက်တွေအဆုံး မျက်ဝန်း မျက်လုံးတို့အဝိုင်းသားဖြင့်

"ဟင် သမီးလည်း မဟုတ်ပါလား"

"ရှင် ဘာတွေလာပြောနေတာလဲ ရှင့်သမီးကို ကျွန်မက ခိုးရလား"

ထိုအမျိုးသမီး ပွေ့ထားသော ကလေးမှာ သမီးလေးမဟုတ်ဘဲ မျက်လုံးမှေးစင်းစင်းနှင့် ညိုညိုညက်ညက်ကလေး ဖြစ်သည်။

"အို မျက်ဝန်းကလေးမဟုတ်ပါလား"

ဇောဖြင့်စွပ်စွဲပြီးမှ မျက်ဝန်း အားနာသွားသည်။ တောင်းပန်သောအကြည့်ဖြင့် ကြည့်ပြီး လစ်ထွက်ခဲ့သည်။

ရင်ထဲမှာ ဆောက်တည်ရာမရခြင်းတွေက ကမ္ဘာပြိုသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ အိပ်ပျော်နေသော သမီးလေးက ဘယ်ကိုရောက်သွားပြီတဲ့လဲ။

သွေးရူးသွေးတန်း ခြေလှမ်းတွေဖြင့် ဆေးရုံအုပ်ကြီး ရုံးခန်းဆီသို့ ဒရောသောပါး ပြေးလာလိုက်သည်။

သမီးလေး ပျောက်နေတာကို သူတို့ထံ အကြောင်းကြားရမည်။

■ ■ ■

"အမေ ကယ်ပါဦး မျက်ဝန်းကို ကယ်ပါဦး အမေရယ်"

ဆေးရုံညီးသန့်ခန်းထဲ ဝင်လာသော ဒေါ်စန္ဒာထွေးအား မပဥ္ဇာ မြေလူးသော ဝေဒနာတွေဖြင့် ကူကယ်ရာမဲ့စွာဖြင့် အော်ဟစ်မြည်ကြွေးလိုက်သည်။

"ဘာဖြစ်လို့လဲ သမီးရယ်"

"မျက်ဝန်း သမီးလေးကို မတွေ့တော့ဘူး အမေရယ်၊ မျက်ဝန်းမသိအောင် ဖွဲ့မြတ် ခေါ်သွားပြီ"

ဒေါ်စန္ဒာထွေး ဘာမှမသိသလိုဟန်ဖြင့်

"သူ့အဖေခေါ်သွားတာပဲ သမီးရယ်၊ အချိန်တန် ပြန်လာမှာပဲ"

ဖွဲ့မြတ် သေသွားပါပြီလို့ ပြောတာတောင် လက်မခံမှတော့ သူ့စိတ်အတိုင်း အလိုက်အထိုက် ပြောပေးရုံပေါ့။

"ဒါနဲ့ ဆေးရုံအုပ်ကြီးရဲ့ဆေးရုံဆင်းခွင့်လက်မှတ်ရပြီဆို ကလေးကို သူ့အဖေခေါ်သွားတာနေမှာပါလို့ အမေ ပြောခဲ့တယ်"





"ဟင် အမေ ဘယ်လိုသိတာလဲ"

"နာ့စ်ပြောတာလေ၊ အခေါ်သမီး သူ့ကလေးပျောက်လို့ဆိုပြီး ဆေးရုံအုပ်ကြီးရုံးခန်းမှာ တငိုငိုတရယ်ရယ်နဲ့တဲ့၊ သူ့ယောက်ျားများခေါ်သွားလားဆိုပြီး ယောက်ျားကိုရော ကလေးကိုရော ရှာနိုင်းနေလို့တဲ့"

"ဟုတ်တယ် အမေ၊ ဆေးရုံအုပ်ကြီးရော နာ့စ်တွေရော သမီးကို ရူးနေတယ်လို့ထင်ကြတယ်"

ပြောရင်း မျက်ဝန်း ငိုပြန်သည်။

"ကဲပါ သမီးရယ် ဖွဲ့မြတ် ကလေးကိုခေါ်ပြီး အိမ်ပြန်ရောက်ချင်ရောက်နေလောက်ပြီပေါ့၊ အမေတို့ ဆေးရုံကဆင်းဖို့ ပစ္စည်းတွေသိမ်းဆည်းရအောင်"

"ဟုတ်ကဲ့ပါ ဒါဆို ဖွဲ့မြတ်ရော သမီးရော အိမ်မှာရောက်နေလောက်ပြီပေါ့နော် အမေ"

"အေးပေါ့ သမီးရယ်"

ဒီတော့မှ မျက်ဝန်းမျက်နှာ ပြန်လည်လန်းဆန်း၍လာသည်။

ဒေါ်စန္ဒာထွေး အိပ်ရာတွေသိမ်းဆည်းရင်း မသိမသာမဲ့လိုက်သည်။

နင့်ကလေးကို ငါရောင်းစားခဲ့ပြီ မိမျက်ဝန်းရေ၊ ဒီတစ်သက် နင့်သမီးရော နင့်လင်ရော နင့်ဆီကို လုံးဝပြန်မလာနိုင်တော့ဘူး။

နင်ကတော့ အရူးမဘဝနဲ့ လောကကြီးကို မသိကျိုးကျွံပြုပြီး နေကြည့်ဦးပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"အမလေး သမီးလေးက ချစ်စရာကောင်းလိုက်တာ ကိုရယ် မြသားကလေ ဆေးဝါးကုသမှုတွေခံယူနေတဲ့ မြသား သမီးလေးကို ညှစ်ညှစ်ကလေးလို့ ထင်ထားတာ၊ ခုတော့ ကြည့်ပါဦး တက်တုံးတစ် ကြီး"

ခုမှပင်ပြုံးပြုံးရွှင်ရွှင် ဖြစ်ကာ ကလေးကို တရှုံ့ရှုံ့နမ်းနေသော မြသားကိုကြည့်ပြီး ဘုန်းထွဋ်ခေါင် သက်မတစ်ချက်ကို မသိမသာ ချ လိုက်သည်။

ဒီကလေးငယ်၏အဖျားကို ထောက်ပံ့ကြေးငွေ တစ်သက်စာ အဖြစ် သိန်းနှစ်ရာပေးခဲ့ပြီး ဒီကလေးကို စာချုပ်စာတမ်းဖြင့် အပြီးမွေးစား ခဲ့သည်ဆိုတာ မြသားသိလျှင် သူ့သွေးသားမဟုတ်ဘူးဆိုသည့်အသ ကြောင့် ခုလို ပြုံးရွှင်ရယ်မောနိုင်ပါတော့မလား။





"ကို သမီးလေးကို နာမည်ပေးကင်ပွန်းတပ်လုပ်ရဦးမယ်နော်"

"ဒါပေါ့ မြသားရဲ့၊ မြသားက ဘယ်လိုနာမည်မျိုး စဉ်းစားထား သ"

"နာမည်ဆိုတာ ဒီအတိုင်း ဖွတ်ပေးလို့မဖြစ်ဘူး ကိုရဲ့၊ နားလည် တတ်ကျွမ်းတဲ့ဆရာတွေနဲ့ပေးမှ ဖြစ်မှာ၊ ဒါမှ သမီးလေးရဲ့တစ်ဘဝလုံးစာ ကို ဒီနာမည်က အထောက်အပံ့တွေပေးနေမှာ၊ မြသားတို့ သမီးလေးကို ကောင်းကောင်းပြုစုပျိုးထောင်ကြရအောင်နော်"

ကိုယ့်တဝဆက်လက်ရှင်သန်နေတာ မြသားနဲ့သမီးလေးကြောင့် ဒါကြောင့် မြသားသာ အသက်ရှင်မယ်ဆိုရင် ဘုန်းထွဋ်ခေါင် ဘာပဲ ည်ရလုပ်ရ လုပ်မည်။

"ဟော့တော် သမီးလေးက ရှူးရှူးတွေပေါက်ချလိုက်ပြီပဲ၊ ကိုရေ ကို အရင်ဆုံး ရှူးရှူးနဲ့မိတ်ဆက်လိုက်တယ်ပေါ့လေ ဟုတ်လား မီးလေး၊ အင်း ချစ်ဖို့ကောင်းလိုက်တဲ့သမီးလေးရယ်"

မြသားသွင် သမီးလေးကို တရှုံ့ရှုံ့နမ်းသည်။ ပြီးနောက် သူ ယ်တိုင် သေးဝတ်လဲလှယ်ပေးဖို့လုပ်သည်။

ဒေါ်နန်းဘေးမှာရပ်ကြည့်နေရာမှ သူ လုပ်မည်ဟုပြောသည်။

"မမလေး သမီးကိုပေးလေ၊ ဒေါ်နန်းလုပ်ပေးပါ့မယ်"

"ရတယ် ဒေါ်နန်း၊ မြသားဖာသာ လုပ်မယ်၊ မြသားက မေပဲ၊ သားသမီးဝေယျာဝစ္စ လုပ်ရမှာပေါ့"

မြသားကိုယ်တိုင် သမီးလေး၏ဝေယျာဝစ္စကို လုပ်ပေးချင်သည်။

www.burmeseclassic.com



"မမ ဆေးသောက်ချိန်ရောက်ပါပြီ"

"မမ ဘာမှမဖြစ်တော့ပါဘူး။ ဒါကြောင့် ဆေးသောက်စရာ မလိုတော့ဘူး"

နှစ်ယူလာပေးသော ဆေးကိုသောက်ရန် ပြုံးရွှင်စွာငြင်းလိုက်သည်။ သမီးလေးနဲ့မတွေ့ရခင်တုန်းက မြသား သမီးစိတ်ကြောင့် နေမကောင်းတာ ယခု သမီးလေးကို မြသားတွေ့ရပြီမို့ မြသားရင်ထဲမှာ အပျော်တွေကလွှဲပြီး ဘာဝေဒနာမှ မခံစားရတော့။

နီထွေးနူးညံ့သော သမီးလေး၏လက်သီးဆုပ်ကလေးတွေကို ခပ်ဖွဖွဆုပ်ကိုင်ကြည့်ပြီး မြသားဘဝမှာ သမီးလေးသာရှိနေရင် ဘာမှ ဘာမှမလိုအပ်တော့ဘူးဟု ထင်ရလောက်အောင် ပြီးပြည့်စုံသွားပါပြီ။

ဘုန်းထွဋ်ခေါင်လည်း မြသား ပျော်နေတာကို ကြည့်ပြီး ခုမှ သက်ချေနိုင်တော့သည်။

■ ■ ■

"အမေ အမေပြောတော့ သမီးရော ဖွဲမြတ်ရော အိမ်မှာ ရောက်နေလောက်ပြီဆို၊ ခုတော့ ဘယ်မှာလဲ ဘယ်သူမှမရှိကြဘူး"

မျက်ဝန်း အိမ်ရောက်တာ နှစ်ရက်ရှိပြီ။ ဖွဲမြတ်ကိုလည်း အရိပ်အယောင်တောင် ပေါ်မလာသလို သမီးလေးကိုလည်း မတွေ့ရ။

ရင်ထဲမှာ ပူလောင်နေသောအပူတွေက မီးတောင်တစ်ခု ခနဲ ထပေါက်ကွဲသည့်ပမာ။ တရှုံ့ရှုံ့အော်ငိုလိုက်၊ အကျယ်ကြီးအော် လိုက်နှင့် မျက်ဝန်းပုံစံက အရူးတစ်ယောက်နှယ်။





"ဒီမှာ သမီး ညည်းယောကျ်ားသေပြီအေ့ သေပြီ ဒါကြောင့် သမီးတမနေနဲ့တော့"

"မသေဘူး အမေပြောတော့ ဖွဲမြတ်က သမီးကိုခေါ်သွားတာ ဆို"

"ငါလည်း ထင်ကြေးကိုပြောတာလေ၊ ဖွဲမြတ်ခေါ်သွားတယ် ဆိုတာ ငါ့မျက်စိနဲ့မြင်တာမှ မဟုတ်တာ"

ပေါ့ပေါ့တန်တန် ပြောသော တာဝန်မဲ့စကားကြောင့် မျက်ဝန်း တော်ရည်တို့ တွင်တွင်စီးကျကာ အရူးတစ်ယောက်လို အော်ငိုပြန်သည်။

"ငိုမနေစမ်းပါနဲ့အေ၊ ညည်းပုံစံက စိတ်ဖောက်ပြန်နေတဲ့အရူး ။ နေပြီ၊ ဒါကြောင့် ညည်းကို ဆေးရုံကလည်း စိတ်ဖောက်ပြန်နေတဲ့ သို့ပဲ အားလုံးက ထင်နေကြတာ၊ ဒီအချိန်မှာ ကလေးပျောက်မှုနဲ့ တိုင်သည်း ဘယ်သူမှ တာဝန်ယူဖြေရှင်းပေးမှာမဟုတ်ဘူး"

ဒေါ်စန္ဒာထွေး၏ဗီဇရုပ် ပြန်ပေါ်လာသောစကားမို့ မျက်ဝန်း ကတွေကြားမှ မယုံနိုင်လောက်အောင် အံ့ဩမိသည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

အိမ်ရှေ့မှ ယောကျ်ားတစ်ယောက်ခေါ်သံကြောင့် မျက်ဝန်းရော နှာထွေးပါ ဖြိုင်တူလှည့်ကြည့်ကြသည်။

ဒေါ်စန္ဒာထွေးက အရင်ဆုံး စမေးလိုက်သည်။

"ဘယ်သူလဲကွယ်"

"ခရေကုန်းရွာကပါ မောင်ဖွဲမြတ် ဆုံးပြီဆိုတဲ့အကြောင်း မှန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောပေမယ့် ဒီကအိမ်သားတွေ လိုက်မလာလို့ လူကိုယ်တိုင် သေ...
အောင် လာပြောတာပါ"

"ရှင် ဖွဲမြတ် ဆုံးပြီ ဟုတ်လား"

"ဟုတ်ပါတယ် ရွာဦးကျောင်းနားမှာ ဘုရားတည်ဖို့ မြေနေ...
သွားကြည့်ရင်း ပိုးထိပြီးဆုံးတာပါ"

မျက်ဝန်း ရင်ထဲမှာ ကျွှာပြုသည့်နှယ်။ လူက အရုပ်ကြိုးပြ...
ထိုင်ချလိုက်ပြီး ဆို့ကျပ်လာသည်။ ထိုလူ ဘာတွေဆက်ပြောနေသ...
ဆိုတာ မျက်ဝန်း ဆက်နားမထောင်နိုင်တော့။

မျက်ဝန်းဘဝမှာ ဖွဲမြတ်မရှိတော့သလို သမီးလေးလည်း ပျော...
ခြင်းမလှ ပျောက်ဆုံးနေသည့်အတွက် အသက်ရှင်တော့ရော ဘာ...
တော့မှာလဲ။

ကံကြမ္မာက မျက်ဝန်းကို တဖန်ပြန်ပြီး ထိုးနှက်ပြန်ပြီလေ...
မျက်ဝန်းဘဝက ဖွဲမြတ်နှင့်လက်ထပ်ပြီးမှ ငြိမ်းမယ်ကြဲကာ ရှိပါသေ...
တယ်။

■ ■ ■



## အခန်း (၂၈)

ငိုလိုက် ရယ်လိုက် တစ်ယောက်ထဲ စကားတွေပြောလိုက်လုပ်
...နေသော မျက်ဝန်းအခြေအနေကိုကြည့်ပြီး ဒေါ်စန္ဒာထွေး ရပ်ကွက်ထဲ
...သတင်းလွှင့်သည်က

"ကျွန်မသမီးအဖြစ်က ဆိုးပါတယ်ရှင်၊ သားမက်က အမေရဲ့
...ဇာတိရွာမှာ ရုတ်တရက်ဆုံးတယ်၊ ကလေးက သေတယ်၊ သူက စိတ်
...ဖောက်ပြန်သွားတယ်"

ထိုသို့ သတင်းလွှင့်မှုကြောင့် မျက်ဝန်းကို ရပ်ကွက်ထဲကလူတွေ
...က စိတ်ဖောက်ပြန်သွားသူဟုပဲ ယုံကြည်သွားကြ၍ ကလေးပျောက်၍
...လိုက်ရှာနေခြင်းကို စိတ်မနှံ့၍ လိုက်ရှာနေသည်ဟုပဲ ယုံကြည်သွားကြ
...သည်။

"အစ်မ ခင်သန်း၊ ခဏနေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲက မခင်သန်း ဈေးခြင်းတောင်းဆွဲပြီး ဈေးမှပြန်လာသည်ကို အနောက်မှ အမောတကော ပြေးလိုက်ပြီး ခေါ်ခြင်းဖြစ်သည်။ မခင်သန်း လှည့်ကြည့်ပြီး

"ဟော မျက်ဝန်း ဘာလဲ"

"ကျွန်မ ကလေး ပျောက်သွားလို့ ပိုင်းရှာပေးပါလား မခင်သန်းရယ်"

ငိုမဲ့မဲ့လေးပြောနေသော မျက်ဝန်းကိုကြည့်ပြီး မခင်သန်း စိတ်မကောင်းဖြစ်မိသည်။ လင်ရော ကလေးရော သေပြီဆိုမှတော့ သွေးသားနဲ့ စိတ်ကယောက်ကယက် မဖြစ်ဘဲနေပါ့တော့မလား။ ထို့ကြောင့် အလိုက်အထိုက်ပင်။

"အေးပါ ညီမရယ်၊ အစ်မ ရှာပေးပါ့မယ်၊ စိတ်ချ"

"ဟယ် တကယ်ရှာပေးမှာနော်၊ ကျေးဇူးတင်လိုက်တာ မခင်သန်းရယ်၊ ဩော် ဒါနဲ့ ကျွန်မ သမီးလေးက အရမ်းချစ်ဖို့ကောင်းတယ်၊ မျက်လုံးလေးက ပြာလဲ့လဲ့နဲ့ ဝိုင်းစက်နေတာပဲ၊ နှာတံလေးကလည်း ဖွံ့ဖြိုးလှပဲ စင်းနေတာပဲ၊ နှုတ်ခမ်းလေးက ကျွန်မနှုတ်ခမ်းလို ဖူးဖူးလေး၊ ခြေတံလက်တံက ကျွန်မလိုပဲ အရမ်းလှတယ်၊ ဆံပင်လေးတွေကတော့ သူ့အဖေနဲ့တူတယ်၊ ခွေခွေလေးတွေ သမီးလေးက ငိုရင် အုံးအုံ့ဝဲလို့လည်း ငိုတယ်၊ နောက်ပြီး သမီးလေးရဲ့ခြေသလုံးမှာ အမှတ်ဝိုင်းဝိုင်းလေးပါတယ်"

သမီးဖြစ်သူ၏ထူးခြားသော အမှတ်အသားများကို စိတ်ရှည်





ညှိနှင့်ပြောပြနေသော မျက်ဝန်း၏မျက်လုံးတွေသည် မျှော်လင့်ချက်တွေနှင့် အရောင်တောက်နေ၏။

သမီးလေးကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ကိုတွေ့မှာပါဟု ယုံကြည်ထားပုံရသည်။

"စိတ်ချ ညီမကလေးကို ပုံသဏ္ဌာန်ပြောပြရုံနဲ့တင် အစ်မ မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်းကို ပေါ်တယ်၊ မြင်လိုက်တာနဲ့ ညီမကလေးမှန်းတန်းပြီးတော့ကို သိမှာ၊ စိတ်ချ အစ်မတင်မဟုတ်ဘူး၊ တခြားသူတွေကိုပါ အစ်မ ဝိုင်းရှာခိုင်းမယ် သိလား"

မျက်ဝန်း ပျော်သွားသည်။

"ကျေးဇူးတင်လိုက်တာ အစ်မရယ်၊ ညီမ သမီးလေးကိုသာ တွေ့ရင်လေ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်မှာပါ"

"အေးပါကွယ် အေးပါ"

ဒီသမီးလေးကို မျက်ဝန်းနဲ့မျက်လုံးနှစ်လုံးနဲ့တင် ဘယ်လိုရှာမလဲ။ သူများ မျက်လုံးတွေနှင့်ပါ ဝိုင်းရှာပေးမှာပေါ့။

သမီးရေ မေမေ့သမီးလေးကို မေမေ မတွေ့တွေ့အောင် ရှာမယ်သိလား။

■ ■ ■

"မိမျက်ဝန်း ညည်း တစ်နေ့တစ်နေ့ သမီးရှာမယ်ဆိုပြီး ထွက်သွက်သွားလိုက်တာ အိမ်ကိုပြန်လာဖို့ရော သတိရရဲ့လား"

"သမီးနဲ့ဖွဲ့ဖြတ်မရှိတဲ့ ဒီအိမ်မှာ မျက်ဝန်း နေချင်စိတ်မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သမီးကို နေရာအနှံ့လိုက်ရှာနေတာ၊ တွေ့တဲ့လူတွေကိုလည်း အပ်ထားတယ် အမေရဲ့"

ဒေါ်စန္ဒာထွေး မဲ့လိုက်ပြီး ညည်းသမီး ညည်းဆီကို ဘယ်တော့မှ ပြန်မလာတော့ဘူးဟု စိတ်ထဲက ပြောလိုက်သည်။

"မျက်ဝန်း ရဲစခန်းမှာ အမှုသွားဖွင့်ရင်ကောင်းမလား အမေ"

"ဟဲ့ အဲဒါပျောက်ပျောက်ခြင်း အမှုဖွင့်ရမှာလေ၊ ခုမှ အမှု သွားဖွင့်တော့ရော ရဲတွေက အလုပ်ရှုပ်ခံပြီး ရှာပေးမလား။ နောက်ပြီး ညည်းသမီး ရက်သားလေးကို ဘယ်သူက ခိုးမှာလဲ၊ ကလေးက သေ သွားတာလေ၊ သွေးနုသားနုနဲ့ သွေးဂယောက်ဂယက်ဖြစ်ပြီး ကိုယ့်လက် ကိုယ့်သား သေလို့သေမှန်းတောင် မသိဘူး၊ ညည်းအခြေအနေ တော် တော်ဆိုးနေပြီ"

ထိုစကားကြောင့် မျက်ဝန်း တုန်လှုပ်သွားသည်။

"အ အမေ ဘယ်လိုပြောလိုက်တာလဲ၊ မျက်ဝန်း အဲလောက်ထိ စိတ်ဂယောက်ဂယက် မဖြစ်သေးပါဘူး။ ဖွဲ့မြတ်သေတာကို မျက်ဝန်း မဖြစ်မနေ လက်ခံလိုက်ရပေမယ့် သမီးသေတယ်ဆိုတာကတော့ ဘယ် လိုမှ မဟုတ်ဘူးလေ"

"ဘာလို့မဟုတ်ရမှာလဲ ညည်းကလေး သေသွားပြီဆိုတာ ညည်း လက်ခံနိုင်ရမယ်"

"မသေဘူး ပျောက်သွားတာ၊ ဆေးရုံမှာ ပျောက်သွားတာ"

"အေး အဲဒီဆေးရုံက လူတွေကလည်း ညည်းကိုအရူးလို့





သတ်မှတ်နေကြတာ"

ဒေါ်စန္ဒာထွေး ဘာကြောင့် မဟုတ်တာတွေကို ပေါ်တင်လိမ် ညာပြောနေရတာလဲဆိုတာ မျက်ဝန်း နားမလည်။

ထိုသို့ နားမလည်ခြင်းများနှင့်အတူ ဒေါ်စန္ဒာထွေးအပေါ် သံသယတို့ ဝင်မိသွားသည်။ သမီးလေး ပျောက်ဆုံးသွားသည့်ကိစ္စမှာ ဒေါ်စန္ဒာထွေး ပယောဂမှ ကင်းပါ့မလား။

ထိုသံသယသည် တုထည်ကြီးမားလာသည်နှင့်အမျှ သံသယ အကြည့်ဖြင့် ကြည့်လိုက်ပြီး

"မဟုတ်မှလွဲရော အမေ အမေများ သမီးလေးကို ဖွက်ထား တာလား"

"ဘာ ငါက ဘာလို့ ဖွက်ရမှာလဲ၊ ကြံကြီးစည်ရာအေ"

"ဒါပေမဲ့ ထူးဆန်းတယ် အမေ၊ သမီးလေးပျောက်တာ အရမ်း ထူးဆန်းတယ်၊ ဒါမှမဟုတ် သမီးလေး လူကုန်ကူးခံရတာလား"

ထိုစကားကြောင့် ဒေါ်စန္ဒာထွေး မျက်စိမျက်နှာပျက်သွားကာ

"ညည်းက ငါ့ကိုစွပ်စွဲနေတာလား၊ မျက်ဝန်း ဟမ်"

"စွပ်စွဲတာ မဟုတ်ဘူး အမေ၊ သမီးလေး မသေဘဲ သေတယ် လို့ အမေပြောလိုက်တာ နည်းလမ်းမမှန်ဘူး။ အမေ့စိတ်ထဲမှာ မျက်ဝန်း စိတ်တွေ ဂယောက်ဂယက်ဖြစ်တာကို အခွင့်ကောင်းယူပြီး မျက်ဝန်းရဲ့ စိတ်တွေကို လာပြန်လှည့်စားတေနာ အ အမေရယ်၊ မျက်ဝန်းကိုအမှန် အတိုင်းပြောပါ၊ သမီးလေး ဘယ်မှာလဲ အမေသာ သမီးလေးကို ပြန်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ပေးရင် မျက်ဝန်းမှာရှိတဲ့ ပိုင်ဆိုင်မှုတွေအားလုံး အမေ့ကိုပေးမှာပါ"

မက်လုံး ပေးလိုက်ခြင်းဖြစ်သည်။

"ညည်းပိုင်ဆိုင်မှုတွေကို ငါ့ကိုပေးတော့ရော ငါက ဒီကလေးကို ဘယ်လိုပြန်ရှာပေးနိုင်မှာလဲ၊ အဲဒီကလေးကို ငါခိုးတာလည်း မဟုတ်ငါ သတ်တာလည်းမဟုတ်"

"ဒါပေမဲ့ သမီးလေး ဘယ်မှာရှိနေတယ်ဆိုတာ အမေသိနေတယ်လို့ မျက်ဝန်းတော့ ထင်တယ် အမေ"

ပြောရင်း မျက်ဝန်း ရှိုက်ကြီးတငင် ငိုချလိုက်သည်။

သေချာပါပြီ။ သမီးမသေဘဲ သေတယ်ဟု မျက်ဝန်းစိတ်ကို လှည့်စားလိုက်ကတည်းက အမေ မရိုးသားတော့ဘူးဆိုတာ။

"ငါက ညည်းသမီးကို ဖွက်ပြီး ညည်းဆီက ငွေညှစ်မယ်များ ထင်နေလား မျက်ဝန်း"

"ထင်နေတာ မဟုတ်ဘူး ထင်ကိုထင်သင့်တာ ဒကာမကြီး"

အိမ်ရှေ့အပေါက်ဝတွင် ဘယ်အချိန်ကတည်းက ရောက်နေမှန်း မသိသော ဘုန်းကြီးကို တအံ့တသြဖြင့် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဟင် ကိုထွန်း"

"အဖေ"

မျက်ဝန်း ဖခင်ကိုမြင်သည်နှင့် မတ်တတ်ရပ်နေသော အိမ်ပေါက်ဝနား အပြေးဆင်းသွားကာ ဒူးထောက်ထိုင်ချပြီး အရှပ်ကြီးပြတ် ငိုကြွေးလိုက်သည်။





"မငိုကြွေးနဲ့ ဒကာမလေး။ လူတွေမှာ လောဘ ဒေါသ မောဟ ဆိုတဲ့ မီးသုံးမီး မငြိမ်းသမျှကာလပတ်လုံး အပူဒုက္ခတွေဟာ တစ်မျိုးပြီး တစ်မျိုး ဝင်ရောက်နေကြမှာပါပဲ"

ဘုန်းကြီး တရားသဘောနှင့်ယှဉ်ပြီး ဆုံးမသည်။

"ဘုန်းဘုန်းရယ် အခုလေ မျက်ဝန်း အဲ တပည့်တော်မရဲ့ သမီးလေးပျောက်နေပါတယ်၊ ဒါပေမဲ့ လူတွေက တပည့်တော်မ ပြောတာကို မယုံကြဘူး၊ စိတ်ဖောက်ပြန်နေလို့ ပြောတယ်လို့ပဲ ထင်နေကြတယ်"

"ဝဋ်ကြွေးပေါ့ ဒကာမလေးရယ်၊ အရင်ဘဝတုန်းက ဝဋ်ကြွေးကို ဒီဘဝမှာ ကျေအောင်ဆပ်လိုက်ပါတော့၊ ဝဋ်ကြွေးကုန်ရင်တော့ အမှန်တရားက သူ့အလိုလိုပေါ်လာမှာပါ၊ သံသရာဆိုတာ တစ်ပတ်ပြန်လည်ခြဲပါပဲ"

ဘုန်းကြီး၏တရားစကားက ဒေါ်စန္ဒာထွေးအတွက် အနေခက်နေစေ၏။

"တပည့်တော် စခန်းမှာ အမှုသွားဖွင့်ဖို့ ဆုံးဖြတ်လိုက်ပြီ ဘုန်းဘုန်း၊ ဒါကြောင့် လူတွေက တပည့်တော်ကို ရူးနေတယ်လို့ထင်နေကြတဲ့ အင်ကြေးတွေကို အရင်ချေဖျက်ရပါဦးမယ် ဘုရား"

"အို စခန်းမှာ အမှုဖွင့်ရအောင် ဒီကလေးငယ်ရဲ့ခာတ်ပုံရှိလို့ လား၊ ရဲတွေက ဘယ်လိုစုံစမ်းမလဲ"

"ပြဿနာရှိရင် အဲဒီပြဿနာကို ပြေလည်သွားစေမယ့် အမှန်တရားဆိုတာ မဖြစ်မနေရှိရမှာပေါ့ အမေရယ်၊ မျက်ဝန်း သွားမွေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံက ရပ်ကွက်ထဲက သားဖွားဆေးရုံမဟုတ်ပါဘူး။ အပြင်ပုဂ္ဂလိက ဆေးရုံရဲ့ အဲဒီဆေးရုံကလည်း သူတို့ဆေးရုံမှာ ကလေးပျောက်တယ်ဆိုတဲ့ နာမည်ဆိုးမရှိအောင် အစွမ်းကုန်ကူညီမှာပါ"

တည်တည်ငြိမ်ငြိမ်ဖြင့် ပြောနေသော မျက်ဝန်းကိုကြည့်ပြီး ဒေါ်စန္ဒာထွေး စိတ်တွေသိပ်မလုံတော့သည်ကို မျက်ဝန်းကောင်းကောင်း ရိပ်မိပါသည်။

သမီးလေးကို အမေ ဘယ်နေရာမှာ ဖွက်ထားသလဲ၊ ဒီလိုလုပ်ရတဲ့အကြောင်းအရင်းကို မျက်ဝန်း သိချင်သည်။

သို့သော် သိချင်တာကနောက် ခုလောလောဆယ် သမီးလေး ဘယ်မှာရှိတယ်ဆိုတာကို မျက်ဝန်း တိတ်တဆိတ် စုံစမ်းမှရတော့မည်။

ထို့ကြောင့် ဖွဲ့မြဲတ် စိတ်ဖြင့် အရူးတစ်ပိုင်းလိုစိတ်တွေ လေလွင့်နေသည်ကို ပြန်လည်ထိန်းချုပ်ရတော့မည်။

"ကလေးပျောက်တာ ရာဇဝတ်မှုပဲ ဒကာမလေး။ သက်ဆိုင်ရာကို အကြောင်းကြားရမှာပေါ့၊ လောကီအရေးကိစ္စကို ဘုန်းကြီးဝင်ပြီး မစွက်ဖက်ချင်ပေမယ့် ဒကာမလေးရဲ့ပရိဒေဝမီးကို ငြိမ်းစေချင်တဲ့ ဆေးတနာက ဖခင်တစ်ယောက်ရဲ့မေတ္တာပါ"

"တင်ပဲ့ တပည့်တော် သမီးလေးကို ရအောင် ပြန်ရှာပါ့မယ် ဘုရား"

ဒေါ်စန္ဒာထွေးအနားမှ ခြေသံခပ်ပြင်းပြင်းနှင့် ထထွက်သွားသည်။





သေချာပါပြီ သမီးလေးကို အမေ တစ်နေရာရာမှာ ဖွက်ထားတယ်ဆိုတာ။

အမေ ဘာလိုချင်လို့လဲ။

■ ■ ■

အမေ့အဝတ်သေတ္တာကို ဖွင့်နေသော မျက်ဝန်းလက်တွေက တဆတ်ဆတ် တုန်နေသည်။ အမေ ခုတစ်လော ဒီအဝတ်သေတ္တာကို အရင်တစ်ခါမှ သော့မခတ်ခဲ့ဘူး။ ခုတစ်လော ထိုအဝတ်သေတ္တာကို ထူးခြားစွာ သော့ခတ်ထားသည်ကို မျက်ဝန်းသတိထားမိသည်။

ထို့ကြောင့်လည်း အမေ အိမ်မှာမရှိခိုက် ဖွက်ထားသော သော့ကို တွေ့အောင်ရှာပြီး ခိုးဖွင့်နေခြင်း ဖြစ်သည်။

သေတ္တာထဲတွင် သမီးနှင့်ပတ်သက်သည့် သဲလွန်စတစ်ခုခု ရှိနေသည်ဟု မျက်ဝန်းစိတ်က ထင်နေသည်။ အချိန်သိပ်ဆွဲ၍ မဖြစ်သည်မို့ မျက်ဝန်းသေတ္တာကို ခပ်မြန်မြန်ဖွင့်ပြီး အဝတ်ကို လှန်ကြည့်လိုက်သည်။

"ဟင် ပိုက်ဆံတွေပါလား"

များပြားလှသော ငွေတွေကိုကြည့်ပြီး မျက်ဝန်းမအံ့သြဘဲ မနေနိုင်။

"ဒီ ဒီငွေတွေကို အမေ ဘယ်ကရတာလဲ"

ငွေတွေကို ဆက်ပြီး ဖယ်ရှားကြည့်သည်။ စာချုပ်တစ်ခု ထွက်လာသည်။

"ဘုရား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကလေးအပြီးအပိုင် မွေးစားခြင်းစာချုပ်ကို သရဲတစ်ကောင်တွေ့သလို ပြူးခနဲ တွေ့လိုက်ရ၍ မျက်ဝန်းခန္ဓာကိုယ်တစ်ခုလုံး လေထဲကို ဝုန်းခနဲ လွင့်စင်သွားသလို ခံစားလိုက်ရသည်။

မျက်လုံးအိမ်မှ မျက်ရည်တို့ တသွင်သွင် စီးကျလာတော့သည်။

"ယုတ်မာလိုက်တာ အမေရယ်၊ မျက်ဝန်း အမေ့အပေါ် ဘာများမကောင်းတာ လုပ်ခဲ့မိလို့ မျက်ဝန်း ရင်သွေးလေးကို ခုလို လုပ်ရက်ရတာလဲ"

စာချုပ်ပေါ်မှ အသေးစိတ် အချက်အလက်တွေကိုဖတ်ပြီး ရင်တွေ တဆတ်ဆတ် နာကျင်ရှုံ့ရှုလာသည်။

သမီးလေးရေ မေမေ သမီးလေးကို လာပြန်ခေါ်မယ်။ မေမေ့ကို စောင့်နေပါ။

■ ■ ■



## အခန်း (၂၉)

ကြီးကျယ်ခမ်းနားသော အိမ်ကြီးကိုကြည့်ပြီး မျက်ဝန်းအားတွေ ဘင်းလိုက်သည်။

ချမ်းသာသော လူကုန်ထံအသိုင်းအဝိုင်းထဲမှာ သမီးလေးဟာ ဘယ်လိုပုံစံနဲ့ ရှင်သန်နေရသလဲ။ အဖြစ်ဆိုးလိုက်တဲ့ သမီးလေးရယ်။ တွေးရင်းဖြင့် မျက်ရည်တို့ တသွင်သွင် စီးကျလာပြန်သည်။

စိတ်ထဲမှာ မိထွေးလုပ်သူကို သတ်ပစ်ချင်လောက်အောင် မုန်းသမယ့် ကိုယ့်သမီးလေးကို ပြန်တွေ့ရဖို့က အဓိကမို့ မျက်ဝန်းဒေါ်ဒေါသနှင့် အမုန်းတရားတွေကို ခဏတော့ သိုဝှက်ထားရမည်။

လူခေါ်ဘဲလ်ကိုနှိပ်ဖို့ လက်ရွယ်နေတုန်းမှာပဲ နောက်ဘက်မှ ခပ်ကျယ်ကျယ် ထွက်ပေါ်လာသော ကားဟွန်းသံကြောင့် မျက်ဝန်း လှည့်ဦး လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထွဋ်ခေါင် ကားခေါင်းခန်းမှ ခေါင်းပြူထွက်လာပြီး ဘာကိစ္စရှိလို့လဲဟု ယဉ်ကျေးစွာ မေးလာသော ဘုန်းထွဋ်ခေါင်ကို မျက်ဝန်း တအံ့တသြ ကြည့်လိုက်သည်။ မျက်ဝန်း သူနှင့်တစ်ခါဆုံခဲ့ဖူးသည်။ ထိုမျက်နှာကို မမှတ်မိဘဲ ရှိမလား။

"သမီးလေးကို ငွေနဲ့ဝယ်ထားတာ ရှင်လား"

မျက်ဝန်း အမေးကြောင့် ဘုန်းထွဋ်ခေါင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"မင်း မင်းကို ကိုယ်သိတယ်၊ မြင်ဖူးနေတယ်"

"ရှင် မျက်ဝန်းတို့ရပ်ကွက်ထဲက ဒေါ်မြကျင်ဆီလာဖူးတယ်လေ ရှင့်ကိုလိုက်ပို့တဲ့ ဖွဲ့မြတ်က မျက်ဝန်းနဲ့လက်ထပ်လိုက်ပြီ"

မျက်ဝန်း ဆက်မပြောတော့ဘဲ ဘာပြောမလဲဟု စိတ်ဝင်စားစွာ နားထောင်နေသော ဘုန်းထွဋ်ခေါင်ကို အကဲခတ်ပြီး ကြည့်လိုက်သည်။

"အဲဒီတော့"

ဘုန်းထွဋ်ခေါင် စကားစဆက်သည်။

"အခု ရှင်အိမ်မှာရောက်နေတဲ့ သမီးလေးက မျက်ဝန်းနဲ့ဖွဲ့မြတ်ရဲ့ကလေးပါ"

"မဟုတ်ဘူး မင်း ဘာတွေလာပြောနေတာလဲ၊ ဒီကလေး ကိုယ်တို့ရဲ့ကလေးပါ၊ ကိုယ့်ဇနီးမွေးထားတဲ့ ကိုယ်တို့ရဲ့သွေးစစ်စစ်"

မညာချင်ပေမယ့် ဘုန်းထွဋ်ခေါင် ညာမှဖြစ်မှာမို့ ညာလိုက်ခြင်းပါ။ စိတ်ထဲမှာတော့ အပြစ်ကြီးတစ်ခု လုပ်လိုက်သလို စိတ်ထဲမှာ





…လဲ ဖြစ်မိသည်။

"ဒါဆိုရင် စာချုပ်ထဲမှာ ရှင့်အိမ်လိပ်စာရယ် ရှင့်နာမည်ရယ် …ကလေးကိုရော ရာသက်ပန်မွေးစားခွင့်ဆိုတဲ့ အချက်အလက်တွေ ဘာလို့ …ဲ့နေရတာလဲ"

အထောက်အထားအပြည့်အစုံဖြင့် ပြောလာတော့ ဘုန်းထွဋ်ခေါင် ငြင်းဖို့ခက်သွားသည်။

"မင်း ဘာတွေလာပြောနေတာလဲ၊ ကိုယ့်ကိုမှ ဒီလိုစကားမျိုး ဘာကြောင့်ရွေးပြီး လာပြောနေရတာလဲ၊ ကိုယ်တော့ နားမလည်နိုင်တော့ဘူး"

"မျက်ဝန်းကလေး အခိုးခံရတယ် ကိုဘုန်းထွဋ်ခေါင်"

"ဗျာ"

ဘုန်းထွဋ်ခေါင် မျက်စိပျက်မျက်နှာပျက် အံ့သြနေသလောက် မျက်ဝန်းရင်တွေ တဆစ်ဆစ် နာကျင်နေရတာ ဘယ်သူသိနိုင်မှာလဲ။

■ ■ ■

မျက်ဝန်းနှင့်အတူ ကော်ဖီဆိုင်တစ်ခု၏ ချောင်ကျကျစားပွဲတွင် ထိုင်နေသော ဘုန်းထွဋ်ခေါင် ဝနာမငြိမ်သူလို စိတ်တွေအကြီးအကျယ် လှုပ်ရှားနေသည်။

အဖြစ်မှန်ကို မျက်ရည်လည်ရွဲ ရှင်းပြနေသော မျက်ဝန်းကို ကြည့်ပြီး ဘယ်လိုဖြေသိမ့်ပေးရမှန်းတောင်မသိ။ ဒီမိန်းကလေး၏သောက …ကိုယ့်သောကထက်တောင် ဆိုးရွားနေပါသေးလားဟုတွေးပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလည်း ဖြစ်မိသည်။

"ဒါဆိုရင် အဲဒီအဒေါ်ကြီးပြောသလို သားမက်ကလည်းသေ သမီးကလည်း သားမက်စိတ်နဲ့ မီးတွင်းထဲမှာပဲ ဆုံးသွားတယ်ဆိုတာ တကယ်မဟုတ်ဘူးပေါ့"

"မျက်ဝန်း မသေပါဘူး ကိုဘုန်းထွဋ်ခေါင်၊ ဖွဲ့မြတ်ကတော့ တကယ်ဆုံးသွားတာပါ၊ ဖွဲ့မြတ် ဆုံးသွားတဲ့စိတ်ကြောင့် မျက်ဝန်းဟာ ဆေးရုံမှာ အရူးတစ်ပိုင်းလို ဖြစ်ခဲ့ရတယ်၊ ဆေးရုံကလူတွေအားလုံးက မျက်ဝန်းကိုရူးနေတယ်လို့ ထင်သွားကြသေးတယ်လေ၊ ဒါကို အခွင့် ကောင်းယူပြီး မိတွေးဟာ မျက်ဝန်းရဲ့ကလေးကို ရှင့်ဆီမှာ ငွေနဲ့ရောင်းခဲ့ တာပါ"

"ဟာ အဲ အဲလို ငွေနဲ့ဝယ်တဲ့သဘောတော့ မဟုတ်ပါဘူးဗျာ သမီးလေးကို ဆုံးသွားတဲ့ကျွန်တော့်သမီးလေးကိုယ်စား မွေးစားချင်တဲ့ စိတ်ကြောင့် ဒေါ်စန္ဒာထွေးဆီမှာ တောင်းယူခဲ့ပြီး ရွာမှာလုပ်ကိုင်စားဖို့ ထိုက်ထိုက်တန်တန် ကျေးဇူးပြုခဲ့ရုံပါ၊ ဒါကြောင့်လည်း ကျွန်တော့်ရှေ့နေ နဲ့ စာချုပ်စာတမ်း အသေအချာလုပ်ပြီး မွေးစားခွင့်လုပ်ခဲ့တာပါ"

"ရှင် အဲဒီမိန်းမကြီးကို ဘယ်လောက်ပေးခဲ့လို့လဲ"

"သိန်း သိန်းနှစ်ရာပါ"

"မျက်ဝန်း အဲဒီသိန်းနှစ်ရာကို ပြန်ပေးပါမယ်၊ မျက်ဝန်းကလေး ကို ပြန်ပေးပါ"

ထိုစကားသည် ဘုန်းထွဋ်ခေါင့်ကို ချောင်ပိတ်ရိုက်လိုက်သလို





မျက်ပေါက်ပိတ်သွားစေသည်။

"ကိုယ် ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ဘူးကွာ၊ သမီးလေးသာ ပြန်ပေးလိုက်ရမယ်ဆိုရင် ကိုယ့်ဇနီးအသက်အန္တရာယ် ရှိနိုင်ရတယ်၊ သူ သူချက်ချင်းလူ့လောကထဲက ထွက်သွားနိုင်တယ်၊ ဒါကြောင့် ကိုယ်လည်း ကြံရာမရဖြစ်ပြီး ဒေါ်စန္ဒာထွေးရဲ့လော်လီတဲ့ အကြံအညာတွေထဲ ယုံသွားမိတာပါ"

"မျက်ဝန်း ကိုယ်ချင်းစာပါတယ် ကိုဘုန်းထွဋ်ခေါင်ရယ်၊ ဒါပေမဲ့ သမီးလေးက မျက်ဝန်းကိုယ်တိုင် မွေးထားတဲ့ သမီးလေးပါ"

"ကိုယ် နားလည်ပါတယ် မျက်ဝန်းရယ်၊ ခုဆိုရင် မြသားဟာ အဲဒီ သမီးလေးကြောင့် သူ့ကိုယ်သူ ယုံကြည်မှုရှိလာသလိုပဲ၊ ကိုယ် မျက်ဝန်းကို အကူအညီတောင်းပါတယ်၊ ကိုယ်တို့ကို သမီးလေးနဲ့အတူ နောက်တစ်နှစ်လောက် ထပ်နေခွင့်ပြုပါလား"

"အို မဖြစ်နိုင်တာ"

မျက်ဝန်း ခါးခါးသီးသီး ငြင်းလိုက်သည်။

"အင်းလေ မဖြစ်နိုင်မှန်း သိပါတယ်၊ ဒါပေမဲ့လည်း မြသား အသက်ရှင်ဖို့အတွက် အကူအညီတောင်းကြည့်တာပါ၊ အဲဒီအတွက် မြသားရော မျက်ဝန်းရော သမီးလေးနဲ့အတူတူ ရှိနေမယ့်အခြေအနေတစ် ခုကို ကိုယ်ဖန်တီးကြည့်မှာပါ"

"ဘယ်လို ရှင့်ဇနီးရော မျက်ဝန်းရော သမီးလေးနဲ့အတူတူ နေမယ့်အခြေအနေတစ်ခုကို ရှင် စီစဉ်မယ် ဟုတ်လား။ မဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အနူးအညွတ်တောင်းဆိုတာပါ၊ ကိုယ့်ဇနီးအသက် အန္တရာယ်အတွက် အကူအညီတောင်းတာပါ၊ မျက်ဝန်းရယ်၊ ကိုယ့်ကို ကူညီပါ"

ဒူးထောက်မတတ် တောင်းပန်နေသော ဘုန်းထွဋ်ခေါင်ကို ကြည့်ပြီး မျက်ဝန်းအတွေးတွေ ယောက်ယက်ခတ်နေသည်။ ခုအခြေ အနေမှာ သမီးလေးကို အရပြန်ခေါ်သွားပြီး အိမ်ပြန်နေမည်ဆိုလျှင် မိထွေး၏ယုတ်မာမှုတွေ ဘယ်နှကြိမ်ခံစားရဦးမည် မသိ။

ဒီတော့ မျက်ဝန်းအတွက်ရော သမီးလေးအတွက်ရော လုံခြုံ ရှိမည့်နေရာကို မျက်ဝန်း ရွေးချယ်ရမည်။

မျက်ဝန်း အတွေးနှင့်အတူ ဖွဲ့မြတ်ကို သတိရသွားသည်။ ယောက်ျားသားမရှိသော သားသည်မိခင်တစ်ယောက်အဖို့ တကယ့် ကူကယ်ရာမဲ့နေရသော အခြေအနေမျိုး။

မျက်ဝန်းအပေါ်မှာ တာဝန်ကျေသိတတ်သော အချစ်ကြီးသည့် ဖွဲ့မြတ်ကို မျက်ဝန်း ဆုံးရှုံးလိုက်ရခြင်းဟာ တစ်ကိုယ်တော် ကံဇာတ်ပြီး ပါပဲ။

"မျက်ဝန်းသာ ကူညီမယ်ဆိုရင်လေ ကိုယ့်ဆီက ဘာပဲတောင်း ဆိုတောင်းဆို အိုကွာ ယုတ်စွအဆုံး အသက်ကိုတောင် ပေးရဲပါတယ် မျက်ဝန်းရယ်၊ မွေးရာပါနှလုံးရောဂါသည် မြသား အသက်ရှင်ဖို့နည်း က ဒီတစ်လမ်းထဲရှိတော့လို့ပါ"

မြသားဆိုသည့် မိန်းကလေး တော်တော်ကံကောင်းတာပဲ





စိတ်ထဲမှပင် အားကျမိသလိုလို။

"အင်းလေ ရှင် စိစဉ်ကြည့်ပေါ့၊ မြသားအတွက် အဆင်ပြေ မယ်ဆိုရင် မျက်ဝန်း ကူညီပါ့မယ်"

ခုချိန်မှာ ဘုန်းထွဋ်ခေါင်အိမ်မှာ သမီးလေးနှင့် မခွဲရဘဲ အတူ နေရမည့်အခြေအနေသည် မျက်ဝန်းတို့သားအမိကို လုံခြုံမှုအပြည့်အဝ ပေးနိုင်ပါလိမ့်မည်ဟု မျက်ဝန်းစိတ်က ယုံကြည်နေသည်။

ထို့ကြောင့် မျက်ဝန်း ဆုံးဖြတ်ချက်တစ်ခုကို နိုင်နိုင်မာမာ ချလိုက်ပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

“ဘာ ညည်း နယ်ကိုထွက်တော့မယ် ဟုတ်လား”

“ဟုတ်တယ် အမေ”

“ဘာလဲ နောက်ယောက်ျားတစ်ယောက် ထပ်ယူပြီး လိုက်သွားမလို့လား”

ခနဲ့ပြီးမေးသော အမေ့မှန်းသိပေမယ့် မျက်ဝန်း ရန်စကား ပြန်မပြောချင်တော့ပါ။

“မဟုတ်ပါဘူး အမေ၊ ဖွဲ့မြတ်ရော သမီးရော မရှိတဲ့ဒီအိမ်မှာ မျက်ဝန်းတစ်ယောက်ထဲ အထီးကျန်မနေချင်တော့ဘူး။ ဒါကြောင့် ဖွဲ့မြတ်ရဲ့နာရေးကိစ္စပြီးတာနဲ့ မျက်ဝန်း ဒီကနေ ထွက်ဖို့စီစဉ်ထားတာပါ”

“အေးလေ ဒါဖြင့်လည်း ညည်းလေးသဘောပေါ့၊ ဒီအိမ်ကြီးနဲ့ ညည်းရဲ့ပိုင်ဆိုင်မှုတွေကိုတော့ ငါပဲ ဆက်ပြီး ထိန်းသိမ်းပေးရတော့မှာ





ပေါ့”

“မလိုတော့ပါဘူး အမေ”

“ဟင် ဘာ ဘာပြောတယ်၊ မလိုတော့ဘူး ဟုတ်လား၊ ဘာကြောင့် မလိုတော့တာလဲ၊ ဘာလဲ ညည်းက ငါ့ကိုပါ ထွက်သွားခိုင်းတဲ့ သဘောလား”

ဒေါ်စန္ဒာထွေး အမေးကို မျက်ဝန်း ဖြေဖို့မလို။

“ငါမေးနေတယ်လေ မျက်ဝန်း၊ ငါကပါ ဒီကဆင်းပေးရမှာလား”

အသံတွေက ဒေါ်သကြောင့် တုန်ခိုက်နေသည်။

“မျက်ဝန်း ဒီအိမ်ကိုရောင်းလိုက်တော့မယ်”

“ဘာ”

“ဟုတ်တယ် အမေ၊ ဖွဲ့မြတ်ရဲ့ပစ္စည်းတွေဟာ မျက်ဝန်းပိုင်တာမှမဟုတ်တာ၊ ဒါကြောင့် တချို့တစ်ဝက်ကို ဖွဲ့မြတ်နဲ့ သူ့မိဘဘိုးဘွားတွေအတွက် ရည်စူးပြီး လှူလိုက်တော့မယ်”

“အို သေတဲ့သူက သေပြီးနေပြီပဲ၊ လှူတော့ရော အဲဒီကုသိုလ်တွေကို သူတို့ရမယ်ထင်လို့လား။ အလကား အပိုအလုပ်တွေ လူ့ဘဝမှာ အသက်ရှင်ကျန်နေတဲ့ ကိုယ့်အတွက်ပဲ ကိုယ်စဉ်းစားစမ်းပါအေ”

မနှစ်မြို့စွာဖြင့် ကန့်ကွက်နေသော ဒေါ်စန္ဒာထွေး၏အကုသိုလ်တရားတွေက ထုနှင့်ထည်နှင့်။

“မျက်ဝန်းဘဝက ဘာများအဓိပ္ပာယ်ရှိတော့မှာလဲ၊ မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမမက်မောတော့ဘူး အမေ၊ နောက်ပြီး မျက်ဝန်းဘေးမှာ အဖေနဲ့ ဖွဲ့မြတ်ရော မရှိတော့တဲ့အတွက် လုံခြုံတယ်လို့ မခံစားရဘူး။ တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်ကနေပြီး တစ်နေရာရာကနေ မြှုနိုတိုက်တော့မယ် ဆိုတဲ့အသိက မျက်ဝန်းကို ဒီလိုစိုးရိမ်ဖို့အတွက် တွန်းအားတစ်ရပ်ဖြစ် ခဲ့တယ်၊ အဲဒီအတွက် မျက်ဝန်း ဘယ်တော့မှ နောင်တမရဘူး အမေ"

"ဒါဆို ငါ့အတွက်ရော ညည်းဘယ်လိုစဉ်းစားထားလဲ၊ ငါက ဒီအိမ်ကနေ ခွေးဆင်းဝက်ဆင်း ဆင်းပေးရမယ်ပေါ့ ဟုတ်လား"

မိုက်ကြေးခွဲတော့မည့်လေသံဖြင့် မေးလာသည်မို့ မျက်ဝန်း ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး

"အမေ့မှာ မျက်ဝန်းသမီးလေးကို နိုးရောင်းထားတဲ့ငွေတွေ နေတာပဲ၊ ဒါနဲ့တင် မလုံလောက်သေးဘူးလား"

သွယ်ဝိုက်ပြီး ပြောစရာစကားမကျန်တော့၍ ဒဲ့ပင်ပြောချလိုက် တော့သည်။ ဒေါ်စန္ဒာထွေး မျက်စိမျက်နှာပျက်သွားပြီး

"ဟင် ဘာပြောတယ်၊ ငါက ညည်းသမီးကို နိုးရောင်းတယ် ဟုတ်လား။ ညည်း စွပ်စွဲချက်တွေက ပြင်းထန်လှချည်လားအေ၊ ညည်း ဘာအထောက်အထားရှိလို့ ငါ့ကိုဒီလိုမျိုး စွပ်စွဲနေရတာလဲ"

"မျက်ဝန်းကို စိတ်ဖောက်ပြန်နေတယ်ဆိုပြီး လူတွေကို လျှော့ သတင်းလွှင့်ပြီး ကလေးကို အစဖျောက်ခဲ့တဲ့အပြစ်က လူကုန်ကူးမှုကြီး မြောက်တယ်ဆိုတာ အမေ သိလား"

"အို ငါမှမဟုတ်တာ"





"မငြင်းပါနဲ့ အမေ၊ အမေ့သေတ္တာထဲက ရှေ့နေနဲ့ချုပ်ထားတဲ့ စာချုပ်မိတ္တူနဲ့ ငွေတွေကို မျက်ဝန်း မြင်ပြီးသွားပါပြီ၊ အဲဒီအတွက် မျက်ဝန်းအမေ့ကို စခန်းမှာအမှုဖွင့်လို့ရတယ်ဆိုတာ အမေသိလား"

ဒေါ်စန္ဒာထွေး ကြောက်စိတ် တစိုးတစိမျှမပြဘဲ ခပ်မိုက်မိုက် ရယ်လိုက်ပြီး

"အဲဒီတော့ ညည်းက ငါ့ကိုနောက်တစ်ကြိမ် ထောင်ထဲပြန်ပို့ ဦးမယ်ပေါ့ ဟုတ်လား မိမျက်ဝန်း။ အေး ငါ ပွင့်ပွင့်လင်းလင်းပဲပြော မယ်၊ လောကမှာ ငါ အမုန်းဆုံးက နင်တို့သားအဖနဲ့ဖွဲ့မြတ်ဆိုတဲ့ကောင်ပဲ၊ နင်တို့ကို လူ့လောကထဲမှာ မထားချင်လောက်အောင် ငါ မုန်းတယ်"

"ဒါကြောင့် ဖွဲ့မြတ်နဲ့ နင့်အိမ်ထောင်ရေးကို ငါ ခလောက်မဆန် ခင်မှာပဲ ဟိုတစ်ယောက်က ကြွသွားတယ်၊ ဒါကြောင့် နင့်သမီးနဲ့ နင့်ကို ငါ ထပ်ခွဲလိုက်တာပဲ၊ အဲဒီအတွက် ငါ ကျေနပ်တယ်"

"အဲဒီလို ကလဲ့စားချေရုံနဲ့ အမေနိုင်သွားပြီလို့ ထင်နေလား အမေ၊ အဟင်း အဲဒါ အမေ ရှုံးတာ၊ မျက်ဝန်းကတော့ အမေ့လိုတုန့် ပြန်မှုမျိုးနဲ့ မတုန့်ပြန်ဘူး။ ဒါကြောင့် အမေ့ကိုစခန်းမှာ အမှုမဖွင့်တာပေါ့၊ အဲဒီနည်းနဲ့ အမေ့ရဲ့ယုတ်ညံ့တဲ့ကိုယ်ကျင့်တရားကို အနိုင်ယူလိုက်တာပဲ"

"ဘာလဲ ငါ့ကိုထောင်ထဲမထည့်တာနဲ့ ငါက နင့်ကိုထိုင်ပြီး ရှိခိုးရမှာလား မိမျက်ဝန်းရဲ့၊ မှတ်ထား ညည်းက ငါ့အပေါ်ကောင်းလေ ငါက ညည်းကိုပိုမုန်းလေပဲ၊ ဒါကြောင့် ညည်းကို ရှေ့လျှောက်ဒုက္ခတွေ ဆက်ပေးဦးမှာ၊ အဲဒါ ငါ့ရဲ့ခံယူချက်ပဲ"



www.burmeseclassic.com

အငြိုးကြီးလွန်းသော မိထွေးကို မျက်ဝန်း အပြစ်မပေးချင်ပါ။ လောကကြီးက သူ့ကို မျက်ဝန်းအစား အပြစ်ပေးမှာပါ။

"ဒါကြောင့် ငါ့အတွက် နေဖို့ အိမ်တစ်လုံး ညည်း မစီစဉ်ပေးရင် လုံးဝဆင်းမပေးဘူး"

"အမေ အဲဒီလို လောဘတက်မယ်ဆိုတာ မျက်ဝန်းသိသားပဲ ဒါပေမဲ့ မျက်ဝန်း မပေးနိုင်ဘူး အမေ"

"မပေးနိုင်ရင် ဆင်းမပေးဘူး"

"ဒါဆိုရင်တော့ သက်ဆိုင်ရာနဲ့ စကားပြောရုံပဲ ရှိတော့တာပေါ့ အမေ၊ အဲဒီကျရင် အမေ့အပြစ်အတွေအားလုံး မျက်ဝန်း မဖော်ထုတ်တဲ့ သူ့အလိုလိုပေါ်သွားလိမ့်မယ်"

မျက်ဝန်း ထိုသို့ပြောပြန်တော့ ဒေါ်စန္ဒာထွေး ပါးစပ်ပိတ်သွားသည်။

ရင်ထဲမှာ မကျေနပ်ချက်တွေက သတ်ပစ်ချင်လောက်အောင်ကို မုန်းတီးနေ၏။ ကိုယ့်အကြံအစည်တွေ သိသွားပြီဆိုမှတော့ မင်းသမီးခေါင်းစွပ်ထားဖို့မှ မလိုတော့တာ။

သို့သော် နောက်ထပ်တစ်ကြိမ် လူကုန်ကူးမှုနှင့်တော့ ထောင်ထဲ မဝင်ချင်တော့ပါ။

ရသင့်ရထိုက်သလောက် ရပြီးပြီမို့ လောဘကို ဒီနေရာမှာတင် အနားသပ်လိုက်တော့မည်ဟု စိတ်ကို ဒုံးဒုံးချကာ

"ငါကလည်း ညည်းက ဒီအိမ်ပေါ်ကနေ ဘယ်မှမသွားပါနဲ့လို့





တားနေရင်တောင် ညည်းမျက်နှာကို ထပ်မမြင်ချင်တော့ဘူး။ ဒီတော့ သွားမှာပါ သွားမှာပါ"

ဒေါ်စန္ဒာထွေး ဆက်ပြီး အိမ်နေလျှင် တကယ်တမ်း နစ်နာရမည့် သူက ကိုယ်ကိုယ်တိုင်မို့ အထုပ်အပိုးပိုက်ပြီး အိမ်ပေါ်မှဆင်းဖို့ ဆုံးဖြတ်လိုက်သည်။

"အမေ သမီးလေးကိုရောင်းစားခဲ့တယ်ဆိုတာ ဝန်မခံသေးဘူးနော်"

"မကျေနပ်ရင် ငါ့ကိုအချုပ်ထဲထည့်လိုက်၊ ငါကတော့ ညည်းရှေ့မှာ ဝန်ခံစရာအကြောင်းကို မရှိဘူး။ ညည်းမသေမချင်းမှတ်ထားရမှာက မိထွေးဆိုတဲ့ငါက ညည်းတို့သားအမိကို အခွင့်သင့်သလို ဒုက္ခတွေပေးနေဦးမယ်ဆိုတာပဲ"

အငြိုးတွေ ဘယ်တော့မှ မပြေဘူးဆိုတာ မျက်ဝန်းစိတ်ကသည်း သိနေတာမို့ မျက်ဝန်း ဒီအိမ်မှာ မနေဖို့ကို ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ထိုဆုံးဖြတ်ချက်သည် သမီးလေးနှင့်မျက်ဝန်းဘဝ ခဏတာတော့ လုံခြုံလောက်မည် ထင်သည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၁)

"ကို သူက ဘယ်သူလဲဟင်"

ဘုန်းထွဋ်ခေါင်နှင့်အတူပါလာသော မျက်ဝန်းကိုကြည့်ပြီး မြသားတိမ် မေးလိုက်ခြင်းပါ။

"သူက ကိုယ့်ညီမဝမ်းကွဲ နာမည်က မျက်ဝန်းညိုတဲ့၊ ခင်ပွန်း ဆုံးပြီး စိတ်လေနေတာနဲ့ ရန်ကုန်မှာ စိတ်ပြေလက်ပျောက်နေမယ်ဆိုလို့ မြသား အဖော်ရအောင် ခေါ်လာပေးတာ"

ဒီတော့မှ မြသား ဖော်ရွေနွေးထွေးစွာ ပြုံးပြီး

"ဒီမှာ နေမှာဆိုတော့ ကောင်းတာပေါ့၊ မြသားက ညီအစ်မ အဖော်မရှိတော့ အရမ်းအထီးကျန်တယ် မျက်ဝန်းရဲ့၊ ဒီမှာ ကြိုက်သလို လောက်နေ ပျော်သလောက်နေ"

"မျက်ဝန်းကို ခုလိုကြိုဆိုပေးတဲ့အတွက် ကျေးဇူးပါ မမ"

မြသားနှင့်သာ စကားတွေပြောနေပေမယ့် မျက်ဝန်း ခုချိန်





အတွေ့ချင်ဆုံးက သမီးလေးကိုပါ။

"ဒါနဲ့ သမီးလေးရော"

မအောင့်အီးနိုင်စွာဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"သမီးလေး သူ့အခန်းထဲမှာ နို့စို့နေတယ် မျက်ဝန်းရဲ့"

"ဟင် နို့စို့နေတယ် ဟုတ်လား၊ မမနို့တိုက်တာ မဟုတ်ဘူးလား၊ သမီးလေးကို ဘယ်သူ့နို့တိုက်နေတာလဲ"

အလောတကြီး မေးလိုက်သဖြင့် မြသားပင် တစ်မျိုးထင်နိုင် သည်။

"ဘယ်သူ့နို့မှ တိုက်တာမဟုတ်ဘူး မျက်ဝန်းရဲ့၊ နို့ဘူးတိုက်တာ လေ၊ မြသားက နို့သိပ်မထွက်ဘူး၊ ကျန်းမာရေးကလည်း မကောင်းတော့ မြသားနို့ကို သမီးလေး မစို့စေချင်ဘူး"

မွေးကတည်းက မိခင်အရင်း၏နို့ကို ကောင်းကောင်းမသောက် စို့ခဲ့ရသော သမီးလေးကို မျက်ဝန်း သနားလိုက်တာ။

"ဒေါ်နန်းရေ သမီးလေး နို့တိုက်ပြီးရင် ခေါ်ခဲ့ပါဦး"

မျက်ဝန်း၏အရိပ်အကဲကို နားလည်သော ဘုန်းထွဋ်ခေါင် သမီး လေးကို ခေါ်လာဖို့ လှမ်းပြောသည်။

မျက်ဝန်း စိတ်တွေလှုပ်ရှားနေသည်။ ဝမ်းနည်းစိတ်တွေက ရင်ထဲမှာစို့တက်လာသည်။ သမီးလေးကို ပွေ့ချီပြီး အားရပါးရ ငိုပစ်လိုက် ချင်တာပါ။

သိပ်မကြာလိုက် သမီးလေး၏ငိုသံရှူးရှူးလေး အခန်းထဲမှ လွင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ မျက်ဝန်း စိတ်ပူစွာဖြင့် ဘုန်းထွဋ်ခေါင်ကို လှမ်းကြည့်ပြီး သဏ္ဍာန်လုပ်သရုပ်တူစေရန် အခေါ်အဝေါ်ကိုပါ တရင်းတနှီး ပြောင်းလိုက်သည်။

"ကိုဘုန်း သမီး ဘာဖြစ်တာလဲ မသိဘူး လုပ်ပါဦး"

စိုးရိမ်စိတ်လွှမ်းကဲပာန်ပြနေသော မျက်ဝန်းကို မြသား ကြည့်လိုက်ပြီး

"သမီးက စိတ်သိပ်ကြီးတာ မျက်ဝန်းရဲ့ နို့စို့ရင်း အိပ်ပျော်သွားလို့ နို့ဘူးကို ပါးစပ်ကချွတ်လိုက်တာနဲ့ ငိုတော့တာပဲ"

မြသား ရှင်းပြ၍ စကားမဆုံးသေး ဒေါ်နန်း ကလေးခေါ်ပြီး ထွက်လာသည်။ ဒေါ်နန်းလက်ထဲမှာ သမီးလေး ယက်ကန်ယက်ကန်ဖြင့် ငိုပြီး ပါလာသည်။

ဒေါ်နန်းလက်ထဲမှ ဣန္ဒြေမဆည်နိုင်အောင် ကမန်းကတမ်း ယူချီလိုက်သည်က မျက်ဝန်းဖြစ်သည်။

"ဟောတော် သွေးကစကားပြောတယ် တွေ့လား ကို၊ သူ့အဒေါ်လက်ထဲလည်းရောက်ရော ငိုတာကိုချက်ချင်းတိတ်ပစ်လိုက်တယ်၊ ကြည့်စမ်း"

မြသား တအံ့တသြဖြင့် ပြောသည်။ မြသား ပြောသလိုပင် ကျုကျူပါအောင် ငိုနေသော သမီးလေးမှာ မျက်ဝန်းလက်ထဲလည်းရောက်ရော ငိုသံတွေတိတ်ပြီး တခစ်ခစ်ရယ်မောကာ စကားတွေ ဝူးဝူးဝါးဝါး ပြောတော့သည်။





ဘုန်းထွဋ်ခေါင်နှင့်မျက်ဝန်းမှလွဲ၍ အားလုံး တအံ့တသြဖြစ်ဘုန်သည်။

သမီးလေး၏ဝိုင်းစက်စက်မျက်လုံးတို့သည် မျက်ဝန်းကိုကြည့်ကာ စကားတွေပြောနေလိုက်တာများ အားလုံးကို အံ့အားသင့်စေသည်။

"ကဲ မြသား ဒီနေ့ကစပြီး သမီးရဲ့ဝေယျာဝစ္စ တာဝန်မှန်သမျှကို မျက်ဝန်း တာဝန်ယူလိမ့်မယ်"

ဘုန်းထွဋ်ခေါင် အလိုက်တသိ ခွဲတမ်းချလိုက်သည်။ ဒါမျက်ဝန်းလိုချင်တောင့်တရသော အခွင့်အရေးတစ်ခု။ မြသားမှာသာ အားနာလွန်းသဖြင့်

"အို ကိုကလည်း ဘာလို့ အဲလိုတာဝန်ကြီး သီးသန့်ပေးရတာလဲ မျက်ဝန်း ဒီအိမ်ကိုရောက်လာတာ ကလေးထိန်းဖို့ရောက်လာတာကျနေတာပဲ"

"မျက်ဝန်း အဲလိုမထင်ပါဘူး မမ၊ မျက်ဝန်း တူမလေးကို မျက်ဝန်းထိန်းရမှာပေါ့၊ ခုတောင် သမီးလေးက မျက်ဝန်းကို စကားတွေပြောနေတာ ချစ်ဖို့ကောင်းလိုက်တာ၊ ကိုဘုန်းပြောသလိုပဲ သမီးလေးရဲ့တာဝန်ကို မျက်ဝန်း ယူပါရစေနော်"

"ယူရတော့ ယူတာပေါ့ မျက်ဝန်းရယ်၊ ဒါပေမဲ့ အသေးစိတ်ကြီးကျတော့ မြသားတို့က အားနာရမယ်လေ"

"ဟင့်အင်း အားနာစရာမလိုပါဘူး။ မျက်ဝန်းက ကလေးအရမ်းချစ်တတ်တယ်၊ ကလေးဝေယျာဝစ္စလုပ်တာ ဘာများပင်ပန်းမှာမို့လဲနော်



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးရယ်"

သမီးလေး၏နီထွေးထွေးပါးကို တရှုံ့ရှုံ့နမ်းပြီး ပြောလိုက်သော မျက်ဝန်းမျက်နှာပေါ်မှာ ကျေနပ်ခြင်း၊ ပီတိသုခတွေကို အပြည့်အဝ ခံစားနေရ၏။

သမီးလေးအနားမှာ မိခင်တစ်ယောက်အဖြစ် ပေါ်ပေါ်ထင်ထင် နေရဖို့အတွက် မျက်ဝန်း အချိန်တစ်ခုတော့ စောင့်ရဦးမှာပေါ့။

ဘာပဲဖြစ်ဖြစ် သမီးလေးကို လိုလေသေးမရှိ အခြေအနေတွေနှင့် ဂရုတစိုက် ချစ်ခင်ကြတာမြင်တော့ မျက်ဝန်း ကျေနပ်ပါသည်။

■ ■ ■



အခန်း (၃၂)

မျက်ဝန်းအဖို့ ဘုန်းထွဋ်ခေါင်၏ညီမဝမ်းကွဲအဖြစ်နှင့် နေရသည့်အတွက် မြသားနှင့်ပြောဆိုဆက်ဆံရာမှာ လွတ်လပ်ခြင်းတွေဖြင့် အဆင်ပြေခဲ့ပါသည်။

မြသား၏အလိုက်သိမှုနှင့်နွေးထွေးသော ဆက်ဆံရေးကြောင့် အကာယ်ညီအစ်မတွေလို ခင်မင်ခဲ့ရသည်။

"မျက်ဝန်းရေ ဒီမှာနေရတာ ပျော်ရဲ့လား၊"

"ပျော်ပါတယ် မမရဲ့ မျက်ဝန်းတော့ ပြန်တောင်မပြန်ချင်တော့ဘူး"

သမီးလေးနှင့်အတူ လုံခြုံနွေးထွေးသောနေရာမှာ နေရသည့်အတွက် သောကဆိုတာ မျက်ဝန်းတစ်ယောက် ဝင်မလာတော့။ တစ်ချိန်ကအရံ ရွံမုန်းကိုသတိရ၍ ငိုခဲ့သည့်မှအစ အရာအားလုံးဟာ စိတ်ရှုပ်ပြီးလ



www.burmeseclassic.com

www.burmeseclassic.com



ဝစရာပါ။

"မမရော သမီးလေးကို တော်တော်ချစ်လားဟင်"

"ချစ်တာပေါ့ မျက်ဝန်းရယ်၊ ကိုယ့်ဝမ်းနဲ့အသက်စွန့်ပြီး မွေးခဲ့ရတဲ့ကလေးပဲ၊ မြသားဘဝမှာ သမီးလေးက ဘယ်အရာနဲ့မှ ယှဉ်လို့မရအောင် နံပါတ်တစ် အလေးထားရမယ့်သူပဲ၊ သမီးလေးရဲ့ရှေ့ရေးအတွက် မြသားမှာ စီစဉ်ထားတာတွေ အများကြီးပဲ"

"ဟင် ဟုတ်လား၊ ဘာတွေများစီစဉ်ထားလို့လဲ မမရယ်"

"မြသားရဲ့ပိုင်ဆိုင်မှုတွေ ကိုရဲ့ပိုင်ဆိုင်မှုတွေအားလုံးအပြင် သမီးလေးရဲ့ပညာရေးကအစ အကောင်းဆုံးနဲ့အဆင့်အမြင့်ဆုံး ဖန်တီးပေးမှာပေါ့"

လိုအပ်ချက်ဆိုတာ တစိုးတစိမှမရှိအောင် ကိုယ်လုံကြွယ်ဝသော မြသားမှာလည်း သူမသိနိုင်သော ဒုက္ခက သူ့နောက်ကျောတည့်တည့်မှာ ရောက်နှင့်နေပြီးသားဆိုတာ မြသား မသိလေရော့သလား။

သမီးလေးဟာ မြသားရဲ့သမီးလေး မဟုတ်ဘူးဆိုတာ သိပြီး မျက်ဝန်းရဲ့သမီးဆိုတာသာ သိခဲ့လျှင် မြသား ဘယ်လောက် ခံစားနေရလိမ့်မလဲ။

အိမ်ထောင်ရေး ကံမကောင်းသူ မျက်ဝန်းအဖို့ အိမ်ထောင်ရေးသာယာချမ်းမြေ့သော မြသားဘဝလေးကို တိတ်တဆိတ်ငေးမော အားကျနေသည်။

သမီးလေး နိုးလာသည့်အသံကြားတော့ မျက်ဝန်းအတွေးထဲမှ





အမှာကသီ ရုန်းထွက်လိုက်ပြီး မြသား မချီခင် သမီးလေးကို ကောက်ချီလိုက်သည်။

သမီးလေးက အိပ်ရာနိုးလျှင် ဂျီမကျတတ်။ ပြုံးရွှင်ရယ်မောနေတတ်သည်။ မျက်ဝန်းစိတ်ထဲမှာ သမီးလေးအား နို့ဘူးတိုက်နေရခြင်းထက် မျက်ဝန်း၏နို့ကိုသာ တိုက်ချင်သည်။ ထိုဆန္ဒကို မျိုသိပ်ထားရတာ တော်တော်လေး ခံရဆိုးသည့်ဝေဒနာလိုပင်။

နို့ဆာ၍ နှုတ်ခမ်းနှစ်လွှာကို တပြွတ်ပြွတ်လုပ်နေသော သမီးလေးကို ငုံ့မိုးနမ်းရှိုက်ရင်း သားမြတ်အစုံက တဆစ်ဆစ်နှင့် တင်းခဲ၍လာသည်။

"မျက်ဝန်း သမီးလေးနဲ့အတူရှိမယ်ဆိုရင်လေ မြသား ရေချိုးခန်းဝင်လိုက်ဦးမယ်၊ နောက်တစ်နာရီဆိုရင် ဆရာဝန်လာမှာလေ၊ ရေချိုးသေးဘဲ အစမ်းသပ်မခံချင်ဘူး"

"သွားချိုးလေ မမ၊ မျက်ဝန်း သမီးကို အခန်းထဲခေါ်သွားလိုက်မယ်"

"ကောင်းပြီလေ ဒေါ်နန်းကို နို့ဘူးပို့ခိုင်းလိုက်မယ်"

ထိုအခွင့်အရေးကို ကောင်းကောင်းအသုံးချဖို့ မျက်ဝန်း သမီးလေးကို ချီပြီး အခန်းဆီသို့ ပြန်လာလိုက်သည်။

"သမီးလေး နို့ဆာနေပြီ၊ မေမေ့နို့ကို သမီးလေး အားရပါးရစို့တော့မယ်နော် သမီး"

ကိုယ့်ပီတိနှင့်ကိုယ် သမီးလေးကို အခန်းထဲခေါ်အလာ ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ထွဋ်ခေါင် အပြင်က ပြန်လာတာနှင့် တန်းတိုးတော့သည်။

"မျက်ဝန်း"

"ပြော် ကိုဘုန်း"

"ဘာတွေပြုံးနေတာလဲ"

"သမီးလေးကို မျက်ဝန်းရဲ့နို့တိုက်ခွင့်ရတော့မယ်"

မျက်ဝန်း ဘာကိုဆိုလိုတာလဲဆိုတာ ဘုန်းထွဋ်ခေါင် သိပ်နား မရှင်းလိုက်။

"ဘယ်လို မျက်ဝန်း၊ နို့တိုက်ခွင့် ဟုတ်လား၊"

မရှင်း၍ ပြန်မေးသော အမေးစကားကြောင့် မျက်ဝန်း မျက် ပေါ်မှာ ရှက်စွဲ့ရိပ်တစ်ခု လှစ်ခနဲဖြတ်ပြေးသွားကာ

"မျက်ဝန်း သမီးလေးကို နို့တိုက်ချင်လို့ပါ ကိုဘုန်း။ ဒါကြောင့် မမ ရေချိုးခန်းဝင်တုန်း မျက်ဝန်းအခန်းထဲခေါ်သွားချင်လို့ပါ"

"မျက်ဝန်းရဲ့စိတ်ဆန္ဒကို ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ရိုးရိုးဖွံ့တော့ လိုတယ်နော်၊ မျက်ဝန်း မြသာသိရင် မလိုလားအပ် ပြဿနာတွေ ဖြစ်မှာစိုးတာပါ၊ မျက်ဝန်းကိုလည်း ကိုယ်အရမ်း တယ်ကွာ၊ ကိုယ် ခုလို သတိပေးရတာ ကိုယ်ချင်းစာစိတ်မရှိလို့ မဟု ပါဘူး။ မြသာက ဝေဒနာသည်ရှိလို့ပါ"

နှစ်သိမ့်တောင်းပန်နေသော ဘုန်းထွဋ်ခေါင်ကို မျက်ဝန်း လည်းမှုအပြည့်ပါသော အကြည့်ဖြင့် ကြည့်ပြီး

"ဒါတွေအားလုံးကို မျက်ဝန်း နားလည်ပါတယ် ကို





မျက်ဝန်းကူညီမယ်လို့ ကတိပေးထားမှတော့ အဆုံးထိကူညီမှာပါ"

"ကျေးဇူးတင်လိုက်တာ မျက်ဝန်းရယ်"

"ဒါဆိုရင် မျက်ဝန်း အခန်းထဲဝင်တော့မယ်နော်"

"ပြော် ဝင်ပါ မျက်ဝန်း"

ဘုန်းထွဋ်ခေါင်ရှေ့မှ ထွက်ခဲ့ပြီး အခန်းထဲရောက်သည်နှင့် သမီးလေးကို နို့လှန်တိုက်တော့သည်။ သမီးလေး၏အာငွေ့နွေးနွေးတွေနှင့် ထိတွေ့ခံရသော ပီတိတို့သည် မျက်ဝန်းအတွက်တော့ အချိုမြိန်ဆုံး ပီတိတစ်ခုပါပဲ။

သမီးလေး နို့ဆို့ရင်း မျက်ဝန်းကိုမော့ကြည့်သည်။

"သမီးလေး မေမေ့သမီးလေးရယ် ဒီတစ်သက် မေမေ့သမီး လေးကိုသာ ရှာမတွေ့တော့ရင် မေမေတော့ အသက်တောင်ဆက်ရှင်နိုင် ပါဦးမလားကွယ်"

ပြောရင်းဖြင့် မျက်ဝန်း ပါးပြင်ပေါ်သို့ မျက်ရည်တို့စိမ့်ကျလာ သည်။

မွေးကတည်းက နို့ဘူးနှင့်သာ ရှင်သန်ခဲ့ရသော သမီးလေးကို မျက်ဝန်းနို့ပဲ အမြဲတိုက်ချင်လိုက်တာ။

နို့ဆို့နေသော သမီးလေး၏ပါးဖောင်းဖောင်းလေးကို ခပ်ဖွဖွ ပွတ်သပ်ပြီး ရင်ထဲကဆန္ဒတွေကို တီးတိုးတောင်းဆိုလိုက်သည်။

ကိုယ့်ပီတိနှင့်ကိုယ်မို့ မပိုင်၊ နို့ဘူးလာပေးတာကို သတိမထား မိ၊ မပိုင်၊ အခန်းထဲမဝင်ဘဲ နို့တိုက်နေသော မြင်ကွင်းကို အခန်းဝတွင်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပြီး ရပ်ကြည့်နေ၏။

မျက်ဝန်း ကိုယ့်အတွေးနှင့်ကိုယ်မို့ အခန်းဝတွင်ရပ်နေသော မဝိုင်းကိုမတွေ့။

မျက်ဝန်း ပြောနေသောစကားတို့ကို မဝိုင်းကြားလိုက်ရ၍ အံ့ဩလွန်းမက အံ့ဩနေရသည်။

မျက်ဝန်း ဘာကြောင့် နှိုတိုက်နေရတာလဲဆိုသည့် အဖြေကို မဝိုင်း ခပ်ရေးရေး သဘောပေါက်လာသလိုလို။

■ ■ ■

"ဘယ်လို မဝိုင်း သမီးကို မျက်ဝန်းက သူ့နို့တိုက်တယ် ဟုတ်လား"

"ဟုတ်တယ် မမလေး၊ မျက်ဝန်းနို့တိုက်တာကို မဝိုင်းသုံးလေးခါရှိပြီ တွေ့တာ၊ ဒါပေမဲ့ မမလေးကို ပြောသင့်မပြောသင့် ချိန်နေတာပါ"

"ဒါကြောင့် သမီးလေးဟာ ခုတလောနို့ဘူးနို့ကို သိပ်မစို့တော့တာကိုး။ မြသားကတော့ သမီးလေး နို့မစို့တာ နေများမကောင်းလို့လား ဆိုပြီး စိတ်ပူလိုက်ရတာ"

"မဝိုင်း သိချင်တာ အစ်ကိုလေးနဲ့မျက်ဝန်းနဲ့ မောင်နှမဝမ်းကွဲတော်တာ ဟုတ်မဟုတ်ပဲ သိချင်တာ"

ထိုစကားက မြသား၏ရင်ထဲကို သံသယတွေ တိုးဝင်လာအောင် တွန်းပို့လိုက်သည့်နှယ်။ မြသား မသိအောင် ကို ဘာတွေလျှို့ဝှက်ထားသလဲဆိုတာ သိချင်လာသည်။





"အခု မျက်ဝန်း ဘယ်မှာလဲ မဝိုင်း"

"အစ်ကိုလေးစားဖို့ဆိုပြီး ထမင်းဝိုင်းပြင်နေတယ်"

"ဟင် အဲဒါ သော်သော်တို့မော်မော်တို့အလုပ်လေ"

"ဟုတ်တယ် ဒါပေမဲ့ သူ ထမင်းဝိုင်းပြင်ပေးမယ်ဆိုပြီး ဝင်လုပ်နေတာ၊ သူရောက်ကတည်းက အစ်ကိုလေး ဝေယျာဝစ္စတွေကို သူပဲ ဝင်လုပ်နေတာ၊ ညကလည်း လသာဆောင်မှာ အစ်ကိုလေးနဲ့နှစ်ယောက်ထဲ စကားတွေပြောနေကြတာကို မဝိုင်း လှမ်းတွေ့တယ်"

မဝိုင်း ခုလိုပြောပြနေတာ ဘာရည်ရွယ်ချက်နှင့်လဲ။ တကယ်ဆိုကိုနှင့်မျက်ဝန်းက မောင်နှမဝမ်းကွဲတော်သူတွေပဲ။ မြသား ကွယ်ရာမှာ ဘာတွေများ မရိုးမသားတွေတွေ့ထားလို့ မြသားကို ခုလိုပြောပြနေရသလဲ။

"နောက်ပြီးတော့လေ"

မဝိုင်း မပြောဘဲ မြသား၏အရိပ်အခြေကို လှမ်း၍အကဲခတ်သည်။

"ပြောလေ မဝိုင်း။ နောက်ပြီးတော့ ဘာဖြစ်လဲ"

"ဟိုလေ အစ်ကိုလေးမှာ ညီမဝမ်းကွဲရှိတယ်လို့ တစ်ခါမှ မကြားဖူးဘူး၊ ခုမှ ဖြုန်းခနဲ ညီမဝမ်းကွဲကို အိမ်ခေါ်လာတယ်ဆိုတော့ မဝိုင်း စဉ်းစားရခက်နေတာ"

မဝိုင်း၏ကုန်းချောစကားတွေထဲမှာ မြသား ယုံကြည်စိတ်တွေ ချော်ဝင်ကုန်သည်။

"မဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်"

ဒေါ်နန်း ခေါ်သံကြောင့် မဝိုင်း မျက်စိပျက်မျက်နှာပျက်ဖြ
လှည့်ကြည့်လိုက်သည်။

"ဘာတွေလျှောက်ပြောနေတာလဲ"

"ဟို ဘာ ဘာမှမပြောပါဘူး ဒေါ်နန်းရယ်"

ဒေါ်နန်းဟောက်လိုက်တော့ မဝိုင်း ဘာစကားမှ ထပ်မဆ
ရဲတော့ဘဲ မြသားအနားမှ ခပ်ကုတ်ကုတ် ထွက်သွားသည်။

"မမလေးကို သူ ဘာတွေပြောနေတာလဲ"

"ဘာမှမပြောပါဘူး ဒေါ်နန်းရဲ့"

"သူ့အကျင့်က ဟိုးတုန်းကတည်းက စကားတွေကို မလို
ဘဲ ပြောတတ်တဲ့အကျင့်ပဲလေ"

"ဒါနဲ့ ဒေါ်နန်းရော မျက်ဝန်းကို ဘယ်လိုမြင်လဲဟင်"

"သူ့ဒွေးလေးရဲ့ညီမပဲ၊ သူ့ဒွေးလေးလို စိတ်သဘောထားဖြ
တယ်၊ တာဝန်သိစိတ်ရှိတယ်၊ နောက်ပြီး ဒီအိမ်က မိသားစုတွေအ
တော်တော်လေး ခင်တွယ်ရှာပါတယ်"

မဝိုင်း ပြောတာတွေ အတည်ပြုချင်သဖြင့် မေးလိုက်ပေ
လူကြီးပီပီ ဒေါ်နန်း အမှန်ကိုဖြေမည်မဟုတ်ဘူးဆိုတာ မြသား သိသ

"မျက်ဝန်းက သမီးလေးကို သူ့နို့တိုက်တာရော ဒေါ်နန်း
လား"

"ဟင် ဘယ်လို မျက်ဝန်းနို့ကို သမီးလေးကို တိုက်တ





ဟုတ်လား ဘယ် ဘယ်သူပြောလဲ"

ထိုကိစ္စ ဒေါ်နန်း တကယ်ပင် မသိပါ။

"ဒီလိုပဲ မြသားလည်း မြင်လိုက်တာပါ၊ စိတ်ထဲမှာ တစ်မျိုး
ခံစားမိလို့ပါ"

"သမီးလေးကိုချစ်လွန်းလို့ ဖြစ်သွားတာနေမှာပါ မြသားရယ်၊
မျက်ဝန်းက ကလေးသိပ်လိုချင်တာတဲ့ ယောကျ်ားဆုံးသွားလို့သာ ကလေး
မယူလိုက်ရတာတဲ့"

"ဒါပေမဲ့ မြသားရဲ့သမီးလေးကို ဂရုစိုက်မှုတွေက လွန်ကဲနေ
သလားလို့ပါ ဒေါ်နန်းရယ်"

"စိတ်ထဲမှာ ဘာမှမတွေးပါနဲ့ မြသားရယ်၊ မျက်ဝန်းဟာ သူ့
သောကတွေအတွက် သမီးနဲ့စိတ်ဖြေနေတယ်လို့ သဘောထားပြီး နား
လည်ပေးလိုက်ပါ"

"မြသား နားလည်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီ နားလည်ခြင်း
တွေရဲ့နောက်ကွယ်မှာ မြသား မသိတဲ့လျှို့ဝှက်ချက်တွေ ရှိနေသလိုမျိုး
စိတ်ထဲမှာ ခံစားရတယ်"

"မရှိပါဘူး မြသားရယ်၊ အဲဒီ မဝိုင်းဟာလေ မြသားရဲ့ကြည်
လင်နေတဲ့စိတ်တွေကို နောက်ကျိသွားအောင် စကားတွေအပိုပြောသွား
တယ်"

ဒေါ်နန်း အပြစ်တင်သူက မဝိုင်းပင်ဖြစ်သည်။

သူ့ကြောင့် မလိုလားအပ်တဲ့ပြဿနာမျိုးတွေကို ဒေါ်နန်း အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ပါ။

မြသား သက်ပြင်းခပ်ငွေ့ငွေ့ချကာ ဒေါ်နန်းရှေ့မှ လှည့်ထွက်ခဲ့သည်။ ခွေမျိုးညီအစ်ကိုမောင်နှမတွေအကြောင်း တစ်ခါမှ စကားမပင် မဟာခဲ့ဖူးဘဲနှင့် ယခုကျမှ ညီမဝမ်းကွဲတော်သူကို အိမ်ပေါ်ခေါ်တင်လာသည်။

မျက်ဝန်းကရော ဘာကြောင့် မြသားသမီးလေးကို နှိပ်စက်ရတာလဲ။

အတွေးဖြင့်ပင် အာရုံတွေ ချာချာလည်၍လာသည်။

■ ■ ■



## အခန်း (၃၃)

"ဒီညကစပြီး မြသားနဲ့အတူ သမီးလေးကို ခေါ်သိပ်တော့မယ်"

မျက်ဝန်း ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ညစဉ်ညတိုင်း သမီးလေးနှင့်အတူ အိပ်ခွင့်ရ၍ မျက်ဝန်း ရောင့်ရဲတင်းတိမ်နေခြင်း ဖြစ်သည်။

"ဘာ ဘာဖြစ်လို့လဲဟင် မမ"

"သမီးလေးကို သနားလို့ပေါ့ မျက်ဝန်းရယ်၊ မမရဲ့ဝေဒနာကြောင့် သမီးလေးကို ကိုယ့်ရင်ခွင်ထဲထွေးပွေ့ပြီး အိပ်ချင်ပေမယ့် အချိန်ပြည့် ဆေးဝါးတွေနဲ့ နပန်းလုံးပြီး အပင်ပန်းမခံနိုင်တဲ့ မမကြောင့် သမီးလေးခမျာ ဒေါ်နန်းနဲ့ပဲ အိပ်နေရတယ်"

"ခု မျက်ဝန်းရောက်လာပြီပဲ မမရယ်၊ သမီးလေးရဲ့ ညဘက်ဝေယျာဝစ္စတွေကို မမ ဘယ်လုပ်နိုင်မှာလဲ၊ မျက်ဝန်းတစ်ယောက်လုံး ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနှင့် ခွဲမအိပ်ရရေးအတွက် မျက်ဝန်းအတတ်နိုင်ဆုံး ကြိုးစားကြည့်ရမှာပင်။

"အဲဒါကြောင့် သမီးလေးက မြသားကို သိပ်မခင်သလိုပဲ မျက်ဝန်းနဲ့ဒေါ်နန်းကိုဆိုရင် သမီးလေးက ပိုသိတယ်၊ ဒါကြောင့် မြသားလည်း မိခင်တစ်ယောက်အနေနဲ့ သမီးလေးခင်တွယ်တာကို လိုချင်တယ် ဒါကြောင့် မြသားနဲ့အတူ သမီးလေးကို ဒီညကစပြီး သိပ်တော့မယ်"

"သမီးလေးက ညဘက်ဆို သိပ်မအိပ်ဘူး မမရဲ့၊ မမ အိပ်ရေး ပျက်ခံလို့ ဖြစ်ပါ့မလား"

"မမက အမေပဲကွယ်၊ မမ တာဝန်ယူရမယ့်အပိုင်းကို မျက်ဝန်း တို့က မဆီမဆိုင် တာဝန်ယူပေးနေတာကတော့ မမ ဘယ်တရားပါ့မလဲ ဒါကြောင့် မမ သမီးလေးကို မမပဲ တာဝန်ယူတော့မယ်"

မျက်ဝန်း ဘာမှပြောချွမရတော့။ သမီးလေးနှင့် ညဘက်အတူ အိပ်ခွင့်မရသည့်အတွက် လူက အရုပ်ကြိုးပြတ်ဖြစ်ချင်နေပြီ။ ရင်ထဲ ဝမ်းနည်းစိတ်တို့က လှိုက်တက်လာသည်။ မျက်ရည်တွေ ရစ်ဝိုင်းလာသည် မို့ မသိမသာ ပုတ်ခတ်သိမ်းသွင်းလိုက်သည်။

"မျက်ဝန်း ဘာဖြစ်တာလဲ"

မြသား သတိထားကြည့်နေသည်မို့ တမင်ပင် မေးလိုက်ခြင်း ဖြစ်သည်။

"ဘာမှမဖြစ်ပါဘူး မမရဲ့"





"ဒီနေ့ကစပြီး မျက်ဝန်း အနားယူပါတော့၊ ကိုဝေယျာဝစ္စတွေ ကိုလည်း အပင်ပန်းခံပြီး လုပ်မပေးပါနဲ့ကွယ်၊ ဒေါ်နန်းတို့ တူကြီးတွေနဲ့ မဝိုင်းရှိတာပဲ"

"ရပါတယ် မမရယ်၊ ကိုတုန်းက မျက်ဝန်းရဲ့အစ်ကိုပဲ၊ အတူ တူနေခွင့်ရတုန်း ဝေယျာဝစ္စပြုစုရတာပါ"

မြသားတိမ် မသိမသာ မဲ့လိုက်သည်။

"ဪ ဒါနဲ့ ကိုဒယ်ဒီနဲ့မာမီ ဒီလထဲမှာ မြန်မာပြည်ပြန်လာ မယ်ပြောတယ်၊ မမတောင် မျက်ဝန်းအကြောင်း ပြောပြလိုက်လို့ သူတို့ တောင် ဇဝေဇဝါဖြစ်နေကြတယ်၊ အင်းပေ့ါလေ အမျိုးတော်တယ်ဆိုပေ မယ့်လည်း အနေဝေးနေကြတော့ ဘယ်မှတ်မိကြပါ့မလဲ"

မျက်ဝန်း မျက်စိမျက်နှာပျက် ဖြစ်သွားသည်။

"မျက်ဝန်းနဲ့ မာမီတို့ မတွေ့တာ ဘယ်လောက်ကြာပြီလဲ"

မျက်ဝန်း ထိုအမေးကို ဘယ်လိုဖြေရမှန်းမသိ။

"ဟို ဟိုလေ မျက်ဝန်း ငယ်ငယ်ကတည်းက မတွေ့ကြတော့ ကြီးကြီးတို့ကလည်း မျက်ဝန်းကို မှတ်မိမယ်မထင်ပါဘူး။ မျက်ဝန်းက လည်း ကြီးကြီးတို့ကို မမှတ်မိတော့ဘူးလေ"

"အေးလေ ပြန်လာတော့မှ အဖေါ်နဲ့တူမ ပြန်ဆုံကြမေ့ါ ဟုတ် ပြီလား"

"ဟုတ် ဟုတ်ကဲ့ပါ မမ"

မျက်ဝန်း ချောင်ပိတ်မိနေပြီမို့ အလိုက်အထိုက် ပြောပြီး မြသား၊



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ သမီးလေးကို တစ်ချက်ကြည့်ကာ ထွက်ခဲ့လိုက်သည်။

ကိုဘုန်း မိဘတွေပြန်လာလျှင် မျက်ဝန်းအလိမ်တွေပေါ်တော့မည်။ အဲဒီအချိန် ရင်ဆိုင်ရမည့်ပြဿနာကို မျက်ဝန်း ဘယ်လိုရှင်းရမလဲ မျက်ဝန်းအတွက်က အမှန်အတိုင်း ဖာတ်စုံခင်းပြပြီး ကိုယ့်ကလေးကို ခေါ်ပြီး ဒီအိမ်က ထွက်သွားရုံပင်။

ထို့အတွက်ကြောင့် မျက်ဝန်းဟာ လူလိမ်တစ်ယောက်ဟု သူတို့ မြင်စရာအကြောင်းမရှိတော့။

တကယ်တမ်း နစ်နာရမည့်သူက မမမြသားပင်ဖြစ်သည်။ မျက်ဝန်း ထိုသို့လည်း မဖြစ်စေချင်ပါ။

■ ■ ■

"ကိုယ် အဲလိုမဖြစ်စေချင်ဘူး မျက်ဝန်းရယ်"

"မျက်ဝန်းလည်း မဖြစ်စေချင်ပါဘူး ကိုဘုန်းရယ်၊ ဒါပေမဲ့ အားလုံးရဲ့အမြင်မှာ မျက်ဝန်းကို လူလိမ်မတစ်ယောက်လို့ မြင်သွားနိုင်တယ်လေ"

"မျက်ဝန်း ဘယ်လိုခံစားနေရမယ်ဆိုတာ ကိုယ်သိပါတယ် မျက်ဝန်းရယ်၊ ခုချိန်မှာ အမှန်အတိုင်း ဖွင့်ပြောလို့ လုံးဝမရလို့ပါ။ ဒီကိစ္စတွေကို မာမီတို့ကို ဖွင့်ပြောမှာပါ၊ မျက်ဝန်းကိစ္စကို မာမီတို့လည်း သဘောတူလက်ခံမှာပါ"

"ကိုဘုန်းနဲ့မျက်ဝန်းကိစ္စကို မမ ရိပ်မိနေလောက်တယ်လို့ မျက်ဝန်းတော့ထင်တယ်၊ ဒါကြောင့် ကိုဘုန်း မိဘတွေကို မျက်ဝန်းအ





ကြောင်း ပြောလိုက်တာပေါ့၊ ကိုဘုန်းနဲ့မျက်ဝန်း မောင်နှမလိုဟန်ဆောင်နေကြတာကို မမ သိရင် အရမ်းကိုဒေါသထွက်သွားပြီး ရှော့ခ်ဖြစ်သွားနိုင်တယ်နော်"

"ဒေါသဖြစ်တာက ဖြေရှင်းလို့ရတယ်၊ ရုတ်တရက် နှလုံးရပ်သွားမှာကိုပဲ ကိုယ်ကကြောက်တာ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ထပ်ပြီးတောင်းဆိုပါတယ်၊ မြသားနဲ့အလိုက်အထိုက် နေပေးပါ မျက်ဝန်းရယ်"

မျက်ဝန်း၏လက်မောင်းကို ဖေးမဆုပ်ကိုင်ပြီး မြသားအတွက် တောင်းဆိုလိုက်သည်။

"ဟုတ်ကဲ့ပါ ကိုဘုန်း မျက်ဝန်းလည်း အတတ်နိုင်ဆုံး မမ ရိပ်မိအောင်နေမှာပါ"

ဘုန်းထွဋ်ခေါင် မျက်ဝန်းကို ကျေးဇူးတင်သော အကြည့်ဖြင့် မှုံးကြည့်လိုက်သည်။

နှစ်ယောက်စလုံး၏ရင်ထဲမှာ တကယ် ရှုံးသွားခဲ့ကြတာပါ။

■ ■ ■

တံခါးအကွယ်မှာ ရပ်ကြည့်နေသော မြသား၏ခြေအစုံသည် ကြမ်းပြင်မှာ ညှတ်ခွေကျမတတ်ကို ယုံကြည်ခြင်းတွေဟာ တစ်စစီပြိုကျ ပျက်စီးသွားသည်။

ရူးမြတ်နာကျင်သော ရင်အစုံကို ဖိနှိပ်ပြီး ကိုနှင့်မျက်ဝန်းတို့ ပြောနေကြသော စကားသံတွေကသာ နားထဲအထပ်ထပ်ကြားယောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမလို ဟန်ဆောင်ပြီး အငယ်အနှောင်းကို အိမ်ပေါ်ခေါ်ထားရသတဲ့လား။ အဲလိုလုပ်မယ့်အစား မြသားကိုပဲ သတ်လိုက်ပါတော့။

"မြသားဘဝမှာ ကိုကိုပဲ ချစ်ခဲ့တာပါ ကိုရယ်၊ အိမ်ထောင်သက်မကြာသေးတဲ့ကာလတိုလေးမှာ နောက်တစ်ယောက်ကို ပြောင်းချစ်နိုင်တဲ့ ကိုကို မြသား အံ့ဩတယ်"

မျက်ရည်တို့ဖြင့် တီးတိုးငိုညည်းပြီးအခန်းရှိရာသို့ ဒရောသောပါး ထွက်ခဲ့လိုက်သည်။

အခန်းထဲရောက်တော့ သမီးလေးက ခုတင်ထက်တွင် နိုးနေပြီး ယက်ကန်ယက်ကန်ဖြင့် စကားတွေဂူးဂူးဝါးဝါး ပြောနေသည်။

သမီးလေးကိုကြည့်ပြီး မြသားရင်ထဲမှာ ပို၍လှိုင်းထန်လာပြီး

"သမီးရယ် မေမေရော သမီးရော သစ္စာဖောက်ခံလိုက်ရပြီ ကံဆိုးလိုက်တဲ့ မေမေ့သမီးလေး"

သမီးလေး၏နုထွေးသော လက်သီးဆုပ်ကလေးကို ကြေကွဲစွာ ဆုပ်ကိုင်လိုက်ပြီး ရင်ဖွင့်လိုက်သည်။

အခန်းထဲဝင်လာသော ခြေသံကြောင့် ပါးပေါ်မှမျက်ရည်စတို့ကို ကမန်းကတန်း သုတ်လိုက်ပြီး လှည့်ကြည့်လိုက်သည်။

"သမီး နိုးပြီလား မြသား"

"နိုးပြီ ကို၊ သမီးလေးက စကားတွေအရမ်းပြောတယ် ကိုရဲ့ သောကြာသမီးလေးမို့ ထင်တယ်"

ကိုစရုမှာ မြသား၏သောကတွေကို ထင်ထင်ပေါ်ပေါ် ဖွင့်မပြ





ခဲ့ဖြစ်။

မြသား ဖွင့်မေးလိုက်၍ ကိုက ဟုတ်ပါတယ် မျက်ဝန်းနဲ့ငြိစွန်းနေကြပါတယ်ဟု ဝန်ခံလာခဲ့လျှင် သေလောက်အောင် ခံစားရမည့်သူက မြသားပင်ဖြစ်သည်။

"မြသား ဆေးသောက်ပြီးပြီလား"

အမြဲ ဂရုစိုက်ခဲ့တာတွေဟာ ဟိုးအရင်က ကျေနပ်ရင်ခုန်ခဲ့ပေမယ့် ခုတော့ ရင်ခုန်ခြင်းအလျဉ်းမရှိတော့။ ဒါဟာ ဟန်ဆောင်ဂရုစိုက်မှုဆွဲပဲဆိုပြီး ရင်နာမိသည်။ ရင်နာမိပေမယ့် အမုန်းတရားတွေကို မွေးမြူ၍မရ။

"သောက်ပြီးပါပြီ ကို၊ ဪ ဒါနဲ့ ကိုရော ထမင်းစားခဲ့ပြီးပြီလား"

"အင်း ခုပဲစားပြီးပြီ၊ မျက်ဝန်း ထမင်းပွဲပြင်ပေးတယ်လေ၊ မျက်ဝန်းက ဟင်းချက်ကလည်း မဆိုးဘူးကွ"

မြသား မျက်နှာညှိုးသွားသည်။ မျက်ဝန်းအကြောင်းပြောတိုင်း မျက်နှာရွှင်နေသော ကိုကို ကြေကွဲစွာကြည့်ပြီး

"ကို"

"ဟင် ပြောလေ မြသား"

"မြသားကို ချစ်လား"

ထူးထူးဆန်းဆန်း အမေးကြောင့် ဘုန်းထွဋ်ခေါင် ဟက်ခနဲ ရယ်ပြီး မြသား၏မေးစေ့လုံးလုံးလေးကို ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချစ်လို့ ယူထားတဲ့ မိန်းမပဲကွာ၊ မချစ်ဘဲနေပါ့မလား"

"သမီးလေးကိုရော"

"ချစ်တာပေါ့ သမီးလေးရော မြသားရော ကို ကိုယ့်အသက်ထက်ကို ပိုချစ်တယ်"

အပြောကောင်းလိုက်တာ ကိုရယ်ဟု စိတ်ထဲက ပြောလိုက်သည်။ ဟန်ဆောင်ပြောနေမှန်းသိနေ၍ ကြေကွဲရုံကလွဲပြီး မပျော်ရွှင်

"မြသားလည်း ကိုကိုချစ်တယ်၊ ဒါကြောင့် ကိုရယ် သမီးလေး ရယ် မြသားရယ် ဒီညကစပြီး အတူတူအိပ်ကြမယ်နော်"

"ကိုယ်လည်း သမီးလေးနဲ့အတူတူ အိပ်ချင်တယ် မြသား ဒါပေမဲ့ သမီးလေးရဲ့ညရေးညတာကိစ္စတွေကို မြသားတာဝန်ယူနေရ လေ၊ ဒါကြောင့် သမီးလေး အရွယ်နည်းနည်းကြီးမှပဲ ခေါ်သိပ်ကြရအောင် ခုတော့ မျက်ဝန်းနဲ့အိပ်ပါစေ"

"ကိုက မြသားအစား တာဝန်ယူပေးပေါ့ ကိုရယ်၊ ကျန်းမာရေး ကြောင့် အိပ်ရေးပျက်ခံလို့မရတဲ့ မြသားရဲ့ တာဝန်ကို ကိုယူလည်း ဖြစ်တာပဲ မဟုတ်လား"

"ဖြစ်ပါတယ် ဒါပေမဲ့ ကိုယ့်ဘေးမှာ အိပ်နေတဲ့ မြသား နှလုံး မြိုက်မြိုက် ဘယ်အိပ်ပျော်တော့မှာလဲ၊ မြသားကို ဆရာဝန် ဘာမှာထား လဲ၊ ညဘက်အိပ်ရေးပျက်ခံလို့ မရဘူးလို့ မှာထားတယ်မဟုတ်လား ဒါကြောင့် ကိုယ်လည်း သမီးလေးကို သူများနဲ့သိပ်နေရတာပါ၊ ဒီတော့ မြသား သမီးလေးနဲ့အတူတူအိပ်ချင်ရင် ဆေးမှန်မှန်သောက်ပြီး





နေမြန်မြန်ကောင်းအောင်လုပ်ပါ ဟုတ်ပြီလား"

သမီးလေးကို မျက်ဝန်းနှင့်အတူ ပေးသိပ်ဖို့အတွက် မြသား၏ ကျန်းမာရေးနှင့် ကိုင်ပေါက်ရတော့သည်။ နို့မှိုဆို သမီးလေးကို အဆုံးရှုံး ထားရသော မျက်ဝန်း ခံနိုင်ရည်ရှိမည်မဟုတ်ဘူးဆိုတာ ဘုန်းထွဋ် ခေါင် သိနေပါသည်။

"အင်းလေ ဒါဆိုလည်း မြသား နေမြန်မြန်ကောင်းပါစေလို့ ဆုတောင်းရတော့မှာပဲ၊ သမီးလေးကို မြသား အရမ်းသနားတယ် ကိုရယ် ညခများ မိစုံဖစုံရှိရဲ့သားနဲ့ မိခင်ရဲ့ရင်ခွင်မှာ မအိပ်ရဘူး"

"အခြေအနေအရ ခုလို စီစဉ်ရတာပဲကွာ၊ အမြဲတမ်း ဒီလို ဖြစ်စေရပါဘူး"

စိတ်ကျေနပ်စေမည့်စကားလုံးတွေ ရွေးပြီး ဖြေသိမ့်ပေးလိုက် သည်။ မြသားစိတ်ချမ်းသာဖို့ကိုပဲ အမြဲစဉ်းစားပေးနေတယ်ဆိုတာ မြသား သိလျှင် သူ့ကိုကျေးဇူးတွေတင်နေမှာပါ။

"ကိုရဲ့ ဒယ်ဒီနဲ့မာမီ ဒီလထဲ ပြန်လာမယ်လို့ပြောတယ်"

ဘုန်းထွဋ်ခေါင် မျက်ဝန်းဆီက သိပြီးပေမယ့် တမင်ပင် မသိ ချင်ဟန်ဆောင်ပြီး မေးလိုက်သည်။

"ဟုတ်လား ဘယ်တုန်းကပြောလဲ"

"ဒီနေ့မနက်ပဲ ကိုညီမ မျက်ဝန်းအကြောင်းကို မေးလ်နဲ့လှမ်း ပြောတာလေ"

"ဟင် မျက်ဝန်းအကြောင်းကိုပြောတာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ မျက်ဝန်းက အရမ်းကိုအလိုက်သိတဲ့ ညီ…
ယောက်ပဲ၊ မျက်ဝန်းအကြောင်း ချီးမွမ်းချင်လို့ မာမီတို့ကို ပြောလို…
တာလေ"

"ကောင်းတာပေါ့ မာမီတို့ ပြန်လာရင် မတွေ့တာ နှစ်နှစ်…
လောက်ရှိတဲ့ တူမကို ပြန်တွေ့ရတော့မှာပေါ့"

ဘုန်းထွဋ်ခေါင်ကလည်း မင်သေသေဖြင့် ဟန်မပျက်ပြန်…
လိုက်သည်။ မြသားဓါတ်သံသယအကြည့် အပြောတွေကို ခုချိန်မှာ ယဉ်…
ကျွံပြုနေတာ အကောင်းဆုံးပဲဖြစ်သည်။

ဖြစ်ပျက်နေသမျှကိုစွအဝကို ဒယ်ဒီနှင့်မာမီကို ကြိုပြော…
ရတော့မည်ဟု စိတ်ကူးလိုက်သည်။

ဒါမှ မျက်ဝန်းအပေါ်မှာ သံသယတွေ အထင်လွဲမှုတွေ ရှင်း…
မှာဖြစ်သည်။

■ ■ ■



## အခန်း (၃၄)

"မမရေ ဆေးသောက်ရအောင်လေ"

သမီးလေးကို ချီကာ အဝေးကိုငေးမောနေသော မြသားနား
…သို့ မျက်ဝန်း ပြုံးရွှင်စွာ ရောက်လာသည်။ မြသား ရင်ထဲမှာ ကြေကွဲ
…နေသလောက် မျက်ဝန်းရင်ထဲမှာ မျှော်လင့်ချက်တွေဖြင့် နိုးကြားနေသည့်
…ပင်။

မနာလိုစရာကောင်းလိုက်တာ မျက်ဝန်းရယ်။ ဒီအိမ်ပေါ်ကို
…င်း ဘာရည်ရွယ်ချက်နဲ့ တက်လာရသလဲဆိုတာ ငါ သိနေတဲ့အတွက်
…ဖြစ်နိုင်ရင် မင်းနဲ့မျက်နှာချင်းမဆိုင်ချင်တော့ဘူး။

"ဒေါ်နှန်းရော"

"မမ ဆေးသောက်ပြီးရင် စားဖို့ ထမင်းပွဲပြင်နေပါတယ်"

"ဆေးထားခဲ့လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ၊ ဆေးသောက်မှာဆိုတော့ မျက်ဝန်း သမီးလေးကို ထိန်းပေးထားမယ်လေ"

"ရတယ် မျက်ဝန်း၊ မမ သမီးလေးနဲ့ အတူတူ နှစ်ယောက်ထဲ နေချင်လို့ပါ"

အမြင်မကြည်တော့ပေမယ့် စိတ်ထဲရှိသည့်အတိုင်း ဆက်ဆံ၍မဖြစ်သဖြင့် မကျေနပ်ချက်တွေကို ကြိတ်မှိတ်မျိုသိပ်နေရသည်။

ခံပြင်းလိုက်တာ ကိုရယ်။ ကိုနဲ့မျက်ဝန်းက မောင်နှမတဲ့လား ဘာဂံလားမောင်နှမပါလို့ တစ်ခါတည်း ဝန်ခံရောပေါ့ ကိုရယ်။

"ဒါဆို မျက်ဝန်း သမီးလေးအတွက် နို့သွားဖျော်လိုက်ဦးမယ်နော် မမ"

"အင်း ဖျော်လိုက်လေ"

ယခင်လို ပြုံးရွှင်ရယ်မောခြင်းမရှိတော့သော မြသား၏အေးစက်စက် အမူအရာကိုကြည့်ပြီး မျက်ဝန်း နားလည်ရခက်နေ၏။

"မျက်ဝန်း မမလေးကို ဆေးတိုက်ခဲ့ပြီလား"

မပိုင်း ခန်းဆီးလိုက်ကာတွေ လဲတပ်နေရင်းမှ မသိမသာ အကဲခတ်ရင်း စပ်စုသည်။ မြသားနှင့် မျက်ဝန်း၏ဆက်ဆံရေးကို မပိုင်း စောင့်ကြည့်နေသည်။

"ပြီးမှ သောက်မယ်တဲ့"

"ဩော် ဒါနဲ့ ညညကလေးနဲ့အိပ်ရတော့ မျက်ဝန်း အိပ်ရေး ပျက်ရဲ့လား"





"အိပ်ပျော်ပါတယ် မပိုင်းရဲ့၊ ညဘက် သေးစိုလဲပေး၊ နို့ဘူးချော့တိုက်ရတာလောက် မျက်ဝန်းအတွက် အပန်းမကြီးပါဘူး"

"ဒါပေမဲ့ ကလေးက ဟိုးအရင်ကလောက် နို့သိပ်မစို့တော့သလို ..."

"ဟင် စို့ပါတယ် မပိုင်းရဲ့၊ သမီးလေးကိုကြည့်ပါလား အရင်ကထက်စာရင် ဖွံ့တောင်လာသေးတယ်"

"ဖွံ့လာပေမယ့် နို့မှုန့်ဘူးက သိပ်မကုန်ဘူးလေ"

ဘယ်ကုန်ပါ့မလဲ နို့မှုန့်ဖျော်မတိုက်ဘဲ ညညဆို သမီးလေးကို ရင်ခွင်ထဲ ထည့်သိပ်ပြီး မျက်ဝန်းနို့ကို တိုက်နေတာပဲ၊ မနက်ပိုင်းဆိုလျှင်လည်း နို့ဘူးထဲကို မျက်ဝန်းနို့တွေညှစ်ပြီး တိုက်တာကများသည်။

ဒါကို မပိုင်းတို့ရိပ်မိစပြုလာ၍များလားဟု မလုံမလဲတွေးရင်း နောက်တစ်ခါ သမီးလေးကို နို့တိုက်လျှင် သတိထားဖို့ ကိုယ့်ကိုကိုယ် သတိပြန်ပေးလိုက်သည်။

"ကုန်ပါတယ် မပိုင်းရဲ့၊ မပိုင်း စိတ်ထင်လို့ပါ"

"အင်းလေ ဟုတ်မှာပါ၊ သမီးက မမလေးထက် မျက်ဝန်းကို တောင် ပိုခင်တော့မလားမသိပါဘူး။ ဘယ်လောက်ပဲငိုငို မျက်ဝန်းလက်ထဲ ရောက်ရင် အငိုကိုတိတ်သွားရော"

"ဩော် မပိုင်းရယ် ဒါကတော့ မျက်ဝန်းက သမီးလေးနဲ့ သွေးမျိုးအရင်းခေါက်ခေါက်ကြီးလေ၊ သူ့အဒေါ်ဖြစ်တဲ့ မျက်ဝန်းကို ခင်တွယ်တာ ဘာဆန်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းနော် ခုမှ သတိထားမိတယ်၊ သမီးက မမလေးနဲ့လည်း သိပ်မတူဘူး။ သူ့အဒေါ်ဖြစ်တဲ့ မျက်ဝန်းနဲ့တူတာ"

"မမနဲ့ဘာလို့ မတူရမှာလဲ၊ မျက်ခုံး မျက်လုံး နှာတံချွန်ချွန်လေးကအစ မမအတိုင်းပဲဟာကို"

မဝိုင်း ပြောသလို ကိုယ်နှင့်တူနေသော သမီးလေးကို မမြသားနှင့်ဖွတ်အတင်းတူနိုင်းနေရသည်။ တကယ်ဆို မဝိုင်းပြောတာမမှား။

သမီးလေးက မျက်ဝန်းနှင့်တော်တော်တူသည်။ ရယ်လိုက်လျှင် နှုတ်ခမ်းလေး တွန့်ကွေးသွားပြီး ပါးချိုင့်လေးထင်းခနဲ ပေါ်သွားတာကအစ မျက်ဝန်းနှင့်တူသည်။

■ ■ ■

မြသား သေချာကြည့်လေ ကိုယ့်ဝမ်းနှင့်လွယ်မွေးထားရသည့် သမီးလေးက မြသားထက် မျက်ဝန်းကို ပိုပြီးခင်တွယ်နေသည်။

မြသား လက်ထဲမှာ ကျီကျနေလျှင် မျက်ဝန်းခေါ်လိုက်သည်နှင့် အငိုတိတ်ကာ ရယ်မောပျော်ရွှင်နေတတ်သည်။

ခုလည်း ညနေကတည်းက သမီးလေး ဘာတွေအလိုမကျမှန်း သလဲမသိ တအီအီနှင့် ဂျီနေသည်။

"သမီးလေးရယ် တိတ်ပါကွယ်၊ သမီးလေး ဖေဖေ ပြန်လာတော့မယ်"

ဝရန်တာမှာ ရပ်ပြီး ခြံဝကို ထွက်မျှော်နေသော မြသား သမီး





လေးကို အငိုမတိတ်တိတ်အောင် ထိန်းနေရသည်။ သမီးလေးမှာ အပြင်တွေကို ငေးငေးကြည့်ပြီး မျက်နှာတွေကို လက်သီးဆုပ်ကလေးဖြင့် ပွတ်သပ်ရိုက်နေသည်။

ထိုစဉ် ဘုန်းထွဋ်ခေါင် ကားလေး ခြံထဲသို့ ချိုးကွေ့ဝင်လာသည်။

"ဟော ဟိုမှာ သမီးလေးရဲ့ဖေဖေ ပြန်လာပါပြီ"

လက်ထဲမှ အထုပ်အပိုးတွေ တပွေ့တပိုက်နှင့် ကားပေါ်မှဆင်းလာသော ဘုန်းထွဋ်ခေါင်ကို မြသား လှမ်းမြင်နေရ၍ ဝရန်တာမှရပ်နေရာမှ အိမ်ထဲပြန်ဝင်ခဲ့လိုက်သည်။

"မြသားတို့သားအမိက လေညင်းထွက်ခံနေတာကိုး"

"ဟုတ်တယ် မောင်၊ သမီးလေး ဗိုက်များနာလား မသိဘူး ဂျီကျနေလို့လေ"

"ဟင် သမီးဗိုက်နာတယ် ဟုတ်လား။ ဘာများစားလို့ပါလိမ့်၊ မြသား ဘာသွားစားလဲ"

"ဟင် မြသားက ဘာစားရမှာလဲ ကိုရယ်၊ စားတော့ရော သမီးလေးက မြသားနို့ကိုစို့နေတာမှ မဟုတ်တာ၊ အင်း မြသားနို့ကိုစို့နေမှသာ မြသားက အစားရှောင်ရမှာလေ"

"အဲ ဒါလည်း ဟုတ်သားပဲ"

ဘုန်းထွဋ်ခေါင် သတိရသွားမိတာက သမီးလေး စို့နေတာက မျက်ဝန်း၏နို့ကို။ မျက်ဝန်း အစားမှားလို့သာ သမီးလေး ဗိုက်နာတာဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းကို အစားရှောင်ပါဟု သတိပေးရဦးမှာပဲ။

"ဒါနဲ့ ဘာတွေဝယ်လာတာလဲ ကို"

"ဪ အလုပ်ဆင်းတာနဲ့ ကုန်တိုက်ဝင်လာတာ၊ မြသားတို့သားအမိရယ် မျက်ဝန်းအတွက်ရယ် လိုအပ်တာလေးတွေ ဝယ်လာတာလေ"

ယခင်ကဆိုလျှင် မြသားနှင့်သမီးအတွက်ပဲ ဝယ်လာတတ်သည့် ကိုဟာ ခုတော့ မျက်ဝန်းအတွက်ပါ ဝယ်နေရပြီပဲ။ မောင်နှမပတ်သက်မှုမျိုးမဟုတ်ဘဲ အိမ်ပေါ်ခေါ်တင်လာပြီး တိတ်တဆိတ် ပတ်သက်မှုရှိနေတာတော့ ကျိန်းသေနေလောက်ပြီဟု မြသား သံသယဖြင့် စွပ်စွဲလိုက်သည်။

ရင်ထဲမှာ နာကျင်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

"ဒါဆိုလည်း မျက်ဝန်းကို အရင်သွားပေးလိုက်လေ ကို"

ဘာမှမဖြစ်သလိုပင် ခပ်အေးအေး ပြောလိုက်သည်။

"ရပါတယ် နောက်မှ မြသား ပေးလိုက်တော့လေ၊ သမီးလေး လာပါဦးကွာ၊ ဘာတွေကိုကျနေတာလဲ ဖေ့သမီးလေးက"

မြသား လက်ထဲမှ သမီးလေးကို လှမ်းချီလိုက်သည်။ ဘုန်းထွဋ်ခေါင်ရင်ထဲမှာ ရှင်းနေသလောက် မြသားရင်ထဲမှာတော့ ဝမ်းနည်းစရာကောင်းစွာဖြင့် ရှုပ်ထွေးနောက်ကျိနေရသည်။

ကိုနှင့်မျက်ဝန်းတို့၏ပတ်သက်မှုက ဘယ်လိုအခြေအနေထိ ဖြစ်နေပြီလဲ။ ထိုအကြောင်းတွေကို မြသားတွေးမိတိုင်း ကမ္ဘာလောကကြီးက





မြသားအတွက် နေချင်စရာ တစ်ကွက်မှမရှိ။

ဒါနဲ့များ မြသားတို့သားအမိအပေါ် ဟန်ဆောင်ချစ်နေရသေးလား ကိုရယ်။ ကို့စိတ်ခံစားမှုတွေ ကို့အချစ်တွေကို မြသား ဖမ်းဆုပ်နိုင်ခြင်းမရှိတော့မှတော့ ကို့အချစ်တွေဟာ မြသားလိုရောဂါသည် ဇနီးမယားတစ်ယောက်ဆီမှာ ဘယ်ရှိပါတော့မလဲလေ။

"မျက်ဝန်း သမီးလေး ဗိုက်နာလောက်အောင် ဘာတွေစားမိသေးလဲ နောက်ဆို သတိထားပြီး စားပါ"

"ရှင် သမီး ဗိုက်နာနေတယ် ဟုတ်လား"

"သူ့အမေလက်ထဲမှာ တွန့်လိုးပြီး ဂျီကျနေတာလေ၊ မျက်ဝန်းနဲ့ကို သမီးလေးက စိုးနေတာဆိုတော့ တတ်နိုင်သမျှ မျက်ဝန်း အစားရှောင်ပေးပါ"

ဖခင်တစ်ယောက်၏စိုးရိမ်ပူပန်စိတ်ဖြင့် သတိပေးလာတော့မှ မနက်က ဒေါ်နန်းချက်ထားသော ချဉ်ရည်ဟင်းစားမိတာကို သွားပြီး သတိရသွားသည်။

"ဪ ဟုတ်ပါရဲ့၊ ဒီမနက် မျက်ဝန်း ချဉ်ရည်ဟင်း စားမိသွားတယ်"

"ဒါကြောင့် သမီးလေး ဗိုက်နာတာဖြစ်မယ်၊ နောက်ဆို သတိထားပါကွာ"

"ခုရော သမီးလေး ဂျီကျနေသေးလား ကိုဘုန်း"

"ဆေးတိုက်လိုက်ပြီး အိပ်ပျော်သွားတယ်၊ ညကရော သမီး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းအိပ်ရဲ့လား"

"အိပ်ပါတယ် ကိုဘုန်းရဲ့"

"ဘာပဲဖြစ်ဖြစ် ကိုယ်တော့ မျက်ဝန်းကို ကျေးဇူးတင်ပါတယ်၊ သမီးလေးရော မျက်ဝန်းရော ကိုယ့်နေရာမှာလာပြီး ဒုက္ခခံပေးတဲ့အတွက်ပေါ့"

"အဲဒီလို ဒုက္ခခံတယ်လို့လည်း ဘယ်ဟုတ်ပါ့မလဲ ကိုဘုန်းရယ်၊ သမီးလေးနဲ့အတူတူ ရှိနေခွင့်ရတာကိုပဲ မျက်ဝန်း ကျေနပ်ပါတယ်၊ ဒီကိုရောက်တာ မျက်ဝန်း ဖြေသာပါတယ်၊ နို့မို့ဆိုရင် မျက်ဝန်း ဘယ်လောက် အထီးကျန်လိမ့်မလဲ၊ ကိုဘုန်းတို့မိသားစုဟာ မျက်ဝန်းရဲ့မိသားစုပါပဲ"

"ခုလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ် မျက်ဝန်းရယ်"

"ဒါနဲ့ မမက ခုတစ်လော နေသိပ်မကောင်းသလိုပဲ မျက်နှာမလန်းဘူး"

"ဟုတ်တယ် မျက်ဝန်း။ မြသားရောဂါက ဒီလိုပါပဲ ကောင်းချင်ရင်လည်း ဘာမဟုတ်တာလေးနဲ့ ကောင်းနေပြန်ရော၊ ရောဂါဖောက်ပြန်ရင်လည်း ညှိုးနေတဲ့ပန်းပွင့်တစ်ပွင့်လိုပဲ ကိုယ့်မှာ မြသားကို အရိပ်လိုကြည့်နေရတာ"

ဇနီးတစ်ယောက်အပေါ် ချစ်တတ်လွန်းသော ကိုဘုန်းကိုကြည့်ပြီး ဖွဲမြတ်ကိုတမ်းတလိုက်သည်။

ဖွဲမြတ်သာ ရှိခဲ့လျှင် မြသားခုလို-အခြေအနေမျိုးနှင့် ရင်ဆိုင်





ရမှာမဟုတ်။

"မမ ကံကောင်းပါတယ် ကိုဘုန်းရယ်"

"ဟင် ဘာဖြစ်လို့လဲ"

"ကိုဘုန်းလို သိပ်ချစ်တတ်တဲ့သူကို လက်ထပ်ခွင့်ရထားလို့ပေါ့"

အားကျစိတ်လေးဖြင့်ပြောသော မျက်ဝန်းကိုကြည့်ပြီး ဘုန်းထွဋ်ခေါင် ကျေနပ်စွာ ပြုံးလိုက်သည်။

"မျက်ဝန်းလည်း ကံကောင်းပါတယ်"

"ရှင် မျက်ဝန်းက ကံကောင်းတယ် ဟုတ်လား။ မဖြစ်နိုင်တာပဲ ကိုဘုန်းရယ်၊ မျက်ဝန်းလောက်ကံဆိုးတဲ့မိန်းကလေး လောကကြီးထဲမှာ ရှိပါဦးမလား။ မျက်ဝန်း လူမမယ်ကလေးဘဝမှာ အမေဆုံးတယ်၊ မိထွေးနဲ့အတူတူ အဖိနှိပ်ခံပြီးနေခဲ့ရတယ်၊ အိမ်ထောင်ကျတော့လည်း ကိုယ့်လင်သားက ဆုံးတယ်၊ သမီးလေးကို ခိုးပြီးရောင်းစားခံရတယ်၊ ဟော သမီးလေးနဲ့ ပြန်တွေ့ပြန်တော့လည်း သမီးလေးရဲ့မိခင်တစ်ယောက်အဖြစ် ပေါ်ပေါ်တင်တင် နေခွင့်မရခဲ့ဘူး။ ကဲ ဘယ်မှာလာပြီး ကံကောင်းလို့လဲ"

"သိပ်ချစ်စရာကောင်းတဲ့ သမီးလေးရဲ့မိခင်တစ်ယောက်ဖြစ်ရတာ ကံကောင်းခြင်းတစ်မျိုးပဲ မဟုတ်ဘူးလား မျက်ဝန်းရယ်"

မျက်ဝန်း ဘာမှ မပြော၊ ငြိမ်သက်စွာ ခေါင်းငုံ့လိုက်သည်။ ခုချိန်မှာ ဖြေသိမ့်စရာဆိုလို့ သမီးလေးပဲ မျက်ဝန်းအနားမှာရှိတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဒီအချိန်မှာ စိတ်ဆင်းရဲစရာတွေ မတွေးနဲ့တော့ ဟုတ်ပြီလား။ မျက်ရည်တွေကို သုတ်လိုက်တော့"

ထိုချိန်တွင် မြသား သမီးလေးကိုချီပြီး ရောက်လာသည်။

"ဘာတွေဝမ်းနည်းနေတာလဲ မျက်ဝန်းရယ်၊ အချိန်ခဏလေးပဲ သည်းခံစောင့်ပါ၊ အရာအားလုံး မျက်ဝန်းဆန္ဒအတိုင်း ဖြစ်တော့မှာပါ"

နှစ်သိမ့်အားပေးနေသော စကားလုံးတွေက အခန်းဝတွင် ရပ်နေသော မြသားအား အဝေးသို့ တွန်းထုတ်လိုက်သလို ခံစားလိုက်ရသည်။ အချိန်ခဏလေးပဲစောင့်တဲ့ကား၊ ကိုရယ်။ အဲဒီအချိန် ခဏကျော်သွားရင် မြသားနေရာမှာ မျက်ဝန်းကို အစားထိုးတော့မယ်ဆိုတဲ့ သဘောပေါ့။

"ကဲရော့ ဒါ မျက်ဝန်းအတွက် လိုအပ်မယ်ထင်လို့ ကိုယ်ဝယ်လာတဲ့ အသုံးအဆောင်တွေ၊ လိုအပ်တာရှိလည်း ထပ်ပြောနော်၊ ကိုယ်နဲ့ မျက်ဝန်းကြားမှာ အားနာရမယ့် တံတိုင်းကြီးရှိမနေဘူး"

"ကျေးဇူးတင်ပါတယ် ကိုဘုန်းရယ်၊ မျက်ဝန်းအတွက် အဲဒါတွေ မလိုပါဘူး"

အဲဒါတွေ ဘယ်လိုမလဲ မင်းလိုချင်တာ ကိုကိုမဟုတ်လား ဟု စိတ်ထဲက ခါးသီးစွာ မေးလိုက်သည်။ ခါးသီးသော မြင်ကွင်းကိုဆက်ပြီး ရပ်ကြည့်မနေချင်တော့၍ သမီးလေးကိုချီပြီး ခပ်သွက်သွက် ထွက်ခဲ့လိုက်သည်။

■ ■ ■



## အခန်း (၃၅)

"မျက်ဝန်းအကြောင်းကို ပြည့်ပြည့်စုံစုံ သိချင်တယ်၊ ဟုတ်လား မမ"

"ဟုတ်တယ် မျက်ဝန်း။ ကိုယ်နဲ့တစ်အိမ်ထဲနေပြီး ယောက်မတော်နေရတဲ့အခြေအနေမှာ မျက်ဝန်းရဲ့အတိတ်အကြောင်းကို သိထားသင့်တယ်မဟုတ်လား"

"အဟင်း သိပ်တော့မထူးဆန်းပါဘူး မမရယ်၊ မျက်ဝန်းဘဝက ကြမ်းတမ်းပါတယ်၊ ပြီးပြည့်စုံခြင်းဆိုတာ မရှိခဲ့ပါဘူး။ ဖွဲမြတ်နဲ့အိမ်ထောင်ကျပြီးမှ ငြိမ်းချမ်းသွားတယ်လို့ ထင်ရတဲ့ မျက်ဝန်းဘဝက ကံကြမ္မာဆိုးက ထပ်ပြီးအမွှေခံရပြန်ရော၊ ခုမှဆိုးမဘဝရောက်တဲ့အချိန်ထိပါပဲ"

ရိုးရှင်းပေမယ့် လျှို့ဝှက်ချက်တွေတော့ ရှိဦးမယ်ဟု မြသား



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကထင်နေသည်။

"ဒါဆိုလည်း နောက်ထပ်အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိဦးမှာပေါ့ အင်းလေ မျက်ဝန်းက အရွယ်လည်းငယ် ရုပ်ရည်ကလည်း အပြစ်ပြော စရာတစ်စက်မှမရှိဘူးဆိုတော့ ယောကျ်ားတွေက မျက်ဝန်းကို သူတို့ဇနီး အဖြစ် ပိုင်ဆိုင်ချင်ကြမှာပဲ လူအို လူပျိုမရွေးပေါ့"

"ဟင့်အင်း မျက်ဝန်း နောက်အိမ်ထောင် ထပ်မပြုတော့ပါဘူး မမရယ်"

ဒါနဲ့များ ဘာဖြစ်လို့ ငါ့ယောကျ်ားနဲ့ပတ်သက်နေရသလဲဟု စိတ် ထဲက မေးလိုက်သည်။

"အင်းပေါ့လေ နောက်ထပ်အိမ်ထောင်ပြုဖို့ ကံပါလာသေးတယ် ဆိုရင်တော့ မလွဲမသွေ ထပ်ပြီးပြုရဦးမှာပေါ့၊ ဘဝဆိုတာ တသမတ် တည်း သတ်မှတ်လို့ရတာမှမဟုတ်တာ၊ အဲဒီလိုပဲ အချစ်ဆိုတာလည်း တစ်ဦးတစ်ယောက်ထဲကို ချစ်မိရုံနဲ့ ကုန်ခမ်းသွားတာမှမဟုတ်တာအဲ အိမ်ထောင်ရေးမှာလည်း ဒီအတိုင်းပါပဲ၊ ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ် ဖြစ် သူတို့ရဲ့ခံစားမှုတွေကို ဖြားယောင်းနိုင်တဲ့သူကိုတွေ့ရင် ကောက် ကောက်ပါအောင် လိုက်သွားတတ်ကြတာပဲ၊ အဲဒါကို ဖောက်ပြန်တယ်လို့ ခေါ်တာပေါ့နော်၊ မမတော့ အဲဒီလို မိန်းကလေးမျိုးတွေ ကိုကိုလာမြူဆွယ် မှာကို စိတ်ပူတယ်"

"ကိုဘုန်းက မမကို သိပ်ချစ်ပါတယ် မမရဲ့၊ ဒီလိုမိန်းကလေး မျိုးတွေနဲ့ ပတ်သက်မှာမဟုတ်ပါဘူး"





မြသားတိမ် မှဲ့လိုက်ပြီး

"အဟင်း မထင်ပါနဲ့ မျက်ဝန်းရယ်၊ ကိုက အရမ်းသနားတတ် တာလေ၊ လူတွေကို အကူအညီပေးရမယ်ဆိုရင် သူ့အတွက် ဘယ် လောက်ပဲနစ်နာသွားပါစေ သူ ကူညီတတ်တယ်၊ အဲဒီစိတ်က သူ့ဘဝကို ဆက်ဆီးဖို့ဖြစ်လာရင်လည်း သူ့စိတ်တွေက ပြောင်းလဲမှာမဟုတ်ဘူး"

"စေတနာအကျိုးပေးမှာမို့ ကိုဘုန်းကတော့ အမြဲဂုဏ်သိက္ခာ တွေနဲ့ ထည်ဝါနေမှာပါ မမရယ်၊ မမမှာ အဲလိုခင်ပွန်းကောင်းရထားတာ ဘယ်လောက်ကံကောင်းလိုက်သလဲ ကိုဘုန်းက ပရဟိတစိတ်အပြည့်ရှိ တယ်"

"မိန်းမတွေကလည်း အဲဒီစိတ်ကိုပဲ ကြွေချင်ကြတာလေ"

မြသား ဘာကိုဦးတည်ပြောနေသလဲဆိုတာကို လုံးဝမရိပ်မိ အောင် မျက်ဝန်းဟာ ထိုမျှထိ ရိုးသားပါသည်။

မပိုင်း အခန်းထဲဝင်လာသည်။ မျက်ဝန်းနှင့်မြသား စကား ပြောနေတာတွေ့၍ မလုံမလဲ ကြည့်ပြီး

"ဩော် မမလေးတို့က စကားကောင်းနေကြတာပဲ"

"ဘာပြောစရာရှိလို့လဲ မပိုင်း"

"ဒေါ်နန်းက ထမင်းစားဖို့ ပြင်ပြီးပြီဆိုတာ လာပြောခိုင်းလို့ပါ"

"ဩော် အေး လာခဲ့မယ်လို့ သမီးလေးကိုရော နို့ဘူးဖျော်တိုက် ပြီးပြီလား"

"ဖျော်တိုက်ပြီးပါပြီ၊ သမီးလေးက နို့ဝနေတဲ့ပုံပဲ၊ နို့ဘူးကို



www.burmeseclassic.com

www.burmeseclassic.com



လျှာနဲ့ထိုးထိုးထုတ်တယ်၊ မသိရင် မမလေးနို့ကို စို့ထားသလားလို့တောင် ထင်ရတယ်"

မျက်ဝန်းကို မသိမသာကြည့်ပြီး ပြောလိုက်သော စကားကြောင့် မျက်ဝန်း မလုံမလဲ ဖြစ်သွားသည်။ မပိုင်း ဘာကိုပြောနေသည်ဆိုတာ မြသား သိပေမယ့် ရင်ထဲမှာပဲ မျိုသိပ်ထားနိုင်စွမ်းရှိသည်။

သက်ပြင်းဖျော့ဖျော့တွေကို လေထဲမှုတ်လွှတ်နေတဲ့ အကြိမ်ရေ ကလည်း နည်းမှမနည်းတော့ပဲ။

ဝေဒနာတွေကိုတောင် မျိုသိပ်နိုင်စွမ်းရှိတာ ဒီလိုကိစ္စမျိုး မြသား ကြိတ်မှိတ်မျိုသိပ်ထားနိုင်ရမှာပေါ့။ မြသားရဲ့အိမ်ထောင်ရေး သဘောထားသေးသိမ်စိတ်နှင့် အပြိုကွဲမခံနိုင်ပါ။

မြသား ကို့ကိုသိပ်ချစ်သည်။ ဝေဒနာသည် မြသားကို အနှိပ်စက် ခံပြီး အချစ်တွေပေးဆပ်နေသော ကို့ကို ပျော်စေချင်သည်။ စိတ်ချမ်းသာ စေချင်သည်။

ကို့ရဲ့ဟန်ဆောင် ဂရုစိုက်မှုတွေနဲ့တင် မြသား ရောင့်ရဲတင်းတိမ် နိုင်ရတော့မှာပေါ့။

ကို ပေးသလောက် မေတ္တာကိုပဲ မြသား လက်ခံမှာပါ ကို

■ ■ ■

သမီးလေးဟာ မျက်ဝန်းသမီးဆိုတာ မြသား သိသွားခဲ့ရင်း သည့်စိတ်က ဘုန်းတွင်းခေါင်ကို ညညအိပ်မပျော်အောင် ခြောက်လှန့် သည်။





သမီးလေးကို မြသားသမီးအဖြစ် ဟန်ဆောင်ထားရသည့်အခြေ အနေတစ်ခုက တစ်ချိန်ချိန်မှာ ဖွင့်ထုတ်ရတော့မှာ။ အဲဒီအချိန်ကို သူ ရင်မဆိုင်ချင်ဆုံးပါပဲ။

အတွေးတွေကိုဆန့်ထုတ်ရင်း လူက တော်တော်နှင့်အိပ်မပျော်။ အာခေါင်တွေခြောက်လာသလို မျက်ဝန်းတွေကို ဖွင့်မှိတ်ပြီး အိပ်၍လည်း မရ။

ဖျော်ရည်တစ်ခုသောက်ဖို့ ဆန္ဒရှိလာသည်မို့ အိပ်ရာထက်မှ ထကာ ထမင်းစားခန်းသို့ ထွက်လာခဲ့လိုက်သည်။ ဘုန်းတွင်းခေါင် ခုတင် ထက်မှထသည်နှင့် မြသား၏အိပ်ချင်ဟန်ဆောင်ထားသော မျက်လုံးတို့ ပွင့်လာသည်။

ကို ဘယ်လိုများထွက်သွားတာလဲဟူသော သိချင်စိတ်က စိတ် နှင့်ခန္ဓာတစ်ခုလုံး ခေါးမိထားသလို နှိုးခွေချိုနဲ့နေသည်။ ရင်ဘတ်ထဲမှာ ပူနေသော ဝေဒနာ၏အပူထက် အပြင်ပန်းသောကအပူက ပို၍ပင် ပူ လောင်ပြင်းရှလွန်းပါသည်။

နာရီကိုကြည့်လိုက်တော့ ညတစ်နာရီပင် ထိုးလုနေပြီ။ မြသား သည်း အိပ်မပျော်သေး၍ တမင်ပင် မှိန်းနေလိုက်ပြီး သက်ပြင်းတချချ နှင့် ဟိုလှိမ့်ဒီလှိမ့်လုပ်နေသော ဂနာမငြိမ်သည့် ကို့အရိပ်အကဲကို အကဲ ခတ်ရင်း မြသားပါ ဘယ်လိုအိပ်ပျော်နိုင်ပါတော့မလဲ။

ကို ဘာတွေ ဒီလောက်ခံစားနေရသလဲဆိုတာ မြသား သိချင် သည်။ မြသား ကူညီဖြေရှင်းလို့ရလျှင် ဖြေရှင်းပေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လျှောက်မည့်လမ်းမှာ မြသားဟာ ကို့အတွက် ခုလိုညှောင့်ခလုတ်ဖြစ်ခဲ့မယ်ဆိုလျှင်တောင် မြသားဟာ အလိုက်တသိနဲ့ကို ခလုမထိအောင်လို့ ဖယ်ရှားပေးမှာပါ။

ခုရော ကို ဘယ်ကိုထွက်သွားတာလဲ။ မြသား သိချင်သည်။

အိပ်ရာထက်မှထကာ မြသားပါ အခန်းအပြင်ကို လိုက်ထွက်ခဲ့လိုက်သည်။

■ ■ ■

မျက်ဝန်းနှင့်သမီးလေး အခန်းရှေ့မှအဖြတ် သမီးငိုသံနှင့် မျက်ဝန်း၏ညည်းညူသံကို ကြားလိုက်ရ၍ ဘုန်းထွဋ်ခေါင် သမီးစိတ်ပူ သွားသည်။

ထို့ကြောင့် အခန်းတံခါးကို ခပ်သာသာ တွန်းဖွင့်ပြီး အထဲငုံ့ကြည့်လိုက်သည်။

သမီးလေးမှာ ခုတင်ထက်တွင် ယက်ကန်ယက်ကန်ဖြင့် ငိုနေသည်။ မျက်ဝန်းမှာ သမီးလေးကို ကျောခိုင်းလျက် အိပ်ပျော်နေတာလား ညည်းညူနေတာလား ဘုန်းထွဋ်ခေါင် မဝေခွဲတတ်။

"မျက်ဝန်း မျက်ဝန်း"

အသံခပ်အုပ်အုပ်ဖြင့် လှမ်းခေါ်လိုက်သည်။ မျက်ဝန်းလှည့်မကြည့်။ သမီးလေးက ဘုန်းထွဋ်ခေါင်ရပ်နေရာ အခန်းဝသို့ ငုံ့ကြည့်ကာ ငိုနေသည်။

ရပ်နေ၍မဖြစ်တော့သည်မို့ မျက်ဝန်းနှင့်သမီးလေး ခုတင်ဆီ





သို့ လျှောက်လာခဲ့လိုက်သည်။

"သမီးလေး မအိပ်သေးဘူးလားကွာ ဟင် ဩော် ဖေသမီးလေးက ရှူးရှူးတွေပေါက်ချထားတာကိုး၊ ကြည့်ပါဦး ရွှဲနစ်နေတာပဲ"

သမီးလေးကို ပွေ့ချီလိုက်သည်။ ရွှဲနစ်နေသော သေးစိုဘောင်းဘီကိုလဲပေးမှရမည်မို့ မျက်ဝန်းကို နှိုးလိုက်သည်။

"မျက်ဝန်း မျက်ဝန်း"

မျက်ဝန်းထံမှ ညည်းသံခပ်သဲ့သဲ့ ထွက်လာသည်။

"မျက်ဝန်း ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

နဖူးကို စမ်းကြည့်လိုက်သည်။ ကိုယ်တွေခြစ်ခြစ်တောက်ပူနေသဖြင့် ဘုန်းထွဋ်ခေါင် လန့်သွားသည်။

"ဟာ ကိုယ်တွေခြစ်ခြစ်တောက်ပူနေတာပဲ"

ညကြီးအချိန်မတော် အဖျားကြီးနေသည်မို့ ဘုန်းထွဋ်ခေါင် ဘာလုပ်ပေးရမှန်းမသိ။ အိမ်သားတွေအမြင်မှာတော့ မျက်ဝန်းနှင့်ကိုယ်ဟာ မောင်နှမဝမ်းကွဲဟု သိထား၍ ညကြီးအချိန်မတော် အခန်းထဲမှာတွေ့ရလည်း သံသယကင်းကြပေမယ့် သွေးမတော်သားမစပ်ကြသည်ကို ဘာယက်ရှင်တွေကိုယ်တိုင်က သိကြပြန်တော့ စိတ်ထဲမှာမသင့်တော်ဘူးဟု တွေးမိပြန်သည်။

ထို့ကြောင့် ဒေါ်နန်းကိုနိုးပြီး ဆေးတိုက်နိုင်းမည်ဟု စိတ်ကူးရသွားသည်။

"ဩော် ကိုဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း မျက်ခွံတို့လေးလံစွာ ပွင့်လာပြီး သူ့ကိုမြင်တော့ အိပ်ရာထက်မှလူးလဲထသည်။

"မထနဲ့ မထနဲ့ မျက်ဝန်းကိုယ်တွေ အရမ်းပူနေတယ်လေ"

"သမီးလေး ငိုနေတာထင်တယ်"

မျက်ဝန်းအသံတို့ အဖျားရှိန်ကြောင့် တိုးသက်ပြီး နွတ်ခမ်းတွေ ရဲနေသည်။

"ဟုတ်တယ် မျက်ဝန်း အဖျားတွေတက်နေတယ်၊ တစ်ကိုယ်လုံး ပူခြစ်နေတာပဲ၊ ကိုယ် ဒေါ်နန်းကိုသွားနှိုးလိုက်မယ်"

"ရပါတယ် ကိုဘုန်းရယ်၊ မနှိုးပါနဲ့တော့ မျက်ဝန်းကြောင့် အိပ်ရေးတွေပျက်ကုန်ပါ့မယ်"

ခုတင်ဘေးမှ သမီးလေးကိုချီပြီး လှည့်ထွက်ဖို့ကြံနေသော ဘုန်းထွဋ်ခေါင်လက်ကို လှမ်းဆွဲပြီး တားလိုက်သည်။

"ဘယ်ဟုတ်ပါ့မလဲ မျက်ဝန်းရယ်၊ ဒီလောက် အဖျားတွေတက်နေတာကို"

"မျက်ဝန်းကြောင့် အားလုံး အိပ်ရေးတွေပျက်ကုန်ပါ့မယ်၊ မျက်ဝန်း နေသာပါတယ်၊ သမီးလေးကို ကိုဘုန်း တာဝန်ယူပေးပါ"

"ကဲ ဒါဆိုရင် မျက်ဝန်းကို ကိုယ် ဆေးတိုက်ခဲ့မယ်၊ ပြီးရင် သမီးလေးကို ကိုယ်ခေါ်သွားလိုက်မယ်"

"ကို"

အခန်းဝတွင် ရပ်နေသော မြသား ထိုမြင်ကွင်းကိုကြည့်၍





သတ္တိမရှိတော့။ နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ထားပုံများ သိပ်ချစ်ကြ၍ မခွဲနိုင်မခွာရက်ပုံ။

"ဟင် မြသား"

မျက်ဝန်း လှမ်းဆွဲထားသော ဘုန်းထွဋ်ခေါင်လက်ကို မြသားကိုတွေ့လိုက်သည်နှင့် လွှတ်လိုက်ပြီး

"မမ"

"ဘာတွေဖြစ်နေကြတာလဲ မျက်ဝန်း"

မြသား၏အမေးတွေက တည်ငြိမ်သည်။ စိတ်လှုပ်ရှားဟန်မပြ။

"ဒီမှာလေ မျက်ဝန်းအဖျားတွေ တက်နေတယ် မြသားရယ်၊ အဲဒါကြောင့် ဒေါ်နန်းကို နှိုးမယ်ဆိုတာ မနှိုးနဲ့ချည်းလုပ်နေလို့"

"ဩော် အဲဒါနဲ့ ကိုလည်း ညကြီးအချိန်မတော် အိပ်မပျော်နိုင်ဖြစ်နေရတာကို၊ ညီမကို တော်တော်စိတ်ပူတတ်တာပဲ"

ခနဲ့တယ်ဟု ထင်နိုင်သော စကားတချို့ဖြင့် ခပ်အေးအေး ပြောလိုက်ပြီး သမီးလေးကို လှမ်းခေါ်လိုက်သည်။

"သမီးကို မြသား ခေါ်ထားလိုက်မယ်၊ ကို မျက်ဝန်းကို ဂရုစိုက်လိုက်ပါ"

"ဟာ မြသား အိပ်ရေးပျက်နေမှာပေါ့၊ ဒေါ်နန်းကိုနှိုးလိုက်မယ်၊ သမီးနဲ့မျက်ဝန်းကို အတူပေးသိပ်လို့ မဖြစ်ဘူးလေ၊ အဖျားတွေကူးကုန်မှာပေါ့"

"မြသားက အရေးမကြီးပါဘူး ကိုရယ်၊ သမီးကို မြသားခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်တော့မယ်၊ ကိုက ဒီမှာစောင့်ပြီး ကျန်ခဲ့လိုက်တော့"

ထိုစကားကို ရင်နာနာနှင့်ပြောပြီး သမီးကိုချီကာ မြသား ထွက်လာခဲ့လိုက်သည်။ မြသား အိပ်ခန်းထဲရောက်သည်အထိ ကို အခန်းထဲလိုက်မလာသောကြောင့် မြသား ပြောသလို မျက်ဝန်းကို အနီးကပ်ပြူ(စ)တော့မည် ထင်ပါရဲ့။

ပါးပေါ်မှ မျက်ရည်တို့ လိမ့်ဆင်းကျလာသည်။ ဘာကြောင့် မြသားက ငိုရမှာလဲ။ မြသား မငိုဘူး။

ပါးပေါ်မှ သူ့အလိုလို ကျဆင်းလာသော မျက်ရည်စက်တို့ကို ခပ်ကြမ်းကြမ်းဆွဲဖယ်သုတ်ပြီး သမီးကို ခုတင်ပေါ်လှဲသိပ်လိုက်သည်။

ဒီည မြသား အိပ်လို့ရမယ် မထင်တော့ပါ။ ခုချိန်မှာ မြသား ခံစားချက်တွေကို ဘယ်သူ့ကိုရင်ဖွင့်ရမလဲ။ သမီးလေးက မြသား စကားကို နားလည်ရင်လည်း အကောင်းသား။ မြသားရဲ့ခံစားချက်မှန်သမျှကို ရင်ဖွင့်မယ့် ရင်ဖွင့်ဖော်ဟာ သမီးလေး ဖြစ်ခဲ့လျှင်။

■ ■ ■



## အခန်း (၃၆)

"မြသားတို့ ကွာရှင်းကြရအောင် ကို"

လုံးဝ ထင်မထားသော စကားကြောင့် ဘုန်းထွဋ်ခေါင် ပါးစပ်အဟောင်းသားဖြစ်သွားကာ မြသားကို ခပ်ကြောင်ကြောင် ကြည့်လိုက်သည်။

"ဘာ ဘယ်လိုပြောလိုက်တယ် မြသား၊ ဒီစကားက ဘာအဓိပ္ပာယ်လဲ"

ဘယ်လိုမှကို နားမလည်နိုင်တော့သော ဘုန်းထွဋ်ခေါင် မြသားစိတ်ကို အံ့ဩမိသည်။ ဘာကြောင့် မဆီမဆိုင် ဒီစကားတစ်ခွန်းကို ပြောရတာလဲ။

"မြသား ကို့ကို လွတ်လပ်စေချင်လို့ပါ၊ မြသားကြောင့် ကိုယ်လျှောက်မယ့်လမ်းမှာ နောက်ဆံမတင်းစေချင်ဘူး။ ဒါကြောင့် ကို ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သလိုဆုံးဖြတ်ပါ၊ ကိုယ် ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် မြသား ကျေနပ်တယ်"

"ဟာကွာ ဒုက္ခပါပဲ၊ ကိုယ့်မိန်းမ ဘာတွေလျှောက်ပြောနေတာလဲ၊ အိပ်မက်မက်ပြီး ပြောမိပြောရာတွေ လျှောက်ပြောနေတာလားဟမ်"

"ဒီအချိန်နဲ့ဒီအခြေအနေဟာ အိပ်မက်မက်စရာလား ကိုရယ်၊ မြသား ကို့ကိုကြည့်ပြီး စိတ်ပင်ပန်းလွန်းလို့ပါ၊ ဒါကြောင့် မြသားကပဲ ကိုယ့်ကိုခွင့်လွှတ်ပေးပါ့မယ်"

အတည်ပြောနေသော မြသားကိုကြည့်ပြီး ဘုန်းထွဋ်ခေါင် ထူးဆန်းလာသည်။ မြသား ဘာတွေခံစားနေရသလဲ။ ဒါကြောင့် ဒီလို စကားမျိုးတွေကို ရွေးပြောနေတာဖြစ်မည်။

"မြသားက ကိုယ့်ကို ဘာတွေထင်နေလို့ ဒီလိုစကားမျိုးကိုမှ ရွေးပြောနေရတာလဲ၊ မြသား စိတ်ထဲမှာ ကိုယ်က တစ်စုံတစ်ခုကို ကျူးလွန်ထားပုံပဲ၊ ဒါပေမဲ့ ခက်တာက မြသားအပေါ်မှာ ကိုယ်ဟာ ဘယ်လိုအမှားမျိုးတွေကို ကျူးလွန်ထားမိမှန်း စဉ်းတောင်မစဉ်းစားမိဘူး"

"လူတိုင်း ကိုယ့်အမှားကိုယ် မမြင်နိုင်တာ သဘာဝပဲ ကိုရယ်၊ မြသားကလည်း ထူးပြီး ကို့ကို အပြစ်မမြင်ပါဘူး၊ မြသားလိုရောဂါတွေ ဗရပွခံစားနေရတဲ့ မိန်းမတစ်ယောက်ကို မညည်းမညူ လက်ထပ်ထားတဲ့ ကို့ကိုပဲ ကျေးဇူးတွေအခါခါတင်နေမိတာပါ"

ဘုန်းထွဋ်ခေါင် မြသားကိုကြည့်ပြီး စိတ်သိပ်မရှည်တော့။ ကိုယ့်





ကို ဘယ်လိုထင်နေလို့ ဒီစကားမျိုးတွေ ရွေးပြောနေရတာလဲ။ ခုချိန်ထိ မြသား အပေါ်မှာ နှစ်နှစ်ကာကာ ချစ်နေဆဲယောကျ်ားတစ်ယောက်ဆိုတာ ကိုယ့်စိတ်ကိုယ်သိသည်။

"မြသား ဘာကိုပြောချင်တာလဲ၊ ပွင့်ပွင့်လင်းလင်းပြော စကားကိုဝှေ့ပြီး ပြောမနေနဲ့"

မျက်ရည်ဝေ့စပြုနေသော မြသားစိတ်ကို တင်းလိုက်ပြီး

"မြသားကို ကွာရှင်းပြီး ကို လက်ထပ်ချင်တဲ့သူနဲ့ လက်ထပ်လိုက်ပါ၊ ကို ဟန်ဆောင်နေတာကိုကြည့်ပြီး မြသားရင်မောရတယ်"

"ဟာကွာ တစ်ခုခုတော့ လွဲနေပြီ ကိုက မြသားကို ဘာတွေဟန်ဆောင်နေလို့လဲ၊ ဘာကြောင့် မြသားအမြင်မှာ ကိုယ့်ကို ဖောက်ပြန်တဲ့ယောကျ်ားလို့ ထင်နေရတာလဲ"

"ထင်နေတာမဟုတ်ဘူး ကို၊ မြင်နေရတာ မျက်ဝန်းနဲ့ကို ဘယ်လိုအခြေအနေရှိသလဲဆိုတာ မြသား သိတယ်"

"ဟ မျက်ဝန်းက ကိုယ့်ညီမလေး"

"မဟုတ်ဘူး မျက်ဝန်းနဲ့ကိုနဲ့ ဘာမှမတော်စပ်ဘူး၊ ဒါကို မျက်ဝန်းသိတယ် ကိုတို့နှစ်ယောက်ရဲ့ မျက်လုံးတွေမှာ ပေါ်လွင်နေတယ်"

"ဟာကွာ မြသားရယ် ထင်ရက်လိုက်တာကွာ၊ ကိုယ့်ရင်ထဲမှာ မြသားကလွဲပြီး ဘယ်သူမှမရှိဘူး၊ ကိုယ့်အတွေးကိုယ့်စိတ်ကူး ကိုယ့်ရင်ထဲမှာ မြသားပဲ၊ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး"

"မြသား ကို့ကိုအပြစ်ပြော စွပ်စွဲနေတာ မဟုတ်ဘူး ကို၊



www.burmeseclassic.com

www.burmeseclassic.com



မြသားစိတ်သဘောထားကို ကို သိအောင် ပြောပြထားတာ"

"ဟာကွာ ပြောရက်လိုက်တာ မြသားရယ်၊ ကိုယ် ဘဝတစ်ခု လုံးပေးဆပ်ခဲ့တဲ့ မိန်းမတစ်ယောက်က ကိုယ့်ကို အဲဒီလို စွပ်စွဲလာလိမ့် မယ်လို့ ကို ဘယ်တုန်းကမှ မတွေးထားမိဘူး"

ဘုန်းထွဋ်ခေါင် ပုံစံမှာ အစွပ်စွဲခံလိုက်ရ၍ စေတနာမေတ္တာကို နားမလည်လိုက်လေခြင်းဆိုပြီး ဆောက်တည်ရာမရ ဖြစ်မိသည်။ ဝမ်းနည်း စိတ်ကြောင့် ပြောချင်သည့်စကားလုံးတွေ လည်ချောင်းဝမှာ တစ်ဆို့နေ သည်။

"မြသားလည်း ကိုကို သိပ်ချစ်တာပါပဲ၊ ဒါပေမဲ့ သေဖို့တစ်ဝက် နီးနေတဲ့ မြသားနားမှာ လျှို့ဝှက်ချက်တွေနဲ့ရှိနေတဲ့ ကိုယ့်ခင်ပွန်းကို ကြည့်ရတာ ရင်ထဲမှာ မချိဘူး။ ဒါတွေအားလုံးဟာ မြသားရဲ့အားနည်း ချက်ကြောင့် ဖြစ်ရတာပဲ၊ မြသားမှာပဲ အပြစ်ရှိတာပါ"

"ကျွတ် ကိုယ်ထင်တာတွေကို စွတ်ပြောနေတော့တာပဲ မြသား ရယ်၊ ကိုယ့်ကို အဲဒီလို ထင်နေတဲ့အတွက် တစ်ချိန်မှာ မြသား အကြီး အကျယ် နောင်တရလိမ့်မယ်၊ ဒီမှာ မြသား၊ ကိုယ်ဟာလေ မြသားကို လောကမှာရှိတဲ့ ချစ်တတ်တဲ့ယောကျ်ားတွေထက် ပိုပြီးချစ်တတ်တယ် မြသား။ ကိုယ့်လောက်ဘယ်သူချစ်နိုင်မှာလဲကွာ၊ ဒါကို မြသားက ဒီလို စကားမျိုးပြောထွက်ရက်တယ်၊ ကိုယ် အရမ်းဝမ်းနည်းတယ် မြသား"

မိန်းမတွေများ အံ့ဩဖို့ကောင်းသည်။ သူတို့ သံသယစိတ်ဝင် လာလျှင် ပြောသင့်မပြောသင့် အမှားအမှန်ကို မဝေခွဲတော့။





ခံရသည့်လူတစ်ဖက်သားမှာ ဂုဏ်သိက္ခာရော အရှက်တရား ရော ရစရာကိုမရှိတော့။

မြသားကို ဆက်ပြီး ရှင်းပြမနေချင်တော့၍ မြသားရှေ့မှထွက်ခဲ့ လိုက်သည်။ ကိုယ့်စေတနာကို မြသား သိဖို့အတွက် တစ်စုံတစ်ခုသော အရာနဲ့လဲလှယ်ရလိမ့်မယ် မြသား။ အဲဒီအချိန်ကျရင် မြသား ခံနိုင်ရည် ရှိမည်မဟုတ်။

ခံနိုင်ရည် မရှိ၍ မြသား တစ်စုံတစ်ခု ဖြစ်သွားခဲ့လျှင် အရင်ဆုံး ကြေကွဲရမည့်သူက ကိုယ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ဟင် မမ"

သမီးလေးကို နှိုတိုက်နေသော မျက်ဝန်းမှာ အနားတွင် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော မြသားကိုမြင်ပြီး အပြစ်ရှိသူတစ်ယောက်လို မျက်စိပျက်မျက်နှာပျက် ဖြစ်သွားသည်။

နှိုရှိုရင်းတန်းလန်းဖြစ်သွားသော သမီးလေးမှာ အရှိန်ပျက်သွား၍ ထင်သည်။ တအင့်အင့်ဖြင့် ငိုဖို့ဟန်ပြင်နေသည်။

"မျက်ဝန်းရဲ့ကလေးရော"

မေးသင့်မေးထိုက်သော မေးခွန်းကို အရင်ဆုံးမေးလိုက်သည်။ မျက်ဝန်း ဘယ်လိုဖြေရမှန်းမသိ။ အမှန်အတိုင်းဖြေ၍ မရသော အခြေအနေတစ်ခုမှာ မျက်ဝန်းဟာ ချောင်ပိတ်မိနေသော ယုန်သူငယ်တစ်ကောင်နှယ် ထွက်ပေါက်ပိတ်နေသည်။





"ဟို မျက် မျက်ဝန်းမှာ ကလေးမရှိဘူး မမ"

မျက်ဝန်းဘဝမှာ ပြောင်လိမ်ဖူးတာ ဒါပထမဆုံးပင်ဖြစ်သည်။

"ကလေးမရှိဘူး ဟုတ်လား၊ ဒါဆိုရင် မမသမီးလေးကို မျက်ဝန်း နှိုနိုးနိုးတိုက်နေတာကရော မိန်းကလေးတစ်ယောက်က ကလေးကို နှိုတိုက်ဖို့ဆိုတာ ကလေးမွေးပြီးမှ နှိုတိုက်ရတာလေ"

စိတ်ထဲရှိသည့်အတိုင်းသာဆိုလျှင် ဒီကလေးဟာ မျက်ဝန်းကလေးပါ၊ ဒါကြောင့် နှိုတိုက်နေတာဟု ပြောလိုက်ချင်ပေမယ့် တကယ်တမ်း ပြောထွက်ခဲ့တာက

"တကယ်တော့ မျက်ဝန်းက ကလေးအရမ်းလိုချင်ခဲ့တာပါ အမြဲတမ်းလည်း စိတ်ကူးယဉ်ခဲ့ဖူးတယ်၊ ဒါကြောင့် ကလေးယူဖို့ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချပြီးကာမှ ဖွဲမြတ်က ဆုံးသွားတယ် မမရယ်၊ ဒါကြောင့် သမီးလေးကို မျက်ဝန်းသမီးလေးလို စိတ်ကူးယဉ်ပြီး မထွက်တဲ့ နှိုကို တိုက်ကြည့်တာပါ"

ယုံအောင်ပြောတတ်သော မျက်ဝန်းစကားကို ယုံချင်ပေမယ့် တကယ်တမ်း ယုံစရာအကြောင်းမရှိ။

"မမကို မျက်ဝန်း လျှို့ဝှက်ထားတယ်နော်"

"ရှင်"

အလိမ်ပေါ်သွားပြီလားဆိုသည့်စိတ်က အထိတ်တလန့် ဖြစ်သွားစေသည်။

"မင်းနဲ့ကိုရဲ့ ပတ်သက်မှုကို မမ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

မျက်ဝန်း ဘာပြန်ပြောရမှန်းပင် မသိအောင် စကားလုံးအစ ရှာမရ။ မမ သိထားတာက ဘာပတ်သက်မှုကိုလည်း ထုတ်မေးချင်ပေမယ့် မေး၍မဖြစ်။

"မမ ကိုနဲ့ကွာရှင်းတော့မယ် မျက်ဝန်း"

အံ့ညြပြီးရင်း အံ့ညြရသူက မျက်ဝန်းပါ။ ကိုဘုန်းနှင့်မမ ဘာပြဿနာတွေတက်နေကြလို့လဲ။

"မမရယ် ကိုဘုန်းက မမကို ဒီလောက်ချစ်နေတဲ့ဟာကို ဘာလို့ ကွာရှင်းချင်ရတာလဲ"

"မမလည်း အဲလိုပဲ ထင်ခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီအချစ်က တကယ် မစစ်ခဲ့ပါဘူး"

"ဟင် အချစ်မစစ်ဘူး ဟုတ်လား"

အချစ်ကြီးလွန်းသော ကိုဘုန်း၏အချစ်ကို မစစ်ဘူးတဲ့လား။ ဘာလို့ အဲလိုထင်ရတာလဲဆိုတာ မျက်ဝန်း မေးလိုက်ချင်ပေမယ့် မမေးဖြစ်ခဲ့။

ကိုဘုန်း၏အချစ်မစစ်ဘူးဆိုလျှင် ဘယ်လိုယောကျ်ားမျိုး၏ အချစ်ကို ခံရမှ စစ်တယ်လို့ ယူဆမှာတဲ့လဲ။

■ ■ ■



## အခန်း (၃၈)

"ဒါ ဘာလဲ မြသား"

"ကွာရှင်းစာချုပ်လေ"

အခိုင်အမာ ဆုံးဖြတ်ပြီးသော မျက်နှာအမူအရာမျိုးဖြင့် ပြော ဘာသော မြသားကိုကြည့်ပြီး ဘုန်းထွဋ်ခေါင် စိတ်လေသွားသည်။

အရာရာကို မြသားအတွက်ဆိုပြီး ဦးစားပေးစဉ်းစားခဲ့ပြီး အစစ ရာရာ နားလည်စာနာပေးခဲ့သည်။ ထိုအကျိုးရလဒ်တွေသည် နောက် းမှာ အထင်လွဲခြင်းနှင့် စိမ်းကားရက်စက်ခြင်းတွေပဲ ရခဲ့သတဲ့လား။

"ငါ့နယ် ဘယ်လိုပြောရပါ့မလဲ"

"ဒီမှာ မြသား ကိုယ့်ကို မျက်ဝန်းနဲ့အထင်လွဲနေတာလား။ ပွင့်လင်းလင်း ပြောစမ်းပါ မြသားရယ်၊ မြသားအမြင်မှာ ကိုယ်ဟာ တည့်တဲ့ဗီလိန်တစ်ယောက် ဖြစ်နေပြီလား"

"ကိုကို ဗီလိန်တစ်ကောင်လို မမြင်ချင်လို့ မြသား။ နလို့



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ထွက်ပေးတာပေါ့"

"မဟုတ်သေးဘူး မြသားက ရှောင်ပေးရအောင် ကိုနဲ့မျက်ဝန်းက မြသားရှေ့မှာ ဘာတွေလုပ်ပြနေလို့လဲ၊ ကိုယ်တို့ မြသားအပေါ်မှာ ရိုးသားကြတယ်၊ အဲဒီအတွက် ကိုယ်ရော မျက်ဝန်းရော ကိုယ့်လိပ်ပြာ ကိုယ်လုံကြတယ်ကွ"

ဘုန်းထွဋ်ခေါင် ဒေါသတို့ ပေါက်ကွဲစပြုလာသည်။

"မြသားကို အရင်က အဲလောက်သဘောထားသေးသိမ်လိမ့်မယ်လို့ ထင်မထားဘူး"

"ဟုတ်တယ် ကို၊ မြသားက သဘောထားသေးသိမ်တဲ့မိန်းမ ညံ့ မိန်းမတစ်ယောက်၊ ညသန်းခေါင် ကိုယ့်ယောက်ျားနဲ့တခြားမိန်းကလေး တစ်ယောက်ကို အခန်းထဲမှာအတူတွဲတွေ့တာကိုတောင် ဒေါသတစ်ချက် ထုတ်မသုံးဘဲ အလိုက်တသိ ရှောင်ပေးတာတောင် မြသားက သဘော ထားသေးသိမ်တယ်တဲ့လား။ မြသား မှားသွားတယ် ကို"

"မင်း ကိုယ့်ကို မရွဲ့နဲ့၊ အဲညက မျက်ဝန်းအခန်းကို ကိုယ် တမင်သွားတာမဟုတ်ဘူး။ အိပ်မပျော်လို့ ဖျော်ရည်တစ်ခုခုသောက်မယ် ဆိုပြီး ထမင်းစားခန်းဘက်ကိုသွားတာ၊ သမီးလေးငိုသံနဲ့ မျက်ဝန်းညည်း နေတဲ့အသံကိုကြားလို့ တံခါးလှပ်ကြည့်တာ၊ သမီးလေးငိုနေရင် ခုတင်ပေါ် က ပြုတ်ကျမှာစိုးလို့ ဝင်ခေါ်ရင်းနဲ့ မျက်ဝန်းဖျားနေမှန်းသိတာ၊ အဲ အချိန်မှာ မြသား ဝင်လာတယ်၊ ဒါပဲ တခြား ဘာမှမရှိသားတာမရှိဘူး"

"ဒီအချိန်မှာ ဘူးငြင်းနေမယ့်အစား ပွင့်ပွင့်လင်းလင်း ပြော





လိုက်ပါတော့လား ကိုရယ်"

မြသားကလည်း ဖွတ်။ ကလေးနို့တိုက်ချိန်ရောက်၍ လာခေါ် သော မျက်ဝန်းမှာလည်း ထင်မှတ်မထားသော သံသယကြီးကြောင့် ခေါင်းနပန်းကြီးသွားရသည်။

"ဘုရားရေ မမက ငါနဲ့ကိုဘုန်းကို အထင်လွဲနေတာပဲ"

ဟန်ဆောင်လိမ်ညာမိသည်မှန်ပေမယ့် အရိုးသားဆုံးသော လိမ် ညာမှုပါ။ ကိုယ့်ကိုယ်ကျိုးအတွက် တစ်ခုမှမပါတာ မျက်ဝန်း လိပ်ပြာသန့် သည်။

"ဒီပုံတိုင်းဆို ငါ ဒီအိမ်မှာ ဆက်နေဖို့ မဖြစ်တော့ဘူး။ မမနဲ့ ကိုဘုန်း အိမ်ထောင်ရေး ငါ့ကြောင့်ပြိုလဲသွားလိမ့်မယ်"

ကူညီရာမရောက်ဘဲ ဖျက်ဆီးရာရောက်နေပြီဆိုမှတော့ ဒီမှာ မျက်ဝန်းဆက်နေလို့ရော ဘာထူးတော့မှာလဲ။

နားထဲတွင် မမ၏ရှိုက်ငိုသံ ကိုဘုန်း၏တက်ခေါက်သံတွေက ကြိမ်ကြိမ် ပဲ့တင်ထပ်နေသည်။

မမရယ် မျက်ဝန်း မှုသားသုံးခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီမှုသားက ရှောင်မှုသားပါ။

■ ■ ■

ရှုပ်ထွေးပွေလီစပြုနေသော ကိုဘုန်းနှင့်မမြသားတို့ ဇနီးမောင် ကြားမှာ မျက်ဝန်းဟာ အဓိက ပါဝင်ပတ်သက်နေသူ မဖြစ်လိုပါ။

ထို့ကြောင့် ဒီအိမ်မှာ ဆက်မနေချင်တော့၍ သမီးလေးကိုခေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး တိတ်တဆိတ် ထွက်သွားတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ညသန်းခေါင်၏နာရီလက်တံသည် မျက်ဝန်း၏စိတ်လှုပ်ရှားခြင်းတွေကို စောင့်ကြည့်နေသည်။

နှိုးပြီး အိပ်ပျော်နေသော သမီးလေးကို ပွေ့မချီခင်မှာ နေ့ခင်းကတည်းက တိတ်တဆိတ် ကြိုတင်ထုပ်ပိုးထားသော သမီးလေး၏အသုံးအဆောင်နှင့် မျက်ဝန်းအဝတ်အစားအချို့ကို ထည့်ထားသည့်အိတ်ကို အရင်လွယ်လိုက်သည်။

ပြီးမှ သမီးလေးကို ဂွမ်းစောင်ဖြင့်ထုပ်ပိုးပြီး ပွေ့ချီလိုက်သည်။

"သမီးရေ မေမေတို့ ဒီကနေ သွားကြရအောင်နော်၊ သမီးလေးရယ် မေမေရယ် ဘဝသစ်ပြန်စကြရအောင်၊ မေမေတို့ကို သမီးဖေဖေ စောင့်ရှောက်နေမှာပါကွယ်"

မျက်ရည်တို့ရစ်သီကာ သမီးလေးကို တိုးတိုးပြောလိုက်သည်။ သမီးလေးထံမှ ခစ်ခနဲ ရယ်သံခပ်တိုးတိုးထွက်ပေါ်လာသည်။ မျက်ဝန်း ပြောတာကို သမီးလေး နားလည်၍မဟုတ် အိပ်မောကျနေရင်း နတ်ချွေ ယယ်မှုခြင်းကြောင့် ထရယ်ခြင်းဖြစ်သည်။

အပြစ်ကင်းစင်လွန်းသော သမီးလေး၏မျက်နှာဖူးဖူးလေးကို တစ်ချက်ငုံ့နမ်းလိုက်ပြီး အခန်းတံခါးကို ခပ်ဖြည်းဖြည်းဖွင့်လိုက်သည်။

အခန်းအပြင်တွင် ဘယ်သူများတွေ့မလဲဟူသော စိုးရိမ်စိတ်ဖြင့် မျက်ဝန်းဝေ့ကြည့်လိုက်သည်။ လျှောက်လမ်းတစ်လျှောက် ပြာလဲ့လဲ့ မီး ရောင်အောက်တွင် အရာအားလုံး ငြိမ်သက်တိတ်ဆိတ်ကာ ဘယ်သူ့





အရိပ်အယောင်မှကို မတွေ့ရ။

မျက်ဝန်း အချိန်ထပ်ဆွဲနေ၍မရ၊ အိမ်အပြင်ကို အမြန်ရောက်မှဖြစ်မည်မို့ အောက်ထပ်ကို ခပ်သွက်သွက်ဆင်းလာလိုက်သည်။

မြသားနှင့်ကိုတုန်း၏အခန်းရှေ့အရောက်တွင် အခန်းထဲမှရှိုက်သံခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ မျက်ဝန်းခြေလှမ်းတို့ တုံ့သွားသည်။ ခဏတော့ တွေဝေသွားသည်။

မျက်ဝန်းထွက်သွားလျှင် မမ မခံစားရပေမယ့် သမီးလေးပါသွားတာကိုတော့ မမ ခံစားနိုင်မည်မဟုတ်။ ခုတလော မမ၏ရောဂါအခြေအနေကို မျက်ဝန်း သိပ်အားမရ။ မျက်ဝန်း ထိုသို့ထွက်သွားလိုက်လျှင် မမ ရောဂါအခြေအနေအရ စိုးရိမ်ရမှန်းမျက်ဝန်း သိသည်။

သို့သော် တစ်ခါတလေတော့ မျက်ဝန်း အတ္တကို ထုတ်သုံးချင်ပါသည်။

■ ■ ■

"မမလေး မမလေးရေ"

အခန်းတံခါး တဒုန်းဒုန်းထုသံနှင့်အတူ မပိုင်း၏ခေါ်သံကြောင့် ဒုန်းထွင့်ခေါင် မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။ မြသားကတော့ ညက တော်တော်နှင့်အိပ်မပျော်၍ ခုမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဟန်ရှိသည်။

မျက်နှာလေး သိသိသာသာ ချောင်ကျသွားသော မြသားကို တစ်ချက်ကြည့်ပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။ တံခါးချပ်ကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မပိုင်း"

"ဟို မျက် မျက်ဝန်းနဲ့ကလေးမရှိတော့ဘူး သူဌေး"

"ဘာ"

မပိုင်း၏အထိတ်တလန့်စကားသံကြောင့် ခုတင်ထက်တွင် အိပ်ပျော်နေသော မြသား မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။ လှဲအိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်ပြီး

"မပိုင်း ဘယ်သူမရှိတော့တာလဲ"

မြသား အမေးကြောင့် ဘုန်းထွဋ်ခေါင် စိတ်ပို၍ပူသွားသည်။

"ကလေးနဲ့မျက်ဝန်း မရှိတော့ဘူး"

ဘုန်းထွဋ်ခေါင် တားချိန်ပင်မရလိုက်၊ မပိုင်းက အမှန်အတိုင်း ပြောလိုက်သည်။

"ဟင် သမီးနဲ့မျက်ဝန်းက ဘယ်ကိုသွားကြလို့လဲ ဘုရား ဘုရား"

ရင်ထဲမှာ ဆစ်ခနဲ ထိုးကိုက်သွားသော ဝေဒနာနှင့်အတူ မြသား ခပ်ယဲ့ယဲ့ ထလိုက်သည်။

"မ မသိဘူး မမလေးရဲ့"

"ဟာ မပိုင်းရယ် ခင်ဗျားကလည်း ပြောလိုက်ရင် အလန့်တကြားနဲ့၊ မျက်ဝန်းနဲ့သမီးက အစောကြီးနိုးပြီး ခြံထဲမှာ လမ်းထွက်လျှောက်တာလည်း ဖြစ်နိုင်တာပဲ"

သော်သော်ကပါ အနားကို ပျာယီပျာယာ ခြေလှမ်းတွေဖြင့် ရောက်လာပြီး





"သူဌေး မမျက်ဝန်းသမီးလေးကို ခေါ်သွားပြီ၊ ကလေးအသုံးအဆောင်ပစ္စည်းတွေကအစ မရှိတော့ဘူး။ အခန်းထဲမှာ ရှင်းလင်းနေတာပဲ"

"ဘုရားရေ ဒါ ဒါဘာသဘောလဲ၊ ကို ရှင့်ရဲ့မျက်ဝန်းက ရှင့်ကိုလုယူဖို့ ကြိုးစားရုံတင်မဟုတ်ဘူး၊ သမီးလေးကိုပါ ခေါ်သွားပြီ"

ငိုသံပါကြီးဖြင့် ပြောနေသော မြသားမျက်နှာသည် သွေးမရှိတော့သလို ဖြူဖွေးဆုပ်၍သွားသည်။

"မြသား ဘာမှစိတ်မပူနဲ့ မျက်ဝန်းက အဲလိုလုပ်မှာမဟုတ်ပါဘူး"

"ရှင် ခုထိ လိမ်ညာနေတုန်းပါလား ကို၊ သူ သူ သမီးကိုပြန်ပေးဆွဲသွားတာ ဖြစ်မယ်၊ မပိုင်း ဖုန်းယူပေးစမ်း၊ ရဲစခန်းကိုဖုန်းဆက်ပြီး တိုင်ရမယ်"

မြသား တုန်လှုပ်သွားတာ မှန်ပေမယ့် ပြဿနာကို အရှည်ကြီးဆွဲမဆန့်ချင်၊ အဖြစ်မှန်ကိုသိတော့ရော မြသား စိတ်ချမ်းသာမှာမှ မဟုတ်ဘဲ။

"မြသား အဲဒီလောက် စိတ်မပူပါနဲ့၊ ကိုယ် မျက်ဝန်းကို လိုက်ရှာလိုက်ပါမယ်"

"ဖြန်း"

မြသား၏ဒေါသတွေက ဘုန်းထွဋ်ခေါင်၏ပါးတစ်ဖက်ကို ပူသွားစေသည်။

"မြသား"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့ ရှင် မြသားဘဝထဲက ထွက်ချင်တာနဲ့ မျက်ဝန်းနဲ့ သမီးလေးကို အရင်ဆုံး ပထုတ်လိုက်ပြီပေါ့ ဟုတ်လား"

ပြောရင်းဖြင့် မြသား ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်ထိုင်ချ လိုက်သည်။ ဒေါ်နန်းနှင့်အတူ တခြားသူတွေပါ ရောက်လာကြသည်။

"မမလေး စိတ်ကိုထိန်းပါ၊ မျက်ဝန်းကို ကျွန်တော်တို့ ခုဲ လိုက်ရှာကြမှာပါ"

"ကားထုတ် ကျွန်မ ရဲစခန်းကိုသွားမယ်၊ ကျွန်မသမီးလေးကို ပြန်ပေးဆွဲသွားပြီ ကို မြသား တောင်းပန်ပါတယ် ကိုရယ်၊ ကို မျက်ဝန်း ဘဝထဲကို ဘာကိုမှ မငဲ့ကွက်တဲ့ ဝင်သွားပါ ရပါတယ်၊ ဒါပေမဲ့ သမီး လေးကိုတော့ မြသားဘဝထဲက ခေါ်ထုတ်မသွားပါနဲ့ ကိုရယ်၊ မြသား တောင်းပန်ပါတယ်"

လက်အုပ်ချီကာ တောင်းပန်တိုးလျှိုးနေသော မြသား၏ငိုး နေသော အသံတို့မှာ မောဟိုက်သံပါနေသည်။

ဒီလိုအခြေအနေမျိုးမှာ မြသားကို အမှန်အတိုင်း ဖွင့်ပြောလိုက် လျှင် မြသား၏နှလုံးရောဂါဝေဒနာဟာ မြသား၏အသက်ကို ရာသက်ပန် နှုတ်ယူသွားနိုင်သည်။

"နေ နေပါဦး ကို ဖုန်းဆက်ပါ့မယ် မြသားရယ် ခဏလေး ပါဦး"

"မဆက်နဲ့ မလိုဘူး မြသားကလေးကို မြသားဖာသာ ရှာမယ်"

မြသား အရုပ်ကြိုးပြတ်ထိုင်နေရာမှ ခပ်ယိုင်ယိုင်ထလိုက်ပြီး





ဘုန်းထွဋ်ခေါင်ရှေ့မှ ထွက်သွားသည်။

အားလုံး စိုးရိမ်စိတ်ဖြင့် မြသားနှင့်အတူ လိုက်သွားကြသည်။ နေရာမှာတင် တွေတွေကြီး ရပ်ကျန်ခဲ့သူက ဘုန်းထွဋ်ခေါင်တစ်ယောက် ထဲ ဖြစ်သည်။

စိတ်ထဲမှာ ဘယ်သူ့ကိုဒေါသထွက်ရမည်လဲ။

မျက်ဝန်းကိုလား ကိုယ့်ကိုကိုယ်လား ဒါမှမဟုတ် မြသားကို လား တကယ်ဆို မျက်ဝန်းမှာလည်း အပြစ်မရှိပါ။ သူ့ရင်သွေးလေးဟု ပေါ်ပေါ်ထင်ထင် မပြောရဲဘဲ ခိုးကြောင်ခိုးဝှက် ရင်သွေးငယ်ကို နိူးတိုက် ရသည့်အခြေအနေမျိုးနှင့် နေရရှာသူ။

ကိုယ်ကရော ချစ်ဇနီး၏အမြင့်ဆုံးအခြေအနေရောက်နေသည့် နှလုံးရောဂါဝေဒနာကြောင့် သမီးလေး သေဆုံးသွားသည်ဆိုတာကို မပြော ရက်ခဲ့ဘဲ ကြံမိကြံရာ ကြံခဲ့သူ။

မြသားကရော ကိုယ့်ဝမ်းနှင့်လွယ်မွေးထားရသူဟု သိထားပြီး ခုလို ကိုယ့်ရင်သွေးလေးကို ခိုးသွားသည်ဟူသောစိတ်နှင့် မပျော်မြေလူး ခံစားရတာ အပြစ်ဆိုဖွယ်ရာ မရှိ။

တကယ်တမ်း အပြစ်ပုံချရမှာက ကံကြမ္မာကိုလား အတိတ်က ကံကြွေးတွေကိုလား။

တကယ်တော့ အားလုံးကံဆိုးကြသူပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"သူဌေး မျက်ဝန်းတို့သားအမိကို တွေ့လားဟင်"

အိမ်ထဲဝင်ဝင်ချင်း ဒေါ်နန်း၏ပျာယိပျာယာအမေးကြောင့် ခေါင်းကိုလေးပင်စွာ ခါရမ်းလိုက်သည်။

"ဒုက္ခပါပဲ သူဌေးရယ်၊ မမလေးရောဂါက ကလေးကို ရှာမတွေ့ရင် ခံနိုင်ရည်ရှိမှာမဟုတ်ဘူး"

သောကတွေပေါ် သောကတွေထပ်ဆင့်မှတော့ လောကကြီးထဲဆက်ပြီးရှင်သန်ချင်စိတ်ပင် မရှိတော့။ မြသား ကလေးပျောက်သွားပြီးကတည်းက အိပ်ရာထဲလဲတော့တာ ခုချိန်ထိ။ ဘုန်းထွဋ်ခေါင်ကိုလည်း အတွေ့မခံတော့။

ရင်မှာရှိုးသားပါတယ်ဟု အသံကောင်းဟစ် ကြွေးကြော်ပြီးကာမှ မျက်ဝန်းနှင့်မတွေ့ရသော ရက်တွေမှာ ဘာကြောင့်နေမထိထိုင်မထိ ဖြစ်နေရသလဲ။ ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီး အံ့ဩမိသည်။





သမီးလေးကို ကိုယ့်သမီးအရင်းလေးလို ချစ်မိသွားသလို မြသားကိုလည်း ရှင်သန်ခြင်းတွေအဖြစ် အင်အားတွေတိုးစေခဲ့သည်။ တဖန် မသိစိတ်က မျက်ဝန်း အိမ်မှာရှိနေသည့်အချိန်တွေမှာ ကြည်နူးသလိုလို ကျေနပ်သလိုလိုနှင့် ထိုခံစားမှုကို အဖြေရှာမကြည့်ခဲ့မိ။ ရိုးသားပါတယ်ဟုပဲ ဟစ်တိုင်တက်နေမိ၏။

ယခု မျက်ဝန်းအိမ်ကထွက်သွားပြီဆိုကာမှ ရင်ထဲမှာ တစ်ခုခုကို ဆုံးရှုံးလိုက်ရသလို ဟာခနဲ ဖြစ်သွားသည်။ ခုချိန်မှာ မြသားက လုံးဝရှာခွင့်မပြုလျှင်တောင် မတွေ့တွေ့အောင် အရှူးအမူးလိုက်ရှာမည့်သူက ကိုယ်ကိုယ်တိုင်ပါပဲ။

ရိုးသားသော မျက်ဝန်းကို မသိစိတ်၏အတွင်းနက်နက် တစ်နေရာမှာ လေးလေးနက်နက် ထည့်သွင်းထားမိတာဟာ အနေနီးစပ်မှုကြောင့်လား။ ဒါမှမဟုတ် ရင်ထဲမှာ အချစ်သစ်တစ်ခုကို ခပ်တိတ်တိတ်မွေးဖွားမိလို့လား။

ဒါကို ကိုယ်ကိုယ်တိုင်တောင် မသိလိုက်ရတာ ဘယ်လောက်အံ့ဩစရာကောင်းတဲ့ ခံစားမှုလဲလို့။

ထင်ရက်စရာကို မရှိ။ တကယ်ဆို ကိုယ်ဟာ သစ္စာဖောက်တစ်ယောက် မဖြစ်ချင်ပါ။ မြသားတစ်ယောက်ထဲကိုသာ အချစ်တွေဝဝလင်လင် ပေးဆပ်ချင်သူပါ။

ခုတော့ ထိုအချစ်တွေသည် မြသားတစ်ယောက်ထဲတင် မဟုတ် မျက်ဝန်းဆီကိုပါ ဘယ်လိုရောက်သွားရတာလဲ။ ကိုယ့်ကိုကိုယ် သတိသေ



www.burmeseclassic.com

www.burmeseclassic.com



ဖို့သာ ကောင်းတော့သည်။

မျက်ဝန်းက ရှိုးသားခဲ့သလောက် မြသားအပေါ်မှာ တကယ် မရိုးသားခဲ့သူက ကိုယ်ကိုယ်တိုင်ဖြစ်နေတာကတော့ အရုပ်ဆိုး အကျည်း တန်လွန်းပါသည်။

တကယ်တော့ ကိုယ်ဟာ ပိုးဖလံတစ်ကောင်ပါပဲ။

■ ■ ■

အိပ်ရာထဲ ဘုန်းဘုန်းလဲနေသော မြသားကိုကြည့်ပြီး ရင်ထဲမှာ တမြေ့မြေ့နှင့် စိတ်မကောင်းဖြစ်နေရသည်။ ပန်းပွင့်လေးလို နုဖတ်သော မြသား၏ဝေဒနာသည် သမီးလေးကိုမှ ပြန်မတွေ့နိုင်တော့လျှင် လောက ကြီးထဲက အပြီးတိုင် နှုတ်ယူသွားတော့မည်တဲ့လား။

တကယ်ဆို ဘုန်းထွဋ်ခေါင်ဟာ မြသားကိုလည်း အဆုံးရှုံးမခံ နိုင်ပါ။ စိတ်ညစ်ညစ်နှင့် မျက်ဝန်းကို တွေ့လိုတွေ့ငြားဟူသော မျှော်လင့် ချက်ဖြင့် ကားမောင်းပြီး ထွက်လာခဲ့လိုက်သည်။

ရုတ်တရက် လမ်းဘေးမုန့်ဟင်းခါးဆိုင်တွင်ထိုင်နေသော ဒေါ်စန္ဒာဝေ့ကို မြန်းခနဲ တွေ့လိုက်ရ၍ မျက်ဝန်းတို့အကြောင်း စုံစမ်း ရအောင် ကားကိုလမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်သည်။

"အန်တီ"

ခြေလှမ်းခပ်ကျဲကျဲလှမ်းပြီး ဒေါ်စန္ဒာအနားသို့ လျှောက်သွားပြီး ဝမ်းသာအားရခေါ်လိုက်သည်။ ဒေါ်စန္ဒာ မျက်စိမျက်နှာပျက်ဖြင့် လှည့် ကြည့်ပြီး





"ဟင် မင်း"

"ဟုတ်ပါတယ် ကျွန်တော် ဘုန်းထွဋ်ခေါင်ပါ၊ ကျွန်တော့်ကို တစ်ခုလောက်ကူညီပါဗျာ"

"ဘာကူညီရမလဲ"

"မျက်ဝန်းတို့သားအမိကို ကျွန်တော် လိုက်ရှာနေတာပါ၊ အန်တီ များ သူတို့သားအမိရှိတဲ့နေရာကို သိမလားလို့ပါ"

"ဒါနဲ့ မင်းနဲ့သူနဲ့ ယူလိုက်ကြတာ မဟုတ်ဘူးလား၊ ခု ဘာ ကြောင့် သူတို့သားအမိက စိန့်ခြယ်လမ်းထဲကအိမ်မှာ ပုန်းလျှိုးကွယ်လျှိုး နေနေရတာလဲ"

ကိုယ်သိချင်သော အဖြေက စကားထဲမှာပါသွားပြီမို့ ဘုန်းထွဋ် ခေါင်းရင်တွေ အခုန်မြန်ကာ လူပျိုဖြန်းလေးလို စိတ်လှုပ်ရှား၍သွားသည်။

"ရော့ အန်တီ သုံးချင်တာသုံးပါ"

အပျော်လွန်သွားသော မျက်နှာဖြင့် တစ်သောင်းတန်ငါးရွက် ကို ထုတ်ပေးလိုက်သည်။ ဒေါ်စန္ဒာ ပျော်သွားသည်။ ခုချိန်မှာ သူတို့ ဘာတွေဖာထ်ရှုပ်နေကြသလဲဆိုတာ စိတ်မဝင်စားတော့ ဒေါ်စန္ဒာ စိတ်ဝင် စားတာ ငွေပဲလေ။

ဘုန်းထွဋ်ခေါင် စိန့်ခြယ်လမ်းအိမ်သို့ ကားကိုခပ်မြန်မြန် မောင်း လာခဲ့လိုက်သည်။

မျက်ဝန်းရယ် ခုချိန်မှာ ကိုယ်ရော မြသားရော မင်းနဲ့သမီးလေး ကို လိုအပ်နေလို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"သမီးလေးရေ ပျင်းနေပြီလား"

ပေါင်ပေါ်မှာ ယက်ကန်ယက်ကန်နှင့် ငြိမ်သက်နေသော သမီးလေးကို စကားပြောဖော်အဖြစ် အဖော်လုပ်လိုက်သည်။ သမီးကလည်း မျက်ဝန်းကိုကြည့်ပြီး နှုတ်ခမ်းတပြင်ပြင်နှင့် စကားတွေပြောချင်နေသည်။

"ချစ်စရာကောင်းလိုက်တဲ့ မေမေ့သမီးလေးရယ်၊ ဒီနေ့ကစပြီး မေမေလေ သမီးကို အကောင်းဆုံးပြုစုစောင့်ရှောက်မယ် သိလား၊ မေမေနဲ့ သမီးလေး ပျော်ပျော်ကြီးနေကြရအောင်နော်"

ကိုဘုန်းအိမ်ကထွက်လာပြီးကတည်းက မျက်ဝန်းစိတ်တွေသည် အထီးကျန်ဆန်နေသလိုလို လွတ်လပ်မှုတွေ လိုတာထက်ပိုနေသလိုလိုနှင့် သမီးလေးနှင့်စိတ်ချမ်းမြေ့နေစဉ်အချိန်တွေမှာ ကိုဘုန်းနှင့်မဆီသို့ ခဏတဖြုတ်တော့ စိတ်ပြန်လည်သွားမိသည်။





နှလုံးရောဂါသည် မမမြသား သမီးလေးစိတ်ကြောင့် အိပ်ရာထဲ ဘုန်းဘုန်းလဲနေပြီလားပင်မပြောတတ်။

"ခွင့်လွှတ်ပါ မမရယ်၊ မတတ်သာတော့လို့ မျက်ဝန်း ဒီလိုလုပ်ခဲ့ရတာပါ"

မမမြသားကို စိတ်ထဲကပင် တီးတိုးတောင်းပန်လိုက်သည်။

အတွေးတို့ ယောက်ယက်ခတ်နေစဉ်မှာပင် အိမ်ရှေ့တံခါးခေါက်သံကြောင့် သမီးကို အိပ်ရာထက်မှာ ချခဲ့ပြီး အိမ်ရှေ့ခန်းကို ထွက်လာခဲ့သည်။

ဒီအချိန် ဘယ်သူလာတာပါလိမ့်။ ဘေးအိမ်က မြခြူးလေးများလား။ သူက ကလေးချစ်တတ်၍ မျက်ဝန်းကို သူ့ကိုယ်သူ မိတ်ဆက်ပြီး ကလေးကို ခဏတောင်းချီတတ်သူ။

တံခါးဂျက်ကို ဖွင့်ပေးလိုက်သည်။ မျက်နှာတစ်ခု ဘွားခနဲ ပေါ်လာသူက မြခြူးမဟုတ်၊ ကိုဘုန်းဖြစ်နေသည်။ မျက်ဝန်း ထိတ်လန့်သွားသည်။

"ကိုဘုန်း"

"မျက်ဝန်းရယ် ရှာလိုက်ရတာကွာ မျက်ဝန်းတို့က ဒီမှာ ပုန်းနေတာကိုး"

ဘုန်းထွဋ်ခေါင် အိမ်ထဲသို့ မျက်ဝန်းကိုရှောင်ကွင်းပြီး ဝင်လာသည်။ သမီးလေးကို လာပြန်ခေါ်သည်ထင်ပြီး မျက်ဝန်း လန့်နေသည်။

"သမီးရော"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲမှာ ကိုဘုန်း"

ဘုန်းထွဋ်ခေါင် အခန်းရှိရာသို့ တန်းခနဲ ဝင်သွားသည်။ မျက်ဝန်း နောက်မှလိုက်လာလိုက်သည်။ သူ ဒီကို ဘယ်လိုစိတ်နှင့်လာတာလဲဆိုတာ မျက်ဝန်း မစဉ်းစားခဲ့။ ခုချိန်မှာ စိုးရိမ်မိတာက သမီးလေးကို ပြန်ခေါ်သွားမှာကိုပဲ ဖြစ်သည်။

"သမီးကို ပြန်ခေါ်မသွားပါနဲ့ ကိုဘုန်းရယ်၊ မျက်ဝန်း ထပ်ပြီး မကျည်နိုင်တော့ပါဘူး"

ခုတင်ပေါ်ရှိ သမီးလေးကို ပွေ့ချီလိုက်သည်မို့ မျက်ဝန်း အထိတ်တလန့်အမူအရာဖြင့် ကြောက်ကန်ကန်ပြီး ငြင်းသည်။

ဘုန်းထွဋ်ခေါင် သမီးကို တစ်ချက်နမ်းရှုတ်ပြီး ခုတင်ပေါ်ပြန် တင်ပေးလိုက်ပြီး

"မျက်ဝန်းတို့သားအမိကို ကိုယ် ဘယ်လောက်စိတ်ပူနေသလဲ သိလား"

"ဒီလိုမှ ထွက်မလာခဲ့ရင် မမရဲ့သံသယက ကိုဘုန်းတို့အိမ်ထောင်ရေးကို အကြီးအကျယ် ထိခိုက်သွားလိမ့်မယ်၊ ဒါကြောင့် ခုလို ဆုံးဖြတ်လိုက်ရတာပါ"

"အခု မြသား အိပ်ရာပေါ် လဲနေပြီလေ၊ ကဲ ပြဿနာက ဒီနည်းနဲ့ပြေလည်သွားလို့လား။ အဲဒါတွေအားလုံးဟာ ကိုယ့်ကြောင့်ပါ မျက်ဝန်းရယ်"

"ကံတရားရဲ့စီမံရာလို့ပဲ သဘောထားလိုက်ပါ ကိုဘုန်း"





"ဟုတ်တယ် အဲဒီ ကံတရားက ကိုယ့်ခံစားမှု ကိုယ့်ဘဝတွေ အားလုံးကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်လိုက်တာပဲ၊ အဲဒီအတွက် ကိုယ် ရှူးမတတ် ခံစားရတယ်"

ဘုန်းထွဋ်ခေါင် ပြောရင်းဖြင့် အသံတို့ တိမ်ဝင်သွားသည်။

"ကိုယ် အခု မိန်းမနှစ်ယောက်အတွက် ခံစားချက်တွေ ပြောင်းဆန်နေပြီ သိလား"

"ရှင်"

"ဟုတ်တယ် အရင်တုန်းကတော့ မြသားရဲ့သံသယတွေအပေါ် ကိုယ့်လိပ်ပြာ ကိုယ်သန့်ခဲ့တယ်၊ ဒါပေမဲ့ ခုတော့ ကိုယ့်လိပ်ပြာကိုယ်မလုံတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မျက်ဝန်းအိမ်ကထွက်သွားကတည်းက ကိုယ့်စိတ်တွေ မျက်ဝန်းကြောင့် ဂနာမငြိမ်တော့ဘူး။ မျက်ဝန်းကို ကိုယ် အရမ်းတွေ့ချင်တယ်၊ မင်းကိုမတွေ့ရတဲ့ရက်တွေမှာ ကိုယ် ရှူးမတတ် ခံစားရတယ်"

စည်းတစ်ဖက်ကို ကျော်သွားသော စကားလုံးတွေက မျက်ဝန်းအား အထိတ်တလန့် ဖြစ်စေသည်။

"မျက်ဝန်းအတွက် အဲလောက် ခံစားရဖို့မှ မလိုအပ်တာပဲ ကိုဘုန်းရယ်၊ ခုချိန်မှာ ကိုဘုန်း စိတ်ပူပန်ပြီး မမအနားမှာပဲ နေရမှာပါ"

"သိတယ် မြသားအတွက်လည်း ကိုယ့်ပူပန်မှုတွေက အတွင်းအထိပ်ပါပဲ၊ ဒါပေမဲ့ ဟောဒီရင်ဘတ်ရဲ့ လူမသိသူမသိတစ်နေရာမှာ မျက်ဝန်းနိုင်နေတယ်ဆိုတာကို မျက်ဝန်း အိမ်ကထွက်သွားပြီးမှ သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ အဲဒါက ဘာလဲဆိုတော့ ကိုယ် မျက်ဝန်းကို ချစ်နေတယ်ဆိုတာပဲ''

"အို မ မဖြစ်နိုင်တာပဲ"

ဘုန်းထွဋ်ခေါင် ရုက်ရွံ့သွားသော မျက်ဝန်း၏ပခုံးကိုဆွဲကိုင်ကာ ရင်ခွင်ထဲသို့ ဆွဲနှစ်လိုက်သည်။

"ကိုယ် အရမ်းချစ်တယ်၊ အဲဒီအချစ်ဟာ ရမ္မက်တွေ ထန်မနေဘူး။ ပေါင်းစည်းဖို့လည်း မလိုဘူး၊ ချစ်နေရရုံနဲ့ ကျေနပ်နေနိုင်တဲ့အချစ်မျိုးပါ''

ဘုန်းထွဋ်ခေါင်ထံမှ မျက်ဝန်းကို ချစ်တယ်ဆိုသော စကားမျိုး ပြောလာလိမ့်မည်ဟု လုံးဝထင်မထားသည့်အတွက် မျက်ဝန်း ထိုအခြေအနေကို ထိတ်လန့်စွာ ရင်မဆိုင်ရဲ။ ဖြစ်လည်းမဖြစ်သင့်ဟု အကြောက်အကန် ငြင်းဆန်ရမှာပင်။

"ကိုဘုန်းကို မျက်ဝန်း အထင်ကြီးလေးစားခဲ့တာတွေ အလဟသဖြစ်အောင် မလုပ်ပါနဲ့၊ မျက်ဝန်းတို့ အဲလို မဖြစ်သင့်ကြပါဘူး"

"ကိုယ် သိပါတယ် ကိုယ်ဟာ မြသားနဲ့လက်ထပ်ခဲ့တယ် မြသားအပေါ်မှာ ချစ်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီအချစ်ဟာ ဘယ်လောက်ထိ သိမ်မွေ့နက်နဲသလဲဆိုတာ ကိုယ် တစ်ခါမှ မစဉ်းစားခဲ့မိဘူး။ ခု မျက်ဝန်းနဲ့ကျတော့ သူ့အလိုလို နက်နက်နဲနဲ ခံစားလာရတာ၊ ခံစားမှုတွေက သိပ်ပြီး သိမ်မွေ့တယ်၊ မပေါင်းစည်းရလည်းပဲ ချစ်နေရရုံနဲ့ကျေနပ်တယ်"

မျက်ဝန်းကို ရင်ခွင်ထဲ ဆွဲထည့်ကာ တတွတ်တွတ်ပြောသည်





မျက်ဝန်း အတင်းရုန်းထွက်ဖို့ကြိုးစားသည်။

"လွှတ်ပါ ကိုဘုန်း။ ဒီလိုနေတာ မသင့်တော်ပါဘူး ပြန်ပါတော့"

"မပြန်ဘူး မျက်ဝန်းတို့သားအမိရှိတဲ့နေရာလေးမှာ ကိုယ့်သောကတွေကို ဖြေဖျောက်ချင်တယ်၊ ခဏလေးပဲ ခွင့်ပြုပါ မျက်ဝန်းရယ်"

"ရှင် ဒီလိုလုပ်နေရင် မမက မျက်ဝန်းကို ပိုပြီးအထင်လွဲမှာပေါ့၊ ပြန်ပါတော့ ကိုဘုန်းရယ်"

"ခုလည်း အထင်လွဲနေတာပါပဲ၊ မျက်ဝန်းနဲ့ကိုယ်နဲ့ ရိုးသားခဲ့စဉ်တုန်းက သူ့ရဲ့သံသယတွေကြောင့်ရော သမီးလေးစိတ်ကြောင့်ရော သူ အခု အိပ်ရာထဲ ဘုန်းဘုန်းလဲနေပြီ မျက်ဝန်းရယ် ဒါကြောင့် မြသားဆီကို ပြန်လိုက်ခဲ့ပြီ၊ ကိုယ် မြသားကို အဖြစ်မှန်အားလုံး ပြောပြလိုက်တော့မယ်"

"အို အဲလိုလုပ်ရင် မမ သေသွားမှာပေါ့"

"ဒါကို ကိုယ်သိလို့ ဖုံးကွယ်နိုင်သလောက် ဖုံးကွယ်ခဲ့တာပေါ့၊ အကယ်တော့ မြသားရဲ့သက်တမ်းက နေရလှ နောက်ထပ် ခြောက်လတစ်နှစ်ပါပဲလို့ ဆရာဝန်က ပြောထားပြီးသားပါ၊ ဒါကြောင့် ကိုယ်လေ မြသား စိတ်ချမ်းသာအောင်နည်းအမျိုးမျိုးနဲ့ ကြိုးစားဖန်တီးယူနေရတာပါ"

မမ၏နောက်ဆုံးသက်တမ်းက ဘယ်လောက်မှ မကျန်တော့ပြီဆိုတာကို မျက်ဝန်း မသိခဲ့ရိုးအမှန်ပါ။ ခုလို ပွင့်ပွင့်လင်းလင်း သိလိုက်ရတော့ မျက်ဝန်း ဝမ်းနည်းစွာဖြင့် တုန်လှုပ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မျက်ဝန်း။ မြသားရဲ့ဆန္ဒလေးတွေကို နောက်ဆုံး အနေနဲ့ ဖြည့်ဆည်းပေးမယ် မဟုတ်လား၊"

တောင်းပန်တိုးလျှိုးနေသော ဘုန်းထွဋ်ခေါင်ကိုကြည့်ပြီး မျက်ဝန်း ဟင့်အင်းလို့ ဘယ်လိုငြင်းရက်ပါ့မလဲ။

"မမအသက်ဆက်ရှင်ဖို့အတွက် သမီးလေးကို မျက်ဝန်းရဲ့သမီး လေးဆိုတာ ဖွင့်မပြောပါနဲ့တော့ ကိုဘုန်းရယ်၊ ဒီတော့ သမီးလေးကို ခေါ်သွားပါတော့"

"ဟင် မျက်ဝန်းက မလိုက်ဘူးလား"

"မျက်ဝန်းလိုက်လို့ မသင့်တော်ဘူးလေ၊ ဒါကြောင့် သမီးလေး ကို မမအနားမှာ မမသက်တမ်းရှိသရွေ့ ထားပေးလိုက်ပါတော့"

ရင်ထဲမှာ တမြေ့မြေ့နှင့် ကြေကွဲရတာလေးက မမအသက်နှင့် နှိုင်းယှဉ်လျှင် ဘာမှမပြောပလောက်ပါဘူးဟု ကိုယ့်စိတ်ကို ချေးသိပ်လိုက် သည်။

ဘုန်းထွဋ်ခေါင်၏အနမ်းအချို့ မျက်ဝန်းပါးပေါ်မှ မျက်ရည် အချို့နှင့် ရောယှက်သွားသည်။

ဟင့်အင်း မျက်ဝန်း အဲဒီအနမ်းကို ငြင်းပါရစေ။ ကိုဘုန်းနဲ့ မျက်ဝန်း ဘယ်လိုမှပတ်သက်ဖို့ မဖြစ်နိုင်ပါဘူး ကိုဘုန်းရယ်။

မျက်ဝန်းဘဝက ဖွဲမြှတ် ဆုံးပြီးကတည်းက သမီးလေးအတွက် သီးသန့်ရှင်သန်ဖို့ အားတင်းထားရုံလေးပါ။ တခြား ဘာခံစားမှုကို သက်ဝင်ယုံကြည်ခြင်း မရှိတော့ပါဘူး။

■ ■ ■



အခန်း (၄၁)

လောကကြီးထဲမှာ ကိုယ်ရှင်သန်ဖို့ ဘယ်နရက်လောက်ပဲ ကျန် သေးသလဲဆိုတာ ကြိုသိခွင့်ရခဲ့လျှင် မြသား အဲဒီရက်ကို အပြေးသွား သိုက်ချင်ပါသည်။

မှုန်ကြပ်လှိုက်မောနေသော မငြိမ်သည့်ရင်အစုံသည် ဝေဒနာ နင့်ပင်မမျှတော့။ ပြင်ပမှ စိမ့်ဝင်လာသော လေကို အားခဲရှူရှိုက်ရင်း အခန်းထဲဝင်လာသော ခြေသံခပ်သဲ့သဲ့ကို ကြားလိုက်ရသည်။

ဘယ်သူလဲ ကိုလား။ ဒေါ်နန်းလား။ ဒါမှမဟုတ် မျက်ဝန်းများ သမီးလေးကို လာပြန်ပို့တာလား။ မျက်ဝန်းဆိုလျှင်တော့ မြသား အမျှော် သင့်ဆုံး အတွေ့ချင်ဆုံးသူပါ။

ကိုကို မျက်ဝန်းလက်ထဲ ရက်ရက်ရောရော ထည့်ပေးဖို့ဖြစ် ခြင်းပေမယ့် သမီးလေးကိုတော့ မတွေ့မမြင်လို့မဖြစ်၊ သမီးလေးကို မြသား



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းလှပါပြီ။ မျက်ဝန်းသော ပြန်လာခဲ့ရင် သမီးလေးကို ပြသားဘဝထဲက ဆွဲမထုတ်သွားဖို့ တောင်းပန်ရမည်။

"မမလေး သူဌေးရဲ့စားပွဲအံဆွဲအဟောင်းကိုရှင်းတာ မပိုင်း သိပ်နားမလည်တဲ့ စာချုပ်တစ်ခု ထွက်လာတယ်"

မပိုင်းအသံကြားတော့မှ မျှော်လင့်နေသူ မျက်ဝန်းမဟုတ်ကြောင်း အဖြေရှင်းသွားသည်။ မျက်လုံးကို ခပ်လေးလေး ဖွင့်လိုက်သည်။

မပိုင်း ကမ်းပေးသော စာချုပ်ကို အင်အားမဲ့စွာ လှမ်းယူလိုက်သည်။ ခုတင်ထက်မှာ ထထိုင်ဖို့ပင် အင်အားမရှိတော့၍ စာချုပ်ပါ အချက်အလက်တွေကို ပက်လက်အနေအထားဖြင့်သာ ဖတ်လိုက်သည်။

"ဟင် ဘုရား ဘုရား ဒါ ကလေးမွေးစားတဲ့စာချုပ်ပါလား"

"ဟင် ဟုတ်လား။ မမလေး သူဌေးက ဘယ်ကလေးကို မွေးစား ခဲ့တာလဲ"

မပိုင်းအမေးကို မဖြေအား။ မွေးစားသည့်ရက်ကိုသာ အရင် ဆုံး ကြည့်လိုက်သည်။

"ဘုရားရေ သ သမီးလေးဆေးရုံကဆင်းတဲ့ရက်နဲ့ တိုက်နေပါလား။ ဒါ ဒါဆို သမီးလေးက ဒီစာချုပ်ထဲက ကလေးလား အို မဟုတ်တာ ဝါ ဘာတွေတွေးနေတာလဲ၊ ငါမွေးတဲ့သမီးလေးက ဘာကြောင့်မွေးစားတဲ့ ကလေး ဖြစ်ရမှာလဲ"

တုန်လှုပ်ချောက်ချားသော စိတ်တွေကြောင့် အသားတွေက ဆတ်ဆတ် တုန်လာသည်။ ဘယ်ဟာက အမှန်တရားလဲ။ ကိုကရော





ဘာကြောင့် ဒီကလေးကို မွေးစားလိုက်ရသလဲ။ မွေးစားတယ်ပဲထား အဲဒီကလေးကရော ဘယ်ရောက်သွားသလဲ။

အတွေးတွေက နှလုံးခုန်နှုန်းတွေကို စည်းချက်မမှန်စေတော့ မျက်လုံးတွေ ပြာဝေလာကာ အသက်ရှူတွေ ကြပ်လာသည်။ အင်အားမဲ့သော လက်တစ်ဖက်ဖြင့် ဖုန်းကိုလှမ်းယူလိုက်သည်။

သမီးလေးကိုမွေးခဲ့သောဆေးရုံဖုန်းနံပါတ်ကို ရှာပြီး ဖုန်းခေါ်လိုက်သည်။ စိတ်လှုပ်ရှားခြင်းတွေက အသက်ရှူမှားမတတ်။

"ဟဲလို မြကန်သာ ဆေးရုံကပါလား"

တစ်ဖက်မှ ဟုတ်ပါတယ် ဘာများကူညီရမလဲရှင်ဟူသော အသံက ကျိန်းသေသွားပြီမို့

"စုံစမ်းစရာလေးရှိလို့ပါကွယ်၊ လွန်ခဲ့တဲ့ သုံးလပိုင်း ခုနစ်ရက်နေ့က အဲဒီဆေးရုံမှာ မြသားတိမ်ဆိုတဲ့ မွေးလူနာရဲ့မှတ်တမ်းကို သိချင်လို့ပါ၊ အဲဒီမြသားတိမ်ဆိုတဲ့ အမျိုးသမီး ဘာလေးမွေးသလဲဆိုတာရယ် အသက်ရှင်လျက်ရှိ မရှိဆိုတာကိုပါ သိချင်ပါတယ်"

မြသား အသံတွေ တုန်ခိုက်နေသည်။ တစ်ဖက်မှ ရှာဖွေကြည့်လိုက်ပါဦးမည်ဟုဆိုကာ ဖုန်းချသွားသည့်တိုင် မြသား ကြောင်စီစီဖြင့် အသိမဲ့နေသူနှယ်။

လောကဓာတ်ခံပေါ်က မြသားရဲ့ကံကြမ္မာကို ဘယ်လိုအချိုး အကွေ့တွေနဲ့ ပြောင်းလဲတင်ဆက်ပြရဦးမလဲ။

အနာဂတ်အတွက် ခပ်ယဲ့ယဲ့သာ ကျန်တော့သော စိတ်အင်



www.burmeseclassic.com

www.burmeseclassic.com



အားတွေသည် ခုတော့ နလန်ပြန်ထူနိုင်တော့မည် မထင်။

■ ■ ■

ဘုရားရေ သုံးလပိုင်း ခုနစ်ရက်နေ့က မြသားတိမ်ဆိုတဲ့မွေးလူနာဟာ သမီးလေးမွေးပြီး ထိုသမီးလေးဟာ အဖတ်မတင်လိုက်ပါဘူးတဲ့။

တစ်ဖက်ဖုန်းထဲမှ ဆေးရုံဝန်ထမ်း၏စကားကြောင့် မြသားဟာ ရှင်လျက်နှင့် သေသွားသလိုပါပဲ။ အသိစိတ်တွေဟာ အမှောင်ကမ္ဘာထဲ တိုးဝင်သွားသည့်နှယ်။ အရာရာဟာ မှောင်အတိ။

"သမီးလေး သမီးလေးက မွေးကတည်းက အဖတ်မတင်တာတဲ့လား၊ ဒါဆို ကိုက ခု သမီးလေးကို မွေးစားပြီး အစားထိုးလိုက်တာပေါ့"

ဒါကြောင့် မျက်ဝန်းက ဒီကလေးကို နှိုးခိုးခိုးတိုက်နေရတာ ဖြစ်မည်။

အို အံ့သြစရာကောင်းလိုက်တာ။ မြသား စိတ်ချမ်းသာဖို့အတွက် ကိုက မျက်ဝန်းဆီက ကလေးကိုအမွေစားအမွေခံ မွေးစားပြီး မျက်ဝန်းကိုပါ အိမ်ပေါ်ခေါ်တင်ထားတာပေါ့။ ဒါကို မြသားက အထင်လွဲပြီး ဖောက်ပြန်နေကြတယ်ဟု စွပ်စွဲလိုက်သေးသည်။

မှားပြီ မြသား အရမ်းမှားသွားပြီ။ ကို့အပေါ်မှာ မြသား စွပ်စွဲချက်တွေက အရမ်းကိုပြင်းထန်ခဲ့သည့်အတွက် မြသားဟာ အပြစ်ရှိသူပါ။

"မပိုင်း"





"ရှင် မမလေး"

"ကို ညက ပြန်လာလား"

"ဟုတ်ကဲ့ ပြန်လာပါတယ်၊ ဒါပေမဲ့ သူ့ဒွေးမျက်နှာတော့ မကောင်းဘူး။ နောက်ပြီး မူးလည်းမူးလာတယ်ထင်တယ်"

မပိုင်းကလည်း အသေးစိတ်ကို တင်ပြသည်။

"ဒေါ်နန်းရော"

မောဟိုက်တိုးရှသော အသံဖြင့် မေးသည်။

"ဒီနေ့ ကလေးကို ပြန်ခေါ်လာမယ်ဆိုလို့ ကလေးအခန်းကို ပြင်ဆင်နေပါတယ်"

"ဟင် ဘယ်လို ကလေးပြန်ခေါ်လာမယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ မမလေး။ သူ့ဒွေးမှာသွားလို့ပါ"

"အို မြသားအတွက် သူတို့ထပ်ပြီး အနစ်နာခံကြဦးမလို့လား မျက်ဝန်းကိုတွေ့ချင်တယ်၊ ကို့ကိုလည်း တောင်းပန်ချင်တယ်"

ကိုပြောခဲ့ဖူးတယ်နော် မင်းတစ်ချိန်မှာ နောင်တရလိမ့်မယ်နော်တဲ့။

ဟုတ်တယ် ကို၊ မြသား အခု အရမ်းကို နောင်တရနေပါပြီ။ ကိုယ့်ဆန္ဒကိုယ့်အတ္တကို နောက်ကွယ်ကနေ ဖန်တီးတင်ဆက်ပေးနေတဲ့ မျက်ဝန်းကို အထင်သေးရှုံ့ချခဲ့သလို ရဲစခန်းမှာအမှုဖွင့်ခဲ့သည်အထိ အပြစ်တွေကျူးလွန်ခဲ့မိပါတယ်၊ တကယ်တမ်း အပြစ်ရှိတာက မြသားကိုယ်၊ မြသားတောင်းပန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး မျက်ဝန်းရဲ့အမေ လာနေပါတယ်"

မောင်မောင်ကြီးမြင့် သူ့ရဲ့ပုတက်တက် အရပ်ကလေးဖြင့် အခန်းဝမှာလာရပ်ပြီး ပြောသည်။ သူ့နောက်တွင် ဒေါ်စန္ဒာ ကပ်ပြီးပါလာသည်။

"ဒေါ်ခဲ့လေ"

မြသား စိတ်ထွက်ပေါက်ကလေးရဖို့အတွက် မျက်ဝန်း၏အမေရှေ့မှာ မျက်ဝန်းကို တောင်းပန်ရမည်။

"အန်တီက မျက်ဝန်းအမေဆိုတော့ မျက်ဝန်းဘယ်မှာရှိသလဲ ဆိုတာ သိမှာပေါ့နော်"

"သိပ်သိတာပေါ့ကွယ်၊ မျက်ဝန်းက သူ့အိမ်မှာရှိပါတယ်၊ ခု အန်တီလာတာ မင်းမသိသေးတဲ့ကိစ္စကို လာပြောပြတာပါ"

မျက်ဝန်း မိခင်ဆိုပေမယ့် မျက်ဝန်းလို ငြိမ်းချမ်းအေးဆေးသော အရိပ်အယောင် မတွေ့ရ။ လောဘတွေဖြင့် မာထန်နေသည်ဟု ဝေဒနာ တွေကြားမှ သိလိုက်သည်။

"ပြောပါ အန်တီ"

"မောင်ဘုန်းထွဋ်ခေါင်က အန်တီ့မြေးလေးကို စာချုပ်စာတမ်းနဲ့မွေးစားခဲ့တယ်၊ အဲဒီကလေးဟာ မျက်ဝန်းရဲ့ကလေးပဲ၊ ဒါကြောင့် မင်းက မျက်ဝန်းကိုတရားစွဲထားလည်း မျက်ဝန်းကို အရေးယူလို့မရဘူး"

"မြသား အဲဒီအတွက် တောင်းပန်ပါတယ် အန်တီရယ်၊ မျက်ဝန်းနဲ့ကိုရဲ့ စေတနာကို မသိဘဲ စွပ်စွဲခဲ့မိတယ်"





မြသား၏တောင်းပန်စကားကြောင့် ဒေါ်စန္ဒာ မဲ့လိုက်ပြီး

"စေတနာ ဟုတ်လား၊ အဲဒါ စေတနာဆိုတာ သိရင် ထားရှိထားတာကို ပြန်ရုပ်သိမ်းလိုက်တော့ပေါ့၊ မျက်ဝန်းအပေါ်မှာ အနိုင်အမှားတွေလုပ်မိခဲ့တယ်၊ အန်တို့ကြောင့် မျက်ဝန်းတို့သားအမိ ကွဲခဲ့ရတာ ဒါကြောင့် အန်တီ သူ့အတွက် ကောင်းတာလေး တစ်ခုလောက်တော့ လုပ်ပေးချင်တယ်၊ ဒါကြောင့် မျက်ဝန်းကိုစွပ်စွဲခဲ့တာတွေကို ပြန်တောင်းပန်ပြီး အမှုပြန်ရုပ်သိမ်းပေးပါ"

မြသားအမြင်မှာ မျက်ဝန်းအတွက် ကာကွယ်ပေးသည်ဟု ထင်ရပေမယ့် တကယ်တမ်းမှာတော့ ဒီအမှု၏အဓိကတရားခံဟာ ဒေါ်စန္ဒာ ဖြစ်သွားမည်စိုး၍ လာနှုတ်ပိတ်ခြင်းသာဖြစ်သည်။

"စိတ်ချပါ အန်တီရယ်၊ မြသား စခန်းကိုဖုန်းဆက်ပြီး ခုချက်ချင်း အမှုပိတ်လိုက်ပါမယ်"

"ကောင်းပြီလေ၊ ဒါဆိုရင်တော့ ကျေးဇူးတင်ပါတယ် ကဲ အန်တို့ကိုသွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်စန္ဒာ အခန်းထဲမှ ပြန်ထွက်သွားသည်။ မြသားမှာသာ ဆုံးရှုံးသွားသော သမီးလေးအတွက် သောကတစ်ခု ထပ်တိုးရပြန်၏။

သနားစရာကောင်းလိုက်တဲ့ သမီးလေးရယ်။ မေမေ သိပ်မကြာခင်မှာ သမီးလေးနောက်ကို လိုက်လာခဲ့ပါမယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"သူဌေး မမလေး အရမ်းမောနေတယ် လုပ်ပါဦး"

သမီးလေးနှင့်မျက်ဝန်းကိုခေါ်လာပြီး ကားပေါ်မှ ဆင်းမည်အပြု ဒေါ်နန်း အိမ်ထဲမှ ပျာယီးပျာယာ ထွက်လာပြီး ပြောသည်။

"မြသား မောနေတယ် ဟုတ်လား။ ဆရာဝန်ကို ဖုန်းမဆက်ထားဘူးလား"

"ဆက်ထားပါတယ်၊ အော်ပရေးရှင်းပြီးတာနဲ့ လာခဲ့ပါမယ်လို့ ဒေါက်တာ့တပည့် ဖုန်းကိုင်ပါတယ်၊ သူဌေးနဲ့မျက်ဝန်းဆီ ဖုန်းဆက်ပြီး ကတည်းက ငြိမ်သွားလိုက်တာ၊ စောစောကမှ အသက်ရှူတွေကျပ်ပြီး အရမ်းမောလာတာ"

ရှည်ရှည်ဝေးဝေး ရှင်းပြနေသော ဒေါ်နန်းစကားအဆုံး မျက်ဝန်း လက်ထဲမှ သမီးလေးကိုခေါ်ပြီး မြသားအခန်းထဲသို့ ဒရောသောပါး ဝင်ခဲ့လိုက်သည်။





"မြသား တော်တော်မောနေလားဟင် အောက်ဆီဂျင်ရှူ ရမယ်ထင်တယ်"

ဝေဒနာ ခံပြင်းပြင်းခံစားနေရသော မြသားကိုကြည့်ပြီး ဘုန်းထွဋ်ခေါင် ရင်ထဲမှာ မချို။ ရက်ပိုင်းအတွင်းမှာ မြသား ပိန်ချုံးသွားခဲ့။

"မြသား ကိုအပေါ်မှာရော မျက်ဝန်းအပေါ်မှာရော အထင်လွဲမိတယ်"

"အဲဒါတွေက အရေးမကြီးပါဘူး မြသားရယ်၊ ကိုယ်တို့ ဆေးရုံသွားကြမယ်နော်"

"ဟင့်အင်း မြသား ဆေးရုံကို မသွားချင်တော့ဘူး။ ကို လောကကြီးထဲမှာ မြသား ဘယ်အချိန်အတိုင်းအတာထိပဲ နေခွင့်ရမယ်ဆိုတာ မြသား သိနေပါပြီ"

မောဟိုက်သော အသံမျှင်းမျှင်းတို့ဖြင့် ပြောနေသော မြသားကို ကြည့်ပြီး မျက်ဝန်း မျက်ရည်တို့စိမ့်ထွက်လာသည်။

"မမ ဆေးရုံကို သွားလိုက်ပါ မမရယ်"

"တော်ကြာ ဆရာဝန်လာမှာပဲ မျက်ဝန်းရယ်၊ ကို သမီးလေးကို ပေးချီပါဦး မြသား လွမ်းနေတာကွယ်"

ဘုန်းထွဋ်ခေါင် လက်ထဲမှ သမီးလေးကို အင်အားမရှိသော လက်အစုံဖြင့် လှမ်းချီလိုက်သည်။

"သမီးလေး မေမေ့သမီးလေး မေမေ သမီးနဲ့အတူ နှစ်တွေ အကြာကြီးနေချင်လိုက်တာကွယ်၊ ဒါပေမဲ့ မေမေ သွားရတော့မယ်၊ မေမေမရှိတော့ရင်လေ ဖေဖေရယ် ဟောဟိုက သမီးလေးရဲ့မေမေရယ်



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ် ပျော်ပျော်ရွှင်ရွှင် နေကြနော်”

“မြသားရယ် ကိုယ့်ကိုခွဲသွားမယ့်စကားတွေ မပြောပါနဲ့ ကိုယ် မြသားကို အဆုံးရှုံးမခံနိုင်ဘူး၊ သမီးလေးကလည်း မြသားနဲ့အကြာကြီး နေချင်မှာပါ”

ဘုန်းထွဋ်ခေါင် ငိုသံတွေနှောကာ အသံတို့တိမ်ဝင်သွားသည်။

“မြသား လောကကြီးထဲက ပျောက်မသွားခင်အချိန်လေးမှာ ကိုနဲ့အတူ ပေါင်းသင်းနေထိုင်ခွင့်ရတာကို မြသား ကျေနပ်တယ် ကိုရယ် မြသား ကို့ကို မှာခဲ့ချင်တာလေးတစ်ခုရှိတယ်၊ ကို လက်ခံပေးမယ်လို့လည်း မျှော်လင့်တယ်”

“ဘာများလဲ မြသား၊ ကိုယ် မြသားဖြစ်ချင်တာမှန်သမျှကို ဘယ်လောက်ပဲ ခက်ခဲပါစေ ရအောင်လုပ်ပေးမယ်”

BURMESE CLASSIC

“မျက်ဝန်းရော မမဆန္ဒကို လိုက်လျောမှာလား”

မျက်ဝန်း အင့်ခနဲ တစ်ချက်ရှိုက်ကာ

“မျက်ဝန်း လိုက်လျောပါ့မယ် မမရယ်”

မြသား ကျေနပ်သောအပြုံးကို ခပ်ယဲ့ယဲ့သာ ပြုံးနိုင်ရှာသည်။ ဒေါ်နန်းတို့ မပိုင်းတို့ မြသားကိုကြည့်ပြီး ကြိတ်ငိုနေကြရှာသည်။

“မြသား တောင်းဆိုချင်တာက ကို ဘေးကနေ မြသားထွက်သွားတဲ့အချိန်မှာ ကိုအရမ်းကို အထီးကျန်ပြီး အရမ်းဝမ်းနည်းနေမယ်ဆိုတာ မြသား သိပါတယ်၊ ဒါပေမဲ့ ကို့မှာ ဖြေစရာ ဒီသမီးလေးရှိသေးတယ်လေ၊ ဒါကြောင့် သမီးလေးနဲ့မျက်ဝန်းကို ကိုက စောင့်ရှောက်ပေးပါလို့ တောင်းဆိုချင်တယ်”





ဘုန်းထွဋ်ခေါင်၏ ရင်ထဲမှာ လှို့ဝှက်စွာ သိမ်းထားလိုက်ပြီဖြစ်သော ဆန္ဒတစ်စုံကို မြသား ဖော်ထုတ်လိုက်သည့်နှယ်။

မျက်ဝန်းနှင့်မလုံမလဲ အကြည့်ချင်းဆုံလိုက်ကြသည်။

“ဟို မ မမ”

“မငြင်းပါနဲ့ မျက်ဝန်းရယ်၊ ဒီသမီးလေးဟာ မမ သမီးအရင်းမဟုတ်ဘဲ မမရဲ့စိတ်ချမ်းသာမှုတစ်ခုအတွက်နဲ့ မျက်ဝန်းရဲ့နှလုံးသားကို စတေးပြီး မမရဲ့သမီးအဖြစ် ခံယူခိုင်းထားတယ်ဆိုတာ မမ သိပြီးပါပြီ။ အဲဒီအတွက် ကျေးဇူးလည်းတင်ပါတယ်၊ ဒါကြောင့် မျက်ဝန်းတို့သားအမိကို မမ ကိုယ်စား ကို့ကိုစောင့်ရှောက်ခိုင်းတာပါ”

“မြသား အဲလောက်ထိ မတွေးပါနဲ့နော်၊ မြသား အရမ်းမောနေပြီ၊ ခဏနားလိုက်ပါဦး၊ ဒေါက်တာလာတော့ ဆေးသွင်းပြီး ပြန်နေကောင်းလာမှ ဒီကိစ္စ ဆက်ပြောကြတာပေါ့နော်”

မျက်ဝန်းကို ချစ်မိသွားတယ်ဆိုတာကို မြသား နည်းနည်းမှ ရိပ်မိ၍မဖြစ်။

“ဟင့်အင်း နှစ်ယောက်စလုံး ကတိပေးပါ”

“သူဌေးနဲ့မျက်ဝန်းရယ် မမလေး စိတ်ချမ်းသာအောင် ကတိပေးလိုက်ကြပါ၊ ဒေါ်နန်း တောင်းပန်ပါတယ်”

ဒေါ်နန်း ရှိုက်ကြီးတငင် ငိုကြွေးရင်း တောင်းပန်၏။

“ကိုယ် ကိုယ်ကတိပေးပါ့မယ် မြသားရယ်”

မျက်ဝန်း မလွှဲသာသည့်အဆုံး ခေါင်းညိတ်လိုက်ရသည်။

“ကျေးဇူးပဲ ကို၊ မျက်ဝန်းအပေါ်မှာ တင်နေတဲ့ကျေးဇူးတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဆပ်ပေးတဲ့အတွက်ပေါ့''

ကိုရေ ကိုရင်ထဲမှာမျက်ဝန်း တိတ်တိတ်ကလေး နိုဝင်နေတယ် ဆိုတာ မြသား ရိပ်မိပါတယ် ကိုရယ်။ အဲဒီအတွက် ကိုကို သစ္စာမဲ့တဲ့သူ လို့ မယိုးစွပ်ရက်ပါဘူး။

မြသား ကျေနပ်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ် ကိုရယ်

မြသားအတွက် အတိတ်တွေဟာ ချိုမြိန်မလိုလိုနဲ့ ခါးသီးခဲ့ပေ မယ့် မြသားမရှိတော့တဲ့ ကိုရဲ့အနာဂတ်ကိုတော့ ခါးသီးမလိုလိုနဲ့ ချိုမြိန် နေစေချင်တာ မြသားရဲ့ ချစ်တတ်တဲ့ သက်သေတစ်ခုပါ ကို။

မြသား ကိုကို သိပ်ချစ်ခဲ့ပါတယ်။ ကိုလည်း မြသားကို သိပ် ချစ်ခဲ့ပါတယ်။

ဒါပေမဲ့ ကိုရယ် အချစ်ဆိုတာ တစ်ခါတစ်ရံမှာ လူတွေရဲ့စိတ် တွေလို မတည်ငြိမ်တတ်ဘူး ကိုရဲ့။

မျက်ဝန်းကို တိမ်းညွတ်မိတဲ့ ကိုရဲ့ရင်ခုန်သံတွေကို မြသား ခပ်သဲ့သဲ့ ကြားလိုက်မိလို့ပါ ကိုရယ်။

မြသားရဲ့အချစ်တွေထက် မလျော့တဲ့အချစ်မျိုးကို မျက်ဝန်းဆီ ကနေ တောင်းခံလိုက်ပါတော့။

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com